အတွဲ (၂) အမှတ် ၇။ နိုဝင်ဘာလ ၊ ၂၀၁၆ ခုနှစ်

အရေးတော်ပုံ ဂျာနယ်
စာတည်းအဖွဲ့အမှာ

နိုင်ငံရေးအခြေအနေ ဘာဖြစ်နေသလဲ

(၁)

သြဇာနဲ့အာဏာ

ပြည်တွင်းပြည်ပ နှစ်နေရာလုံးမှာ ဒေါ်အောင်ဆန်းကြည် သြဇာရှိတယ်ဆိုတာ ဘယ်သူမှ မငြင်းကြပါ။ ရွေးကောက်ပွဲကလည်း နိုင်ထားပြီး ဆိုတော့ နိုင်ငံတကာစံနှုန်းနဲ့ဆိုရင် သူအာဏာရပြီ....ပေါ့၊ ဒါပေမဲ့ ဗမာပြည်မှာ ဒါမျိုး ဖြစ်မလာခဲ့ဘူး။သြဇာရှိလို့အာဏာ ရှိတာလား၊ အာဏာရှိလို့ သြ ဇာရှိတာလား၊ ဗမာပြည် စစ်အုပ်စုကတော့ အာဏာရှိခဲ့လို့ သြဇာရှိခဲ့ကြတာ အထင်အရှားပဲ။ ဒေါ်အောင်ဆန်းစုကြည် အဖို့တော့ သြဇာရှိတာနဲ့ အာဏာရှိတာ တခြားစီဖြစ်နေတယ်၊ သူကိုယ်တိုင် သူ့ပါတီ NLD မှာ သြဇာလည်းရှိတယ်၊ အာဏာလည်း ရှိတယ်၊ ဒါပေမဲ့ တိုင်းပြည် နိုင်ငံရေးမှာကျတော့ သြဇာက အာဏာကို လက်ညှိုး မညွှန်နိုင်ဘူး၊ ၂၀၀၈ ခြေဥက ဒါကို ခွင့်မပြုဘူး။ဒါကို ဆုပ်မိကိုင်မိ ရှိကြတဲ့ ပြည်ပနိုင်ငံတွေက (နိုင်ငံချင်း ဆက်ဆံရေး မှာ) သတိထား ဆက်ဆံလာကြတာတွေ့ရတယ်၊ ကာချုပ်ကို သမ္မတ၊ နိုင်ငံခြားရေးဝန်ကြီးတို့နဲ့ထပ်တူ ဦးတိုက်ခံစာရင်းထဲ ထည့်ထားကြရတယ်။ ကာချုပ်ကလည်း ၂၀၀၈ ခြေဥထဲက အနှစ်အသားဖြစ်တဲ့ တို့တာဂန် အရေးသုံးပါး၊ မြန်မာ့နိုင်ငံရေးမှာ တပ်မတော်ရဲ့ ဦးဆောင်မှု အခန်းအပြင် တပ်မတော် ရဲ့ မူ ၆ ချက်ဆိုတာတွေကို အလျဉ်းသင့်သလို ပြောလွှတ်တတ်တယ်။ သူတို့ကလည်း အစိုးရနဲ့ စစ်တပ်ကို အတွဲလိုက် လိုချင်နေကြတာဆိုတော့ အိ န္ဒြေရရ နားထောင်ပေးခဲ့ကြတယ်။အာဏာဟာ ပြည်သူ့ဆီက ဆင်းလာတာမဟုတ်။ ၂၀၀၈ ခြေဥက စီးဆင်းလာတာဖြစ်လို့ ဒီပြဿနာဟာ သောင်မတင် ရေမကျ ဖြစ်မြဲဖြစ်နေပါတယ်။

(၂)

လွှတ်တော်နဲ့ အစိုးရ

လွှတ်တော်ပိုင်းမှာ ကိုယ်စားလှယ်တချို့ ဥပဒေအသစ်ပြဋ္ဌာန်းတာ၊ ဥပဒေဟောင်း အချို့ ပယ်ဖျက်တာ။ ပြင်တာ ဖြည့်စွက်တာတွေ အားသွန်ခွန်စိုက် လုပ်ကြပါတယ်။ အကျိုးရှိတန်သလောက်လည်း ရှိပါတယ်၊ ဒါပေမဲ့ မလုံလောက်ပါဘူး။ ဆင့်ပါးစပ် နှမ်းပက်ပဲ။ အခြေအနေကြည့်ရတာက လွှတ်တော် လမ်းကြောင်းပေါ်က အာဏာကို တိုးချဲ့ယူလို့ရတယ်လို့ တရားသေသတ်မှတ်ထားပုံပဲ။ စန္ဒဂုတ် စစ်တိုက်ထုံး ပုံပြုပြီး ၂၀၁၈ ခြေဥကို မုန့် ပျားသလက် စားသလို အဖျားအနားသားက လှည့်ပတ်ဝါးနေလို့ကတော့ စစ်အာဏာရှင်စနစ်က ဒူးနန့်နေပါလိမ့်မယ်။ ကြာရင် ရ'ထားပါတယ်ဆိုတဲ့ ပရုပ်လုံး လေသလပ်တာနဲ့ လုံးပါးပါးတော့မှာပါ။ အစိုးရယန္တရားမှာလည်း ဘာမှလုပ်မရတဲ့ အခြေအနေပဲ။ NLD ပြောရေးဆိုခွင့်ရှိသူကိုယ်တိုင်က အမြဲတမ်းအတွင်းဝန်တွေ တရွတ်ဆွဲ ကန့်လန့်တိုက်နေတာကို နတ်သံနှောပြောထွက်လာတယ်။ ဖြုတ်လည်း မပစ်ရဲဘူး။ အများစုက စစ်ဗိုလ်လူထွက်တွေဖြစ်လို့ ဓာတ်လိုက်ခံရမှာ စိုးရိမ်ပုံရတယ်။ ဒ့ါအပြင် အချိန်မရွေးနဲ့ အချိန်ကိုက် ပေါက်ကွဲလာနိုင်တဲ့ ဗုံးတွေက အစီအရီ ရှိနေသေးတယ်။ မြစ်ဆုံ ကိစ္စ၊ အနောက်ခြမ်းမှာ ရိုဟင်ဂျာ/ ဘင်္ဂါလီ/ အကြမ်းဖက်ဆိုတဲ့ အရေး။ တောင်၊ အရှေ့၊ မြောက်ခြမ်းက တိုက်ပွဲတွေ စိပ်လာတဲ့ အရေး၊ NCA လက်မှတ်ထိုးကြရေးနဲ့ ဒုတိယအကြိမ် ၂၁ ရာစု ပင်လုံညီလာခံကိစ္စတွေ တန်းစီနေပါတယ်၊ ဒါတွေဟာ စစ်တပ်ဘက်က သူတို့ဖြစ်စေချင်သလို ဖွထားလိုက်တဲ့ပြဿနာတွေပဲ။ NLD က ဖြေရှင်းနိုင်ရင် ဖြေရှင်းပေတော့ပဲ၊ မဖြေရှင်းနိုင်ရင်တော့ တပ်မတော်ကပဲ တိုင်းပြည်ကို ငြိမ်အောင် ထိန်းပြပါလိမ့်မယ်။ စစ်အုပ်ချုပ်ရေး နယ်မြေတွေ၊ ပုဒ်မ ၁၄၄ ထုတ်ပြန်တာတွေ များသထက် များလာမှာပါ၊ ခု ဝ-မိုင်းလားကိစ္စ ရာဇသံပေးပြီး အကဲစမ်းထားတာ ရှိတယ်၊ စောစောပိုင်းကတည်းက 'ဘော့စနီးယားလို ဖြစ်သွား မယ်'၊ 'ဘော်လကန်လို ဖြစ်သွားမယ်' ဆိုတဲ့ ခြောက်လုံးလှန့်လုံးတွေလည်း မမေ့ဖို့လိုတယ်။ အခုလည်း အစိုးရ နာမည်ခံထားတဲ့ သမ္မတနဲ့ နိုင်ငံခြားရေးဝန်ကြီးတို့က ခြေတိုအောင် နိုင်ငံတကာထွက် ချေးငှားတောင်းရမ်း လက်ခံနေကြချိန်မှာ သူတို့က အိမ်မှာနေရင်း ဖြုန်းမလောက် စစ်ကို တိုက်နေကြတယ်၊ ရလာသမျှ ဘဏ္ဍာငွေကြေးနဲ့ အထောက်အပံ့မှန်သမျှဟာ စစ်တပ် ထိုင်ဖြုန်းနေတာနဲ့တင် သဲထဲရေသွန်ဖြစ်နေပါပြီ။

(၃)

တနိုင်ငံလုံး အပစ်ရပ်ရေးကိစ္စ

ဒေါ်အောင်ဆန်းစုကြည် ခုနောက်ပိုင်း ပြောတဲ့စကားတွေအပေါ် တိုင်းရင်းသားတွေ အာရုံစိုက်နေကြတယ်။ လက်တွေ့ကျ မကျ ကြည့်ကြတယ်။ စစ်တပ်အပေါ် သူဘယ်လောက် တာဝန်ခံနိုင်မလဲ သိချင်ကြတယ်။ စစ်တပ်ဟာ ဒေါ်အောင်ဆန်းစုကြည် သဘောထားနဲ့ ဆန့်ကျင်ပြီး တိုက်ပွဲတွေ တိုးချဲ့နေတာလို့ ထင်သူက အများစုဖြစ်တယ်။ စစ်တပ်ကိုတော့ မယုံကြဘူး။ စစ်အုပ်စုဟောင်း/သစ်တွေနဲ့ ခရိုနီတွေအပေါ် ချမှတ်ထားတဲ့ ဆိုင်ရှင်တွေ ရုပ်သိမ်းပြီးပြီးချင်း ပြည်ထဲရေးဂန်ကြီးက လက်လွှတ်ထားပြီးသား အုပ်ချုပ်ရေးအာဏာတွေ ပြန်တောင်းယူတဲ့ကိစ္စ ကြည့်တာနဲ့ ဗလောင်းဗလဲ စစ်တပ်ဆိုတာ ရှင်းနေပြီပဲ။တကယ်က စစ်တပ်နဲ့ အစိုးရရဲ့ အကျိုးစီးပွားဟာ တခါတရံ တထပ်တည်းကျတယ်။ တခါတရံ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင် နေတတ်တယ်။ ဒီအခါ စစ်တပ်အလိုကျ လိုက်လုပ်ပေးရတာတွေ ရှိခဲ့တယ်။ ဒေါ်အောင်ဆန်းစုကြည်က အရာရာကို အေးအေးချမ်းချမ်း ဖြစ်စေချင်တဲ့သဘောထား ဖော်ပြတယ်။ စစ်တပ်က မလိုက်နာဘူး။ ပြဿနာရဲ့ ဆုံချက်က အဲဒီမှာ ရှိတယ်။ ဘာလုပ်နိုင်သလဲ။ ဘာမှ လုပ် မပြနိုင်ဘူး။

ပြောချင်တာက-နိုင်ငံအနေနဲ့ တလုံးတစည်းတည်း ဆက်လက်တည်ရှိရေးမှာ ခုလို သွားနေလို့ကတော့ အလုပ်မဖြစ်ဘူး။ စစ်တပ်က နောက်ဆုတ်ချင်ဆုတ်- NLD က ရှေ့တိုးချင်တိုး၊ ဒါပဲရှိတော့တယ်။လက်ရှိအနေအထားကြီးကိုဖြင့် စစ်တပ်ကလွဲပြီး ဘယ်သူမှ မကြိုက်ပါကြောင်း တင်ပြလိုက်ပါတယ်။

စာတည်းအဖွဲ့
(၂၈၊ ၁၀၊ ၂၀၁၆)

ဗမာပြည် ကွန်မြူနစ်ပါတီဗဟို စည်းရုံးရေးကော်မတီ မှ
ဗြိတိန် ကွန်မြူနစ်ပါတီဗဟိုကော်ကော်မတီထံသို့

ပေးပို့သည့် သဝဏ်လွှာ

(အင်္ဂလိပ်ဘာသာ- မူရင်း)

Dated: 2016, October 1st

To:

Central Committee

Communist Party of Britain

From:

Central Organizing Committee

Communist Party of Burma

Subject: Felicitations to the Fifty-fourth Congress of the Communist Party of Britain.

Dear Comrades,

At a time when the working peoples of the world are facing the economic woes and social chaos which ensue from the rabid attempts of the imperialists to save capitalism from its doom, we, comrades from a South-east Asian nation hail the congress of comrades who are struggling against capitalism in Europe, the continent where most of the world's capitalist nations are situated.

The post-Cold War contention and re-division of regions under their influence among the big powers, instead of coming to an end has in fact become ever more intense and treacherous. New problems of war refugees and their resettlement, undeniable outcomes of their imperialist rivalry, have reached unprecedented heights in history. At a time when the US imperialist tries to focus its concentration of military power in the China Seas, Burma, a country that offers western outlets to China, is also being drawn into the maelstrom. Being sandwiched between the world's two most populous nations and situated at a crucial point of one of the world's most important sea lanes, powerful nations never lose sight of our country's politics, and now the manipulative designs of western nations are overtly going full swing in Burma's politics.

At a time like this, the struggles and movements of the peoples of Europe to rein in the imperialists are of utmost value to the all the peoples of the world. Just like the time during the Vietnam War, we must unite to thwart the efforts of the imperialist forces from fanning war around the world.

In our country, as the people have come to realize the inevitable limitations of the new elected government, their interest and inclination towards Marxism and Leftism has gained momentum. We shall make use of this opportunity and revitalize our party's work with the peoples of our nation.

Success to the Fifty-fourth Congress of the Communist Party of Britain!

Long Live the Fraternal Relationship between the Communist Party of Britain and the Communist Party of Burma!

Central Organizing Committee

Communist Party of Burma

ဗမာပြည် ကွန်မြူနစ်ပါတီဗဟို စည်းရုံးရေးကော်မတီ မှ

ဗြိတိန် ကွန်မြူနစ်ပါတီဗဟိုကော်ကော်မတီထံသို့

ပေးပို့သည့် သဝဏ်လွှာ

ရက်စွဲ- ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်

သို့

ဗဟိုကော်မတီ

ဗြိတိန်ကွန်မြူနစ်ပါတီ

မှ

ဗဟိုစည်းရုံးရေးကော်မတီ

ဗမာပြည်ကွန်မြူနစ်ပါတီ

အကြောင်းအရာ။ ။ ဗြိတိန်ကွန်မြူနစ်ပါတီ၏ (၅၄)ကြိမ်မြောက်ကွန်ဂရက်သို့ သဝဏ်လွှာပေးပို့ခြင်း။

ချစ်လှစွာသောရဲဘော်များခင်ဗျား-

ကမ္ဘာ့လုပ်သားပြည်သူများအနေဖြင့် နယ်ချဲ့သမားများက အရင်းရှင်စနစ်ကျဆုံးမှုကို ကာကွယ်ရေးအတွက် အရူးအမူး လုံးပန်းမှုကို ရင်ဆိုင်နေရသော အချိန်တွင် အရှေ့တောင်အာရှတိုက်နိုင်ငံတခုမှ မိမိတို့က ကမ္ဘာပေါ်ရှိအရင်းရှင်နိုင်ငံအများစုတည်ရှိရာ ဥရောပတိုက်တွင် အရင်းရှင်စနစ်ကို ဆန့်ကျင်တိုက်ပွဲဝင်နေကြ သောရဲဘော်များ၏ ကွန်ဂရက်ကို ဂုဏ်ပြုနှုတ်ဆက်လိုက်ပါသည်။

အင်အားကြီးနိုင်ငံကြီးများအကြား စစ်အေးခေတ်လွန်ကာလ နယ်မြေလုယက်မှုနှင့်ခွဲဝေမှုမှာ အဆုံးသတ်ဖို့နေနေသာသာ လက်တွေ့တွင် ပို၍ ပြင်းထန်၊ ပို၍ကောက်ကျစ်လာသည်ကိုတွေ့နေရသည်။ သူတို့၏ နယ်ချဲ့အားပြိုင်မှုကြောင့်ဖြစ်ပေါ်လာသော စစ်ပြေးဒုက္ခသည်နှင့် ပြန်လည်နေရာချထားရေးပြဿနာသစ်များသည် သမိုင်းတွင်မကြုံဖူးလောက်အောင် များပြားလာသည်။ ယခုလို အမေရိကန်နယ်ချဲ့သမားက တရုတ်ပင်လယ်တွင် စစ်အင်အားစုပြုံရန် လုံးပန်းမှုကြောင့် တရုတ်ပြည်အတွက် အနောက်ဖက်တံခါးပေါက်များရှိရာ ဗမာပြည်မှာလည်း ဤဝဲဂယက်အတွင်းသို့ ဆွဲသွင်းခြင်းခံရပါတော့သည်။ ကမ္ဘာပေါ်တွင်လူဦးရေအများဆုံးနိုင်ငံကြီးနှစ်ခုအကြားတွင်တည်ရှိကာ ကမ္ဘာ့အရေးအပါဆုံးပင်လယ်ရေကြောင်းများပေါ်တွင် တည်ရှိနေသည့် ကျွန်တော်တို့မြန်မာနိုင်ငံ၏ နိုင်ငံရေးကို အင်အားကြီးနိုင်ငံများက အမြဲပင် မျက်ခြည်ပြတ်မခံစောင့်ကြည့်နေကြပါသည်။ ယခုအခါတွင် အနောက်နိုင်ငံများ၏ ဗမာပြည်နိုင်ငံရေးကို စွက်ဖက်ရန် အကြံအစည်များကို မြန်မာနိုင်ငံအတွင်းတွင် အစွမ်းကုန် အကောင်အထည်ဖော်နေကြပါသည်။

ဤကဲ့သို့သောအခြေအနေအောက်တွင် ဥရောပတိုက်ပြည်သူများ၏နယ်ချဲ့သမားများကို ထိန်းချုပ်ရန် တိုက်ပွဲဝင်လှုပ်ရှားကြသည်များမှာ ကမ္ဘာ့ပြည်သူများအတွက် အကျိုးကြီးလှပါသည်။ ဗီယက်နမ်စစ်ပွဲတုန်းကလိုပင် ကျွန်တော်တို့အားလုံး စည်းလုံးကာ နယ်ချဲ့အင်အားစုများ၏ တကမ္ဘာလုံးအား မီးလောင်တိုက်သွင်းရန် ကြံစည်မှုများကို တွန်းလှန်ကြရပါမည်။

ကျွန်တော်တို့နိုင်ငံတွင် အသစ်တင်မြှောက်လိုက်သောအစိုးရ၏ အကန့်အသတ်များကို မြင်တွေ့လာကြသည့်ပြည်သူများ၏ မာ့က်စ်ဝါဒကို စိတ်ဝင်စားမှုနှင့် တိမ်းညွတ်မှုတိုးပွားလာနေပါသည်။ ကျွန်တော်တို့အနေဖြင့် ဤအခွင့်ကောင်းကို အသုံးပြုကာ ကျွန်တော်တို့နိုင်ငံမှ ပြည်သူများနှင့် အတူ ပါတီလုပ်ငန်းများကို အားသစ်လောင်းသွားကြပါမည်။

ဗြိတိန်ကွန်မြူနစ်ပါတီ၏ ငါးဆယ့်လေးကြိမ်မြောက်ကွန်ဂရက်အောင်မြင်ပါစေ။

ဗြိတိန်ကွန်မြူနစ်ပါတီနှင့်ဗမာပြည်ကွန်မြူနစ်ပါတီတို့အကြားမှ ညီနောင်ပါတီဆက်သွယ်ရေးအခွန့်ရှည်ပါစေ။

ဗဟိုစည်းရုံးရေးကော်မတီ

ဗမာပြည်ကွန်မြူနစ်ပါတီ

အခြေခံအကြောင်းရင်းကိုမမေ့သင့်ကြပါ

ရဲဘော်ဖိုးသံချောင်း

အရေးတော်ပုံဂျာနယ်၊ အတွဲ(၂) အမှတ် ၇

ကျွန်တော်တို့နိုင်ငံမှာဒီနေ့ဖြစ်ပျက်နေတာတွေ တော်တော်များများဟာ မျက်စိလည်စရာလို ဖြစ်နေပါတယ်။ ဒီမိုကရေစီစကားတွေ တဖောင်ဖောင် ပြောနေတဲ့အကြားက နိုင်ငံရေးအကြောင်းပြုတဲ့ အပြောအဆို-အရေးအသားအကြောင်းပြုပြီး အဖမ်းခံနေရတာတွေ ဆက်လက်တွေ့မြင်နေရတာ၊ ငွေကုန်ကြေးကျ အမြောက်အမြားခံပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲ၊ ၂၁ပင်လုံညီလာခံကြီး တခြိမ်းခြိမ်း ကျင်းပနေတဲ့အကြားက တိုက်ပွဲတွေ တရံမလပ်၊ စစ်ပြေးဒုက္ခသည်တွေ အပြေးမရပ်ဖြစ်နေရတာ၊ ပြည်ပရင်းနှီးမြှုပ်နှံမှုတွေ စီးဝင်နေတယ်ဆိုတဲ့အချိန်မှာ အလုပ်သမားပြဿနာတွေ တိုးသထက် တိုး၊ ကျွန်ပြုခံရတယ်ဆိုတာမျိုးအထိ ဖြစ်၊ လယ်သမားမြေ ဆုံးရှုံးမှုတွေ များသထက်များဖြစ်နေရတာ၊ တရားဥပဒေစိုးမိုးရေးစကားတွေ စီစီညံအောင် ကြားနေရတဲ့အကြားကပဲ ရာဇဝတ်မှုတွေနဲ့ မူးယစ်ဆေးဝါး သုံးစွဲဖောက်ကားမှုပြဿနာဟာ ဆိုးသထက်ဆိုးလာနေတာ- ဒါတွေ ဘာကြောင့် ဒီလိုဖြစ် နေရတာလဲဆိုတာကို ဗမာနိုင်ငံသားတိုင်းက သိချင်နေကြပါတယ်။

နောက်ပြီး တယ်လီဖုန်းကိုင်တဲ့လူတွေ များသထက်များလာ၊ အင်တာနက်တက်သူတွေ များသထက်များလာ၊ အနေရာရာမှာ ပြည်ပက သင်တန်းတွေပေးတာတွေ များသထက်များလာနေတဲ့အကြားက ဒီနိုင်ငံမှာကျောင်းသားလူငယ်တွေနဲ့ မိဘတွေရဲ့မကျေနပ်မှုတွေဟာ လျော့သွားတယ်မရှိဘဲ ဘာကြောင့်တိုးသထက်တိုး များလာနေရတာလဲ။ ပြည်ပက အကူအညီမျိုးစုံ ဒေါ်လာသန်းပေါင်းများစွာ ဝင်လာနေလျက်နဲ့ ဒေါ်လာ စျေးနှုန်း၊ ကုန် စျေးနှုန်းတွေ ဘာဖြစ်လို့ တောက်လျှောက်တက်နေရတာလဲ။

ကမ္ဘာကြီးကို တချက်ငဲ့ကြည့်လိုက်ပါ။

စစ်ပွဲတွေ၊ စစ်ပြေးဒုက္ခသည်တွေ၊ အလုပ်လက်မဲ့တွေ၊ အငတ်ဘေးပြဿနာတွေ ရက်သတ္တတပတ် မမြင်ရ၊ မကြားရဘူးလို့ ရှိလို့လား။ မရှိပါဘူး။ ကမ္ဘာပေါ်မှာ အနိဋ္ဌာရုံမြင်ကွင်းတွေကို မတူတဲ့အတိုင်းအတာ၊ မတူတဲ့အသွင်သဏ္ဌာန်တွေနဲ့ တွေ့မြဲတွေ့နေရတာကို ဆန်းစစ်ကြည့်နိုင်ရင် ဗမာ ပြည်က ပြဿနာကိုလည်း အဖြေထုတ်နိုင်မှာပါ၊

အင်မတန် ကြွယ်ဝထွန်းကားပါတယ်ဆိုတဲ့နိုင်ငံကြီးတွေမှာကိုပဲ ရဲက လူထုအပေါ် မတရားနှိပ်စက်တာ၊ တယူသန်ဖောက်ခွဲရေးသမားတွေကြောင့် အပြစ်မဲ့လူထုတွေ သေကြေကြရတာ၊ သူတို့ရဲ့အရှေ့အလယ်ပိုင်း၊ အာဖရိကမြောက်ပိုင်းစတဲ့ဒေသတွေမှာ ဆင်နွှဲနေတဲ့ နယ်ချဲ့စစ်ပွဲတွေကြောင့် နှစ်ဖက်စစ်သားနဲ့လူထုတွေ သေနေကြတာ၊ ဒါတွေဟာ လျော့သွားတယ်မရှိ၊ တိုးပြီးရင်းသာ တိုး

လာနေတာ တွေ့နေကြရပါတယ်။ လူမျိုးရေး၊ ဘာသာရေးပြဿနာ-အဓိကရုဏ်းဆိုတာတွေကလည်း အတောမသတ်။ ပြောရရင် ပထမ ကမ္ဘာစစ်နောက်ပိုင်း၊ ဒုတိယကမ္ဘာစစ် နောက်ပိုင်းကာလတွေနဲ့ တပုံတည်းပဲ ဖြစ်ပါတယ်။

အရှင်းဆုံး တွေ့နိုင်၊ ပြောနိုင်တဲ့အချက်တချို့ကိုပြောရရင် ဂလိုဘယ်လိုက်ဇေးရှင်းဖြစ်စဉ်ကြီး အရှိန်ရကြီးထွားလာလို့ ဥစ္စာဓနတွေ၊ ပိုင်ဆိုင်မှုတွေ ကမ္ဘာအနှံ့ ပြန့်စီးသွားတာမဟုတ်ပါဘူး။ သွေးစုပ်မှုတွေသာ ပြန့်စီးသွားတာဖြစ်ပါတယ်။ တဆက်တည်း ပြန့်ပွားတာက ကျူးကျော်မှုစစ်ပွဲ၊ အရင်းအမြစ်လုတဲ့စစ်ပွဲတွေသာ ဖြစ်ပါတယ်၊ အိုင်တီစနစ် ထွန်းကား၊ သတင်းစနစ် မြန်ဆန်လာလို့ လူတန်းစား ကွာဟမှုကို ဆွဲမညှိနိုင်ပါဘူး၊ ပိုသာ ကွာဟဆိုးဝါးစေပါတယ်။ စမ်းသပ်ခန်းတွေ၊ သုတေသနခန်းတွေထဲကနေ အရင်းအမြစ်သစ်တွေ၊ ပစ္စည်းသစ်တွေထုတ်လုပ်နိုင်တယ်ဆိုပေမယ့် အဲဒီအကျိုးကို ခံစားရတာဟာ ကမ္ဘာ့ထိပ်ဆုံးကသူကြွယ်တွေသာ ဖြစ်ပါတယ်။

ကမ္ဘာပေါ်မှာ စစ်နဲ့လက်နက်ကို လက်ရုံးပြုထားတဲ့ အရင်းရှင်စနစ်ကြီး ရှိနေသရွေ့ စစ်ပွဲတွေ၊ ဒီမိုကရေစီကို အညီအမျှ မခံစားရတာတွေ ရှိမြဲ ရှိနေမှာသာ ဖြစ်ပါတယ်။

အလားတူ ဗမာပြည်မှာလည်း စစ်နဲ့လက်နက်ကို လက်ရုံးပြုပြီး တိုင်းပြည်ရဲ့ဥစ္စာဓနနဲ့ အခွင့်အရေးတွေကို မောင်ပိုင်စီးထားတဲ့ စစ်ဗျူရိုက ရက်ကြီးတွေရဲ့ အာဏာစက်ကို မဖယ်ရှားနိုင်သေးသရွေ့ ပြည်သူတွေ ဒုက္ခမျိုးစုံခံစားနေကြရမှာသာဖြစ်ပါတယ်။ ဒီနိုင်ငံမှာ စစ်အုပ်စုရယ်လို့ ပေါ်ပေါက်လာတာကိုက ပြည်တွင်းစစ်ကြီးကိုအမှီပြုပြီး ဖဆပလလက်ယာဂိုဏ်းသားတွေနဲ့ ပူးပေါင်းပေပေါက်ခဲ့တာပါ။ အာဏာအဆက်ဆက် သိမ်းပြီးတဲ့ နောက်မှာ စစ်ဗျူရိုကရက်လူတန်းစားရယ်လို့ ပီပီပြင်ပြင် ဖြစ်လာခဲ့ပါတယ်။ လူထုကို ပြည်တွင်းစစ်နဲ့ခြိမ်းခြောက်၊ အာဏာသိမ်းပွဲတွေနဲ့ အနိုင်ကျင့်ပြီး ကိုယ်ပိုင်ဓနဥစ္စာတွေအဖြစ် ခိုးဝှက်စုဆောင်းခဲ့ရာကနေ ၁၉၈၈ ခုနှစ်နောက်ပိုင်းမှာတော့ ဦးပိုင်အပါအဝင် သူတို့ရဲ့ဓနအဆောက်အအုံတွေကို တရားဝင် ကြေညာထူထောင်ခဲ့ပါတယ်။ တပါတည်းမှာ သူတို့ရဲ့ ခရိုနီပေါင်းစုံဟာလည်း အမှောင်ရိပ်ထဲကနေ တရားဝင်ခုန်ထွက်လာကြပါတယ်။ ဒီလို တိုင်းပြည်ကို ရာစုနှစ်တဝက်ကျော် အုပ်စိုးပြီး တည်ဆောက်ခဲ့တဲ့ စစ်ဗိုလ်ချုပ်တွေရဲ့ ဓနအဆောက်အအုံနဲ့ အာဏာအသိုက်အအုံကို ကနေ့အခါမှာ ဖယ်ရှားပစ်လိုက်နိုင်ပြီလို့ ဘယ်သူ ပြောနိုင်ပါသလဲ။ အဲဒီစစ်အုပ်စုဟာ သူတို့ရဲ့ရှုံးနိမ့်မှုကို သဘောထားကြီးစွာနဲ့ ဝန်ခံအသိအမှတ်ပြုလိုက်ပြီလို့ ဘယ်သူပြောနိုင်ပါသလဲ။ အသိသာဆုံး သာဓကတခုကတော့ ၂၀၀၈ဖွဲ့စည်းပုံဥပဒေနဲ့ အဲဒါကြီးကို ဒီနေ့ သူတို့ အသေအလဲ ကာကွယ်နေကြတယ် ဆိုတဲ့ အချက်ပါပဲ။ ဒီတော့ ဒီနေ့မှာ တွေ့နေရတဲ့ နားမလည်နိုင်စရာတွေကို သုံးသပ်ရာမှာ ဒီအချက်ကို ထည့်မစဉ်းစားလို့ မဖြစ်ပါဘူး။ ကျွန်တော်တို့ ဘီလူးစည်း လူစည်း ခွဲနိုင်ဖို့ လိုပါတယ်။ တည့်တည့်ပြောရရင် လူတန်းစားစည်း ခွဲခြားဖို့ပါ။ ဒီနေ့ ဒီတိုင်းပြည်မှာ ဘယ်သူတွေ ကောင်းစားပြီး ဘယ်သူတွေ ဆင်းရဲဒုက္ခရောက်နေတယ်ဆိုတာကို ပြန်စဉ်းစားလိုက်ရင် အခြေအနေကို အရှင်းသားနားလည်နိုင်ပါတယ်။ လွန်ခဲ့တဲ့ ဆယ်စုနှစ်များအတွင်းကနဲ့ ဘာများ ခြားနားပါသလဲ။ မတူခြားနားတဲ့နေရာ၊ မတူခြားနားတဲ့ရာသီဥတုမှာ မြင်တွေ့ရတဲ့ ရောဂါဟောင်းလို့ပဲ ဆိုချင်ပါတယ်။ နာတာရှည်ရောဂါပါ။

ဒီနေ့ ဗမာပြည်အကြောင်းပြောတိုင်း ထိပ်တန်းကပါနေတဲ့ ပြည်တွင်းစစ်ကိစ္စကိုပဲ ပြန်ကြည့်ပါ။ ဒီပြည်တွင်းစစ် ဖြစ်ပေါ်ရတာဟာ ဒီမိုကရေစီကို အညီအမျှခံစားခွင့်မပေးတာကနေ ၁၉၄၈ ခုနှစ်မှာ စတင်ပေါ်ပေါက်တာဖြစ်ပါတယ်။ ဒီနောက်မှာတော့ တိုင်းရင်းသားဒေသတွေကို အစိုးရစစ်တပ်တွေ ချထားရာကနေ အဲဒီစစ်တပ်တွေက ပြည်သူလူထုအပေါ်မတရားအနိုင်ကျင့်တာတွေ များလွန်းလာလို့ တိုင်းရင်းသားတွေက လက်နက်ကိုင် တိုက်ကြတာဖြစ်ပါတယ်။ အခုလည်း ဒီပြဿနာကိုဖြေရှင်းမယ်ဆိုရင် လူတိုင်း- ဆင်းရဲချမ်းသာ၊ သူ့လူကိုယ့်လူမရွေး ဒီမိုကရေစီ အညီအမျှ ခံစားခွင့်ပေးတာ၊ အစိုးရစစ်တပ်တွေကို စည်းကမ်းတကျ ပြန်ထိန်းချုပ်တာတွေက စရပါလိမ့်မယ်။ လူတန်းစားပြဿနာ၊ လူတန်းစားစစ်ပြဿနာဖြစ်ပါတယ်။

အိုးအိမ်ဖျက်သိမ်းတာ၊ မြေယာလုယက်တာ၊ မူးယစ်ဆေးဝါးကုန်ကူးတာ စတဲ့ကိစ္စတွေကျတော့ပိုလို့တောင်ရှင်းပါတယ်။ စစ်ခရိုနီကြီးတွေနဲ့ ပြည်ပအရင်းရှင်ကြီးတွေ ကောင်းစားဖို့အတွက် ဗမာပြည်ကဆင်းရဲသားပြည်သူလူထုကို အနိုင်ကျင့်တာဆိုတာ ဘယ်သူမဆို သိပါတယ်။

စစ်ဗျူရိုကရက်ဓနရှင်ကြီးတွေနဲ့ သူတို့ရဲ့ခရိုနီတွေ၊ ကပ်ပါးရပ်ပါးတွေကို အထီးကျန်ထားပြီး ကျန်လူတန်းစားများ၊ အင်အားစုများ သွေးစည်းကြဖို့ အလွန်အရေးကြီးပါတယ်။

ကျန်းမာရေးစောင့်ရှောက်မှုသည် ရောင်းကုန်မဟုတ်

ကျော်ဇင်မင်း

အရေးတော်ပုံဂျာနယ်၊ အတွဲ(၂) အမှတ် ၇

အညာကိုမရောက်တာကြာပြီဖြစ်သော ကျွန်တော့်အတွက် ညောင်ပြာသာဒ်ကြီးကို တွေ့လိုက်ရသည်နှင့် ခံစားချက်တို့ ထက်မြက် နိုးကြားလာလေသည်။

ညောင်ပြာသာဒ်ပင်ကြီးကား ခမ်းနားကြီးကျယ်လှသည်။ အုံ့အုံ့ဆိုင်းဆိုင်းရှိလှသည်။ အံ့ဘနန်း ထူးခြားဆန်းကြယ်လှသည်။ ညောင်ပင်ကြီးမှသည် ကြီးမားထယ်ဝါသောအကိုင်းကြီးတွေ အဖက်ဖက်သို့ ဖြာထွက်နေသည်။ ထိုဖြာထွက်နေ သောအကိုင်းကြီးတွေမှသည် ညောင်မုတ်ဆိတ်တွေ မြေသို့ တွဲရရွဲကျဆင်းနေကြသည်။ ညောင်မုတ်ဆိတ်တို့သည် အမြစ်မှသည် ပင်စည်အဖြစ်သို့ ကြီးထွားသန်မာလာပြန်သောအခါ ညောင်ပင်ကြီးအောက်တွင် ညောင်ပင်တွေ အများကြီးပေါက်နေသလို ဖြစ်နေသည်။ ညောင်မုတ်ဆိတ်တွေက ဘယ်တပင်ညာတပင် ပေါက်နေရာ တံခါးပေါက်တွေလို ဖြစ်နေကြသဖြင့် ထိုအပေါက်တွေကို ညောင်တံခါးတွေဟုလည်း ခေါ်ကြသည်။ ညောင်ပြာသာဒ်ပင်ကြီးသည် နန်းတော်ကြီးနှင့်ပင်တူနေသေးတော့သည်။

ညောင်တံခါးပေါက်တခု၏ အလည်တွင် ကျောက်ရေအိုးစင်တခုကို တွေ့ရသည်။ ရေအိုးအသစ်လေးတွေက ရေတွေ စိမ့်ဖြာစို့ရွှဲနေသည်။ ရေအိုးဘေး ခင်းထားသောသဲပေါ်တွင် မြက်ပင်လေးတွေနှင့် စိမ်းစိမ်းစိုစိုဖြစ်နေသည်။ ရေကုသိုလ်ပြုသူ၏စေတနာကို စိမ်းစိုနေသော မြက်ပင်ကလေးများပေါ်တွင် တွေ့မြင်နေရသည်။ ငယ်ငယ်က အလယ်တန်းစကားပြေတွင် သင်ခဲ့ရဖူးသော ဆရာဇော်ဂျီ၏ဆောင်းပါးကို သတိရမိသည်။ ရေချမ်းစင်ကလေးများသည် နွေဦးပေါက်တွင် ပုန်းနေရာမှ ထွက်ပေါ်လာကြသော နွေဦးကျက်သရေပင်ဖြစ်သည်ဟု ဆရာဇော်ဂျီကဆိုသည်။

သို့သော် ထိုနွေဦးကျက်သရေသည် တနေ့ထက်တနေ့ ပိုမိုခက်ခဲကြမ်းတမ်းလာသော ကျနော်တို့ခေတ်ကြီးနှင့် ဆီလျော်ပါသေး၏လောဟု ကျွန်တော် တွေးတောမိလေသည်။ ရေကို ခွက်ဖြင့်ခပ်သောက်ပြီး ခပ်သောက်ထားသောခွက်ကို ရေထဲပြန်နှစ်ခပ်ကာ နောက်တယောက်က သောက်သောစနစ်သည် ရောဂါဘယ ထူပြောလှသော ဒီနေ့ခေတ်ကြီးတွင် အန္တရာယ်ကို ဖိတ်ခေါ်နေသလိုများ ဖြစ်နေလေမည်လားဟု တွေးမိလေသည်။ ယနေ့ခေတ် ဆင်းရဲသားလူတန်းစားအကြားတွင် ရောဂါဘယများသည် လွန်စွာထူပြောများပြားလာသောကြောင့် ထိုသို့တွေးမိခြင်းဖြစ်သည်။ ရောဂါတွေ ပေါများလိုက်ပုံမှာ ဆင်းရဲမွဲတေမှု ပပျောက်ရေးအတွက်များ ထိုရောဂါတွေကို ဖြန့်ထားသလားဟု ထင်ရလောက်သည်။

မတွေ့ရတာကြာပြီဖြစ်သော အညာက မိတ်ဆွေတယောက်သည် ကူးစက်တတ်သော အသည်းရောင်အသားဝါရောဂါကြောင့် ဆေးရုံတက်နေရသည်ကို မနေ့ကပဲ ကျွန်တော်သိခဲ့ရသည်။ ကျွန်တော့်ထက် အသက်ငယ်သော နမဝမ်းကွဲတယောက်သည်လည်း တီဘီရောဂါကြောင့် ကွယ်လွန်ခဲ့လေပြီ။ ဘီပိုး၊ စီပိုး၊ တီဘီပိုးတွေသည် ဆင်းရဲသားတွေကို ရက်ရက်စက်စက် နှိပ်စက်ကလူ မင်းမူနေလေသည်။ ကျွန်တော် မေးမြန်းစုံစမ်းကြည့်သောအခါ ဟိုတယောက်လည်း ဘီပိုးကြောင့်၊ ဒီတယောက်လည်း စီပိုးကြောင့်၊ နောက်တယောက်လည်း တီဘီကြောင့်ဟုဆိုကာ အသက်ဆုံးပါး ကွယ်လွန်သွားကြသူ တော်တော်များများအကြောင်းကို ကြားသိလာရသည်။ ဆင်းရဲသားများအတွက်တော့ ထိုရောဂါများသည် အေအိုင်ဒီအက်စ်ထက် ပိုဆိုးသည် ဟု ကျွန်တော် ထင်သည်။ ဘီပိုး၊ စီပိုး၊ တီဘီပိုးတို့သည် ဆင်းရဲသားတို့၏ သေမင်းတမန်များ ဖြစ်နေကြလေပြီ။

ဆေးဝါးကုသစရိတ်တို့မှာ မျက်လုံးပြူးစရာ ထိတ်လန့်ချောက်ချားစရာကောင်းလောက်အောင် ခေါင်ခိုက်နေလေသည်။ ဆင်းရဲသားများအတွက်ဆိုလျှင် ဘီပိုး၊စီပိုး၊ တီဘီပိုးတို့မှာ ကုမရနိုင်သော ရောဂါများပင် ဖြစ်သည်။ ချမ်းသာသူတွေက ဘန်ကောက်သွားကုကြပြီး ရောဂါပျောက်ကင်းသူတွေ ရှိကြသည်။ ဆင်းရဲသားများမှာ အိပ်မက်ပင် မမက်နိုင်ကြ။ ဘန်ကောက်သွားပြီး ဆေးကုသရသည့် ကုန်ကျစရိတ်မှာ ဆင်းရဲသားတွေ ဘာမှမစားဘဲ တသက်လုံး ရသမျှဝင်ငွေကို စုထားလျှင်ပင် လုံလောက်နိုင်လိမ့်မည်မထင်။ အထူးကုဆေးရုံကြီးများ၏ကုန်ကျစရိတ်မှာလည်း ဆင်းရဲသားတွေအတွက်တော့ အိမ်တွေခြံတွေချရောင်းမှ တတ်နိုင်လောက်ကြမည့် ကုန်ကျ စရိတ်မျိုးဖြစ်သည်။ လူအချို့ကျိုကျိုတက်ချမ်းသာနေချိန်တွင် လူအချို့ စုတ်ပြတ်သတ်နေအောင် ဆင်းရဲမွဲတေနေကြလေပြီ။ ဆင်းရဲချမ်းသာကွာဟမှုသည် မိုးနှင့်မြေလို အလှမ်းကွာနေလေပြီ။ လူအချင်းချင်း အဆင့်အတန်း ကွဲပြားကွာဟခြားနားမှုမှာ စိတ်နာစရာကောင်းသည်။ စက်ဆုပ် ရွံရှာစရာလည်း ကောင်းလှသည်။

အဆိုးချင်း နှိုင်းယှဉ်ကြည့်မည်ဆိုလျှင် မဆလခေတ်ကမှ အခမဲ့ဆေးကုသခွင့် ရှိခဲ့သေးသည်။ ခုတော့ ပြည်သူ့ဆေးရုံမှာလည်း အားလုံး ကိုယ်တိုင်ဝယ်ရသည်။ အားလုံး ကိုယ်တိုင်ကျခံကြရသည်။ ဒီနေ့ခေတ်ကြီးတွင် ဘာကိုမှ အလကားမရတော့ပေ။ ပိုက်ဆံဆင်းရဲသူများမှာ ဆေးရုံပေါ်တွင် အလွန်မျက်နှာငယ်ကြရသည်။ ပိုက်ဆံမပေးနိုင်လျှင် အစောင့်ကလည်း ဝေါက်သည်။ အလုပ်သမားကလည်း ဝေါက်သည်။ သူနာပြုနှင့် ဆရာဝန်များကား ဆိုဖွယ်မရှိတော့။ ဆရာဝန်များကား မိုးပေါ်က ကျလာသော လူတန်းစားတရပ်နှင့် တူသည်။ ဆရာဝန်ထဲက ၉၀ ရာနှုန်းသည် သူတို့ကိုယ်သူတို့ အထူးပုဂ္ဂိုလ်များ၊ သူတပါးထက် အစစအရာရာသာလွန်သူများဟု အထင်ရှိတတ်ကြသည်။ ဆင်းရဲသားများကို ကျန်းမာရေး နားမလည်ရကောင်းလား၊ ပညာဗဟုသုတနည်းရကောင်းလားဟု အထင်အမြင်သေးကြသည်။ လူမြင်လျှင် ဝေါက်ချင်နေသော ဆရာဝန်တွေက ခပ်များများဖြစ်သည်။ ဆင်းရဲသားများကလည်း ဆရာဝန်များ သူနာပြုများကို ကယ်တင်ရှင်များဟု သဘောထားကာ ဘာပြောပြော ဆရာ၊ ဆရာ ခေါ်ပြီး မျက်နှာငယ်လေးတွေနှင့် ငုံ့ခံကြရသည်။ ရန်ကုန်ဆေးရုံကြီးတွင် ဆေးရုံဝန်ထမ်းများ အကောင်းဘက်သို့ ပြုပြင်လာသည်ကြားလိုက်ရသော်လည်း တခုလုံးလက္ခဏာနှင့် ရေရှည်လက္ခဏာ မဆောင်သေးပါ။

ဆေးမကုနိုင်၍သေသောသူများမှာ ဒီနေ့ခေတ်တွင် အလွန်ပင်များပြားလာနေသည်။ ဘယ်သူမှ သေသေချာချာ စာရင်းကောက်ယူ လေ့လာထားတာမျိုး မတွေ့ရ။ အကယ်၍များ လက်တွေ့ကျကျ စာရင်းကောက်ယူ သုတေသနပြုကြည့်လျှင် အလွန်ကြောက်စရာကောင်းသည့် ရလဒ်မျိုး ထွက်ပေါ်လာမည်မှာ သေချာလှပါသည်။

ကျန်းမာရေး စောင့်ရှောက်မှု စနစ်ကြီးကား ဆိုးဆိုးဝါးဝါး ပျက်စီးနေလေပြီ။

အထူးကုဆရာဝန်များမှာ ရန်ကုန်နှင့် မန္တလေးမြို့ကြီးများမှာသာ ပေါပေါများများ ရှိကြသည်။ အထူးကုဆရာဝန် နည်းနည်းပါးပါး ရှိသော မြို့မှာလည်း တနိုင်ငံလုံးတွင် ဆယ်မြို့ထက်ပိုလိမ့်မည်မထင်။ ကျန်မြို့များမှာ သာမန်ဆရာဝန်များလောက်သာ ရှိကြသည်။ သာမန်ဆရာဝန် တော်တော်များများမှာလည်း အားမကိုးရ။ သာမန်ဆရာဝန်များထဲတွင် အလွန်ပင် မယုံကြည်ထိုက်သော ဆရာဝန်များစွာကို ယနေ့ခေတ်တွင် တွေ့မြင်နေရလေသည်။ ရံဖန်ရံခါတွင် ကျန်းမာရေးလိုက်စားသော သာမန်ပညာတတ် တယောက်ပင် နားလည်နိုင်လောက်သော အရာမျိုးကို ရိုးရိုးဘွဲ့ရဆရာဝန်များက နားမလည်ကြသည်ကို စိတ်ပျက်လောက်စရာကြုံတွေ့ကြရသည်။ ဆရာဝန်အဆုံးဖြတ်မှားပြီး သေဆုံးကြသော လူနာများကို ယနေ့ခေတ်တွင် တွေ့မြင်နေရသည်မှာလည်း မနည်းလှတော့လေပြီ။ ဤကား ပညာရေးစနစ်ပျက်စီးလာခြင်း၏ နောက်ဆက်တွဲအကျိုးရလဒ် ဖြစ်သည်။ ၈၈ အရေးအခင်းမတိုင်ခင်က ဘွဲ့ရသော ဆရာဝန်များမှာ သိပ်မဆိုးလှသေး။ ၈၈ နောက်ပိုင်းဘွဲ့ရသော ဆရာဝန်များမှာ မယုံကြည်ထိုက်သောသူများ အများအပြားပေါ်ပေါက်လာသည်မှာ

လူတိုင်းအသိပင် ဖြစ်သည်။ နိုင်ငံခြားတိုင်းပြည်များတွင် ဆက်လက်ပညာသင်မည်ဆိုလျှင်လည်း ထို ၈၈ နောက်ပိုင်း ဘွဲ့ရဆရာဝန်များကို နိုင်ငံတကာက အသိအမှတ်ပြုလက်ခံခြင်း မရှိကြတော့။ ဆက်လက်ပညာသင်လိုလျှင် အနိမ့်ဆုံးအဆင့် စာမေးပွဲ တခုခု ထပ်မံဖြေဆိုပြီးမှသာ ဆက်လက်ပညာသင်ခွင့်ရကြသည်။

ဆင်းရဲသားတို့သည် ရောဂါတခုခုကျရောက်မှာကို စိုးရိမ်ပူပန်နေကြရသည်။ ရောဂါကြီး တခုခု ကျရောက်သည်နှင့် မွဲလျှင်မွဲ၊ မမွဲလျှင်သေဖို့ သာ ရှိတော့သည်။ တခါတရံမွဲလည်းမွဲ သေလည်းသေကြရသည်။

ဆင်းရဲသားများသည် ဆင်းရဲလွန်းသောကြောင့် သူတို့ပတ်ဝန်းကျင်သည်လည်း အန္တရာယ်ထူပြောသော ပတ်ဝန်းကျင်များဖြစ်နေလေသည်။ သူတို့ကို အန္တရာယ်ရှိသော အရာများစွာက ဝန်းရံစုပြုံနေကြလေသည်။ သူတို့နေထိုင်သော ပတ်ဝန်းကျင်သည်လည်း အန္တရာယ် ဖြစ်သည်။ သူတို့ စားသော အစားအသောက်သည်လည်း အန္တရာယ်ဖြစ်သည်။

သူတို့ရပ်ကွက်များတွင် အများဆုံးတွေ့ရလေ့ရှိသော ရေချမ်းစင်များသည်လည်း အခုအခါ နွေဦးကျက်သရေ ဟုတ်နိုင်ပါဦးတော့မည်လားဟု ကျွန်တော် အတွေးပေါ်မိသည်။

စင်စစ်တွင်ကား ဆင်းရဲခြင်းကိုယ်၌သည်ပင်လည်း ရောဂါတခုဖြစ်နေလေသည်တကား။

ငြိမ်းချမ်းရေးလား၊ ဝေးသေးတယ်

စောအယ်ထူး

ခေတ်သစ်ဗမာပြည်သမိုင်းမှာ အင်္ဂလိပ်ကိုလိုနီနယ်ချဲ့စနစ်ကို ဆန့်ကျင်တိုက်ခိုက်ရင်းနဲ့ အမျိုးသားစည်းလုံးညီညွတ်ရေးကို ခက်ခက်ခဲခဲနဲ့ တည်ဆောက်ခဲ့ရတာဖြစ်တယ်။ ကိုလိုနီနယ်ချဲ့စနစ်ကို ပြတ်ပြတ်သားသားဆန့်ကျင်နိုင်တဲ့အချိန်မှာ အမျိုးသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်ဟာ အမြင့်ဆုံးအဆင့်ကိုရောက်တတ်ပြီး ကိုလိုနီနယ်ချဲ့စနစ်ကို ဆန့်ကျင်ရာမှာ တွေဝေယိမ်းယိုင်မှုတွေ ပေါ်ပေါက်တဲ့အခါမှာ အမျိုးသားစည်းလုံးရေး စိတ်ဓာတ်ဟာလည်း လျော့ရဲလာကာ အမျိုးသားစည်းလုံး ညီညွတ်ရေးလုပ်ငန်းတွေမှာ ထိခိုက်နစ်နာမှုတွေ ရှိတတ်ကြပါတယ်။

ဒီလိုအမျိုးသားစည်းလုံးညီညွတ်ရေးကို အဆင့်ဆင့်၊ အကွေ့အကောက်၊ အခက်အခဲအမျိုးမျိုးကို ကျော်ဖြတ်လာကြရင်းနဲ့ ဒုတိယကမ္ဘာစစ်ကြီးကာလကို ရောက်လာလာတဲ့အခါ နယ်ချဲ့ဖက်ဆစ်ဂျပန်ကို တော်လှန်ဖို့ လုံးပန်းကြရင်းနဲ့ တည်ဆောက်လိုက်တဲ့ အမျိုးသားစည်းလုံးညီညွတ်ရေးဟာ သမိုင်းမှာ တခါမှမရှိခဲ့ဖူးတဲ့ အမျိုးသားစည်းလုံးညီညွတ်မှုကို ရရှိလိုက်ကြပါတယ်။ ဒါကြောင့်လည်း နယ်ချဲ့ဖက်ဆစ်ဂျပန်ကို အောင်မြင်စွာတွန်းလှန် အောင်ပွဲခံလိုက်ပါတယ်။ ဒီအောင်ပွဲအရှိန်ဟာ ဗမာပြည်ကို လွတ်လပ်ရေးပန်းတိုင်အထိ တွန်းပို့နိုင်ခဲ့ပါတယ်။

ဒါပေမဲ့ ဖက်ဆစ်ဂျပန်ကို အောင်မြင်စွာတော်လှန်အပြီး လွတ်လပ်ရေးတိုက်ပွဲမှာ ရင်ဆိုင်ရတာက ဖက်ဆစ်ဂျပန်မဟုတ်ဘဲ အင်္ဂလိပ် ကိုလိုနီနယ်ချဲ့သမား ဖြစ်နေပြန်တယ်။ အင်္ဂလိပ်နယ်ချဲ့သမားဟာ ဒုတိယကမ္ဘာစစ်ကြီးမှာ အောင်နိုင်သူဖြစ်ပေမယ့် သေကောင်ပေါင်းလဲ ဖြစ်သွားပါတယ်။ သူ့ရဲ့ကိုလိုနီနယ်ပယ်အတော်များများကို လက်လွှတ်ရတဲ့အခြေအနေ ဖြစ်သွားတယ်။ အင်္ဂလိပ် ကိုလိုနီနယ်ပယ်ဆိုင်ရာ လုပ်ငန်းအတော်များများကို အမေရိကန်ကို လွှဲပေးလိုက်ရပါတယ်။ အတော်များများကိုလည်း လွတ်လပ်ရေးပေးရပါတယ်။ တချို့ကို ဒိုမီနီယံအဆင့်နဲ့ အုပ်ချုပ်တာ လုပ်လိုက်ရပါ တယ်။

ဒီလိုလုပ်တဲ့အခါမှာ အင်္ဂလိပ်နယ်ချဲ့သမားဟာ နေမဝင်အင်ပါယာပိုင်ရှင်ကြီးပီပီ သွေးခွဲအုပ်ချုပ်ရာမှာ အလွန် ပါးနပ်လိမ္မာတာကြောင့် မစားရတဲ့အမဲ သဲနဲ့ပက်တာမျိုးမှာတော့ အလွန်ကျွမ်းကျင်ပါတယ်။ ဒါကြောင့် ဖဆပလအဖွဲ့ချုပ်ကို နည်းအမျိုးမျိုးနဲ့ သွေးခွဲပါတယ်။ ဖဆပလ အဖွဲ့ ချုပ်ကလည်း ဖက်ဆစ်ဂျပန်ကို အောင်မြင်စွာ တော်လှန်နိုင်ပြီးတဲ့အခါမှာ လွတ်လပ်ရေးတိုက်ပွဲအတွက် အဖွဲ့ချုပ်ကို တိုးချဲ့ဖွဲ့စည်းရာမှာ အလိုတော်ရိ တွေကိုပါ....ပါဝင်စေလိုက်ပါတယ်။ ဒီလိုလုပ်လိုက်တာဟာ အင်္ဂလိပ်နယ်ချဲ့သမားအတွက် အမျိုးသားစည်းလုံးညီညွတ်မှုကို ဖြိုခွဲဖို့ အချက်အလက်ရ သွားစေခဲ့ပါတယ်။ တဆက်တည်းမှာ ကွန်မြူနစ်ဆန့်ကျင်ရေးပါ သွတ်သွင်းပေးလိုက်နိုင်ပါတယ်။ ဒီလိုနဲ့ ဗမာပြည်နိုင်ငံရေးလောကမှာ လုံးဝလွတ်လပ်ရေးယူရေးနဲ့ ဒိုမီနီယံအဆင့်နဲ့နေရေးကိစ္စ ပေါ်လာပါတယ်။ မြေပြန့်ဒေသနဲ့ တောင်တန်းဒေသကိစ္စ (ပြည်မနဲ့တောင်တန်းဒေသ။ နယ်ခြားဒေသကိစ္စ) တွေ ပေါ်ပါတယ်၊ ဗိုလ်ချုပ်အောင်ဆန်းတို့ အင်္ဂလန်ကိုသွားပြီး လွတ်လပ်ရေးအတွက်အရေးဆိုပြီး အောင်ဆန်း-အက်တလီ စာချုပ်ချုပ်တော့ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်တဲ့ ကိုယ်စားလှယ်အဖွဲ့ထဲမှာပါတဲ့ ဂဠုန်ဦးစောနဲ့သခင်ဗစိန်တို့နှစ်ဦးဟာ စာချုပ်မှာ လက်မှတ် မထိုးကြပါဘူး။ ဒီဟာလည်း အင်္ဂလိပ်နယ်ချဲ့ သမားအတွက် အချက်အလက်ဖြစ်ခဲ့ပါတယ်။

၁၉၄၆ ခုနှစ် အောက်တိုဘာလမှာ ဖဆပလအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်က ဗမာပြည်ကွန်မြူနစ်ကို ဖဆပလ အဖွဲ့ထဲကနေ ထုတ်ပယ်ပစ်လိုက်တာဟာလည်း အင်္ဂလိပ်နယ်ချဲ့သမားအတွက် အချက်အလက်ကောင်းတခု ရသွားစေရုံမက ဖဆပလ အဖွဲ့ချုပ်ထဲက ကွန်မြူနစ်ဆန့်ကျင်ရေးသမားတွေကို အားပေးအားမြှောက်ပြုသွားခဲ့သလို ဖြစ်သွားခဲ့ပါတယ်။ ဒါပေမဲ့ ကွန်မြူနစ်ပါတီဟာ ဖဆပလ အဖွဲ့ချုပ်ကို ရန်သူလို သဘောမထားဘဲ ဖဆပလ-ကွန်မြူနစ် ညီညွတ်ရေးကို စိုက်လိုက်မတ်တတ် လုပ်ဆောင်ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းကလည်း ဗမာပြည် ကွန်မြူနစ်ပါတီကို ဖဆပလ အဖွဲ့ချုပ်ကနေ ထုတ်ပယ်ခဲ့ပေမယ့် ဗမာပြည်ကွန်မြူနစ်ပါတီကို ရန်သူလို့ သဘောမထားခဲ့ပါဘူး။

ဒါပေမဲ့ ဘယ်လိုပဲဖြစ်ဖြစ် အမျိုးသားပြိုကွဲမှုကတော့ စတင်ပေါ်ပေါက်နေပြီဖြစ်ပါတယ်။ ဒီလိုအခြေအနေမှာ အင်္ဂလိပ် နယ်ချဲ့သမားဟာ ဗိုလ်ချုပ်အောင်ဆန်းတို့ကို လုပ်ကြံတာ၊ နု-အက်တလီစာချုပ်နဲ့ ဗမာပြည်ကို လွတ်လပ်ရေးပေးတာတွေ လုပ်လိုက်တယ်။ နန်းရင်းဝန်ပေါင်း ချာချီကတော့ ဗမာပြည်ကို လွတ်လပ်ရေးပေးရင် ပြည်တွင်းစစ်ဖြစ်လိမ့်မယ်ဆိုပြီး နပ်ကြောင်းပေးလိုက်ခဲ့ပါသေးတယ်။

ဗမာပြည်ကွန်မြူနစ်ပါတီဟာ ဗမာပြည်လွတ်လပ်ရေးကို အသိအမှတ်ပြုတယ်။ ဒါကြောင့် လွတ်လပ်ရေး အခမ်းအနားလည်း တက်ခဲ့တယ်၊ ရွေးကောက်ပွဲလည်း ဝင်တယ်။ လွှတ်တော်လည်း တက်ခဲ့တယ်။ လွှတ်တော်မှာ လွတ်လပ်ရေးနဲ့ပတ်သက်တဲ့ ဗမာပြည် ကွန်မြူနစ်ပါတီရဲ့ သဘောထားနဲ့ ရှေ့လုပ်သင့်တဲ့အလုပ်တွေကို ပွင့်ပွင့်လင်းလင်းပဲ တင်ပြပါတယ်။ ဖြူးအမတ် သခင်သန်းဖေက တင်ပြခဲ့တာဖြစ်ပါတယ်။ ဗမာပြည်လွတ် လပ်ရေးဟာ နိုင်ငံရေးအရလွတ်လပ်ပြီး စီးပွားရေး၊ စစ်ရေးတွေမှာ အချုပ်အနှောင်တွေနဲ့ ရှိနေသေးတာကို ရှင်းပြသွားခဲ့ပါတယ်။ ဗမာပြည် ကွန်မြူနစ်ပါတီဟာ အတိုက်အခံပါတီတခုအနေနဲ့ လွှတ်တော် (ပါလီမန်)မှာ ပြောသင့်ပြောထိုက်တာတွေကို တာဝန်ကျေစွာ တင်ပြပြောဆိုခဲ့တာပဲဖြစ်ပါတယ်။ ဖဆပလ အစိုးရ ဖြုတ်ချရေး တခွန်းမှမပါပါဘူး။ ဖဆပလ အစိုးရအနေနဲ့ အဲဒီ အနှောင်အဖွဲ့တွေကို ဘယ်လိုကျော်လွှားသင့်တယ်။ ဘယ်လို သဘောထားသင့်တယ်ဆိုတာတွေ ပြော

တာ ဖြစ်ပါတယ်။ တနည်းအားဖြင့် တာဝန်ယူစိတ်နဲ့ ပွင့်ပွင့်လင်းလင်း ဝေဖန်သင့်တာတွေကို ဝေဖန်သွားတာပဲ ဖြစ်တယ်။ ဗမာပြည်ကွန်မြူနစ်ပါတီရည်မှန်းထားတာက ဗမာပြည်ဟာ အမှီခိုကင်းတဲ့ လုံးဝလွတ်လပ်ရေးနဲ့အတူ ဗမာပြည်လူမျိုးစုံ ပြည်သူတရပ်လုံး လွတ်မြောက်သွားဖို့ ဖြစ်လို့ပါပဲ၊ ဝမ်းနည်းဖို့ကောင်းတာက ဗမာပြည်ကွန်မြူနစ်ပါတီမျှော်မှန်းသလို မဖြစ်လာဘဲ ဗမာပြည်ဟာ ကိုလိုနီတပိုင်း ပဒေသရာဇ် တပိုင်းနိုင်ငံ ဖြစ်သွားပါတယ်။

ဖဆပလ အစိုးရနဲ့ နိုင်ငံရေးအင်အားစုတချို့ဟာ ကိုလိုနီတပိုင်း၊ ပဒေသရာဇ်တပိုင်းနိုင်ငံအတိုင်း ဆက်ပြီးသွားလိုပါတယ်။ တနည်းအားဖြင့် ဓနရှင်ဒီမိုကရေစီလမ်းကြောင်းအတိုင်း တိုင်းပြည်ကို တည်ဆောက်သွားချင်တယ်။ ဗမာပြည်ကွန်မြူနစ်ပါတီ အပါအဝင် နိုင်ငံရေးအင်အားစုတချို့က ဒီမိုကရေစီသစ်(ဝါ)ပြည်သူ့ဒီမိုကရေစီလမ်းကြောင်းနဲ့ တိုင်းပြည်ကိုတည်ဆောက်ချင်တယ်။ ဗမာပြည်နိုင်ငံရေးလောကမှာ အမြင်အမျိုးမျိုး အရှုပ်အထွေး အမျိုးမျိုးရှိတယ်ဆိုပေမယ့် အရင်းခံကတော့ အဲ့ဒီလမ်းကြောင်းနှစ်ကြောင်းရဲ့ ပဋိပက္ခက လာတာပဲ ဖြစ်တယ်။ ဒီပဋိပက္ခဟာ အမျိုးသား စည်းလုံးညီညွတ်မှု ပြိုကွဲစေတဲ့ အကြောင်းတွေပါပဲ။ ဒါပေမဲ့ ဒီပဋိပက္ခတွေကို ဒီမိုကရေစီ နည်းကျကျ ဖြေရှင်းမယ်ဆိုရင် အမျိုးသားစည်းလုံး ညီ ညွတ်မှုကို ထိန်းသိမ်းနိုင်ပြီး တိုင်းပြည်ဟာလည်း ဖွံ့ဖြိုးတိုးတက်သွားမှာပဲ ဖြစ်ပါတယ်။

ဒါပေမဲ့ ဖဆပလ အစိုးရဟာ ဒီမိုကရေစီနည်းကျကျ မဖြေရှင်းဘဲ အကြမ်းဖက်ဖမ်းဆီးနှိပ်ကွပ်တာတွေ လုပ်တယ်။ အထူးသဖြင့် ၁၉၄၈ ခုနှစ်။ မတ်လ ၂၈ ရက်မှာ ဗမာပြည်ကွန်မြူနစ်ပါတီကို အလစ်အငိုက်ယူပြီး ဖမ်းဆီးနှိပ်ကွပ်တာလုပ်ပါတယ်။ ဗမာပြည်ကွန်မြူနစ်ပါတီကို ရန်သူအဖြစ် သတ်မှတ်ပြီး အပြတ်ဖြိုခွင်းဖို့ လုပ်တာဖြစ်ပါတယ်။ ဗမာပြည်ကွန်မြူနစ်ပါတီ ခေါင်းဆောင်အတော်များများ တကွဲတပြား ထွက်ပြေး လွတ်မြောက်သွားကြတယ်။ တချို့ အဖမ်းခံရပါတယ်။ တကွဲတပြား ထွက်ပြေးလွတ်မြောက်သွားတဲ့ ခေါင်းဆောင်အင်အားစုတွေဟာ ပြန်လည်စုစည်းကြပြီး လက်နက်ကိုင်တိုက်ပွဲ ဆင်နွှဲလိုက်ရပါတယ်။ အဲဒါဟာ ဗမာပြည်မှာ ပြည်တွင်းစစ်ကြီး ဖြစ်ပေါ်စေလိုက်တာပါ။ ပြည်တွင်းစစ်ဟာ ဗမာပြည် အမျိုးသားပြိုကွဲမှုရဲ့ အမြင့်ဆုံးအဆင့်ပါပဲ။ ပြည်တွင်းစစ် စဖြစ်ဖြစ်ချင်း မှာပဲ ဆရာကြီးသခင်ကိုယ်တော်မှိုင်းက ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်ဖို့ လုံးပန်းပါတယ်။ ဆရာကြီးသခင်ကိုယ်တော်မှိုင်းရဲ့ သူမနာ၊ ကိုယ်မနာ ငြိမ်းချမ်းရေးကို တည်ဆောက်ဖို့ လုံးပန်းပါတယ်။ ဖဆပလ အစိုးရက ငါနဲ့မတူ ငါ့ရန်သူလို့ သဘောထားပြီး သဘောထား ကွဲလွဲသူတွေကို အပြုတ်တိုက်ရေးပဲ လုပ်ပါတယ်။ ဒါကြောင့်ပဲ ပြည်တွင်းစစ်ဟာ နက်ရှိုင်းကျယ်ပြန့်သွားပါတယ်။ အမျိုးသားစည်းလုံးညီညွတ်ရေးကတော့ တစစီပြိုကွဲသွားပါတယ်။ ဖဆပလအစိုးရရဲ့ လက်နက်နဲ့ဒီမိုကရေစီလဲပြီး ငြိမ်းချမ်းရေးတည် ဆောက်မယ်ဆိုတဲ့ လိမ်လည် လှည့်ဖြားမှုအရ ၁၉၅၈ ခုနှစ် လက်နက်ချပွဲကြီးတွေဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ ငြိမ်းချမ်းရေးတော့ မရခဲ့ပါဘူး။

ဗမာပြည်ကွန်မြူနစ်ပါတီကို ဖဆပလအဖွဲ့ချုပ်ထဲကနေ ထုတ်ပယ်လိုက်ပြီးတဲ့နောက်မှာ ဆိုရှယ်လစ်ပါတီဟာ ဖဆပလအဖွဲ့ချုပ်မှာ တွင်ကျယ်လာပါတယ်။ အဲဒီလို ဆိုရှယ်လစ်ပါတီ တွင်ကျယ်လာတာနဲ့အမျှ ဖဆပလအဖွဲ့ဝင် နိုင်ငံရေးပါတီ အဖွဲ့အစည်းတွေဟာ လည်း လှုပ်လှုပ်ရှားရှားတွေ ဖြစ်လာပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းကျဆုံးသွားတဲ့နောက်မှာ ဆိုရှယ်လစ်ပါတီဟာ ဖဆပလအဖွဲ့ချုပ်ကို လုံးဝ အုပ်စီးမိသွားတယ်။ ဆိုရှယ်လစ်ပါတီဟာ ဆိုရှယ်လစ်ပါတီအမည်တောင် မဖော်တော့ဘဲ ဖဆပလအဖွဲ့ချုပ်နာမည်ပဲ ဆက်သုံးပါတယ်။ အဲ့ဒီအချိန်ကစပြီး ဖဆပလ အဖွဲ့ချုပ် တပ်ပေါင်းစုကြီးဟာ လုံးဝပြိုကွဲသွားပါတယ်။

လွတ်လပ်ရေးရပြီး ဖဆပလ အစိုးရဖွဲ့တဲ့အခါမှာ သတင်းစာတွေမှာ ဖဆဆိုရှယ်အစိုးရလို့ပဲ ဖော်ပြလေ့ရှိပါတယ်။ ဖဆပလ အစိုးရဟာ ဆိုရှယ်လစ်တပ်မှူးတွေအားကိုးနဲ့ ပြည်တွင်းစစ်ကို ဖန်တီးခဲ့တာဖြစ်ပါတယ်။ ပြည်တွင်းစစ်ကို အကြောင်းပြုပြီး တွင်ကျယ်လာတဲ့ ဆိုရှယ်လစ် စစ်ဗိုလ်တစုဟာ စစ်အုပ်စု ဖွဲ့တည်လာတယ်။ ၁၉၅၈-၅၉ မှာ ဖဆပလ နှစ်ခြမ်းကွဲသွားတာကို အကြောင်းပြုပြီး ဗိုလ်နေဝင်း ခေါင်းဆောင်တဲ့ ဆိုရှယ်လစ် စစ်ဗိုလ်တစုက အာဏာသိမ်းပါတယ်။ ဒါပေမဲ့ အိမ်စောင့်အစိုးရဆိုပြီး မလိမ့်တပတ်နဲ့ ပြည်သူလူထုကြီးကို လိမ်ညာခဲ့တယ်။ ပြည်တွင်းစစ်ရှိန်ကို ပိုမြှင့်လိုက်ပါတယ်။ ၁၉၆၀ မှာ အိမ်စောင့်အစိုးရက ရွေးကောက်ပွဲ ကျင်းပပေးပါတယ်။ သန့်ရှင်း ဖဆပလ အနိုင်ရပြီး ပထစ အစိုးရဖွဲ့ပါတယ်။ တည်မြဲ ဖဆပလ ရှုံးပါတယ်။ တည်မြဲဖဆပလကို ပင်းတဲ့ စစ်ဗိုလ်တသိုက်ကို ဗိုလ်နေဝင်း၊ ဗိုလ်အောင်ကြီးတို့က ဓားစာခံတွေအဖြစ် တပ်က ထုတ်ပယ်ပစ် လိုက်တယ်။ ဗိုလ်နေဝင်း၊ ဗိုလ်အောင်ကြီးတို့ဟာ သူတို့ရဲ့စစ်အုပ်စုကို တောင့်တင်းအောင်လုပ်ပြီး တပ်မတော်တခုလုံးကို သူတို့ ရဲ့လက်ကိုင်တုတ်အဖြစ် အသုံးပြုကာ ၁၉၆၂ ခုနှစ်၊ မတ်လ ၂ ရက်နေ့မှာ အာဏာသိမ်းပါတယ်။ အဲဒီနေ့ကစပြီး တော်လှန်ရေးအစိုးရနာမည်နဲ့ ဗိုလ်နေဝင်းစစ်အုပ်စုဟာ စစ်အာဏာရှင်စနစ်ကို ထူထောင်ပါတော့တယ်။

၁၉၆၂ ခုနှစ်၊ မတ်လ ၂ ရက်နေ့မှာ ဗိုလ်နေဝင်းစစ်အုပ်စုက အာဏာသိမ်းတာကို အဲဒီတုန်းက မြေပေါ်လက်ဝဲ နိုင်ငံရေးအင်အားစု တချို့က ထောက်ခံပါတယ်။ ကျောင်းသားလူငယ်တွေက ပြတ်ပြတ်သားသား ဆန့်ကျင်ကန့်ကွက်ပါတယ်။ ဒါကြောင့် ၁၉၆၂ ခုနှစ် ဇူလိုင် ၇ ရက်နေ့မှာ ရန်ကုန်တက္ကသိုလ်အဓိပတိလမ်းပေါ်နဲ့ ကျောင်းဝင်းအတွင်းမှာ ဗိုလ်နေဝင်းစစ်အုပ်စုက ကျောင်းသားရာကျော်ကို သွေးချောင်းစီး ပစ်သတ်ခဲ့တဲ့အပြင် ဇူလိုင် ၈ ရက်နေ့လင်းအားကြီးအချိန်မှာ တကသ အဆောက်အဦကို မိုင်းခွဲဖျက်ဆီးလိုက်ပါတယ်။ စစ်အာဏာရှင်စနစ် ပွဲဦးထွက် လက်စွမ်းပြတာပါပဲ။ စစ်အုပ်စုက ပြည်သူတရပ်လုံး၊ နိုင်ငံရေးအင်အားစုအားလုံး၊ ကျောင်းသားလူငယ် အားလုံးကို ရန်သူအဖြစ်သဘောထားပြီး စစ်ကြေညာတာပဲ ဖြစ်ပါတယ်။ ဗိုလ်နေဝင်းကိုယ်တိုင် ဓား-ဓားချင်း၊ လှံ-လှံချင်း ရင်ဆိုင်မယ်ဆိုပြီး ရိုင်းရိုင်းစိုင်းစိုင်းကို ကြေညာသွားတာပါ။

၁၉၆၃ ခုနှစ်မှာ တော်လှန်ရေးကောင်စီအစိုးရက ငြိမ်းချမ်းရေးစေ့စပ်ဆွေးနွေးဖို့ ကမ်းလှမ်းပါတယ်။ တောတွင်းလက်နက်ကိုင် အင်အားစု အားလုံး လာရောက်ဆွေးနွေးပါတယ်။ တော်လှန်ရေးကောင်စီအစိုးရကို ဆွေးနွေးဘက်အဖြစ် သဘောထား ဆွေးနွေးပါတယ်။ ဒါပေမဲ့ ဗိုလ်နေဝင်းရဲ့ တော်လှန်ရေးကောင်စီအစိုးရက လက်နက်ကိုင်တော်လှန်ရေးအင်အားစုတွေကို ရန်သူအဖြစ် သဘောထားပြီး လက်နက်ချရေးကိုပဲ ဆွေးနွေးပါတယ်။ မရတဲ့အခါမှာ ဆွေးနွေးပွဲကို တဖက်သတ် ဖျက်သိမ်းပစ်ပါတယ်။ ဆရာကြီးသခင်ကိုယ်တော်မှိုင်းရဲ့ မသေခင် ငြိမ်းချမ်းရေး မြင်တွေ့သွားချင်တယ်ဆိုတဲ့ဆန္ဒ မပြည့်ဝခဲ့တော့ပါ။

ဗိုလ်နေဝင်းစစ်အုပ်စုက မဆလ ပါတီ၊ ကောင်စီ၊ လွှတ်တော် ဆိုတာတွေနဲ့ စစ်အာဏာရှင်စနစ်ကို ကျင့်သုံးနေစဥ် ၁၉၈၀ ခုနှစ်အတွင်းမှာ ဗမာပြည်ကွန်မြူနစ်ပါတီနဲ့ ဆွေးနွေးဖြစ်ခဲ့ပါတယ်။ ဗမာပြည်ကွန်မြူနစ်ပါတီက ရန်လိုတဲ့သဘောထားတွေ မထားကြတော့ဘဲ အပြန်အလှန် အသိအမှတ်ပြုကြပြီး ပြည်တွင်းငြိမ်းချမ်းရေးကို တည်ဆောက်ဖို့ အဆိုပြုပါတယ်။ ဗိုလ်နေဝင်းက ကွန်မြူနစ်ပါတီကို ဖျက်ပြီး မဆလထဲဝင်ဖို့၊ ဗမာပြည် ကွန်မြူနစ်ပါတီရဲ့ ပြည်သူ့တပ်မတော်ကိုလည်း ဖျက်ပြီး မဆလတပ်ထဲ ပေါင်းထည့်ဖို့၊ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ အခြေခံဒေသကိုလည်း ဖျက်သိမ်းပစ်ဖို့ပဲ တောင်းဆိုပါတယ်။ အဓိပ္ပာယ်က ခြွင်းချက်မရှိ လက်နက်ချရေးပါပဲ။ မရတဲ့အခါမှာ ဗိုလ်နေဝင်းကိုယ်တိုင်ပဲ ဆွေးနွေးပွဲကို တဖက်သတ် ဖျက်သိမ်းခဲ့ပါတယ်။

၁၉၈၈ ခုနှစ် ဒီမိုကရေစီအရေးတော်ပုံလူထုအုံကြွမှုကြီးက စစ်အုပ်စုနဲ့ စစ်အာဏာရှင်စနစ်ကို အပြီးတိုင် မတိုက်ဖျက်လိုက်နိုင်ဘဲ မဆလ ပါတီနဲ့ ၁၉၇၄ အခြေခံဥပဒေကိုသာ ဖျက်သိမ်းလိုက်နိုင်ခဲ့တယ်။ ဒါကြောင့် စစ်အုပ်စုက ထပ်ဆင့် အာဏာသိမ်းတာ လုပ်နိုင်ခဲ့တယ်။ ပါတီစုံ ဒီမိုကရေစီ ရွေးကောက်ပွဲကို ကျင်းပပေးမယ်ဆိုတဲ့ကတိနဲ့ နဝတ စစ်အစိုးရကို စစ်အုပ်စုက ဖွဲ့စည်းလိုက်နိုင်တယ်။ ဒါပေမဲ့ ၉၀ ခုနှစ်မှာ ရွေးကောက် ပွဲလုပ်ပြီး ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်မပြုဘဲ မျက်နှာပြောင်တိုက်ပြီး အမျိုးသားညီလာခံကို ကျင်းပတာလုပ်ခဲ့တယ်။ ၈၉ ခုနှစ်ကစပြီး နဝတအစိုးရဟာ လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းတွေကို တဖွဲ့ချင်းစီ ခွဲပြီး အပစ်အခတ်ရပ်စဲရေး၊ ငြိမ်းချမ်းရေးနဲ့ ဒေသဖွံ့ဖြိုးရေးဆိုတာ လုပ်တယ်။ အပစ်အခတ်ရပ်စဲရေး လုပ်လိုက်တဲ့အဖွဲ့အစည်းတွေမှာ တပ်ဖွဲ့တွေ တိုးချဲ့ခွင့်မရှိ၊ လူထုစည်းရုံးရေးလုပ်ခွင့်မရှိ၊ ဘဏ္ဍာရေးကောက် ခံခွင့်မရှိဘဲ စီးပွားရေး လမ်းကို ဖွင့်ပေးတယ်။ ဒီလိုနဲ့ အပစ်အခတ် ရပ်စဲရေးလုပ်တဲ့ လက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ ခေါင်းဆောင်တွေဟာ ခေတ်ပေါ်စီးပွားရေးသမားတွေ ဖြစ်ကုန်တယ်။ အဖွဲ့အစည်းတွေဟာ ဥပဒေအတွင်းလိုလို၊ ဥပဒေပအဖွဲ့အစည်းလိုလို ဖားတပိုင်း၊ ငါးတပိုင်း အဖွဲ့အစည်းတွေ ဖြစ်ကုန်ပါတယ်။ တနည်းအားဖြင့် လက်နက်ကိုင်တိုက်ပွဲလုပ်စဥ်က အဖွဲ့အစည်းတွေကို ဖြတ်လေးဖြတ်စနစ်နဲ့ ချေမှုန်းသလို အပစ်အခတ် ရပ်စဲရေးလုပ်ပြီး ဖြတ်လေးဖြတ်စနစ်နဲ့ တော်လှန်ရေးအဖွဲ့အစည်းတွေကို သင်းကွပ်ပစ်ပါတယ်။ ဒါဟာ နဝတ၊ နအဖ စစ်အစိုးရက လက်နက်ကိုင် အဖွဲ့အစည်းတွေ၊ တော်လှန်ရေး အဖွဲ့အစည်းတွေကို ရန်သူလို သဘောထားပြီး တဖက်လှည့် ချေမှုန်းပစ်နေတာပဲဖြစ်ပါတယ်။

မာရသွန်အမျိုးသားညီလာခံကြီးကျင်းပပြီး ၂၀၀၈ အခြေခံဥပဒေကို အတည်ပြုလုပ်နိုင်လာတဲ့အခါမှာ စစ်အုပ်စုဟာ ပိုပြီးမောက်မာလာပါတယ်။ ကိစ္စအဝဝကို ၂၀၀၈ အခြေခံဥပဒေဘောင်ထဲမှာသာ ဖြေရှင်းရမယ်ဆိုတာပါပဲ။ ၂၀၁၀ ရွေးကောက်ပွဲ ကျင်းပပြီး ဘောင်းဘီချွတ်တွေက ကြံ့ဖွံ့အစိုးရဖွဲ့တာဟာ စစ်အုပ်စုအနေအထားကို ခိုင်မြဲဖို့နဲ့ စစ်အာဏာရှင်စနစ် အသားကျအောင် လုပ်တာဖြစ်တယ်။ ဒါကြောင့် နိုင်ငံရေးအင်အားစုတွေနဲ့ ပြည်သူလူထုတွေ ဘယ်လိုပဲ ကန့်ကွက်ကန့်ကွက် စစ်အစိုးရ တဖြစ်လဲ ဘောင်းဘီချွတ်အစိုးရက ဂရုမစိုက်ခဲ့ပါ။

၂၀၁၅ ရွေးကောက်ပွဲကို ၂၀၀၈ အခြေခံဥပဒေအရ ကျင်းပတယ်။ ဒီချုပ် အနိုင်ရတယ်။ ဒါကြောင့် ဒီချုပ်ဦးဆောင်တဲ့ အစိုးရ ပေါ်လာတယ်။ ဒီချုပ်ကတင်တဲ့ သမ္မတနဲ့ ဝန်ကြီးတွေရယ်၊ ကာချုပ်ကတင်တဲ့ ဒုသမ္မတနဲ့ဝန်ကြီးတွေရယ်ပါတဲ့ အစိုးရနှစ်ဖွဲ့လို

ဖြစ်သွားပါတယ်။ ကျွန်မှာမှာ ညွှန့်ပေါင်းအစိုးရတွေ ဖွဲ့စည်းလေ့ရှိပါတယ်။ ဒါပေမဲ့ ရွေးကောက်ပွဲနဲ့တက်လာတဲ့ပါတီကတင်တဲ့ သမ္မတနဲ့ ဝန်ကြီး၊ ကာချုပ်ကတင်တဲ့ ဒုသမ္မတနဲ့ ဝန်ကြီး ဆိုတဲ့ အစိုးရအဖွဲ့မျိုးကတော့ ဗမာပြည်တပြည်တည်းသာ ရှိပါတယ်။

၂၀၀၈ အခြေခံဥပဒေအရ ဘောင်းဘီချွတ်ကြံ့ဖွံ့အစိုးရကစပြီး လက်နက်ကိုင်တော်လှန်ရေးအဖွဲ့စည်းတွေကို ပြည်နယ်အဆင့် အပစ်အခတ်ရပ်စဲရေးတို့၊ ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေးဆိုပြီး မလိမ့်မပတ်လုပ်ပြီး NCA ဆိုတဲ့စာချုပ် လက်မှတ်ထိုးတဲ့အဆင့်အထိ ရောက်ပါတယ်။ ဒါပေမဲ့ လက်နက်ကိုင်တိုက်ပွဲတွေ ဆက်ဖြစ်နေပါတယ်။

ရဲဆေးတင်နေတဲ့ ပြည်ထဲရေးဝန်ကြီး ဗိုလ်ကျော်ဆွေ

(ဇော်လတ်)

ပြည်ထဲရေးဝန်ကြီး ဗိုလ်ကျော်ဆွေရဲ့ ပြောစကားတွေကြားလိုက်ရပါတယ်။

" ရဲဆေးတင်တယ်"ဆိုတဲ့ စကားက ဒီတခါတော့ အသုံးအနှုန်းနဲ့ ဖြစ်ရပ်က ကွက်တိပဲလို့ ဆိုရမယ်။

ဘာလို့လဲဆိုတော့ "ကျီးကန်းပြင် - ကိုးတန်ကောက် - ငါးခူရအရေး " မှာ အရှက်တကွဲ အကျိုးနည်းဖြစ်သွားရတဲ့ သူ့ လက်အောက်က ရဲတပ်ဖွဲ့အတွက် ရဲဆေးတင်ပေးဖို့ အမိကသွားရတဲ့ ခရီးစဉ်မို့ပဲ။ သူက ဘိုလိုလည်းပြောပါတယ်။ " moral courage ရအောင် ငါပြန်လုပ်ပေးမယ်" တဲ့။

ရဲဆေးတင်ပုံ တင်နည်းကတော့ သင်းတယ်။

(ဗကပ)နဲ့ တိုက်ခဲ့ဖူးသူကို ပွဲထုတ်ပြီး ရဲဆေးတင်ရတာဖြစ်တယ်။ စစ်ဗိုလ်စစ်သားထဲမှာတော့ (ဗကပ)နဲ့ စစ်တိုက်ရတာက သူတို့အကြားမှာ ကြွားစရာ၊ ဂုဏ်ယူစရာတစ်ခုပဲ ထင်ပါတယ်။ ဒီအချက်နဲ့ သူတို့စစ်ဗိုလ်တွေ အချင်းချင်းအကြားမှာလည်း အပြန်အလှန် ကျောကြပုံပေါ်တယ်။ ပြည်ထဲရေးဝန်ကြီးတင် (ဗကပ)နဲ့ ရဲဆေးတင်နေတာ မဟုတ်ပါ။ စစ်တပ်ပိုင် "မြဝတီသတင်းစာ" အာဘော်ကနေ ၃ ရက် ဆက်တိုက် (အောက်တိုဘာ ၁၂၊ ၁၃၊ ၁၄ ရက်) (ဗကပ) နဲ့ရဲဆေးတင်တဲ့ အရေးအသားတွေကို သတိပြုမိပါတယ်။

ဒါတွေဟာ (ဗကပ)ကို သူတို့နည်းသူတို့ဟန်နဲ့ အသိအမှတ်ပြုတဲ့ နည်းတစ်ခုဖြစ်ပါလိမ့်မယ်။ ထားပါတော့။

ပြည်ထဲရေးဝန်ကြီးက ရခိုင်ခရီးစဉ်ကို တစ်ယောက်တည်း မလာဘူး။ အနီးကပ်စစ်ကူအဖြစ် ဖနီးမယားကို အဖော်ခေါ်ခဲ့တာဖြစ်တယ်။ "ငါ့ ရဲမေတွေတောင် နေရဲသေးတာ၊ ငါ့မိန်းမက ဘာလို့မလိုက်ရဲရမှာလဲ၊ ဒီလိုမှ ဒို့က နေမပြရင် အားငယ်မှာပေ့ါကွ" လို့လည်း ဆိုလိုက်သေးတယ်။ ပြည်ထဲရေးဝန်ကြီး ဒီစတန့်ထွင်မှုကို ကာချုပ်ကတော်၊ တိုင်းမှူးကတော်တွေ၊ ရဲချုပ်ကတော်တွေ လိုက်လုပ်ကြပ့ါမလား။

"တစ်လက်မမှ အဆုံးရှုံး မခံနိုင်ဘူး" တဲ့။ ဒီစကားက "သူခိုးပြေးမှ ထိုးကွင်းထ" တာဖြစ်ပါတယ်။

လူပြိန်းကြိုက်ပြောနည်း ဖြစ်ပါတယ်။ ကြံ့ဖွံ့ပါတီဥက္ကဋ္ဌဗိုလ်သန်းဌွေးပြောတာနဲ့ ပြည်ထဲရေးဝန်ကြီး ပြောတာဟာ တလေသံတည်းပဲ မဟုတ်လား။ " မယား လေးယောက်၊ ကလေး ၄၀" ဆိုတဲ့ တွက်နည်းနဲ့ လူဦးရေ ပေါက် ပွားမှုကို သုံးသပ်တဲ့ နာမည်ကျော်ဘုန်းကြီး တစ်ပါးပြောတာနဲ့ တလေသံတည်းဖြစ်နေတာကို သတိပြုမိပါတယ်။

ပြည်ထဲရေးဝန်ကြီးပြောစကားတွေက ထိလွယ်ရှလွယ်လူ့အဖွဲ့အစည်းနှစ်ခုအကြား လွယ်လွယ်နဲ့သွေးမတိတ်နိုင်မယ့်အနာကို လှံနဲ့ ထိုးဆွပေးနေတာတွေပဲဖြစ်တယ်။

ရဟတ်ယာဉ်နဲ့ ဝန်ထမ်းတွေသယ်ထုတ်ပြနေတာကို ကြံဖန် ဂုဏ်လုပ်နေတယ်။ တကယ်တော့ ဒါဟာ တနပ်စား ဖြေရှင်းနည်းပဲ။ လူ့ အဖွဲ့ အစည်း နှစ်ခုကို ပိုမိုဝေးကွာစေဖို့နဲ့ နာကြည်းမုန်းတီးမှုတွေကို ပိုမိုနက်ရှိုင်းကျယ်ပြန့်စေဖို့ကိုသာ ဦးတည်စေပါတယ်။

ပြန်ကြားရေးဝန်ကြီး ဦးဖေမြင့်တို့အဖွဲ့က သုံးသပ်ပြနေတဲ့ (ပြဿနာမတည်မငြိမ်ဖြစ်လာတဲ့အခါ အနည်းနဲ့အများ ဘေးလွတ်ရာကို ရွှေ့ ပြောင်းကြပါတယ်။ ပြဿနာဖြေရှင်း တည်ငြိမ်သွားတဲ့အခါမှာ မတည်ငြိမ်မှုကြောင့် ရွှေ့ပြောင်းသွားသူ လူ ၁၀၀ မှာ လူ ၁၀၀ လုံးပြန်လာဖို့ မသေ ချာဘူး) ဆိုတဲ့အချက်ကို ပြည်ထဲရေးဝန်ကြီး နဖူးပေါ်လက်တင် စဉ်းစားကြည့်သင့်တယ်။

"ပို့က်ကဒ်" တွေ ထုတ်ပေးပြီး၊ ကြံ့ဖွံ့ပါတီအတွက် မဲတွေ သယ်ယူခဲ့တာ ဘယ်သူတွေလဲ။ အခုတော့ အနောက်ဖက်က "အဝင် - အလာ တွေ" ရဲ့ လည်ချောင်းသွေးနဲ့ခြေဆေးပြီး "တစ်လက်မမှ အဆုံးမခံနိုင်ဘူး" ပြောနေတဲ့ "မျိုးချစ်စိတ်"လောက် ကောက်ကျစ် ယုတ်မာတာရှိနိုင်ပါဦးမလား။

ရခိုင်တိုင်းရင်းသားတွေကို နဘန်ကျင်းပြီး မျိုးချစ်စိတ်သွင်းပေးတဲ့စကားကလည်း ကြည့်ပါဦး။ "ဖားကန့်မှာ သွားပြီး လုပ်စားနေမယ့်အစား ဒီနယ်မြေမှာ လာပြီးတော့ ကိုယ့်နယ်မြေကို နေပါလားကွာ၊ လက်ကြောတင်းတင်းနဲ့ လုပ်ပါလားကွာ" တဲ့။ ဘယ်လောက် စော်ကားလိုက်သလဲ။ ရခိုင်တွေ၊ ချင်းတွေ၊ ကရင်တွေ၊ ရှမ်းတွေ၊ ဗမာတွေ၊ မွန်တွေ၊ ဖားကန့်ထက်ဝေးတဲ့ အိမ်နီးချင်းနဲ့ အခြားနိုင်ငံတွေဆီ ထွက်ခွာသွားရပြီး ရရာအလုပ်မျိုးစုံ လုပ်ကိုင်နေကြရတာကို ပြည်ထဲရေးဝန်ကြီး မသိဟန်ဆောင်နေတယ်။ ချင်းပြည်နယ်မှ "နို့သောက်နဲ့ တုတ်ထောက်" ပဲ ကျန်တော့တာကို ပြည်ထဲရေးဝန်ကြီးသိပုံမရဘူး။

ဒ့ါအပြင် ဝန်ကြီးရဲ့"လူကို လူနဲ့ပြန်ကာရမယ်" ဆိုတဲ့ ဖြေရှင်းနည်းကလည်း တကယ့်အံ့ဖွယ်သုတပဲ။ ဒီအပြောမှာ တစ်ဖက်လူမှု အသိုင်းအဝိုင်းကို ချိုးနှိမ်လိုက်ပြီး။ အခြားတစ်ဖက်ကို မြှောက်ဆွပေးလိုက်ပါတယ်။ ကချင်ပြည်နယ်သွားနေတဲ့ ရခိုင်တွေကို လက်ကြော မတင်းဘူးတဲ့။

"ဖားကန့်မှာသွားပြီးလုပ်စားနေမယ့်အစား ဒီနယ်မြေမှာ လာပြီးတော့ ကိုယ့်နယ်မြေကို နေပါလားကွာ၊ လက်ကြောတင်းတင်းနဲ့ လုပ်ပါလားကွာ။ ဟိုမှာခဏတဖြုတ် ကျောက်သွားတူးမယ့်အစား ဒီမှာ ဝိုင်းကူပေးလိုက်ရင် ဘယ်လောက်ကောင်းမလဲ။ ဒို့ရခိုင်တွေက ကိုယ့်နယ်မြေမနေဘဲနဲ့ ကချင်ပြည်နယ်ကို သွားပြီးနေမယ်ဆိုရင် ငါတို့ ဘယ်လိုသွားလုပ်မလဲ၊ ငါတို့လူမျိုး၊ ဒို့တိုင်းရင်းသားတွေက ကိုယ့် နယ်မြေကို ပစ်ခွာသွားရင် လွတ်တဲ့နေရာကို ဝင်လာမှာကွ၊ ဒီလိုဝင်လာမှာကို မဖြစ်စေချင်ဘူး" တဲ့။

ဒင်းတို့မှာ " တရားဥပဒေနဲ့အညီ" ဆိုတဲ့စကားကလည်း ပြောလိုက်ရတာ အမြှုပ်ကို ထွက်လို့ပါပဲ။

အောက်တိုဘာ ၉ ရက်နေ့ကတည်းက (ဘူးသီးတောင်၊ မောင်တော၊ ရသေ့တောင်နယ်မြေများကို)သမ္မတထံက စစ်တပ်က စိတ်ကြိုက် လုပ်ခွင့်လိုင်စင် ရထားပြီးပြီပဲ။ တကယ်တော့ "၂၀၀၈ အခြေခံ ဥပဒေ" ၊ ပုဒ်မ ၂၀ ၊ ပုဒ်မခွဲ (က မှ စ အထိ) ဘာမဆို စစ်တပ်က လုပ်နိုင်တာပဲ။ ဒီပုဒ်မတွေအရ လုပ်နေတာကို အစိုးရက ဘယ်လို ဝင်ရောက်စွက်ဖက်နိုင်မှာလဲ။ တကယ့်လက်တွေ့မှာ စစ်တပ်က ကချင်ပြည်နယ်မှာ၊ ရှမ်းပြည်နယ်မှာ ထိုးစစ်ဆင်နေတာတွေကို အစိုးရ ဟန့်တားနိုင်ခြင်းမရှိပါဘူး။ တကယ်တော့ " စစ်ဆင်ရေးနယ်မြေ အဖြစ်သတ်မှတ်တယ်" ဆိုတာ တပ်ပိုင်နယ် လုပ်လိုက်တာပဲဖြစ်တယ်။

လက်ရှိဖြစ်ပေါ်ခဲ့တဲ့ ပြဿနာအပေါ် ပြန်ကြားရေးဝန်ကြီးနဲ့အဖွဲ့ရဲ့ သုံးသပ်ချက်ကတော့"အချိန်ကြာမြင့်စွာဖြစ်ပေါ်ခဲ့တဲ့ အကြောင်းတရားများကို အခြေပြု၍ ယခုဖြစ်စဉ် ပေါ်ပေါက်လာသည်" လို့ သုံးသပ်ပါတယ်။ ပြဿနာဇာစ်မြစ်ကို ဖော်ထုတ် သုံးသပ်ပုံ မတူလေတော့ ပြဿနာကို အဖြေရှာ၊ ဖြေရှင်းပုံကလည်း ခြားနားပေတော့မယ်။

စစ်အုပ်စုကတော့ ရခိုင်ပြည်နယ်ကို သွေးနဲ့ယမ်းငွေ့တွေ အဆက်မပြတ်ထုတ်လုပ်ပေးတဲ့ အရှေ့အလယ်ပိုင်းက "ဂါဇာကမ်းမြောင်ဒေသ" လို ကျင့်သုံးချင်နေပုံရတယ်။

(၂၀၁၆ ခုနှစ်၊ အောက်တိုဘာ ၁၈)

အရေးတော်ပုံ ဂျာနယ် ကာတွန်း

အရေးတော်ပုံဂျာနယ်

လူ့အခွင့်အရေးဆိုတာ

ညီမွေးကျော်

သူရဦးရွှေမန်း ဆုမွန်ကောင်းတောင်းသလို ဒေါ်အောင်ဆန်းစုကြည် အမေရိကန်ခရီးမှ ရွှေအိုးရွက်ပြန်လာခဲ့တယ်။ ဒဏ်ခတ်ပိတ်ဆို့မှု ရုပ်သိမ်းခြင်းနဲ့ အမည်ပျက်စာရင်းမှ ပယ်ဖျက်ခြင်းဆိုတဲ့ ဆုလာဘ်ကို သယ်ဆောင်လာရုံတင်မက၊ အပိုဆုအဖြစ် ကုလသမဂ္ဂ လူ့အခွင့်အရေး ကော်မရှင် တွင် မြန်မာပြည်လူ့အခွင့်အရေးကိစ္စ နစ်စဉ်ထည့်သွင်းဆွေးနွေးရာမှ ယခုနှစ်အဖို့ ကင်းလွတ်ခွင့်ကိုလည်း သယ်ဆောင်လာခဲ့တယ်။ ဒါ့အပြင် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူး ဦးဆောင်ဖွဲ့စည်းထားတဲ့ မြန်မာပြည်မိတ်ဆွေနိုင်ငံများ အဖွဲ့ဆိုတဲ့ မြန်မာ့အရေး စောင့်ကြည့်အဖွဲ့ကိုလည်း ဖျက်သိမ်းနိုင်ခဲ့တယ်။ ထိရောက်တဲ့ ပြုပြင်ပြောင်းလဲရေးများ မမြင်တွေ့ရသေးဘဲ စစ်ခရိုနီတွေကို ဒီလောက်ထိ လွတ်ငြိမ်းခွင့် မပေးသင့်ကြောင်း လူ့အခွင့်အ ရေး စောင့်ကြည့်အဖွဲ့ HRW လိုအဖွဲ့များက ထောက်ပြနေတဲ့ကြားက လွတ်ငြိမ်းခွင့်ပေးလိုက်တာ ဖြစ်တယ်။

သက်တမ်းကုန်ဆုံးခါနီး သမ္မတအိုဘားမားအစိုးရက အမေရိကန်နိုင်ငံခြားရေးပေါ်လစီ အောင်မြင်မှုပြယုဂ်အဖြစ် ဗမာပြည် ဒီမိုကရေစီနဲ့ လူ့အခွင့်အရေး တိုးတက်မှုရှိကြောင်း ဗန်းတင်ချင်နေတာ ထင်ရှားပါတယ်။

တကယ်ပဲ ဗမာပြည်မှာ လူ့အခွင့်အရေး ချိုးဖောက်မှုတွေ လျော့ပါးသွားပြီလား။ သတင်းသမားတဦးရဲ့ အမေးကို နိုင်ငံတော် အတိုင်ပင်ခံ ပုဂ္ဂိုလ်က လူအခွင့်အရေးပြဿနာ မရှိတဲ့နိုင်ငံ ဘယ်နိုင်ငံများရှိသလဲလို့ အမေးကိုအမေးနဲ့ ပြန်ဖြေတယ်။ အခိုင်အမာ ပြဿနာကို ယေဘုယျပြုပြီး ဘယ်သူ့ကိုများ အကာအကွယ်ပေးချင်နေတာလဲ။

ကိုပါကြီး၊ ဒေါ်ခင်ဝင်း၊ ဆွမ်လွတ်ရွယ်ဂျာ၊ ကောင်းခါးရွာကချင်ဆရာမလေးနှစ်ဦး စသည် အစိုးရဟောင်းတုန်းက စွန်းခဲ့တဲ့ သွေးတွေ မခြောက်သေးဘူး။ အသတ်ခံရတဲ့ရွာသား၊ မုဒိမ်းကျင့်ခံရတဲ့တိုင်းရင်းသူ၊ ပုံးဆံမှန် သေဆုံးတဲ့ကလေး အနှိပ်စက်ခံရတဲ့ အိမ်စေ၊ ပန်ဒိုရာ၊ အင်း၀ လူကုန်ကူးရောင်းစား၊ စစ်ဘေးသင့် ဒုက္ခသည် စသည်စသည် အစိုးရသစ်လက်ထက်တိုင် လူ့အခွင့်အရေး ချိုးဖောက်မှုများကို ဖာထေးဖုံးဖိ ပေးနေတဲ့ အမျိုးသားလူ့အခွင့်ရေးကော်မရှင်၊ ဆင်တကောင်လုံးမြင်နေမှ ဆင်ခြေရှာနေရဦးမှာ လား။

ဘူးသီးတောင်မောင်းတောေ နယ်ခြားစောင့်ရဲကင်းသုံးခု အတိုက်ခံရတဲ့အပေါ် နိုင်ငံတော်ပုန်ကန် အကြမ်းဖက်မှုအဖြစ် ပုဒ်မ ၁၄၄ ထုတ်၊ အရေးပေါ်အခြေအနေကြေညာ၊ စစ်တပ်တိုးချဲ့၊ ကာလုံအစည်းအဝေးခေါ်၊ သမ္မတရုံးမှကြေညာချက်ထုတ်ပြီး RSO လို ပြည်ပအဖွဲ့အစည်းများနဲ့ ဆက်စပ်ပြီး အယ်ခိုင်ဒါ လို ISIS လို အကြမ်းဖက်အဖွဲ့များရဲ့ လုပ်ပုံကိုင်ပုံမျိုးလို့ ပြောတယ်။ မြန်မာနိုင်ငံ ရဲ တပ်ဖွဲ့ကို လေ့ကျင့်ပေးနေတဲ့ ဥရောပသမဂ္ဂ EU က လက်ပံတန်းကျောင်းသားသပိတ် ဖြိုခွဲတုန်းက မျက်နှာပျက်ခဲ့တာကို အဖတ်ဆယ် ချင်တာလား၊ မီးစိမ်းပြချင်တာလား၊ မြန်မာအစိုးရနဲ့ တသားတည်းရပ်တည်ကြောင်း ပြောတယ်။ အမေရိကန် ပြောရေးဆိုခွင့်ရှိသူက လည်း ထောက်ခံကူညီမယ့်အကြောင်း ပြောတယ်။ ကြီးတဲ့အမှုသေးအောင် လုပ်တာလား၊ သေးတဲ့အမှု ကြီးအောင်လုပ်တာလား။ တရုတ်နဲ့ခြောက်တာ အလုပ်သိပ်မဖြစ်လို့ ကုလားနဲ့ခြောက်ပြီး ရခိုင်ဒေသ လူ့အဖွဲ့အစည်းအတွင်း အစွန်းနှစ်ဖက် ကွဲပြားအောင် ထိုမှ တဆင့် တပြည်လုံး မတည်မငြိမ်ဖြစ်အောင် တမင်လုပ်နေတာလား။

ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးဆိုတာ အနောက်နိုင်ငံကြီးများရဲ့ သဘောတရားအခြေခံ ဆိုတာထက် နိုင်ငံခြားရေးပေါ်လစီ ဆို တာက ပိုမှန်ပါတယ်။ စံ- နှစ်မျိုးထား ကျင့်သုံးပါတယ်။ ကိုယ်က မောင်းသူမဲ့လေယာဉ်မှ ဒုံးနဲ့ခွင်းရင် အကြမ်းဖက်သမားကိုတိုက်တာ၊ တဖက်က ပြန်တိုက်ရင် လူ့အခွင့်အရေး ချိုးဖောက်တာ။ ရဲကပစ်သတ်ရင် တရားဥပဒေစိုးမိုးရေး ဖြစ်ပြီး၊ အလုပ်လက်မဲ့ လူမဲတ ယောက်က ပြန်ခုခံရင် အကြမ်းဖက်တာ၊ အရပ်သား အိမ်ရာတွေကို ဒုံးနဲ့ခွင်းတာက လူ့အခွင့်အရေးကို ကာကွယ်တာဖြစ်ပြီး၊ ရဲစခန်း ကို ပုံးခွဲတာက အကြမ်းဖက်တာဖြစ်ပါတယ်။ အာဏာရှင်တို့ ဒီမိုကရေစီတို့၊ အကြမ်းဖက်မှုတို့၊ လူ့အခွင့်အရေးတို့၊ ဆိုတာတွေဟာ လို သလိုသုံးတဲ့ တံဆိပ်တုံးတွေပါပဲ။

ကုလသမဂ္ဂ လူ့အခွင့်အရေးဆုံးဖြတ်ချက် မှတ်တမ်းများမှာတော့ အကြမ်းဖက်မှုဆိုတာ အပြစ်မဲ့အရပ်သားများကို ပစ်မှတ် ထား တိုက်ခိုက်တာလို့ ဖွင့်ဆိုပါတယ်။

ပေါ်လစီဆိုတာ ရပ်တည်ချက်နဲ့ အကျိုးစီးပွားပေါ်ကြည့်ပြီး ချမှတ်ကြတာပါ။ ပေါ်လစီပြောင်းတော့ လေသံလည်းပြောင်းပြီ ပေါ့။

(၁၇ အောက်တိုဘာ ၂၀၁၆)

ပျားရည်ဆမ်းလွန် ဗမာပြည်နိုင်ငံရေး

မောင်သန်းမြရွှေ

ဒီချုပ်အစိုးရသစ် တက်လာပြီး ပျားရည်ဆမ်း ၆ လ အတွင်း နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ပြည်ပခရီးစဉ်တွေမှာ နိုင်ငံခြားဆက်ဆံရေး ရလဒ်သစ်တွေ ရရှိလာတယ်လို့ ဆိုနိုင်သော်လည်း ပြည်တွင်းရေးပြဿနာ ကိုင်တွယ်ရာမှာ မထိရက် မတို့ရက် ဖြစ်နေတုန်းပဲ။

ဒေါ်အောင်ဆန်းစုကြည်ကို ကောဇောနီခင်းကြိုဆိုတဲ့ တရုတ်ပြည်ခရီးမှာ သမ္မတရှီကျင့်ဖျင်က နယ်စပ်တည်ငြိမ်ရေး ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးရေးအတွက် မိတ်ဆွေကောင်းပီသစွာ ကူညီမယ်၊ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်မယ်လို့ ပြောတယ်။ အိမ်ဖြူတော်နဲ့ ကုလသမဂ္ဂ အထွေထွေညီလာခံသို့ သွားရောက်တဲ့ အမေရိကန်ခရီးမှာ နိုင်ငံတော်ထိပ်တန်းခေါင်းဆောင် တဦးရဲ့ အဆောင်အယောင်များနဲ့ ဧည့်ဝတ်ပြုခံရကာ သမ္မတအိုဘားမားက ရသင့်တဲ့ဆုလာဘ်အဖြစ် ဒဏ်ခတ်ပိတ်ဆို့မှုများကို ရုပ်သိမ်းဖို့ရှိကြောင်း ကြေညာတယ်။

တကယ်တော့ ရွေးကောက်ပွဲမှာ တောင်ပြိုကမ်းပြို အနိုင်ရကာ အရပ်သားတပိုင်းအစိုးရအဖြစ် ပေါ်ထွက်လာတဲ့ ဒီချုပ်အစိုးရအဖို့ အခြေအနေသစ်မှာ ပြဿနာသစ်များက စောင့်ကြိုနေတာ ဖြစ်ပါတယ်။

ပြည်ပဆက်ဆံရေးမှာ အပြင်ကအပူ အတွင်းမကူးအောင်၊ အတွင်းကအပူ အပြင်ကိုမကူးအောင် ရှဲ့စောင်းနေတဲ့ နိုင်ငံခြားဆက်ဆံရေးကို ပုံမှန်အခြေအနေတရပ် ရောက်အောင် ထိန်းညှိဖို့လိုပါတယ်။ အမှီအခိုကင်းတဲ့၊ ကိုယ့်အားကိုယ်ကိုးတဲ့၊ လွတ်လပ်တဲ့ ဘက်မလိုက်မှုကြီး ၅ ချက် ပေါ်မှာ ခိုင်ခိုင်မာမာရပ်နိုင်ဖို့ လိုပါတယ်။ အာဏာမြဲဖို့ တဖက်ဖက်ကို ပြေးကပ်နေရတဲ့ဘဝမျိုး၊ စီးပွားရေးနဲ့ အချုပ်အခြာ အလဲအထပ်လုပ်ရတဲ့ဘဝမျိုး၊ ကိုယ့်ပြည်သူကိုဖိနှိပ်ဖို့ ပြည်ပကို မျက်နှာချိုသွေးရ လာဘ်ထိုးရတဲ့ ဘဝမျိုးမှ လွတ်ဖို့လိုပါတယ်။

တက်သမျှ အာဏာရအစိုးရတိုင်းနဲ့ တဖက်သတ် ဆက်ဆံတဲ့ နိုင်ငံခြားရေးပေါ်လစီဖြစ်စေ၊ ဒဏ်ခတ်ပိတ်ဆို့တဲ့ နိုင်ငံခြားရေးပေါ်လစီဖြစ်စေ သက်ဆိုင်ရာနိုင်ငံကြီးများရဲ့ အကျိုးစီးပွားအရ ကျင့်သုံးကြတာပါ။ စီးပွားရေးအကျိုးစီးပွား နိုင်ငံရေးအကျိုးစီးပွား တခုမဟုတ်တခု ပါပါတယ်။ အကာ အကွယ်ပေးတာဖြစ်ဖြစ်၊ ပိတ်တာဖွင့်တာဖြစ်ဖြစ် သူတို့အကျိုးစီးပွားပါပါတယ်။ နှစ်နိုင်ငံတန်းတူ အပြန်အလှန် အကျိုးရှိဖို့ဆိုတာ ပြဿနာပေါင်းစုံ သပွတ်အူလိုက်နေတဲ့ နာတာရှည် လူမမာဖြစ်နေတဲ့ စစ်အာဏာရှင်စနစ်အောက်က ဗမာပြည်အဖို့ မလွယ်ပါဘူး။

- စစ်အေးလွန်ကာလ တလျှောက်လုံး (၁၉၈၈-၂၀၁၀) မာရှယ်လောနဲ့ အုပ်ချုပ်ခဲ့တဲ့ စစ်အစိုးရ

- လူထုအပေါ် ဗိုလ်ကျအနိုင်ကျင့် ဖိနှိပ်ကျွန်ပြုခဲ့တဲ့ စစ်အစိုးရ

- အပြစ်မဲ့ပြည်သူ ထောင်သောင်းချီ ညှဉ်းပန်းနှိပ်စက် ထောင်သွင်းအကျဉ်းချ သတ်ဖြတ်ခဲ့တဲ့ စစ်အစိုးရ -တိုင်းပြည်ရဲ့ သယံဇာတ အရင်းအမြစ်တွေ ဖြုန်းပြုန်းကျအောင် လက်ညှိုးထိုး ရောင်းစားခဲ့တဲ့ စစ်အစိုးရ - သဘာဝပတ်ဝန်းကျင် ပျက်သုဉ်း၊ ယဉ်ကျေးမှု အမွေအနှစ်တွေဖျက်ဆီး၊ နောက်မျိုးဆက်တွေကို ဆိုးမွေတွေတပုံကြီး ချန်ထားခဲ့တဲ့ စစ်အစိုးရ

- ဒီမိုကရေစီလည်းကင်းမဲ့ အမျိုးသားတန်းတူမှုလည်းမရှိတဲ့ ပြည်တွင်းစစ်နဲ့ အဆင့်နေရာရ အာဏာသိမ်းတက်လာတဲ့ စစ်အစိုးရ

- စစ်ဗျူရိုကရက်များနဲ့ အပေါင်းပါခရိုနီတစုက တိုင်းပြည်ရဲ့ အတွင်းပစ္စည်းမှန်သမျှ လုယက်ဓားပြတိုက်ထားသမျှကို အကာအကွယ်ပေးနေတဲ့ စစ်အစိုးရ

- လက်ဝါးကြီးအုပ်ထားတဲ့ မြေယာ၊ အိုးအိမ်နဲ့ ဘဏ္ဍာအရင်းမှန်သမျှ တရားဝင်အောင်ပြုထားတဲ့ ၂၀၀၈ (ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပ ဒေ)အရ ရာသက်ပန် ကိုယ့်ကိုယ်ကိုယ် အာဏာအပ်နှင်းထားတဲ့ စစ်အစိုးရ...ထံမှ

၂၀၁၆ ဧပြီ ၁ မှာ ၂၀၀၈ ကို ကာကွယ်ထိန်းသိမ်းဖို့ ကတိသစ္စာပြုပြီး အာဏာလွှဲပြောင်း ရရှိခဲ့တဲ့ ဒီချုပ် အရပ်သားတပိုင်း အစိုးရအဖို့ စိန်ခေါ်မှုကြီးပါတယ်။

ဒီချုပ်ရဲ့ ပြုပြင်ပြောင်းလဲရေးမူဝါဒက အမျိုးသားပြန်လည်ရင်ကြားစေ့ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေး ဖြစ်ပြီး နောက်ဆုံး မှ၂၀၀၈ပြင်ရေးဖြစ်ကြောင်း အတိအလင်း ပြောထားပါတယ်။ ဦးစားပေးလုပ်ငန်းအနေနဲ့ အမျိုးသားပြန်လည်ရင်ကြားစေ့ရေး၊ ၂၁ရာစုပင်လုံနဲ့ ရခိုင်ဒေသ သဟဇာတဖြစ်ရေး ဖြစ်ကြောင်း ဒေါ်အောင်ဆန်းစုကြည်က အာဆီယံပါလီမန်ညီလာခံမှာ ပြောတယ်။

ထိပ်တိုက်ရင်ဆိုင်မှုကိုရှောင်၊ လမ်းပေါ်မထွက်ဘဲ ငြိမ်းချမ်းစွာအသွင်ကူးပြောင်းရေး လမ်းစဉ်ကိုလည်း ကြေညာထားတယ်။ ယခင်အစိုးရ လက်ထက် အမှုကိစ္စများကို လွှတ်တော်မှာ မမေးမြန်းဖို့ အမတ်တွေကို ပြောတယ်။ အစိုးရကို အကျပ်ရိုက်စေမယ့် မေးခွန်းများ မမေးဖို့ ဒီချုပ်ဗဟိုက ညွှန်ကြားတယ်။ တမတ်သားပါလို့ အခက်အခဲမရှိကြောင်း ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ကြောင်းလည်း ပြောတယ်။

ပေါ်လစီကိုမဝေဖန်ခင် မူအရကြံ့ခိုင်ပြီး နည်းပရိယာယ်အရ ပျော့ပျောင်းတာလား၊ မူမဲ့အလျှော့ပေးရေးလား ဆိုတာကို အကျိုးသက်ရောက်မှုကို ကြည့်ဖို့လိုပါတယ်။

အာဏာလွှဲပြောင်းရေး ချောမွေ့ဖို့ စေ့စပ်ရပါတယ်။ တပ်ချုပ်ကလေးနဲ့တင် မပြီးလို့ အငြိမ်းစားဆိုတဲ့ တပ်ချုပ်ကြီးအထိ စေ့စပ်ရတယ်။ ကြံ့ဖွံ့သမ္မတဗိုလ်ချုပ်ကြီးဟောင်းက ခပ်မာမာ ဆင်းသွားတာဖြစ်တယ်။ ပြောင်လုပ်သွားတယ်။ ကျောက်စိမ်း၊ သစ်၊ ရွှေ လက်ကုန်နှိုက် တူးသွားတယ်။ စီမံကိန်းသစ်တွေ သူ့ခရိုနီတွေကို ချပေးသွားတယ်။ ကျောက်မျက်အသင်း ကော်မရှင်ရငွေတွေ ဒေါ်လာသန်း၈၀ စာရင်းပျောက်သွားတယ်။ ဗျူရိုကရေစီ ယန္တရားတွေထဲမှာ မိုးကျရွှေကိုယ်တွေ ထိုးထည့်သွားတယ်။ ချိပ်ပိတ်ထားတဲ့ သူ့ပိုင်ဆိုင်မှုစာရင်းကို ပြန်ယူသွားတယ်။ ကိုယ့်ကိုယ်ကိုယ် လွတ်ငြိမ်းချမ်းသာခွင့် ဥပဒေထုတ်သွားတယ်။

၂၀၀၈ ပြင်ရေးကို (အနည်းဆုံး ၂ နှစ်) နောက်တန်းပို့ပြီး စေ့စပ်ရတာဖြစ်တယ်။ ၄၃၆ အသာထားလို့ ၅၉(စ)တောင် ပြင်မရတဲ့အတွက် နိုင်ငံတော်အတိုင်ပင်ခံ ဆိုတာကို ထွင်ရတယ်။ အစိုးရသစ်မှာ ကြံ့ဖွံ့ဟောင်းတွေကိုလည်း နေရာပေးရတယ်။ ဝန်ထမ်းအသက် ၆၀ ပြည့် အငြိမ်းစား ယူရမယ့် ဥပဒေနဲ့ ငြိနေတဲ့ တပ်ချုပ်ကလေးက ကိုယ့်ဥပဒေ ကိုယ်ထုတ်ပြီး ၆၅ နှစ်လို့ ပြင်တာကို ငြိမ်ငြိမ်သက်သက် သဘောတူပေးရတယ်။ စွမ်းအားရှင်တွေ မဘသတွေရဲ့ ပြောင်ကျတဲ့ မာဖီးယားဂိုဏ်း လုပ်ရပ်တွေကို လွတ်ငြိမ်းချမ်းသာခွင့်ပေးပြီး ကျေအေးပေးခဲ့တယ်။ ရာဇဝတ်မှုမကင်းတဲ့ စီးပွားရေးသောင်းကျန်းမှုကြီးတွေ (မူးယစ်ဆေး သစ် ကျောက်စိမ်း စသည်) လက်သည် မပေါ်ဘူး။

ဒီချုပ်အရပ်သားတပိုင်းအစိုးရသစ် တက်လာပြီး ရက် ၁၀၀ စီမံကိန်းက ကြော်ငြာဝင်တာပဲ ဖြစ်ပါတယ်။ ပွဲစည်သလိုတော့ ဖြစ်ခဲ့ပါတယ်။ တကယ်တမ်း ပွဲထုတ်လာတဲ့ ၂၁ ပင်လုံကျတော့ ပွဲက စပျက်တော့မလို ဖြစ်လာတယ်။ ကိုယ်စားပြု အမျိုးသား အဖွဲ့အစည်း အသီးသီးက မိမိတို့ အနှစ်နှစ်အလလ ကြိတ်ခံခဲ့ရတာတွေ ညီလာခံမှာ အခွင့်အရေးရတုန်း ပွင့်အန်လာတော့ စစ်ဗျူရိုကရက်တွေ အရှိုက်အထိုးခံရသလိုဖြစ်ကာ မခံမရပ် နိုင်ဖြစ် လာတယ်။ အမျိုးသားညီညွတ်ရေး ဘယ်လိုတည်ဆောက်မလဲ၊ စစ်အုပ်စုမှာ စေတနာကောင်းမရှိပါဘူး။ ပြည်တွင်းစစ် ဘယ်လိုရပ်မလဲ၊ စစ်အုပ်စုက နောက်ဆုတ်လိုစိတ် မရှိပါဘူး။

စစ်တပိုင်းအစိုးရဟောင်း အထိုင်ချထားတဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ဆက်ခံတိုးချဲ့ထားတယ်ဆိုတဲ့ '၂၁ ရာစုပင်လုံ'ဟာ ကာချုပ်မူ ၆ ချက်ကို မကျော်လွှားနိုင်ခဲ့ပါဘူး။ ကိုးကန့်၊ တအာင်း၊ ရခိုင် ၃ ဖွဲ့က 'လက်နက်ကိုင်လမ်းစဉ်စွန့်လွှတ်ကြောင်း' (လက်နက်ချဖို့သဘောတူကြောင်း) မကြေညာလို့ တက်ခွင့်မရဘူး။ '၀' က ခွဲခြားဆက်ဆံတာ မကျေနပ်လို့ ပြန်တယ်။ ညီလာခံပြီးတာနဲ့ ကချင်မှာ ကြည်းကြောင်းလေကြောင်းနဲ့ ထိုးစစ် ပြန်စတယ်။ ရှမ်း နဲ့ ကရင်မှာ တိုက်ပွဲတွေပြန်ဖြစ်တယ်။

ရခိုင်ဒေသ ဘူးသီးတောင်-မောင်းတောဘက်မှာလည်း နိုင်ငံတော်ပုန်ကန်သူများက နယ်ခြားစောင့်ရဲစခန်း ၃ ခုကို ဝင်စီးသွားလို့ (၉ အောက်တိုဘာ ၂၀၁၆) ပုဒ်မ ၁၄၄ နဲ့ အရေးပေါ်အမိန့်ထုတ်ပြီး စစ်တပ်က ဝင်ရှင်းနေရကြောင်း၊ စစ်တွေမှာ ရှင်းလင်းပွဲ လုပ်သော်လည်း သတင်းသမားတွေ မေးမြန်းခွင့် မရခဲ့ဘူး။

စစ်ဗိုလ်ချုပ်ကြီးများက ဂျောက်(ချောက်)ထဲကျဖို့ တည်းတည်းလိုတော့တဲ့တိုင်းပြည်ကို ကယ်ဖို့ ပြင်လာကြပြန်ပါပြီ။ သူတို့မရှိရင် မဖြစ်ကြောင်း ပြသလာပြန်ပါပြီ။ သူတို့ဟာ အရေးပါအရာရောက်ကြောင်း သိအောင် ထုတ်ဖော်လာကြ ပြန်ပါပြီ။ ပြည်တွင်းစစ်နဲ့ မိမိအဆင့်နေရာကို မြှင့်လာတဲ့ စစ်အုပ်စုဟာ (ခေတ်မစားတော့တဲ့) စစ်အုပ်ချုပ်ရေးအစား အရပ်ဘက်အုပ်ချုပ်ရေးသို့ အသွင်ကူးပြောင်းရာမှာ သူတို့အနှစ်နှစ်အလလ တည်ဆောက်ခဲ့တဲ့ စစ်ဗျူရိုကရက်ယန္တရားကို အရပ်သားအစိုးရတရပ်လက်ထဲ အလွယ်တကူ ထိုးအပ်လိမ့်မယ်လို့ ထင်ပါသလား။

ဦးနုလည်း ဒီလိုပဲထင်ခဲ့ဖူးတယ်။ ဂျပန်ခေတ်အဓိပတိ ဒေါက်တာဗမော်လည်း ဒီလိုပဲထင်ခဲ့ဖူးတယ်။ ဗမာပဒေသရာဇ် နောက်ဆုံး မင်းဆက် သီပေါမင်းလည်း ဒီလိုပဲ ထင်ယောင်မှားရောင်ဂါ စွဲကပ်ရာက ပါတော်မူဇာတ်ခင်းသွားရတယ်။

နိုင်ငံရေးအရ ဖိနှိပ်မှုဥပဒေတချို့ ဖျက်သိမ်းနိုင်ခဲ့တယ် (ဒွေ့စာရင်း နဲ့ ပုဒ်မ ၅ ၊ တချို့ကို နောက်ကလိုက်ပြီး နငယ်နကွင်း ပိတ်လုပ်တာ ခံရတယ် (ငြိမ်းစုစီ)၊ ဖိနှိပ်ရေးယန္တရားသစ် ဖွဲ့ဖို့ပြင်တာလည်းရှိတယ် (အရေးပေါ်စီမံခန့်ခွဲမှု ဗဟိုကော်မတီ ဖွဲ့စည်းခြင်း)၊ လူ့အခွင့်အရေး ကာကွယ်ဖို့ ဥပဒေပြုတာလည်းရှိတယ် (နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေကြမ်း)။ ရှေ့ကလက်နဲ့ရေး နောက်က ခြေနဲ့ဖျက် ဖြစ်စဉ်ကို ဒီချုပ်အစိုးရအနေနဲ့ တလျှောက်လုံး ရင်ဆိုင်နေရပါလိမ့်မယ်။

လက်သန်း မင်ဆွတ်ပြီး လူထုကတင်မြှောက်လိုက်တဲ့ လွှတ်တော်မှာ မြေသိမ်းယာသိမ်းကိစ္စတွေ၊ လုပ်ခွင်လုပ်ခ မမျှတတဲ့ ကိစ္စတွေ၊ ကျောင်းသားသမဂ္ဂ တရားဝင်ဖွဲ့စည်းခွင့်နဲ့ ဒီမိုကရေစီပညာရေး ပြုပြင်ပြောင်းလဲရေးကိစ္စတွေ ကျယ်ကျယ်လောင်လောင် တင်ပြတောင်းဆိုတာ မကြားရဘူး။ ပြည်တွင်းစစ် ဒဏ်ချက်အောက်မှာ မုဒိမ်းကျင့်ခံရတဲ့ တိုင်းရင်းသူတွေ၊ အသတ်ခံရတဲ့ အပြစ်မဲ့ပြည်သူတွေ လုံခြုံမှုကင်းမဲ့ ဆာလောင်နေတဲ့ကလေးငယ်တွေအကြောင်းနဲ့ သူတို့ရဲ့ ငြိမ်းချမ်းရေးလိုအင်ဆန္ဒကို လူသိထင်ရှား တောင်းဆိုပေးတာ မရှိဘူး။ ဥပဒေကို ထိန်းသိမ်းစောင့်ရှောက်ရမယ့် လူပုဂ္ဂိုလ်အဖွဲ့အစည်းတွေကိုယ်တိုင်က ဥပဒေကိုမျက်ကွယ်ပြု၊ ငွေမျက်နှာလိုက်ပြီး လူထုကို အကာအကွယ် မပေးနိုင်ရုံတင်မက လည်မျို တက်နင်းနေတဲ့၊ ဖြစ်ချင်တိုင်းဖြစ်နေတဲ့ တိုင်းပြည်။ ယခင်ကအတိုင်း ခိုးမြဲ-လုမြဲ-ဗိုလ်ကျမြဲ ကိစ္စတွေကို နိုင်ငံတော်က ဘယ်လိုကိုင်တွယ်မလဲ၊ ဘယ်လို ဖြေရှင်းပေးမလဲ အမေးတောင်မခံရဲဘူး။

ပိုဆိုးတာက အစိုးရသစ်ကို အထိုင်မကျခင် မထိခိုက်စေချင်တဲ့အတွက် လူထုက ကိုယ်ပိုင်အသိနဲ့ ချုပ်တည်းထားတဲ့ လူထုတိုက်ပွဲတွေကို မထီလေးစားလုပ် ဟန့်တားနိပ်ကွပ်ဖို့ ကြိုးစားလာခြင်းပါပဲ။ အစိုးရသစ်ကို ပညာပြနေတာ ယန္တရားဟောင်းထဲက ဗျူရိုကရက်တွေ ဖြစ်တယ်။ ဒါကို မြင်အောင်မကြည့်နိုင်လောက်အောင် အစိုးရသစ်ဟာ အောက်ခြေလွတ်နေပြီလား။ စစ်ဘက်အရပ်ဘက် နှစ်ပါးကြည်ရေးကို ဦးစားပေးရတဲ့အတွက် လူထုဟာ အဖျက်သမားဖြစ်သွားပြီလား။

နိုင်ငံရေးအကျဉ်းသားလွှတ်တာ ကာလုံသဘောထားမပါဘဲ ဥပဒေနည်းနာရှာ လွှတ်ရတာဖြစ်တယ် (မလွှတ်ချင်တဲ့သူတွေကို ဆက်ဖမ်း ထားတုန်းပဲ)။ ပြည်ပရောက် အတိုက်အခံတွေ ပြည်တော်ပြန်ဖို့အရေး အတိုင်ပင်ခံပုဂ္ဂိုလ်/နိုင်ငံခြားရေးဝန်ကြီးရဲ့ နံမည်ပျက်စာရင်း ပယ်ဖျက်ဖို့၊ နိုင်ငံ ရေးခံဝန်ချက်ပယ်ဖျက်ဖို့ သံရုံးတခုချင်းကို ညွှန်ကြားချက်ပေးပြီးမှ ပြန်ရတာဖြစ်တယ်။ (အထွေထွေ လွှတ်ငြိမ်းချမ်းသာခွင့် ကြေညာတာ မဟုတ်ဘူး)

ပြည်ထဲရေးအောက်က ဌာန ၅ ခု (ထွေအုပ်၊ ရဲ၊ မီးသတ်၊ စသုံးလုံး၊ အကျဉ်းဦးစီး) ပြည်နယ်-တိုင်းဒေသ အစိုးရအောက် လွှဲပေးထားတာကို ၂၀၀၈ ပါ ပုဒ်မများအရ ဟုဆိုကာ ပြန်ရုပ်သိမ်းသွားပြန်တယ်။

မြင်နေရတာက အဆင်ပြေချင်ရင် (အုပ်ချုပ်ရေးယန္တရား ချောမွေ့စေချင်ရင်) ပါဝါမာကိုကိုင်ထားတဲ့ ကာချုပ်ကို ကြည်အောင် လုပ်ထား ရမယ် ဆိုတဲ့ ခရိုနီခေတ်ပျက်သူဌေး အတွေးမျိုး အတိုက်အခံတွေထဲ ကူးစက်လာတာပါပဲ။ တရားဥပဒေအထက်မှာ ဘယ်သူမှ မရှိဘူးဆိုတာ မဟုတ်ပါဘူး။ ဒါဟာ ရွတ်လို့ကောင်းတဲ့ စကားသက်သက်ပါပဲ။ တရားဥပဒေအထက်မှာ တင်မက တရားဥပဒေအပမှာပါ စစ်အုပ်စုရှိနေပါတယ်။ ၂၀၀၈ ကို သူတို့ရေးဆွဲခဲ့တာပါ။

ဗမာပြည်စီးပွားရေးဟာ အုံဖွဆိုပြီး နေ့ချင်းညချင်း ထိုးတက်လာမှာ မဟုတ်ဘူး။ စစ်ခရိုနီတွေ ဝါဒဖြန့်သလို နိုင်ငံခြားအရင်းအနှီးတွေ ဒလဟော ဝင်လာ၊ ရွှေမိုးငွေမိုးတွေ ရွာလာမှာမဟုတ်ဘူး။ ကမ္ဘာ့စီးပွားရေးဟာ အရေးကြီးတဲ့လမ်းဆုံမှာ ရောက်နေတယ်။ ၂၀၀၈ က စခဲ့တဲ့ စီးပွားရေး ထိုင်းမှိုင်းမှုမှ မလွတ်မြောက်သေးဘူး။ ကမ္ဘာနဲ့အဝှမ်း ဝယ်လိုအားကျ၊ ကုန်သွယ်ရေးချည့်နဲ့၊ ရင်းနှီးမြှုပ်နှံမှု ထိုင်းမှိုင်း၊ ဘဏ္ဍာရေး စျေးကွက် အပြောင်းအလဲမြန်၊ ငွေတန်ဖိုး အပြိုင်ချ၊ ကိုယ်ကျိုးစီးပွားကာကွယ်၊ နည်းပညာလှိုင်းသစ်တရပ်အတွက် ပြိုင်ဆိုင် ဆိုတဲ့ အနေအထားအောက်မှာ လာမယ့်နှစ်အချို့အတွင်း ကမ္ဘာ့စီးပွားရေး တက်ရိပ်မရှိဘူးလို့ အများက သုံးသပ်ကြတယ်။

ဗမာပြည်စီးပွားရေးက ပေါ်လစီတောင် တာမစူနိုင်သေးဘူး။

လူထုဟာ မျှော်လင့်ချက်ကြီးတယ်။ လူမှုဒုက္ခအပေါင်းကိုလည်း ခံနိုင်ရည်ရှိတယ်။ နိုင်ငံရေးအသိလည်း နိုးကြားတယ်။ တိုင်းပြည် ဘာဖြစ်နေတယ် ဆိုတာ မသိနိုင်လောက်အောင် ထုံထိုင်းနေတာ မဟုတ်ဘူး။ တိုက်ပွဲသဏ္ဍာန်ကို လူထုက သူ့ကိုယ်ပိုင်အသိနဲ့ ရွေးချယ်ပါလိမ့်မယ်။ ၂၀၀၈ အောက်မှာ ဒူးတုပ်သင့်မြတ်ရေးကိုတော့ ရွေးမှာမဟုတ်တာ သေချာပါတယ်။

(၁၄ အောက်တိုဘာ ၂၀၁၆)

ကာချုပ်နဲ့စစ်တပ်မျက်နှာကို ကြည့်နေရသော အစိုးရနဲ့လွှတ်တော်

(မင်းဝေ)

အရေးတော်ပုံဂျာနယ်၊ အတွဲ(၂) အမှတ် ၇

" ရာနှုန်းပြည့်သာ အနိုင်ရအောင်မဲပေးပါ၊ ကျန်တာ ကျွန်မတို့ ကြည့်လုပ်ပါ့မယ်" ဆိုတဲ့ ဒီချုပ်အစိုးရ ကြည့်လုပ်နေရတဲ့ပုံပါပဲ။

လတ်တလော ပေါ်ပေါက်ဖြစ်ပွားလာနေတဲ့ အခြေအနေတွေရဲ့ဖိအားမျိုးစုံက ဒီချုပ်အစိုးရအဖို့ (ကာလုံ) အစည်းအဝေးမဟုတ်သော်လည်း ကာလုံကိစ္စတွေကို အဆုံးအဖြတ်ပေးကြတဲ့ အထူးအစည်းအဝေးခေါ်ကြရတဲ့ အနေအထားကို ဆိုက်ရောက်သွားစေပါတယ်။

အစည်းအဝေးအစီအစဉ်ကို ကြည့်ပြန်တော့လည်း စစ်တပ်နဲ့သက်ဆိုင်တာတွေချည်းအဓိက ဖြစ်နေတယ်။

ကြည့်ရတာ"အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်းသည့် အထူးအစည်းအဝေး" ဆိုတဲ့ ဒီအစီအမံကို ဒီချုပ်အစိုးရဘက်က အရေးပေါ် ထွင်လိုက်ရတာပဲလို့ ယူဆပါတယ်။

ဒါဟာ လက်တွေ့အားဖြင့် ၁၁ ဦးပါ(ကာလုံ)ကို ရှောင်လွှဲလိုက်တဲ့ သဘောလို့ မြင်တယ်။ (ကာလုံ) အစည်းအဝေးသာခေါ်ရင် ဒီချုပ်အစိုးရ ရဲ့ အဆုံးအဖြတ်အခန်းက အားနည်းလှတယ်မဟုတ်လား။ ၁၁ ဦး(ကာလုံ)မှာ သမ္မတ၊ လွှတ်တော်ဥက္ကဋ္ဌနှစ်ဦးနဲ့ နိုင်ငံခြားရေးဝန်ကြီးပဲ ဒီချုပ်အစိုးရဘက်က ပီပီပြင်ပြင် ရပ်တည်မယ့်သူရှိတာ မဟုတ်လား။

အကယ်၍ ၁၁ ဦးပါ (ကာလုံ) အစည်းအဝေးသာခေါ်လိုက်ရင် အစည်းအဝေးရလဒ်ဖြစ်တဲ့ " သမ္မတရုံးသတင်းထုတ်ပြန်ချက် (၁/၂၀၁၆)" ထဲက ဝေါဟာရတွေ၊ အသုံးအနှုန်းတွေ၊ လေသံတွေက အခုလိုမဟုတ်ဘဲ၊ တမျိုးတမည်ပြောင်းလဲသွားနိုင်တယ်လေ။

စစ်တပ်ဘက်က"အကြမ်းဖက်တိုက်ခိုက်မှု"ကို မီးကုန်ယမ်းကုန်လုပ်ချင်ပုံရတယ်။ ဒါမျိုးတွေကို ဒီချုပ်အစိုးရက ပါးချပ်တပ်ပေးရတာလား၊ အမြီးဆွဲရတာလား တခုခုပဲ။ ဒါတွေကို ညှိပြီးမှ ဒီသတင်းထုတ်ပြန်ချက် ထွက်လာတာပါ။ ဒီလိုညှိကြရတယ်ဆိုတာကို အစိုးရပြောခွင့်ရက ဖုံးကွယ် မထားပါဘူး။ "အစိုးရနဲ့ တပ်မတော် ကြေကြေလည် ဖြစ်အောင် ဆွေးနွေးပြီးမှ ထွက်လာတာ" လို့ ဆိုပါတယ်။

ကြံ့ဖွံ့ပါတီဥက္ကဋ္ဌသစ် (ဗိုလ်) ဦးသန်းဌေးရဲ့သဘောထား၊ အရေးအသားနဲ့ သုံးနှုန်းထားတဲ့စကားလုံးတွေကိုပဲ သာဓကဆောင်ပါရစေ။

- "ပဒေသရာဇ်ခေတ်ပြည်ထောင်စုတပ်မတော်က ရာမူးပန်းဝါဒေသထိ အောင်မြေချဲ့ကာ ကုလားဖြူကုလားနက်တို့၏ ခံ့ညားလေးစားမှု ရယူခဲ့သည် "--- တဲ့။
- "မြန်မာအင်္ဂလိပ်တတိယစစ်ပွဲကာလ၊ ကျူးကျော်သူကို ခုခံချေမှုန်းရန် စနစ်တကျ စုဖွဲ့စစ်ပြင်နေသည့် မြန်မာ့တပ်မတော် ရှေ့တန်းတပ်မှူးတပ်သားများထံ ရွှေနန်းတော်က အမိန့်စာတစောင် ရောက်ရှိခဲ့သည်၊ *'အင်္ဂလိပ်တပ်များကို ခုခံတိုက်ခိုက်ခြင်း မပြုရ၊ ခုခံသူကို သူပုန်ဟုသတ်မှတ်မည်'* နယ်ချဲ့ပရိယာယ်စစ်ပရိယာယ်များကို နားမလည်သော နိုင်ငံရေးသမား၏ မိုက်မဲမှားယွင်းသော အဆုံးအဖြတ်နှင့်ညွှန်ကြားမှုက တမျိုးသားလုံးကို အလွယ်တကူ ကျွန်ဖြစ်စေခဲ့သည်" တဲ့။

ဗိုလ်သန်းဌေး ဒီသဘောထားနဲ့ အသုံးအနှုန်းတွေက ဗိုလ်သန်းဌေး တဦးချင်းရဲ့ သဘောထားသာမကဘူး၊ စစ်အုပ်စုဝင်အားလုံးရဲ့ သဘောထားကိုပါ တိုက်ရိုက်ထင်ဟပ်ပြနေတာဖြစ်ပါတယ်။ ဒါဟာ စစ်အုပ်စုရဲ့ အခြေခံသဘောထားပါပဲ။ ကြံ့ဖွံ့ပါတီဟာ ဒီသဘောထားကို ကိုင်စွဲပြီး လှုပ်ရှားနေမှာလည်း သေချာပါတယ်။

ကြံ့ဖွံ့ပါတီသာ အာဏာရထားချိန်ဆိုရင် ကြံ့ဖွံ့ပါတီဥက္ကဋ္ဌရဲ့ဒီသဘောထားတွေဟာ ကြံ့ဖွံ့အစိုးရသဘောထားနဲ့ လက်တွေ့ကျင့်သုံးမယ့် ပေါ်လစီတွေ ဖြစ်လာမှာ သေချာပါတယ်။ ဒီသဘောထားနဲ့ ပေါ်လစီတွေကို စစ်တပ်ဘက်ကလည်း နှစ်ကိုယ့်တစိတ်ပစ် ထောက်ခံမှာဖြစ်ပါတယ်။

ရွေးကောက်ပွဲ ရှုံးနိမ့်ထားရတဲ့အနေအထားမို့သာ ဆိုရှယ်မီဒီယာပေါ်ကနေ အခုလိုမဖြစ်ညစ်ကျယ် ရေးသားနေတာပါ။ စစ်အုပ်စုချင်းဆိုတော့ ဘယ်စကားလုံး သုံးရမယ်ဆိုတာ သိတယ်။ သူရေးတာထဲမှာ ဖုံးကွယ်မထားနိုင်တဲ့အချက်တခုကတော့ နိုင်ငံရေးသမားတွေကို မုန်းတီးတဲ့ အာဃာတကို ဖုံးကွယ်မထားဘူးဆိုတဲ့အချက်ပါပဲ။

ဗိုလ်သန်းဌေးတို့ အာဃာတထားတဲ့ နိုင်ငံရေးသမားဆိုတာတွေထဲမှာတော့ "ဂျီဟတ်စစ်ပွဲ"လို့ သဘောထားထုတ်ပြန်ချက်ထဲ ထည့်ရေးတဲ့ နိုင်ငံရေးပါတီနဲ့ နိုင်ငံရေးသမားတွေတော့ မပါဘူးထင်ပါတယ်။ ဒီပါတီက ကြံ့ဖွံ့ပါတီနဲ့ ညီနောင်မဟာမိတ်တွေ မဟုတ်လား။

သမ္မတရုံးသတင်းထုတ်ပြန်ချက်မှာ အချက် ၁၂ ချက်ပါသော်လည်း တိတိကျကျ ကိန်းဂဏန်းနဲ့ဖော်ပြတာဆိုလို့ သေကျေဒဏ်ရာစာရင်း၊ လက်နက်ဆုံးရှုံးစာရင်း၊ ဖမ်းမိသူ၊ သိမ်းဆည်းရတဲ့ လုပ်သေနတ်ပစ္စတို (သုံးမရ) တစ်လက်ဆိုတာမျိုးတွေလောက်သာ ပါရှိတာပါ။ ကျန်တာတွေကတော့ ဝေဝေဝါးဝါးပဲ။

အရှေ့ အလယ်ပိုင်း နိုင်ငံအချို့ရှိ အစွန်းရောက်ပုဂ္ဂိုလ်များ၏ ငွေကြေးထောက်ပံ့မှုအလုံးအရင်း ယူခဲ့တယ်လို့ ဆိုသော်လည်း ဘယ်နိုင်ငံ၊ ဘယ်သူလို့ တိတိကျကျမဖော်ပြပါဘူး။ ငွေကြေးထောက်ပံ့မှု ဆိုတာမှာလည်း လူတဦးဆက်သွယ်မှုဖြင့် လျှို့ဝှက်ဆောင်ရွက်ခဲ့တယ်လို့ လုံးထားပြန်တယ်။ သိမ်းဆည်းရမိတဲ့လက်နက်တွေဆိုလို့ ကြည့်ပြန်တော့လည်း ဓားတွေပဲ တွေ့ရပါတယ်။

အရှေ့အလယ်ပိုင်းနိုင်ငံတချို့ကနေ ငွေကြေးထောက်ပံ့မှု အလုံးအရင်းနဲ့ယူထားတယ် ဆိုတဲ့ "(RSO) အကြမ်းဖက်အဖွဲ့နဲ့ ဆက်နွယ်သော အကာလ်မူလ် မူဂျာဟီဒင်န် (Aqa Mul Mujahidin) အဖွဲ့" ဟာ ဒီလို ဓားလွတ်တွေပဲ ကိုင်နိုင်သလား လို့မေးခွန်းထုတ်စရာနဲ့ ရယ်ပွဲဖွဲ့စရာ ဖြစ်လို့နေပါတယ်။

ဓားလွတ်ကိုင်ပြီး စခန်းဝင်စီး၊ လူသတ်၊ သေနတ်သိမ်းသွားတယ်ဆိုတဲ့ အဖြစ်ကလည်း ဗိုလ်သန်းဌေး၊ ဗိုလ်ခင်ညီ၊ တက္ကသိုလ် မြတ်သူ တို့ရဲ့ ရာမူးပန်းဝါဇာတိမာန်ကို အိုးမဲသုတ်ခံရတာမို့ အလွန်ကိုပဲ မချိမခံသာဖြစ်ကြမှာပါ။

ဒီချုပ်အစိုးရနဲ့စစ်တပ် အကြားမှာ အမြင်မတူတာတွေ၊ ပွတ်တိုက်မှုတွေက ပြဿနာတိုင်း၊ ဖြစ်ရပ်တိုင်းမှာ ရှောင်လွှဲမရနိုင်ဘဲ ထိပ်တိုက်ကို ကြုံနေရတာပါ။ ဆက်ပြီးတော့လည်း ကြုံနေကြရဦးမှာပါ။

ဒီချုပ်အစိုးရဘက်က "သင့်မြတ်ရေး/သဟဇာတဖြစ်ရေးမှု" ဆိုတာနဲ့ လျှော့လျှော့ ပေါ့ပေါ့လုပ်ပြီး ကိုင်တွယ်နေတာကိုလည်း သတိပြု မိပါတယ်။ လွှတ်တော်ထဲမှာလည်း အလားတူပါပဲ။ "တပ်မတော်သားတွေ ပါဝင်နေမှုကြောင့် လွှတ်တော်လုပ်ငန်းတွေ အခက်အခဲမရှိပါဘူး" ဆိုတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီး ဦးဝင်းမြင့်ရဲ့လေပြေထိုးသံကိုလားကြားလိုက်ကြရမှာပါ။

အစိုးရနဲ့လွှတ်တော်ဟာ " ကာချုပ်နဲ့ စစ်တပ်" ရဲ့ မျက်နှာကို ကြည့်ပြီးလုပ်နေရတယ်ဆိုတာကလည်း စည်းကမ်းပြည့်ဝသော ဒီမို ကရေစီ စည်းဝိုင်းထဲမှာ လွှဲရှောင်လို့မရတဲ့ ပကတိအခြေအနေတစ်ရပ်ပဲ မဟုတ်ပါလား။

ကားလ်မာ့က်စ်

အတ္ထုပ္ပတ္တိအကျဉ်းနှင့်မာ့က်စ်ဝါဒကိုရှင်းပြချက်တခု

(ဗလာဒီမာအီလျစ်ချ်လီနင်)

ရဲဘော်အောင်ထက်



ပစ္စည်းမဲ့လူတန်းစား၏လူတန်းစားဆိုင်ရာနည်းပရိယာယ်

အင်မတန်စောတဲ့ ၁၈၄၄-၄၅ ခုနှစ် ကာလများကတည်းကပဲ မာ့က်စ်ဟာ အစောပိုင်းရုပ်ဝါဒရဲ့အားနည်းချက်တွေ- ဆိုလိုတာ လက်တွေ့ တော်လှန်ရေးလုပ်ငန်းဖြစ်ပေါ်ဖို့အခြေအနေတွေ၊ ဒါမှမဟုတ် အရေးပါမှုကိုနားမလည်မှုတွေ-ကို စူးစမ်းလေ့လာပြီးနောက် သူဟာ သူ့တသက်တာမှာ သူ့ရဲ့သဘောတရားရေးလုပ်ငန်းနဲ့အတူ ပစ္စည်းမဲ့လူတန်းစားရဲ့နည်းပရိယာယ်ပြဿနာတွေကို တရံမလပ် သတိပြုအာရုံစိုက်ခဲ့ပါတယ်။ သူ အာရုံစိုက် ပြုစုခဲ့တာတွေကို ပမာဏကြီးမားလှတဲ့ မာ့က်စ်ရဲ့ရေးသားချက်တွေထဲမှာ တွေ့ရှိနိုင်ပါတယ်။ အထူးသဖြင့် ၁၉၁၃ ခုနှစ်မှာထုတ်ဝေခဲ့တဲ့ သူနဲ့ အိန်ဂယ်တို့ရဲ့ အပြန်အလှန်ပေးစာလေးတွဲထဲမှာ ဖြစ်ပါတယ်။ သူ့ရေးသားချက်တွေကို အားလုံးစုစည်းတာ၊ စစ်ဆေးတာ၊ လေ့လာသုံးသပ်တာ မလုပ်ရသေး ပါဘူး။ ဒီတော့ ကျွန်တော်တို့အနေနဲ့ ဒီနေရာမှာ မာ့က်စ်က ဒီနယ်ပယ်အကြောင်းမပါရင် ရုပ်ဝါဒဟာမပြည့်စုံ၊ တဖက်သတ်ကျ၊ အသက်မဲ့နေလိမ့်မယ် လို့ သဘောထားခဲ့ကြောင်း သူ့ရဲ့ ယေဘုယျအကျဆုံးနဲ့ တိုတောင်းလှတဲ့ မှတ်ချက်တွေကနေ ကောက်ယူလို့ရကြောင်း ပြောတာနဲ့ပဲ ကျေနပ်ရပါတယ်။ မာ့က်စ်က ပစ္စည်းမဲ့လူတန်းစား နည်းပရိယာယ်ရဲ့ အခြေခံလုပ်ငန်းကို သူ့ရဲ့ အနုပဋိလောမရုပ်ဝါဒ ကမ္ဘာ့အမြင်နဲ့ပတ်သက်တဲ့ ဖွင့်ဆိုချက်တွေနဲ့ အညီ တိတိကျကျ ဖော်ပြခဲ့ပါတယ်။ ရှေ့တန်းရောက်လူတန်းစားရဲ့ မှန်ကန်တဲ့နည်းပရိယာယ်ဆိုတာဟာ လူ့အဖွဲ့အစည်းတရပ်မှာ ရှိတဲ့ လူတန်းစားအားလုံးအကြားက ဆက်စပ်ရေးကို ပေါင်းရုံးထည့်သွင်းစဉ်းစားပြီး အဲဒီလူ့အဖွဲ့အစည်းရောက်ရှိနေတဲ့အဆင့်၊ ဒီလူ့အဖွဲ့အစည်းနဲ့ တခြားလူ့အဖွဲ့အစည်းတွေရဲ့ ဆက်စပ်မှုတို့ကိုပါ စဉ်းစားတွက်ချက်မှ ရရှိနိုင်ပါတယ်။ တချိန်တည်းမှာ လူတန်းစားအားလုံး၊ နိုင်ငံအားလုံးကို မလှုပ်မရှားတဲ့ အသေအဖြစ် မကြည့်မြင်ဘဲ လှုပ်ရှားပြောင်းလဲမှုရှိတဲ့အရှင် (လှုပ်ရှားပြောင်းလဲမှုတရားတွေကို လူတန်းစားအသီးသီးရဲ့စီးပွားရေးအခြေအနေက ပိုင်းဖြတ်တယ်) အဖြစ် သဘောထားကြည့်မြင်ရပါတယ်။ လှုပ်ရှားပြောင်းလဲမှုကိုလည်း အတိတ်သဘောနဲ့သာမက၊ အနာဂတ်သဘောအရပါ ကြည့်မြင်ရပြီး နှေးကွေးတဲ့ အပြောင်းအလဲတွေကိုသာ မြင်တဲ့ "ဖြစ်ပေါ်ပြောင်းလဲမှုသမား evolutionists" တွေရဲ့ အလွယ်တကူနားလည်မှုမျိုးမဟုတ်ဘဲ မာ့က်စ်က အိန်ဂယ်ဆီကို ရေးသလို အနုပဋိလောမနည်းကျစွာ နားလည်ယူရပါမယ်။ သူရေးတာက "အဲဒီလို အတိုင်းအတာနဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေမှာ အနှစ်၂၀ဆိုတာ တရက်ထက် မပိုဘူး၊ ဒါပေမဲ့ နောင်မှာတော့ အနှစ်၂၀ ကို လွှမ်းခြုံထားတဲ့နေ့ရက်တွေ ရောက်လာပါလိမ့်မယ်။ (အတွဲသုံး၊ နှာ ၁၂၇)

ဖြစ်ပေါ်တိုးတက်မှုအဆင့်တိုင်း၊ အချိန်တိုင်းမှာ ပစ္စည်းမဲ့နည်းပရိယာယ်ဟာ ဒီလူ့သမိုင်းရဲ့ မုချဖြစ်ပေါ်လာမယ့် အနုပဋိလောမ တရားကို ထည့်သွင်းစဉ်းစားရပါမယ်။ တဖက်မှာတော့ ရှေ့တန်းရောက်လူတန်းစားမှာ လူတန်းစားအသိနဲ့ အင်အား-တက်ကြွထက်သန်မှုတို့ ဖြစ်ပေါ် တိုးတက်ဖို့အတွက် နိုင်ငံရေးအရထိုင်းမှိုင်းခြင်း၊ ဒါမှမဟုတ် လေးကန်ပျင်းတွဲ့ခြင်းဆိုတဲ့ကာလတွေကို အသုံးချရပါမယ်။ နောက်တဖက်မှာတော့ ဒီအသုံးချတာ ရဲ့ရည်ရွယ်ချက်ဟာ "အမြင့်ဆုံးရည်မှန်းချက်"ဖြစ်တဲ့ "အနှစ်နှစ်ဆယ်ကို လွှမ်းခြုံတဲ့" နေ့ထူးနေ့မြတ်များရဲ့ လုပ်ငန်းထူးလုပ်ငန်းမြတ်တွေအတွက် လက်တွေ့အဖြေတွေ ရှာဖွေရေးဖြစ်ရပါမယ်။ ဒီဟာနဲ့ဆက်စပ်ပြီး မာ့က်စ်ရဲ့ အကြောင်းပြချက်နှစ်ချက်ဟာ အလွန်အရေးပါလှပါတယ်။ တချက်က သူ့ရဲ့ "အဘိဓမ္မာချွတ်ခြုံကျမှု(Poverty of Philosophy) ကျမ်း" ထဲမှာ ပါပြီး ဒါဟာ ပစ္စည်းမဲ့လူတန်းစားရဲ့စီးပွားရေးတိုက်ပွဲ၊ စီးပွားရေးအဖွဲ့ အစည်း တွေနဲ့ သက်ဆိုင်ပါတယ်။ နောက်တချက်ကတော့

ကွန်မြူနစ်ပါတီကြေညာစာတမ်းထဲမှာ ပါဝင်ပြီး ပစ္စည်းမဲ့လူတန်းစားရဲ့ တာဝန်လုပ်ငန်းတွေနဲ့ ပတ်သက်ပါတယ်။ ပထမတချက်က တော့ ဒီလိုပါ-

> "အကြီးစားစက်မှုလုပ်ငန်းက တဦးနဲ့တဦးမသိကြတဲ့လူတွေကို နေရာတခုမှာ စုပေးလိုက်တယ်။ သူတို့ရဲ့ အကျိုးစီး ပွားတွေကို ပြိုင်ဆိုင်မှုက ခွဲခြားပစ်လိုက်တယ်။ ဒါပေမဲ့ လုပ်ခတွေကို ထိန်းသိမ်းရေးဆိုတဲ့ သူတို့ရဲ့အလုပ်ရှင်ကို ဆန့်ကျင်တဲ့ ဘုံအကျိုးစီးပွားဟာ သူတို့ကို တွန်းလှန်ရေးဆိုတဲ့ တူညီတဲ့စဉ်းစားမှုမှာ စုစည်းပေးလိုက်တယ်။ စု စည်းမှု- အစမတော့ သီးခြားစီ၊ ကိုယ့်အစုလေးတွေနဲ့ကိုယ် ဖြစ်နေတယ်။ ရင်ဆိုင်နေရတာက အမြဲတမ်းပဲ စုစည်း မှုရှိတဲ့ အရင်း။ သူတို့ (အလုပ်သမားတွေ)အဖို့ အသင်းအပင်းရှိရေးဟာ လုပ်ခထက် အရေးကြီးလာပါတယ်။ ဒီ တိုက်ပွဲမှာ-တကယ့်ပြည်တွင်းစစ်မှာ- လာတော့မယ့်တိုက်ပွဲအတွက် လိုအပ်တဲ့အင်အားစုတွေဟာ စုစည်းညီညွတ် ကြ၊ ကြီးထွားလာကြပါတယ်။ ဒီအဆင့်ကိုရောက်လာပြီဆိုလို့ရှိရင် အဖွဲ့အစည်းတွေဟာ နိုင်ငံရေးလက္ခဏာ ဆောင်လာကြပါတော့တယ်။ (မာ့က်စ်- အဘိဓမ္မာချွတ်ခြုံကျမှု။ ၁၈၄၇)

ကျွန်တော်တို့အဖို့ ဒီမှာပဲ နောင်လာမယ့် ဆယ်စုနှစ်တော်တော်များများအတွက် စီးပွားရေးတိုက်ပွဲတွေအတွက် လုပ်ငန်းစဉ်နဲ့ နည်းပရိယာယ်လမ်းစဉ်ကိုရပြီ၊ ဒီကြာရှည်တဲ့ကာလကြီးအတွင်းမှာ ပစ္စည်းမဲ့လူတန်းစားဟာ "ရောက်လာမယ့်"တိုက်ပွဲကြီးအတွက် ပြင်ဆင်ပါလိမ့်မယ်။ ဒီဟာကို မာ့က်စ်နဲ့အိန်ဂယ်တို့က ညွှန်းဆိုခဲ့တဲ့ ဗြိတိသျှအလုပ်သမားလှုပ်ရှားမှုဥပမာတွေနဲ့ နှိုင်းယှဉ်ကြည့်သင့်ပါ တယ်။ သူတို့ရဲ့ ဥပမာတွေထဲမှာ စက်မှု "ဥစ္စာပစ္စည်း"က "ပစ္စည်းမဲ့လူတန်းစားကိုဝယ်ယူဖို့" ကြိုးစားတာ (အပြန်အလှန်ပေးစာ အတွဲ၁၊ နာ၁၃၆)၊ သူတို့ကို တိုက်ပွဲတွေကနေ အာရုံလွှဲပစ်တာ၊ "အလုပ်သမားတွေကို ဘယ်လိုစိတ်ဓာတ်ကျအောင်လုပ်တာ"၊ (အတွဲ ၂၊ နာ ၂၁၈)၊ ဗြိတိသျှအလုပ်သမားတွေ ဘယ်လို ဓနရှင်စိတ်ပေါက်ကုန်တယ် ဆိုတာတွေ- "ဒီအားလုံးထဲမှာ ဓနရှင်အပီသဆုံးနိုင်ငံက ဓန ရှင်" တွေဟာ ဓနရှင်လူတန်းစားနဲ့အတူ ဓနရှင်မင်းစိုးရာဇာတွေ (ချားတစ်စ် Chartists)၊ ဓနရှင်ပစ္စည်းမဲ့တွေ ရှိနေစေချင်ဟန်တူတယ် လို့ ဆိုတာ (၁၈၆၆၊ အတွဲ၃၊ နာ ၃၀၅)၊ နောက်ပြီး ဗြိတိသျှအလုပ်သမားခေါင်းဆောင်တွေ ဘယ်ကနေ ဘယ်လိုဖြစ်ပြီး "ပြတ်သားတဲ့ ဓနရှင်လည်းမဟုတ်၊ အလုပ်သမားလည်း မဟုတ်တဲ့လူတွေ" ဖြစ်ကုန်ရတယ်ဆိုတာ (ဟိုးရတ်ခ် ကို ရည်ညွှန်းချက်၊ အတွဲ ၄၊ နာ ၂၀၉)၊ ဗြိတိသျှရဲ့ လက်ဝါးကြီးအုပ်ထားနိုင်မှုကြောင့် အဲဒီလက်ဝါးကြီးအုပ်မှု တည်ရှိနေသရွေ့ "ဗြိတိသျှလုပ်သားတွေဟာတုတ် တုတ်မှလှုပ်မှာ မဟုတ်ဘူး" (အတွဲ၄၊ နာ ၄၃၃) ဆိုတာတွေကို ရေးသားဖော်ပြခဲ့ပါတယ်။ အလုပ်သမားလှုပ်ရှားမှုကြီးရဲ့ တခုလုံး ဆိုင်ရာလမ်းကြောင်း (နောက်ပြီး ရလဒ်)နဲ့ ပတ်သက်တဲ့ စီးပွားရေးတိုက်ပွဲတွေရဲ့နည်းပရိယာယ်ကို ဒီနေရာမှာအလွန်ကျယ်ပြန့်၊ ခြုံငုံမိ၊ အနုပဋိလောမနည်းကျနဲ့ တကယ်တော်လှန်တဲ့ ရပ်တည်ချက်ကနေ နားလည်ယူထားတာဖြစ်ပါတယ်။

ကွန်မြူနစ်ပါတီကြေညာစာတမ်းဟာ နိုင်ငံရေးတိုက်ပွဲနည်းပရိယာယ်လမ်းစဉ်အတွက် အခြေခံကျတဲ့ မာ့က်စ်ဝါဒမူတွေကို တင်ပြထားပါတယ်။

"ကွန်မြူနစ်တွေဟာ လတ်တလောရည်မှန်းချက်တွေရရှိရေးအတွက်နဲ့ အလုပ်သမားလူတန်းစားရဲ့ ကာလအလိုက် အကျိုးစီး ပွားတွေ ရရှိရေးအတွက် တိုက်ပွဲဝင်ကြပါတယ်။ ဒါပေမဲ့ လက်ရှိလှုပ်ရှားမှုမှာတော့ သူတို့ဟာ ဒီလှုပ်ရှားမှုရဲ့ လက်ရှိနဲ့ အနာဂတ်တို့ ကိုလည်း အာရုံပြုပါတယ်။ ဒါကြောင့်လည်း ၁၈၄၈ခုနှစ်တုန်းက မာ့က်စ်က ပိုလန်နိုင်ငံက"လယ်ယာတော်လှန်ရေး"ကို ထောက်ခံ ခဲ့တာဖြစ်ပါတယ်။ "၁၈၄၆ ခုနှစ်မှာ ကရာကို (Krakow) ပုန်ကန်မှုကို ဖြစ်ပေါ်စေခဲ့တဲ့ပါတီဖြစ်ပါတယ်။ "[၁]

ဂျာမနီမှာတော့ မာ့က်စ်က ၁၈၄၈ ခုနှစ်နဲ့ ၁၈၄၉ ခုနှစ်တို့မှာ အလွန်အကျွံတော်လှန်တဲ့ ဒီမိုကရက်တွေကိုထောက်ခံခဲ့ပြီး နည်းပရိယာယ် လမ်းစဉ်နဲ့ပတ်သက်ပြီး သူပြောခဲ့တာကို ပြန်မရုပ်သိမ်းခဲ့ပါဘူး။ သူက ဂျာမန်ဓနရှင်လူတန်းစားကို "အစကတည်းက ပြည်သူတွေအပေါ် သစ္စာဖောက်ရေးကို တိမ်းညွှတ်တဲ့အင်အား (ဓနရှင်လူတန်းစားဟာ လယ်သမားနဲ့ ပူးပေါင်းမှသာ သူ့ရည်ရွယ် ချက် အောင်မြင်နိုင်ပါတယ်)ဖြစ်ပြီး သူတို့ဟာ လူ့အဖွဲ့အစည်းဟောင်းက အာဏာရကိုယ်စားလှယ်များနဲ့ စေ့စပ်တယ်" လို့ သဘော ထားထားပါတယ်။ ဒါဟာ ဂျာမနီ ဓနရှင်ဒီမိုကရေစီတော်လှန်ရေးကို မာ့က်စ်ရဲ့ သုံးသပ်ပုံဖြစ်ပါတယ်။ တိုက်ဆိုင်စွာပဲ ဒါဟာလှုပ်ရှားနေ တဲ့ လူ့အဖွဲ့အစည်းကို ရုပ်ဝါဒအရခွဲခြမ်းစိတ်ဖြာတဲ့၊ ဒါ့အပြင် နောက်ပြန်ဆွဲတာမဟုတ်တဲ့ လှုပ်ရှားမှုအဖြစ် ခွဲခြမ်းစိတ်ဖြာတဲ့ ရုပ်ဝါဒ ဖြစ်ပါတယ်။

"ကိုယ့်ကိုယ်ကို ယုံကြည်မှုမရှိ၊ ပြည်သူလူထုအပေါ် ယုံကြည်မှုမရှိဘဲ အထက်ကို မြည်တွန်တောက်တီး၊ အောက်ကိုတော့ ကြောက်လန့်....ကမ္ဘာ့မုန်တိုင်းရဲ့ခြောက်လှန့်မှုခံရ....ဘယ်လိုအင်အားမှမရှိ၊ အရာရာကိုကူးချ....ကိုယ်ပိုင်တီထွင် လုပ်ကိုင်နိုင်စွမ်း မရှိ ....ကိုယ်ကျိုးစီးပွားအတွက် သန့်စွမ်းတဲ့လူတွေရဲ့ လူငယ်ပီပီလှုပ်ရှားမှုတွေကို ပယ်ချရမယ်လို့ အသေသတ်မှတ်ထားတဲ့ ဦးနောက် မလှုပ်ရှားနိုင်တော့တဲ့ အမြင်ကပ်စရာလူအိုကြီး ...."။ (အတွဲ၃၊ နာ ၂၁၂)

နောက် အနှစ်၂၀လောက်အကြာမှာ မာ့က်စ်က အိန်ဂယ်ဆီကိုရေးတဲ့စာတစောင်မှာ (အပြန်အလှန်ပေးစာ အတွဲ၃။ နာ၂၂၄) ၁၈၄၈ ခုနှစ် တော်လှန်ရေးရှုံးနိမ့်ရတာဟာ ဓနရှင်လူတန်းစားဟာ လွတ်လပ်စွာတိုက်ခိုက်ခွင့်ရမယ်ဆိုတဲ့ မျှော်မှန်းချက်လေး တခုအ တွက် ငြိမ်းချမ်းမှုနဲ့ ကျွန်သဘောက်ပြုမှုကို လက်ခံလိုက်လို့ဖြစ်တယ်လို့ ကြေညာခဲ့ပါတယ်။ ၁၈၄၈-၄၉ ခုနှစ် တော်လှန်ရေးကာလ ပြီး ဆုံးသွားတဲ့အခါမှာ မာ့က်စ်ဟာ တော်လှန်ရေးနဲ့ ကစားဖို့ ကြိုးစားတာမှန်သမျှကို ဆန့်ကျင်ပါတယ် (သူ့က ရှက်ပါနဲ့ဝီလစ်ခ် တို့ကို ပြန် တိုက်ခဲ့တာကို ကြည့်ပါ)။ ကာလသစ်နဲ့အညီ လုပ်ကိုင်ရေးကို တင်ခဲ့ပါတယ်။ ဒါဟာ အမည်ခံ"ငြိမ်းချမ်းတဲ့" နည်းတွေနဲ့ တော်လှန်ရေး အသစ်တွေအတွက် ပြင်ဆင်နေခဲ့တာဖြစ်ပါတယ်။ ဒီလုပ်ငန်းကို လုပ်ချင်တဲ့ မာ့က်စ်ရဲ့ သဘောထားကို သူ့ရဲ့ အမှောင်ဆုံးကာလဖြစ်

တဲ့ ဖောက်ပြန်လုတဲ့ ၁၈၅၆ ခုနှစ်က ဂျာမနီနိုင်ငံရဲ့ အခြေအနေကို သုံးသပ်မှုမှာ တွေ့နိုင်ပါတယ်- "ဂျာမနီနိုင်ငံရဲ့ အရေးတခုလုံးဟာ ဒုတိယအကြိမ် လယ်သမားစစ်ပွဲရဲ့ ကျောထောက်နောက်ခံပြုမှုနဲ့ပေါ်ပေါက်တဲ့ ပစ္စည်းမဲ့လူတန်းစား တော်လှန်ရေးပဲ ဖြစ်မယ် (အပြန်အလှန်ပေးစာ- အတွဲ၂၊ နှာ၁၀၈)။ ဂျာမနီက ဒီမိုကရေစီ(ဓနရှင်)တော်လှန်ရေး မပြီးဆုံးသေးချိန်မှာ မာ့က်စ်ဟာ ပစ္စည်းမဲ့ ဆိုရှယ်လစ်တွေအတွက် နည်းပရိယာယ်တွေနဲ့ လယ်သမားတွေရဲ့ ဒီမိုကရေစီအင်အားတို့အပေါ် အာရုံစိုက်ခဲ့တယ်။ သူက လာဆားလ် (Lasalle) ရဲ့ သဘောထားဟာ "ပကတိဘာဝကျစွာပြောရရင် ပရပ်ရှားနိုင်ငံအလုပ်သမားလှုပ်ရှားမှုကို သစ္စာဖောက်တာဖြစ်တယ် (အတွဲ၃၊ နှာ ၂၁၀)။ အကြောင်းက လာဆားလ်ဟာ ဂျန်ကာတွေနဲ့ ပရပ်ရှားအမျိုးသားရေးဝါဒတို့ကို လက်ခံခဲ့လို့ ဖြစ်တယ်လို့ ယူဆပါတယ်။

၁၈၆၅ ခုနှစ်မှာ အိန်ဂယ်က"လယ်ယာအဓိကလုပ်တဲ့နိုင်ငံတခုမှာ စက်မှုပစ္စည်းမဲ့အမည်ခံပြီး ဓနရှင်တွေကိုတိုက်တာ၊ ပဒေသရာဇ်မင်းစိုး ရာဇာကြီးတွေရဲ့အောက်မှာ ဘာသာရေးနည်းနဲ့ပါ သွေးစုပ်ခံနေရတဲ့ ကျေးလက်ပစ္စည်းမဲ့တွေအကြောင်း တခွန်းမှမပြောရင် ဒါဟာ သူရဲဘောကြောင် တာပဲ" လို့ မာ့က်စ်နဲ့ သူရဲ့သတင်းစာကို ကြေညာချက်မထုတ်ပြန်မီမှာ ရေးခဲ့ပါတယ်။ (အတွဲ၃၊ နှာ ၂၁၇)

၁၈၆၄ ခုနှစ်နဲ့ ၁၈၇၀ ခုနှစ်အကြား ဓနရှင်ဒီမိုကရက်တစ်တော်လှန်ရေးရဲ့ အကျိုးကျေးဇူးတွေကို ခံစားတဲ့ကာလပြီးဆုံးတဲ့အချိန်၊ ပရပ်ရှားနဲ့ ဗြိတိန်ကြီးယားက သွေးစုပ်သူလူတန်းစားတွေက အထက်စီးကနေ အဲဒီတော်လှန်ရေးကို တနည်းမဟုတ်တနည်းနဲ့ အပြီးသတ်အောင် လုံးပန်းနေကြချိန်မှာ မာ့က်စ်ဟာ ဘစ္စမတ်နဲ့ပလူးနေတဲ့ လာဆားလ်ကို ထိုးနက်ရုံမက "ဗြိတိန်ကြီးယား ဘက်လိုက်ဝါဒထဲကိုလျှောကျ"နဲ့ သီးခြားလက္ခဏာဝါဒကို ကာကွယ်တဲ့ လစ်ဘ်နက်ကိုလည်း ပြုပြင်ပေးခဲ့ပါတယ်။ မာ့က်စ်က ဘစ္စမတ်ကိုရော ဗြိတိန်ကြီးယား ဘက်လိုက်ဝါဒကိုပါ မညာမတာတိုက်ခိုက်တဲ့၊ "အောင်ပွဲရ"ပရပ်ရှားဂျန်ကာတွေကိုသာမက ပရပ်ရှားတွေရဲ့ စစ်ရေးအောင်မြင်မှုတွေက ဖန်တီးပေးလိုက်တဲ့ အခြေအနေတွေကိုပါ ဆန့်ကျင်တိုက်ခိုက်ဖို့ တော်လှန်တဲ့နည်းပရိယာယ်တွေ တောင်းဆိုခဲ့ပါတယ် (အပြန်အလှန်ပေးစာ- အတွဲ၃၊ နှာ ၁၃၄။ ၁၃၆၊ ၁၄၇၊ ၁၇၉၊၂၀၄၊ ၂၁၀၊ ၂၁၅၊ ၄၁၈၊ ၄၃၇၊ ၄၄၀-၄၄၁)။

၁၈၇၀ခုနှစ်။ စက်တင်ဘာလ ၉ရက်နေ့က မာ့က်စ်ရဲ့နာမည်ကျော် အင်တာနေရှင်နယ်အတွက်ပြောတဲ့ မိန့်ခွန်းမှာ သူက ပြင်သစ် ပစ္စည်းမဲ့လူတန်းစားကို အချိန်မတိုင်ဘဲ အုံကြွမှုမလုပ်ဖို့ သတိပေးခဲ့ပါတယ်။ ဒါပေမဲ့ တကယ်တမ်း အုံကြွမှုကြီးပေါ်ပေါက်လာတဲ့ အခါမှာတော့ မာ့က်စ်ဟာ "မိုးကောင်းကင်"ကို တဟုန်ထိုး ထိုးစစ်ဆင်ကြတဲ့ လူထုတွေရဲ့ တော်လှန်တဲ့လုပ်ရပ်ကို တက်ကြွစွာ ထောမနာ ပြုခဲ့ပါတယ် (မာ့က်စ်ရဲ့ ကူဂဲလ်မန်းဆီ ပေးစာ)။

အနဋ္ဌိလောမရုပ်ဝါဒရှုထောင့်ကကြည့်ရင် အဲဒီအနေအထားမှာ တော်လှန်ရေးလုပ်ရပ် ရှုံးနိမ့်သွားတာဟာ တခြားကိစ္စ အများအပြားမှာလိုပဲ တော်သေးတယ်လို့ ဆိုရမှာပါ။ ပစ္စည်းမဲ့လူတန်းစားတိုက်ပွဲရဲ့ အထွေထွေလမ်းကြောင်းနဲ့ ရလဒ်မှာ ရရှိပြီးသားအနေအထားကို စွန့်လွှတ်လိုက်တာ၊ တိုက်ပွဲမတိုက်ဘဲ လက်နက်ချလိုက်တာတို့နဲ့စာရင် တော်သေးတယ်လို့ပြောရမှာပါ။ အဲဒီလို လက်နက်ချမှုဟာ ပစ္စည်းမဲ့လူတန်းစားကို စိတ်ဓာတ်ကျစေပြီး တက်ကြွမှုကို အားလျော့စေမှာပါ။ နိုင်ငံရေးထိုင်းမှိုင်းပြီး ဓနရှင်လူတန်းစားရဲ့ တရားဝင်တည်ရှိမှု လွှမ်းမိုးနေချိန်မှာ ဥပဒေတွင်း နည်းနာတွေ အသုံးပြုရေးကို ကောင်းစွာ သဘောပေါက်တဲ့မာ့က်စ်က ၁၈၇၇နဲ့၁၈၇၈ ခုနှစ်တို့မှာ ဆိုရှယ်လစ် ဆန့်ကျင်ရေးဥပဒေနဲ့ပတ်သက်ပြီး မို့စ်ရဲ့ "တော်လှန်ရေးစကားတွေ"ကို ပြင်းပြင်းထန်ထန် ရှုတ်ချခဲ့ပါတယ်။ နောက်ပြီး ပြတ်သားခိုင်မာမှုနဲ့ တော်လှန်ရေးစိတ်ဓာတ်မရှိတဲ့၊ ဆိုရှယ်လစ်ဆန့်ကျင်ရေးဥပဒေ ပေါ်ထွက်လာရာမှာ ဥပဒေပြင်ပ တိုက်ပွဲဆင်နွှဲဖို့အသင့်မဖြစ်တဲ့ ဆိုရှယ် ဒီမိုကရက်တစ်ပါတီကိုလည်း ပိုချင်သာ ပိုမယ်၊ အဲဒီထက် မလျော့တဲ့ ပြင်းထန်မှုနဲ့ ရှုတ်ချခဲ့ပါတယ်။

မှတ်ချက်

၁။ ။ ဒီနေရာမှာ ဆိုလိုတာက ၁၈၁၅ခုနှစ်ဆီတုန်းက ဗြိတိန်ကြီးယား၊ ပရပ်ရှားနဲ့ ရုရှားနိုင်ငံတို့ရဲ့ ပူးတွဲချုပ်ကိုင်မှုအောက်မှာနေရတဲ့ ကရာကိုသမ္မတနိုင်ငံက အမျိုးသားလွတ်မြောက်ရေးအုံကြွမှုကို ဆိုလိုတာပါ။ ပုန်ကန်သူတွေဟာ အမျိုးသားအစိုးရတည်ထောင်တဲ့ အကြောင်း ကြေညာပြီး ပဒေသရာဇ်ဝန်ဆောင်မှုတွေကို ဖျက်သိမ်းကြောင်းနဲ့ လယ်သမားတွေကို အခမဲ့လယ်တွေပေးမယ့် အကြောင်းတို့ကိုလည်း ကြေညာခဲ့ပါတယ်။ တခြားကြေညာချက်တွေမှာတော့ လစာမြင့်တဲ့ အမျိုးသားစက်ရုံများ တည်ထောင်ကြောင်းနဲ့ နိုင်ငံသားတွေအားလုံး တန်းတူမှုကို ကြေညာခဲ့ပါတယ်။ ဒါပေမဲ့ မကြာခင်မှာပဲ ဒီအုံကြွမှုဟာ ချေမှုန်းခြင်းခံခဲ့ရပါတယ်။

အများသောက်တဲ့မိုးခါးရေ

မောင်ရွှေအိုး

ဗမာပြည်ကြီးပြောင်းလဲလာနေပြီဆိုတာ ဘာမှငြင်းကွယ်နေစရာအကြောင်းမရှိ။ အရင်ကနဲ့ မတူတော့တာအမှန်။ အသိသာဆုံးက သတင်းမီဒီယာ လွတ်လပ်မှု၊ ဆိုရှယ်မီဒီယာပါမကျန် ဒီမိုကရေစီအရသာကို တစုံတရာသော အတိုင်းအတာအထိ ခံစားနေကြရပြီဆိုနိုင်ပါတယ်။ လွတ်လပ်စွာ ဝတ်စားဆင်ယင် ဆိုချင်ကချင် ဖော်ချင်ပြချင်တာတွေလည်း ကမ်းကုန်ယမ်းကုန်နီးပါး လုပ်နိုင်ကြပါ၏။ လမ်းမကြီးအလယ်ခေါင် သေးတက် မပန်းရုံ ပါပဲ။

ဒီထက်လွတ်လပ်တာဘာလဲ။ ပြည်တွင်းအုပ်စိုးသူလူတန်းစားရော ပြည်ပနိုင်ငံကြီးများပါ နဖားကြိုးဖြုတ် ဇက်ကုန်လွှတ်ပေးလုနီး ကြိုးပမ်းအားထုတ်နေကြတာဘာလဲ။ "လွတ်လပ်စွာရောင်းဝယ်ဖောက်ကားရေး" free trade ဖြစ်ပါတယ်။ "လွတ်လပ်စွာရောင်းဝယ်ဖောက်ကားရေး"ဟာ ကိုလိုနီနယ်ချဲ့သမားတွေ ထာဝစဉ်ကိုင်စွဲခဲ့တဲ့ အောင်လံတော်၊ တဖွဖွ ရွတ်ဖတ်သရဇ္ဈာယ်လာတဲ့ ဂါထာတော် တစာစာ ဟစ်အော်လာခဲ့တဲ့ ကြွေးကြော်သံကြီး၊ ကိုလိုနီနယ်ချဲ့စံနစ်ရဲ့ ရေသောက်မြစ်၊ ကမ္ဘာ့ပြည်သူလူထုနဲ့အစိုးရများကိုပါ စျေးကွက်စီးပွားရေးစံနစ်ရဲ့ လက်အောက်ခံအဖြစ် ထားလာတဲ့ ခေတ်သစ်လွန်ခေတ်ရဲ့ပင်မရေစီးပါ။

ကမ္ဘာမှာ စက်မှုတော်လှန်ရေးဆိုတာ အနောက်တိုင်းမှာပေါ်ပေါက်လာတဲ့ ၁၇ ရာစုခေတ် ဒီဘက်ပိုင်းသမိုင်းဟာ "လွတ်လပ်စွာ ရောင်းဝယ်ဖောက်ကားရေး"ဝါဒကပဲ မြစ်ဖျားခံပါတယ်။ နိုင်ငံတကာ အရင်းရှင်စံနစ်ရဲ့ မဏ္ဍိုင်ပါ။ စက်မှုတော်လှန်ရေးကြောင့်ကြောင်အတောင်ပံ တပ်ပေးလိုက်သလို အနောက်တိုင်းက လက်နက်နိုင်ငံကြီးများ အသီးသီး အပြိုင်အဆိုင်ပေါ်ပေါက်ထွန်းကား၊ တန်ခိုးကြီးအားထွားလာကြပြီး စင်စစ်မတော့ ၂ဂရာစု နောက်ပိုင်းကျမှ တကမ္ဘာလုံးကို သိုင်းခြုံလွှမ်းမိုးလာကြတာ မဟုတ်ပါဘူး။ ပေါ်တူဂီလူမျိုး ဗာစကို ဒဂါးမားVasco da Gama အာဖရိက တောင်ဘက် ဆုံး အငူစွန်းကိုပတ်ပြီး အိန္ဒိယသမုဒ္ဒရာကို လမ်းပွင့်ရှက်လှွင့်နိုင်ခဲ့တဲ့ခေတ်ကစလို့ နာရီမလပ် မပြတ်တမ်း လုံးပန်းခဲ့ကြရာမှာ ရေနွေးငွေ့ အမဲဆီ ပင်န ယန် စက်ပတ်ကြိုးခေတ်ကနေ လောင်စာဆီ အီလက်ထရွန်းနစ်ခေတ်ကတဆင့် ကွန်ပျူတာသိပ္ပံနည်းပညာ တိုးတက်ထွန်းကားလာပြီး အင်တာနက်ကွန်ရက်ကြီး ဖြန့်ကြက်နိုင်လာတော့ ရေကြောမြေကြောတွေ တရကြမ်းရှုံ့သွားတာကြောင့် တကမ္ဘာလုံး သိုင်းခြုံမှု globalisation လို့ သမုတ်လာကြ ခြင်းပါ။

သို့ပေမဲ့ သူတို့နဂိုစရိုက်လောဘဇော မလျော့တဲ့အပြင် ရှိန်းဆာယာပိုမောက် လျှမ်းလျှမ်းတောက်ပညာခန်းတွေတက်ပြီး လူတူစက်ရုပ် ပိုးမွှားပမာဏ စက်ရုပ်တွေနဲ့ အံ့မခန်း မျက်လှည့်စွမ်းတွေပြလို့မို့ ကမ္ဘာတဝန်း အံ့ချီးဖွယ်ရာ ငရဲပန်းကို ရွှေပန်းမှတ်ပြီး အတိမ် အနက်ခွဲခြားဆန်းစစ်ဖို့ မဖြစ်နိုင်လောက်အောင်ဘဲ တဟုန်ထိုးအရှိန်မြင့်လာတဲ့ ကမ္ဘာ့အခင်းအကျင်းသစ် New World Order ဆိုတဲ့ နိုင်ငံတကာ အရင်းရှင်ကြီးများစံနစ် မိုးခါးရေ ကို ပုလင်းသစ်သွပ် တံဆိပ်ပတ်လှလှလေးကပ်ပြီး ရောင်းလာ မေတ္တာလက်ဆောင်ပေးဝေမျှလာတဲ့အခြေအနေပါ။

ရှေးကလိုပေါ်ပေါ်ထင်ထင် ပြောင်ပြောင်ထင်းထင်း ကိုလိုနီနယ်ချဲ့စံနစ် မဟုတ်တော့ပေမယ့် သူ့သဘာဝ အရင်းခံပြောင်းလဲလာသလား ဆိုတော့ ကျားစေဦးလဲ သက်သတ်လွတ်မစားတာလို သယံဇာတကြွယ်ကြွယ် လုပ်အားခချိုချို နိုင်ငံတွေကိုမျက်စေ့ကျဆဲ ဈေးကွက်လုဆဲ စားခွက်ခုတ်ဆဲပါ။ သူတို့ ဥရောပ အမေရိကန်မှာ သူတို့ချင်းနယ်မြေလုစစ်ပွဲ ကမ္ဘာစစ်ဆိုတာ မဖြစ်တော့တာ ကြာလှပြီ ဆိုပေမယ့် သူတို့အကွက် သူတို့စနက်နဲ့ ကျန်တတိယကမ္ဘာတဝန်းမှာဖြင့် ဝင်တုန်းစွက်တုန်း လုတုန်းယက်တုန်း စစ်ပွဲတွေ တခြိမ်းခြိမ်း ဖြစ်တုန်းပါ။ အမြောက်တင်သင်္ဘော ဒီပလိုမေစီဆိုတဲ့ နိုင်ငံခြားဆက်ဆံရေးပေါ်လစီနေရာမှာ ခေတ်သစ်လွန်ခေတ်မှာတော့ ဝေဟင်က ရက်ရက်ရောရော ပြောင်တလင်းခါအောင် ပုံးနဲ့ရှင်း တရွာလုံး တမြို့လုံး ပြုတ်ပြုတ်ပြုန်းအောင် ဒုံးနဲ့ခွင်း ပစ်ခတ်ချေမှုန်း သတ်ဖြတ်နေတဲ့ သူတို့အဖို့မတော့ မရိုးနိုင်တဲ့ ဇာတ်လမ်းဟောင်းကြီး ပြန်လည် ဆန်းသစ် ရိုက်ကူးနေကြတုန်းပါ။

သူတို့စက်ကွင်း သူတို့ဈေးကွက် မဝင်မချင်း အများသောက်တဲ့ မိုးခါးရေကို အနုနည်း အကြမ်းနည်း ဘယ်နည်းနဲ့ဖြစ်ဖြစ် သောက်ခိုင်းနေတဲ့ ကာလကြီးပါ။ သူတို့လို အင်အားကြီးကြေးရတတ် လက်နက်နိုင်ငံအချင်းချင်းတောင် နိုင်ငံစုံစီးပွားရေးလုပ်ငန်း ကော်ပိုရေးရှင်းကြီးတွေရဲ့ လွတ်လပ်စွာ ရောင်းဝယ်ဖောက်ကားခွင့် အမြတ်အစွန်း ထုတ်ယူခွင့်များကို ဦးစားပေးနေရလို့ ကိုယ့်တိုင်းသူပြည်သားများအကျိုး တကယ့်ဖွံ့ဖြိုးရေးကို လူထုဆန္ဒအတိုင်း ဆောင်ရွက်ဖို့ပိုလို့တောင် ခက်ခဲလာနေတဲ့ကာလပါ။ သူတို့အမြတ်အစွန်းကို လူထုအကျိုးပြုမယ့် ဥပဒေများပြဋ္ဌာန်း ထိပါးလာရင် အစိုးရတွေကို တနိုင်ငံချင်း အာဏာစက်အပြင်ဘက်က ကမ်းလွန်အထူးတရားရုံးတွေမှာ တရားစွဲနိုင်ခွင့်ပေးဖို့ စာချုပ်တွေကမ္ဘာအနှံ့ ချုပ်ဆိုနေတယ်။ [၁] [၂]

ဒီတော့ အခြားနိုင်ငံကြီးငယ် အများစုကြီးလိုပဲ ဗမာပြည်ရဲ့အနာဂတ်ကို ဗမာပြည်သူလူထုက မဆုံးဖြတ်နိုင်ဘဲ နိုင်ငံစုံအရင်းရှင်ကြီးများ စိတ်တိုင်းကျ ရင်းနှီးမြှုပ်နှံ အမြတ်ထုတ်နိုင်ဖို့ ရှေ့တန်းတင်အဓိကထား ကြိုးပမ်းနေရတဲ့ နိုင်ငံအစိုးရအသိုင်းအဝိုင်းများ ကျင်လည်နေတဲ့ ဝဲဂယက်သံသရာထဲကို ဆွဲသွင်းဖို့ တွန်းအားပေးဆောင်ရွက်မှုများကို အများနည်းတူ မလွန်ဆန်သာအောင် စီးပွားရေး ဒဏ်ခတ်ပိတ်ဆို့မှုများ ခြွင်းချက်မကျန်သလောက် ရုပ်သိမ်းလိုက်ခြင်းဖြစ်ပါတယ်။

စစ်ဗိုလ်ချုပ်များဘက်က ပြုပြင်ပြောင်းလဲရေး လမ်းပြမြေပုံကျားကွက်ဆင်လာတဲ့အချိန်မှာ လိပ် ကန် ဥရောပအုပ်စုက ဆွဲကိုင်ရင်းစွဲ မီးစတဖက် ရေမှုတ်တဖက်ပေါ်လစီနဲ့ အကြမ်းနည်းလိုရင်လိုသလို သုံးပြီး ဖြုတ်ချနိုင်ရေး regime change အတွက် စိတ်ရှည်ရှည် စီမံစိုင်းပြင်းလာခဲ့တဲ့ နည်းဗျူဟာကနေ ရင်ကြားစေ့ positive engagement နည်းဗျူဟာကိုချက်ချင်းပြောင်းလဲ အသုံးချလာတာ ဖြစ်ပါတယ်။ အစိုးရပိုင်းနဲ့ အင်ဂျီအိုများဟာ ကုမ္ပဏီကြီးများနဲ့အလားတူ ပျားပန်းခတ် လှုပ်ရှားလာကြတာ မြင်ကြတဲ့အတိုင်းပါပဲ။ ဒီမိုကရေစီ အနံ့အသက်ကလေး ထွက်လာတာနဲ့ ဗမာပြည်ရဲ့အိမ်နီးချင်းနိုင်ငံများအပြင် ရုရှား ဂျပန် ကိုရီးယား အားလုံးခေါင်းမဖော်အောင် ဝိုင်းနှိုက်နေကြတဲ့ စားခွက်ကျင်းကို ဝင်ချင်လွန်းလို့ လမ်းပေါ်တာနဲ့ အင်မတန် အရှိန်ပြင်းတဲ့ ကျည်ဖူးရထားကြီးလို မဆိုင်းနိုင်မတန့်နိုင် ဝင်ချလာကြတဲ့ ဆွမ်းကြီးလောင်းပွဲတော်အခါ ရောက်နေပါပြီ။ [၃]

စီးပွားရေးမှာ ရွှေကြိုပွဲစားလုပ်တာ သူတို့အစိုးရများရဲ့ အဓိကကျတဲ့ အစဉ်အဆက်လုပ်ငန်း တခုပါ။ ကိုလိုနီခေတ်ဦးက လန်ဒန် အခြေစိုက် ဗြိတိသျှအရှေ့အိန္ဒိယကုမ္ပဏီဟာ ကာလကတ္တားမှာ ရုံးစိုက်ရုံမက အစိုးရတစင်ထောင်ခဲ့၊ စစ်တပ်ရေတပ်ထောင်ခဲ့တဲ့ သမိုင်းရှိခဲ့ပြီး၊ မြန်မာမင်းများကို ဝိတိုရိယဘုရင်မနဲ့ ထီးဆောင်းမင်းအချင်းချင်း တိုက်ရိုက်ဆက်ဆံခွင့် မပေးခဲ့လို့ ကုမ္ပဏီ အစိုးရနဲ့သာ တောက်လျှောက် ဆက်ဆံခဲ့ရပါတယ်။ အမ်သုံးလုံး (3 Ms - Merchants, Missionaries, Military) သမိုင်းကိုမှတ်မိကြရင် ကနေ့ခေတ်မှာ နံပါတ်တစ် ကုန်သည် ဒါမပြောင်းပါ၊ နံပါတ်နှစ် သာသနာပြုတွေနေရာမှာ အင်ဂျီအိုတွေ ဝင်လာပါတယ်၊ ကယ်ဆယ်ရေး လူမှုရေး ဘာသာရေးကိုးကွယ်မှု တန်းတူညီမျှရေး ကျားမတန်းတူညီမျှရေး လိင်တူလိင်ကွဲ တန်းတူညီမျှရေး ဆိုတာတွေနဲ့ ဝင်လာကြတယ်။[၄] နံပါတ်သုံး စစ်တပ်က အရန်သင့် ကာကွယ်ရေးဌာနချင်း "ချစ်ကြည်ရေးတံတား ဖောက်"ဖို့ဆိုတာကို အစပျိုး သင်တန်းတွေပေးရင်း သူတို့ဩဇာညောင်းလာဖို့ လက်နက်ကြီးငယ်ယန္တရားတွေ ရောင်း အမြတ်ထုတ်ဖို့ ချဉ်းကပ်လာကြပါတယ်။ [၅][၆]

စီးပွားရေးကဏ္ဍသာမက နိုင်ငံရေး ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေမှာ ဘက်ပေါင်းစုံပါဝင်လာကြတယ်။ အဓိကပန်းတိုင်ကတော့ တနိုင်ငံလုံး စစ် ပြေငြိမ်းရေးဆိုတာမှာလည်း စစ်မှန်တဲ့ပြည်တွင်းငြိမ်းချမ်းရေးထက် နိုင်ငံတကာအရင်းရှင်ကြီးများ တတိုင်းတပြည်လုံး တမိုးလုံးဖျောက်ဆိပ် လသာတုန်းဗိုင်းငင်ဖို့ သွားရည်မသိမ်းနိုင်အောင် စီးပွားရေးစားကွက်တွေ စားကျက်တွေ မြင်လာကြလို့ပါ။ [၇] ဗမာပြည်သူလူထုကြီးကို အင်မတန် စေတနာ မေတ္တာထားကြ သဒ္ဓါတရားတွေပွားကြလှလို့တော့ မဟုတ်ပါ။

လယ်ထဲယာထဲက တွင်တွင်မောင်းထုတ်နေပြီး နိုင်ငံခြားငွေရဖို့ ဧကပေါင်းထောင်သောင်းချီပြီး ပြည်တွင်းပြည်ပ အရင်းရှင်ကြီးတွေလက်ထဲ ထိုးအပ်၊ ရောမစက်ကြီးတွေနဲ့ ထွန်မှုစိုက်မှု အိတ်စပို့ လုပ်နိုင်မှ ခေတ်မီ စိုက်ပျိုးရေးကဏ္ဍ ထူထောင်ရာကျမယ်လို့ ယုံကြည်ရင်ဖြင့် ၆၇% သော ပြည်သူလူထုကို တမင်သက်သက် ပေယျာလကန် ပြုတာပါပဲ။[၈] ဆင်းရဲတွင်း နစ်သထက်နစ်ပြီး တောရပ်မှာ မနေနိုင်၊ မြို့ကြီးတွေတက် အထူးစက်မှုဇုန်တွေမှာ မသဒ္ဓါရေစာလုပ်ခကို မြို့နေဆင်းရဲသားလူတန်းစားနဲ့ ထမင်းလုတ် လုစားခိုင်းတာဟာ စက်မှုအရင်းရှင် ကြီးတွေအကြိုက် လစာလုပ်ခ ပေါသထက်ပေါအောင်၊ အလုပ်ကလေးရှိနေတာပဲ ထိုင်ရှိခိုးချင်နေရအောင်၊ ခေါင်းပုံဖြတ်ချင်တိုင်း ဖြတ်လို့ရ အောင် အခြေအနေတွေကို ဖန်တီးပေးတာလို့ပဲ ကောက်ချက်ချနိုင်ပါတယ်။

ကမ္ဘာ့ဈေးကွက် နိုင်ငံစုံစီးပွားရေးသမားများနဲ့ မလွှဲမသွေ ကူးလူးဆက်ဆံ ရောင်းဝယ်ရမှာမှန်သည်၊ နိုင်ငံခြားငွေရဖို့ ပြည်ပထုတ်ကုန် တိုးတက်မြင့်မားရေး အခရာဆိုတာလည်း ဟုတ်သည်။ မိမိတို့ပြည်တွင်းမှာတွင်လယ်ယာချောင်းမြောင်းက စားသောက်ကုန် အထွက်တိုးရေး တောရပ်အိမ်ထောင်စုများ မိသားစုဝင်ငွေတိုးရေးကို ဦးစားပေးဇောက်ချ ဆောင်ရွက်ဖို့၊ ပြည်တွင်းအနှံ့ ကူးသန်း

ရောင်းဝယ်ဖောက်ကားမှု ကျယ်ပြန့်အောင် ချဲ့ထွင်နိုင်ရန် အခြေခံအဆောက်အအုံ လမ်းပန်းဆက်သွယ်ရေး တွင်ကျယ်ချောမွေ့လုံခြုံမြန်ဆန်သေချာဖို့ လိုအပ်မယ့်ဆောက်လုပ်ရေး ကုန်ကြမ်းပစ္စည်း စက်ယန္တရားကိရိယာတွေ အစဥ်မပြတ်ထုတ်လုပ်သွားနိုင်မယ့် စက်ရုံကြီးတွေ ဖြစ်ထွန်းလာဖို့ နိုင်ငံခြားငွေကို သုံးမှသာ ရေရှည်တိုင်းပြည် ကြီးပွားတိုးတက်ရေး၊ သူတပါးကိုစားစရာကအစ မှီခိုအားထားရမှုနည်းပါးရေးကိစ္စများ အထမြောက်အောင်မြင်မှာဆိုတာ သဘောမပေါက်ဘူးဆိုရင်တော့လည်း ကြွေးတင်ကျွန်ဖြစ် ဇာတ်လမ်းဟောင်းကြီးထဲမှာပဲ တဝဲလည်လည် သံသရာရှည်နေကြရဦးမှာပါ။ [၈]

တောရပ်ကိုဥပေက္ခာပြု မြို့ကြီးတွေတအားကြီးလာပြီး အိုးမဲ့အိမ်မဲ့ အလုပ်လက်မဲ့ လူဆင်းရဲတွေရဲ့ ကျူးကျော်ရပ်ကွက်တွေပတ်ချာလည် ဝန်းရံနေတဲ့အလယ်မှာမှ တာဝါကြီးတွေ ရှော့ပင်မောလ်ကုန်တိုက်ကြီးတွေ၊ ဟိုတယ်ကြီးတွေ နိုင်ငံစုံယမကာနဲ့စားသောက်ဆိုင်ကြီးတွေ ဟီးထလာတာကို တစိမ့်စိမ့်ကြည့်ပြီး ဖွံ့ဖြိုးတိုးတက်လှချည်ရဲ့လို့ မြင်နေကြရင်တော့ အများသောက်တဲ့ မိုးခါးရေစထော်ဘယ်ရီ ဗနီလာနဲ့ မွှေးမွှေးလေးနဲ့ မျိုချကြရုံပဲလို့ ဆိုရပါလိမ့်မယ်။

၁။ http://www.globalresearch.ca/ttp-ttip-tisa-and-ceta…/5532672
TTP, TTIP, TISA and CETA: U.N. Legal Expert Calls Proposed Trade Deals "Illegal"
www.globalresearch.ca
Alfred de Zayas, the U.N.'s Independent Expert on the Promotion of a Democratic and Equitable International Order, is assigned the task to apply the standards of international law to proposed treat...
Hide original message
TTP, TTIP, TISA and CETA: U.N. Legal Expert Calls Proposed Trade Deals "Illegal"
www.globalresearch.ca
Alfred de Zayas, the U.N.'s Independent Expert on the Promotion of a Democratic and Equitable International Order, is assigned the task to apply the standards of international law to proposed treat...
၂။ https://www.transnational-dispute-management.com/news.asp…
News - News & Events - TDM Journal (Transnational Dispute Management) - The Network for International Arbitration, Mediation and ADR, International Investment Law and Transnational Dispute Management
www.transnational-dispute-management.com
၃။ http://www.sciencedirect.com/…/article/pii/S0305750X14002939
NGOs, States, and Donors Revisited: Still Too Close for ...
www.sciencedirect.com
Serious questions remain about the ability of NGOs to meet long-term transformative goals in their work for development and social justice. We investigate how,
၄။ http://www.irrawaddy.com/feature/girl-power-rises-burma.html
၅။ http://www.usip.org/…/us-eyes-military-ties-myanmar-officia…
U.S. Eyes Military Ties With Myanmar, Official Says ...
www.usip.org
The U.S. is formulating its next steps in Myanmar, including gradual re-engagement with the country's military, with the aim of broadening cooperation after several ...
၆။ http://www.irrawaddy.com/…/there-is-a-new-cold-war-in-asia-…
၇။ http://fpif.org/playing-with-peace-in-myanmar/
၈။ http://www.irrawaddy.com/in…/the-rocky-road-to-recovery.html

ဂတောင်တန်းက လွမ်းပန်းချီ။ဆောင်းပါးအမှတ်(၃)။

ကျွန်မသား--ညီရှင်း သို့မဟုတ် ကလေးစစ်သားပြဿနာ

ရဲဘော်ရှယည်

(၁)

ဒီနှစ်(၂၀၁၆)ထဲ တရုတ်ပြည်တဝန်းမှာကျင်းပတဲ့--အနှစ်(၈၀)ပြည့် ခရီးရှည်ချီတက်ပွဲ(Long March) အခမ်းအနားတွေမှာ အသက်(၉၀) ပတ်လည် တပ်နီတော်သား (Red Army)ဟောင်းတွေ တက်ရောက်လာကြပါတယ်။ (၁၀၄) နှစ်ရွယ် ရဲဘော်ဟောင်းကြီး တဦးတောင်ပါသေး။ ခရီးရှည် ချီတက်ပွဲဆိုတာက- တရုတ်ကွန်မြူနစ်တွေ ဦးစီးတဲ့ တပ်နီတော်က အဲဒီကာလ တရုတ်ပြည်ကို အုပ်ချုပ်နေတဲ့ ချန်ကေရှိတ်-ကူမင်တန်တပ်များရဲ့ ပြင်းထန်လှတဲ့ ဝိုင်းဝန်းပိတ်ဆို့တိုက်ခိုက်ချေမှုန်းမှုများကို မခံနိုင်တော့တဲ့အဆုံး ဒီတိုက်ခိုက်မှုများကို ရှောင်ရှားရေးအတွက် သူတို့တတွေ တည်ဆောက်ထားတဲ့ တရုတ်ပြည်တောင်ပိုင်းမှာ ရှိတဲ့ အခြေခံဒေသတွေ (ကျင်ကန်းစန်း အပါအဝင်) ကို စွန့်ပစ်ပြီး ဟိုးအရှေ့မြောက်ဘက်ဒေသ (ယင် အန်း)ကို တတပ်လုံး သေနင်္ဂဗျူဟာ ရွှေ့ပြောင်းချီတက်မှုပါ။ ၁၉၃၄-အောက်တိုဘာလက စလို့ ၁၉၃၅-အောက်တိုဘာလကုန်အထိ-တနှစ်

ကျော်ကြာတဲ့ ခရီးရှည်ကြီးပါ။ မိုင်ပေါင်း(၅၀၀၀)ကျော်ရှည်လျားပြီး အလွန်ခက်-အလွန်ခေါင်တဲ့အရပ်တွေကို ခက်ခက်ခဲခဲ ဖြတ်ရရုံမက လိုက်လံတိုက်ခိုက်တာ-အမျိုးမျိုးကိုလည်း တွန်းလှန်တိုက်ခိုက်ရတာလည်းဖြစ်တာကြောင့် စထွက်တုန်းက လူပေါင်း(၁၃၀ ၀၀၀) တသိန်းသုံးသောင်းကျော်ဟာ-ယင် အန်း ရောက်တော့ တသောင်းသာသာလေးပဲ ကျန်ပါတော့တယ်။

အဲဒီ-ခရီးရှည်လမ်းတလျှောက်မှာ ပါခဲ့ပြီး ယနေ့အထိ အသက်ရှင်ကျန်ရစ်သူ တပ်နီတော်သားဟောင်းကြီးများက အခါကြီးရက်ကြီးတွေ (နိုင်ငံတော်နေ့၊ တပ်မတော်နေ့ စသဖြင့်)မှာ သူတို့ အတွေ့အကြုံတွေကို ကျောင်းတွေမှာ လိုက်လံဟောပြောကြပါတယ်။ ရုပ်မြင်သံကြား သတင်းဌာနများက ပြုလုပ်တဲ့ တိုက်ရိုက်လွှင့်ပေးတဲ့ပွဲများမှာလည်း-သူတို့တက်ရောက် ဟောပြောကြပါတယ်။

အခုခေတ် လူငယ်တွေကို-သူတို့တတွေ အခုလို ငြိမ်းငြိမ်းချမ်းချမ်းနေနိုင်ဖို့ ဘယ်သူတွေဘယ်လို စွန့်လွှတ်အနစ်နာခံသွားကြတယ်။ ဒါ့ကြောင့် ဒါတွေကို တန်ဖိုးထားဖို့၊ ဒီအာဇာနည်တွေကိုလည်း မမေ့ဖို့၊ နိုင်ငံရေးအရ ပညာပေးကြပါတယ်။ ဒီနှစ်ကျင်းပတဲ့ပွဲတွေမှာလည်း သူတို့ ချည်းပါ ပဲ။ အဲဒီတပ်နီတော်သားကြီးများဟာ ခရီးရှည်ချီတက်ပွဲတုန်းက ကလေးစစ်သားများပါ။ သူတို့ဘဂတွေကို ပြန်ပြောပြရာမှာ တချို့က မိဘမဲ့တွေ၊ တချို့က မိဘက ဆင်းရဲလွန်းလို့ မကျွေးနိုင်လို့ ရပ်တကာ လှည့်တောင်းစားနေကြရသူတွေ-သူတို့ လှည့်ပတ်သွားလာနေကြရင်း တပ်နီတော်နဲ့တွေ့ပြီး ထမင်းကျန် ဟင်းကျန် တောင်းစားကြရင်း တပ်နဲ့ပါလာကြသူတွေ။ သူတို့ရဲ့ အသက် အတိအကျလည်း မသိကြဘူး။ တပ်ထဲရောက်တော့ မှန်းပေးထားတဲ့ အသက်တွေ။ တချို့က ၁၀နှစ်-၁၁နှစ်သားတွေပဲတဲ့။

အခုတော့ သူတို့တတွေက နောင်မျိုးဆက်တွေကို တော်လှန်ရေးအမွေ နိုင်ငံရေးအမွေတွေ လက်ဆင့်ကမ်းပေးနေရတဲ့-နိုင်ငံရေးမှူးတွေ ဖြစ်နေကြပါပြီ။ ဒ့ါအပြင်- တရုတ်ပြည်မှာ- ကလေးများနေ့(ဇွန်လ-၁-ရက်နေ့)ဆိုရင် ကလေးပညာပေးကားတွေ ပြတတ်ပါတယ်။ မပါမပြီး-ကားလေး တကားကတော့ --"တပ်သားငယ်လေး--ကျန်းကဲ" ဆိုတဲ့ကားပါ။ ဂျပန်ခုခံရေးစစ်ပွဲအတွင်း-ဂျပန်က အဖွားဖြစ်သူကို သတ်ပစ်လိုက်လို့- အစကတည်းက မိဘမဲ့ကလေး-ကျန်းကဲဟာ သူတို့ရွာနားပတ်လည်မှာ လှည့်လည်လှုပ်ရှားနေတဲ့ ပြောက်ကျားတပ်ကို ရအောင်ရှာပြီး-ဆက်သား အဖြစ် တာဝန်ယူ လုပ်ကိုင်ရတာတွေ-ဂျပန်စခန်းတွေအကြားသွားပြီး ထောက်လှမ်းရတာတွေ-စတဲ့အကြောင်းအရာတွေပါ။

ဒါတွေကတော့-တရုတ်တော်လှန်ရေးတပ်ဖွဲ့များအတွင်း မလွှဲမရှောင်သာ ရောက်ရှိလာကြရတဲ့ ကလေးစစ်သားများရှိခဲ့တယ်ဆိုတာကို နိဒါန်းချီတာပါ။

(၂)

ထို့အတူပဲ-ကျွန်မတို့ရဲ့ ဗမာပြည်တလွှားရှိခဲ့တဲ့-ရှိဆဲလည်းဖြစ်တဲ့ တော်လှန်ရေးတပ်ဖွဲ့များအတွင်းမှာလည်း ကလေးအရွယ် (မိဘ လူကြီးသူမများ အုပ်ထိန်းမှုအောက်မှာ အပူအပင်မဲ့စွာ-စာသင်ကြားနေရမယ့် အရွယ်လေးများ)-အများအပြား ရှိခဲ့ပါတယ်။ ဒါတွေဟာ-ကျွန်မတို့ရဲ့ စိတ်ဆန္ဒတွေနဲ့ ကင်းစွာဖြစ်ပေါ်လာခဲ့တဲ့-လက်တွေ့ဖြစ်ရပ်တွေပါ။ လူမျိုးပေါင်းစုံ ပြည်သူတွေအပေါ် ရန်သူလိုသဘောထားပြီး မပြီးနိုင်မစီးနိုင်-စစ်ဆင်တိုက်ခိုက်ပြီး ပြည်တွင်းစစ်ကြီးအတွင်း- စီးပွားရေးအရလည်း မတန်မဆ ချမ်းသာလာ-အင်အားအရလည်း-ဘယ်သူမှမယှဉ်နိုင်အောင်-ကြီးထွားလာနေပြီး ဩဇာအာဏာ ကြီးမားလာလို့-ပြည်တွင်းစစ်ကို 'ပိုးမွေးသလို-မွေးနေတဲ့' ဗမာ့တပ်မတော်တွင်းက-ကလေးစစ်သားများ အကြောင်းကတော့ မကြာခဏ သတင်းတွေမှာ ပါလာပြီးဖြစ်ပါတယ်။

ဒီကလေးစစ်သားပြဿနာဟာ ပြည်တွင်းစစ်ကြီး ရှိနေသရွေ့ ဆက်လက်ရှိနေမှာပါ။ ဒီပြဿနာကို အရင်းအမြစ်ကနေ တကယ်ပဲ ဖြေရှင်းချင်ရင်တော့- ဒီပြည်တွင်းစစ်ကြီးကို ရပ်စဲပြီး လူမျိုးပေါင်းစုံ-အဖွဲ့အစည်းပေါင်းစုံ-လူတန်းစားအလွှာပေါင်းစုံ-တန်းတူအခွင့်အရေးရရှိနိုင်တဲ့- ဘက်စုံက ပြည့်စုံတဲ့- ပြည်တွင်းငြိမ်းချမ်းရေးတရပ်-ရအောင်ဝိုင်းဝန်းကြိုးစားကြရမှာပါ။

(၃)

ဒီနေရာမှာ-ကျွန်မကြုံတွေ့ခဲ့ရတဲ့ ကလေးစစ်သားလေးများအကြောင်း ပြောပြပါဦးမယ်။

ကျွန်မတို့- ဗမာပြည်ကွန်မြူနစ်ပါတီခေါင်းဆောင်တဲ့-ပြည်သူ့တပ်မတော်က ၁၉၆၈ခုနှစ် ဇန်နဝါရီမှာ ဗမာပြည်အရှေ့မြောက်ဒေသ 'နယ်စိမ်း' ကို တိုးဝင်ပြီး အဲဒီဒေသကပြည်သူတွေ ဂ၊ ရှမ်း၊ လားဟူ၊ အခါ (အများစုက- ဂ- လူမျိုး) စတာတွေကို လွတ်မြောက်စေခဲ့ပါတယ်။ ဒေသခံ-အုပ် ချုပ်သူများဖြစ်တဲ့ စော်ဘွားများ နယ်စားပယ်စားများလက်အောက်မှာ ကျေးကျွန်များသဖွယ် အလွန်ပင်ပန်းဆင်းရဲကြီးစွာနေထိုင်ခဲ့ရတဲ့-လူ အများအပြား လွတ်မြောက်လာခဲ့ကြပြီး- ကျွန်မတို့တပ်ထဲ အလုံးအရင်းနဲ့ ဝင်ရောက်လာကြပါတယ်။ အဲဒီ အုပ်တွေထဲမှာ-ကလေး အုပ်တအုပ်လည်း ပါလာပါတယ်။

အဲဒီဒေသတွေမှာ စော်ဘွားတွေက- ပဒေသရာဇ်တပိုင်း-ကျေးကျွန်တပိုင်းစနစ်နဲ့ အုပ်ချုပ်နေတာပါ။ သူတို့က သူတို့ဒေသရဲ့ ခေတ်နောက်ကျတဲ့ ကျေးကျွန်စနစ်နဲ့ ပဒေသရာဇ်စနစ်ရဲ့ အစဉ်အလာဟောင်း၊ ဓလေ့ထုံးစံဟောင်းဖြစ်တဲ့ 'ခေါင်းဖြတ်ယဇ်ပူဇော်'တဲ့ အစဉ်အလာကို ထိန်းသိမ်းထားခဲ့တာပါ။ ဒီလို ယဇ်ပူဇော်ဖို့ ကလေးငယ်လေးတွေကို ဝယ်ထားတတ်ပါတယ်။ တချို့ကတော့ ကြွေးနဲ့ သိမ်းခံထားရတာဖြစ်ပြီး-တချို့ကတော့-အုပ်စုတိုက်ပွဲတွေမှာ ရှုံးတဲ့အုပ်စုကကလေးများကို ဖမ်းခေါ်လာတာပါ။ အဲဒီကလေးတွေ အရွယ်ရောက်ရင်(၁၅-၁၆နှစ်) သူတို့ရဲ့ ထုတ်လုပ်ရေး တောင် ယာစိုက်ခင်းများ ကောင်းဖို့ (ဆန်ရေစပါးတိုးများဖို့ဆိုပြီး) ခေါင်းဖြတ်ပြီး ယဇ်ပူဇော်တာခံရပါတယ်။ သူတို့လေးတွေရဲ့ပါးမှာ ပါးရဲထိုးထားပြီး အမှတ်အသားပြုထားပါတယ်။ ရွာတိုင်းမှာအဲသလိုကလေးမျိုး-ဆယ်ဂဏန်းထိ ရှိတတ်ပါတယ်။ ကျွန်မတို့တပ်တွေက အဲဒီဒေသရှိ စစ်အစိုးရ ဖောက်ပြန်ရေး တပ်တွေ၊ ကူမင်တန်တပ်ကြွင်း တပ်ကျန်တွေ၊ ကာကွယ်ရေးတပ်ဖွဲ့တွေ စတဲ့ ဖောက်ပြန်ရေးတပ်တွေကို တိုက်ခိုက်ချေမှုန်းပြီး အဲဒီဒေသကို လွတ်မြောက်စေလိုက်တဲ့အခါ စော်ဘွားဆိုးများ ထွက်ပြေးသွားပြီး အဲဒီကလေးအုပ်ကြီး ကျန်ခဲ့ပါတယ်။ စားရမဲ့မဲ့-သောက်ရမဲ့မဲ့နဲ့(တချို့ဆို အဝတ်တောင်

မပါဘူး။) ကလေးတွေကို ပါတီခေါင်းဆောင်တဲ့ ပြည်သူ့တပ်မတော်က တပ်သားကလေးတွေအဖြစ် မွေးမြူစောင့်ရှောက် မိဘမဲ့ကျောင်း ထောင်ကာ ပြုစုပျိုးထောင်ပေးခဲ့ဖူးပါတယ်။

တကယ်တော့ ကျွန်မတို့ရဲ့ ပြည်သူ့ဒီမိုကရေစီတော်လှန်ရေးဆိုတာ ပါတီခေါင်းဆောင်တဲ့ လယ်သမားစစ်ပွဲပါ။ လယ်သမားတွေက စစ်ဝတ် ဝတ်ပြီး ဖောက်ပြန်တဲ့ အုပ်စိုးသူလူတန်းစားကို တိုက်ပွဲဝင်နေတာပါ။ ပါတီခေါင်းဆောင်တဲ့ ပြည်သူ့တပ်မတော်ဟာ အဖိနှိပ်ခံ လူမျိုးပေါင်းစုံနဲ့ ပါဝင်ဖွဲ့စည်းထားတာပါ။ ဒါကြောင့် အဖိနှိပ်ခံလူမျိုးပေါင်းစုံရဲ့ 'အိမ်ထောင်စုကြီး' ဖြစ်သလို 'ပညာသင်ကြားပေးတဲ့ ကျောင်းတော်ကြီး' တခု ဖြစ်ပါတယ်။ အသက်အရွယ်မျိုးစုံ ကလေးလူကြီး စသဖြင့် ပျိုပျိုအိုအို ပါဝင်နေတာ မဆန်းပါဘူး။ ဒီလိုတပ်မတော်သားတွေကို လူသားတွေပီပီ၊ လူ့အခွင့်အရေး ခံစားခွင့်ရှိအောင်၊ တန်းတူ ဆက်ဆံခွင့် ရှိရှိမဆိုတာကသာ အဓိကပါ။ ဒါတွေနဲ့ ပတ်သက်လို့ ဗမာပြည်ကွန်မြူနစ်ပါတီ လက်နက်ကိုင်တော်လှန်ရေး နှစ် ၃၀ ပြည့်အထိမ်းအမှတ်နဲ့ အရှေ့မြောက်နယ်စပ် ဒေသ ဖွင့်လှစ်ခြင်း ၁၀ နှစ်ပြည့် အထိမ်းအမှတ်အဖြစ် (၁၉၇၈ ခုနှစ်က) ရိုက်ကူးခဲ့တဲ့ "ငြိမ်းမရတဲ့ မီးတောက်မီးလျှံ" မှတ်တမ်းတင် ရုပ်ရှင်ကားမှာ ထည့်သွင်းရိုက်ကူးခဲ့ဖူးပါတယ်။

ဒါ့အပြင် တော်လှန်ရေးဆိုတာ ဘယ်တော်လှန်ရေးမှ တနေ့တရက် စသဖြင့် အချိန်တိုနဲ့ ပြီးမြောက်အောင်မြင်ခဲ့တာရယ်လို့ မရှိခဲ့ဖူးပါဘူး။ ရေရှည် ဆင်နွှဲရစမြဲပါ။ ဒီလိုနဲ့ တော်လှန်ရေးသမားတွေဟာ တော်လှန်ရေးလမ်းခရီးမှာ အရွယ်ရောက်ကြတော့ တော်လှန်ရေးအိမ်ထောင်တွေ ထူထောင်ကြရတာပါ။ မိမိတို့ တော်လှန်ရေးဇနီးမောင်နှံက ပွားစီးလာတဲ့ သားသမီးရတနာတွေကို တော်လှန်ရေးထဲမှာ ပြုစုပျိုးထောင် လူလားမြောက်အောင် စောင့်ရှောက်ခဲ့ကြရတာပါ။ ဒီလိုနဲ့ အရွယ်လေးတွေရလာတော့ တော်လှန်ရေးထဲက စာသင်ကျောင်းမှာ စာသင်ပေး၊ တော်လှန်ရေး လက်တွေ့ အတွင်းမှာ တော်လှန်ရေးလုပ်ငန်းတချို့မှာ ပါဝင်လုပ်ကိုင်ခိုင်းရင်း ဉပမာ- မိမိဘေးမှာ ကိုယ်ရံ၊ မြင်းထိန်းစသဖြင့် လုပ်ကိုင်ခိုင်းရင်း တော်လှန်ရေး တပ်သားလေးတွေ ဖြစ်လာတာပါ။ ဒါကြောင့် တော်လှန်ရေးတပ်ဖွဲ့အတွင်းမှာ တော်လှန်ရေးတပ်သားကလေးတွေ ရှိနေတာ ရှောင်လွှဲမရနိုင်တဲ့ ဖြစ်စဉ် ဖြစ်ရပ်တခုပါ။

ကျွန်တော်တို့ နည်းတူ ဗမာပြည် အဖိနှိပ်ခံ တိုင်းရင်းသားတွေကလည်း အမျိုးသားတန်းတူရေး၊ ဒီမိုကရေစီရေးနဲ့ အဖိနှိပ်ခံဘဝက လွတ်မြောက်ရေးအတွက် ကိုယ်တိုင်နိုင်ငံရေးပါတီ၊ ကိုယ်တိုင်တပ်မတော်တွေနဲ့ တိုက်ပွဲဝင်နေကြတာပါ။ ဒါကြောင့် သူ့အမျိုးသား တပ်မတော်ထဲ သူ့လူမျိုး တွေ အသက်အရွယ် ကြီးကြီးငယ်ငယ် ပျိုပျိုအိုအိုကလေးကာစ ပေါင်းစုံပါဝင်နေတာ မထူးဆန်းပါဘူး။

တော်လှန်ရေးဆိုတာ စနစ်ဟောင်း ဓလေ့ထုံးစံဟောင်းတွေကို တိုက်ဖျက်ပစ်ပြီး လူမှုစနစ်သစ်တရပ် ထူထောင်ရေးအတွက် တိုက်ပွဲဝင်နေတာ ဖြစ်တယ်။ လူသားလူ့အဖွဲ့အစည်းအတွင်းမှာ ဆင်းရဲဒုက္ခ အနိဋ္ဌာရုံတွေကို မမြင်ချင်မတွေ့ချင်ကြလို့ တိုက်ပွဲဝင်နေကြသူတွေ ဖြစ်တယ်။ သဘာဝရဲ့ အလှတရားတွေကို မြတ်နိုးတန်ဖိုးထားသူတွေဖြစ်တယ်။ နလုံးသား နူးညံ့သူတွေဖြစ်တယ်။ တော်လှန်ရေးသမားပီပီ တော်လှန်ရေး လုပ်ငန်းတွေကို လူထုအကြား လှည့်လည်လုပ်ကိုင်နေရင်းက ဒုက္ခအဝဝ ရင်ဆိုင်နေရတဲ့ မိဘမဲ့ကလေးသူငယ်တွေ တွေ့ရင် မကြည့်ရက် မရှုရက် ဖြစ်ပြီး ကောက်ယူ မွေးစားမိကြတာပါပဲ။

(၄)

ဒီလိုနဲ့ ကျွန်မမှာလည်း သားလေးတယောက်ရခဲ့ပါတယ်။ (ကျွန်မလိုပဲ ကျန်တဲ့ရဲဘော်တွေလည်း ကောက်ယူ မွေးစားမိခဲ့ကြတာပါပဲ။) သူ့နံမည်က- ညီရှင်း-တဲ့။ တကယ်တော့ ရတုန်းက (၃)ယောက်ပါ။ ဒါလေးက လက်ကျန်ပေါ့။ ရှေ့တန်းကပြန်လာတဲ့ တပ်ဖွဲ့တဖွဲ့က သူတို့ ကောက်ရလာတဲ့ ကလေးတွေထဲက အငယ်ဆုံးလေး(၃)ယောက်ကို ကျွန်မတို့ ဆေးကျောင်း ဝင်အပ်သွားပါတယ်။ ကျန်(၂)ယောက်က ဆေးကျောင်းမှာ မပျော်ဘူး။ သူတို့ရွာသားချင်းတွေရှိတဲ့-တပ်ကိုပဲ ပြန်ချင်တယ်ဆိုပြီး တငိုငိုတရီရီ ဖြစ်လာလို့ ပြန်ပို့ပေးလိုက်ရလို့-သူတယောက်တည်း ကျန်ခဲ့တာပါ။

လူပုံလေးကတုတ်တုတ်ခိုင်ခိုင်-အသားလေးက ညိုညိုစိုစို- မျက်လုံးကြီးက ပြူးပြူး မျက်တောင်ကော့ကြီးနဲ့- ပါးစုန့်ကြီးတွေ ထွက်နေတဲ့ မျက်နှာဝိုင်းဝိုင်းကြီးနဲ့ သူလေးကို ကျွန်မမှာ မြင်မြင်ချင်း-ဘယ့်နယ်ဖြစ်မှန်း မသိပါဘူး။ မေတ္တာတွေရော- အသနား-အကြင်နာတွေရော-စုပုံပေးလိုက်မိပါတော့တယ်။ 'သား-သား'ဆိုတာ-ပါးစပ်က မချမိတော့ပါဘူး။ နံမည်တောင် မခေါ်မိပါဘူး။ သားမောင် ကောက်ရ လက်ဆွဲပြီး-ကျောင်းလာအပ်တဲ့ ကျွန်မကို ခပ်ပြုံးပြုံးမျက်နှာပေးနဲ့(သဲရန်ကော-လို့)ကြည့်နေတဲ့ ဆရာရန်လင်း (ပန်းဆန်းကျောင်း- ကျောင်းအုပ်-ကွယ်လွန်) ကို အခုတောင် ပြန်မြင်ယောင်နေသေးတယ်။

ညီရှင်းလေး- ကျောင်းပြီးတော့- ဆေးရုံကသူနာပြုသင်တန်းတက်ခိုင်းပြီး- ဆေးရုံမှာပဲ အလုပ်လုပ်ခိုင်းထားပြီး နယ်လှည့်ဆေးအဖွဲ့တွေနဲ့လည်း ပါပါသွားတတ်ပါတယ်။ သူနာပြု-၁နှစ်တန်သည် ၂ နှစ်တန်သည် လုပ်ပြီးမှ ဖော်ပြချက်ကောင်းမှ-အဆင့်မြင့် ဆရာဝန်သင်တန်း တက်နိုင်တာပါ။ ဒါ့ကြောင့် ကျွန်မက သူ့ကို သိပ်မျက်ခြည်ပြတ်မခံဘဲ-နောက်တကြိမ်ဖွင့်မယ့်-ဆရာဝန်သင်တန်းကို တက်ခိုင်းမယ်လို့ လျာထားထားပါတယ်။

ဒီမှာတင်-မောင်မင်းကြီးသားလေးက ပေါ်ဖောက်လာပါတယ်။ ဆေးရုံရိက္ခာရုံက-ကလေးမလေးတဦးနဲ့ လက်ထပ်ခွင့်ပြုဖို့ စာတင်လာတာပါ။ ကလေးမလေးက ရုပ်ရည်လေးက သားနားပေမယ့် အစွန်းအထင်း ရှိနေသူကလေးလို့ ဆိုကြပါတယ်။ ကျွန်မတို့အခြေခံ ဒေသထဲကို တဖက်နိုင်ငံက-ကုန်သည်လိုလို-ပွဲစားလိုလိုလူနဲ့ လိုက်ပြေးသွားပြီး-လအချို့ကြာမှပြန်ရောက်လာသူလေးပါ။ ကျွန်မမှာ- ကိုယ့်သားလူပျိုလေးကို-တခု လပ်မလေးနဲ့ သဘောမတူနိုင်ဖြစ်လာတော့ ကျွန်မတို့ ဆေးရုံက-စည်းရုံးရေးအရ-သူတို့-၂-ယောက်နဲ့ တိုက်ရိုက်သက်ဆိုင်တဲ့ ရဲဘော် က-ကဲ-ဆရာမသားကို ကိုယ်တိုင်ပဲ ဆွေးနွေးတော့ ကျွန်တော်တို့ တော့-လက်မြှောက်ပြီဆိုပြီး ပြောလာလို့-တနေ့-နေ့လည် ကျွန်မကို လာတွေ့ဖို့ ချိန်းလိုက်ပါတယ်။

ကျွန်မအိမ်ထဲ မရဲတရဲဝင်လာပြီး ကျွန်မရှေ့ ထိုင်ခုံမှာထိုင်-မဝံ့မရဲနဲ့ ကျွန်မကို လှမ်းကြည့်လိုက်တဲ့-သူ့မျက်လုံးလေးတွေကို မြင်လိုက်ရတဲ့အခါ-ကျွန်မတို့ငယ်ငယ်က အဖွားပြောပြ ဆုံးမထားတဲ့စကားတွေ ခေါင်းထဲပေါ်လာပါတယ်။ "သမီးတို့ မိစုံဖစုံနေရတာ အလွန်ကံကောင်းတာ။ ရှေးကုသိုလ်-အကျိုးပေးကောင်းလို့ပေါ့။ မိစုံဖစုံ မကြီးရတဲ့ ကလေးတွေကို-ကြည့်လိုက်စမ်း။ မျက်နှာလေးတွေက ညှိုးနေတာ။ သမီးတို့လို လက်လက်ထ မနေနိုင်ဘူး။ ကိုယ်လောက် ကံမကောင်းရှာတဲ့ သူလေးတွေအပေါ် ညှာရတယ်-မြေးရဲ့" တဲ့။

ဟုတ်ပ။ ကျွန်မသားက မျက်နှာလေးညှိုးရုံမက- မျက်လုံးလေးတွေကရီဝေပြီး-ဆွေးရိပ်တွေတောင် သန်းနေသလိုပါလား။ မပျက် ပျက်အောင် ဖျက်မယ်ဆိုပြီး ဒေါင်းတင်ထားတဲ့ကျွန်မ- နာရီဝက်လောက် စကားအခြေအတင် ပြောပြီးတဲ့ နောက်- နောက်ဆုံးအရှုံး ပေးလိုက်ရပါတယ်။

ကဲ-သူကကျွန်မကိုရှင်းပြတဲ့ စကားတွေကိုလည်းကြည့်ပါဦး။ "ဒေါ်ဒေါ် (သူကကျွန်မကို-ဒေါ်ဒေါ်-လို့ခေါ်တယ်) တို့က သူ့ကို ဆတ်ကော့လတ်ကော့-ပျံတံတံကောင်မလေးလို့ မြင်တယ်ဆိုတာ ကျွန်တော်သိပါတယ်။ (ကျွန်မ သားသမီးချင်း မစာမနာ စိတ်လိုက်မာန်ပါ သုံးလိုက်မိတဲ့ စကားလုံး အတိအကျပါပဲ။ သူက ဘယ်က ပြန်ကြားထားမှန်း မသိ။) တကယ်တော့-သူက သိပ်ရိုးတာ။ စိတ်လည်း သိပ်ကောင်းတာ။ ဒါ့ကြောင့် သူ အညာခံလိုက်ရတာ။ အဲဒါကို ကျွန်တော်ကသနားမိတာပါ" တဲ့။ ပြီး ဆက်ပြောလိုက်ပုံက... "ဒါပေမဲ့-ဒေါ်ဒေါ်သဘောမတူရင်-ကျွန်တော် မယူပါဘူး"....တဲ့လေ။ ဘယ်မိဖများ ဒီလို အပျော့ဆွဲ-ဆွဲတတ်တဲ့ သားသမီးအပေါ်တင်းခံနိုင်ပါ့မလဲ။

ဩော်-ခုနေခါ- သားတွေ-သမီးတွေနဲ့ စည်ပင်ချမ်းသာနေရှာမယ်။
ဂတောင်တန်းပေါ်မှာ ကျွန်မ ချန်ထားရစ်ခဲ့ရတဲ့-သားတယောက်အကြောင်းပါ။
ဗမာပြည်တဝန်းရှိ ကလေးသူငယ်များ အားလုံးစိတ်ချမ်းသာ ကိုယ်ချမ်းသာနဲ့ ပညာသင်ကြားနိုင်ကြ ပါစေ။
ကလေးစစ်သားဘဝမျိုးက ကင်းဝေးကြပါစေ။

၄-၁၀-၂၀၁၆။

သေနတ်ပြောင်းကို
အမိန့်ပေးနိုင်မှ

ကြည်ဝင်း

အမျိုးသား ဒီမိုကရေစီ အဖွဲ့ ချုပ် (NLD) ပါတီဟာ ၂၀၁၅ ရွေးကောက်ပွဲမှာ 'ပြောင်းလဲချိန်တန်ပြီ' ဆိုတဲ့ ကြွေးကြော်သံနဲ့ ဝင်ရောက် အရွေးခံခဲ့ပြီး တောင်ပြိုကမ်းပြို အနိုင်ရခဲ့တယ်။ ဒါကြောင့် (NLD) ဟာ အစိုးရအဖွဲ့ကိုလည်း လွတ်လွတ်ကျွတ်ကျွတ် ဦးဆောင်ပြီးဖွဲ့စည်းနိုင်ခဲ့တယ်။ ဒါပေမဲ့ ၂၀၀၈ ခြေဥကြောင့် ဒေါ်အောင်ဆန်းစုကြည် (DASSK) ကတော့ သမ္မတလုပ်ခွင့်မရပါဘူး။ သမ္မတ အထက်မှာနေမယ်လို့ ကြွေးကြော်ခဲ့တဲ့ (DASSK) ဟာ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုတဲ့ရာထူးကို တီထွင်ရယူခဲ့တယ်။

(NLD) အစိုးရဖြစ်လာပြီးနောက်မှာ ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးကို အဓိကဦးစားပေး ဆောင်ရွက်လာတာကို တွေ့ရတယ်။ ဦးသိန်းစိန်တို့ ဖော်ဆောင်ခဲ့တဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဆက်ပြီးအမွေခံ လုပ်ကိုင်ရတာဖြစ်တယ်။ ဦးသိန်းစိန်လက်ထက်မှာ ပြည်တွင်းငြိမ်းချမ်းရေးအတွက် မာရသွန်ဆွေးနွေးပွဲတွေ လုပ်ခဲ့ပြီး ပြည်လုံးဆိုင်ရာအပစ်အခတ်ရပ်စဲရေးစာချုပ် (NCA) ဆိုတာ ပေါ်ထွက်လာတယ်။ ဒါပေမဲ့ တကယ်လက်မှတ်ထိုးတဲ့အခါမှာတော့ (၈) ဖွဲ့ပဲ လက်မှတ်ထိုးတာ ဖြစ်တယ်။ အဖွဲ့တချို့ (KIA, NMSP) က အဖွဲ့အားလုံး မပါဝင်တဲ့အတွက်ဆိုပြီး လက်မှတ်မထိုးကြဘူး။ သူတို့ပြောတဲ့ ပါဝင်ခွင့်မရတဲ့ အဖွဲ့တွေဆိုတာက ရခိုင်တပ်မတော်၊ တအာင်းပလောင်အဖွဲ့နဲ့ ကိုးကန့်အဖွဲ့ (AA/TNLA/MNDAA/) တို့ ဖြစ်တယ်။ ဒီ (၃) ဖွဲ့ လက်မှတ်ထိုးဖို့ဆိုရင် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်ပါတယ်လို့ ကြေညာချက်ကို အရင်ထုတ်ရမယ်လို့ စစ်တပ်က ရပ်ခံထားတယ်။ ဝနဲ့မိုင်းလား (UWSA, NDAA) အဖွဲ့တွေကတော့ သူတို့ဟာအစိုးရနဲ့ အပစ်ရပ်စာချုပ်တွေ ချုပ်ထားပြီးဖြစ်လို့ ထပ်လက်မှတ်ထိုး စရာမလိုဘူးလို့ ပြောပါတယ်။ (NLD) အစိုးရက ဒီ အခြေအနေကို ဆက်ခံရတာ ဖြစ်တယ်။

(NLD) အစိုးရက ၂၁ ရာစုပင်လုံညီလာခံကျင်းပမယ်ဆိုပြီး စတင်စိုင်းပြင်းပါတယ်။ အားလုံးပါဝင်ခွင့်ရှိရမယ်လို့လည်း ဆိုတယ်။ ဒီအတွက် ကော်မတီတွေ၊ ဆပ်ကော်မတီတွေ ဖွဲ့တယ်။ အဖွဲ့အစည်းအသီးသီးဆီကို ကိုယ်စားလှယ်တွေလွှတ်ပြီး ဆွေးနွေးတယ်။ အတော်များများကတော့ အဆင်ပြေတယ်။ တက်ကြမယ်ဆိုတဲ့ အဖြေရတယ်။ ရခိုင်၊ ပလောင်နဲ့ကိုးကန့်အဖွဲ့တွေနဲ့လည်း ဆွေးနွေးတယ်။ အဲဒီ (၃) ဖွဲ့ကလည်း တက်ချင်တဲ့ဆန္ဒရှိကြောင်း ပြောတယ်။ ဒါပေမဲ့ နောက်ဆုံးမှာတော့ သူတို့ (၃) ဖွဲ့အပေါ် စစ်တပ်ရဲ့ တောင်းဆိုချက်ဖြစ်တဲ့ လက်နက်ကိုင်နည်းလမ်းကို စွန့်လွှတ်ကြောင်း ကြေညာချက်အရင်ထုတ်ရမယ်ဆိုတဲ့ ဘူတာကိုပဲ ပြန်ဆိုက်ပါတယ်။ အဲဒီ (၃) ဖွဲ့က လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေး ဆောင်ရွက်သွားမယ် ဆိုတာနဲ့အစားထိုးဖို့ ညှိသေးပေမယ့် စစ်တပ်က လက်မခံလို့ အဆင်မပြေတော့ဘူး။ တက်ချင်တိုင်းတက်ရအောင် တောင်ပြုံးပွဲမဟုတ်ဘူးလို့တောင် ဦးခင်ဇော်ဦး (ဒုဗိုလ်ချုပ်ကြီးဟောင်း) က ပြောလိုက်ပါသေးတယ်။ ဒီလိုနဲ့ (NLD) အစိုးရပြောတဲ့ အားလုံးပါဝင်တဲ့ ၂၁ ရာစုပင်လုံ ညီလာခံလည်း အားလုံးမပါဝင်နိုင်ဖြစ်ခဲ့ရတယ်။

၂၁ ရာစု ပင်လုံညီလာခံကို ၂၀၁၆ ခုနှစ် ဩဂုတ်လထဲ နေပြည်တော်မှာ ကျင်းပခဲ့တယ်။ တက်ရောက်တဲ့ လက်နက်ကိုင်တိုင်းရင်းသား အဖွဲ့ခေါင်းဆောင်တွေ နာမည်ကို ရာထူးအမည် ဒါမှမဟုတ် ဦး စသဖြင့် ရှေ့မှာမတပ်ဘဲ ဒီအတိုင်းပဲ ရေးခဲ့တာကြောင့်

တိုင်းရင်းသား ခေါင်းဆောင်တွေ မကျေမနပ်ဖြစ်ကြတယ်။ ဒီနေရာမှာလည်း 'တပ်မတော်ရဲ့သဘောထားအမှန်'ကို တွေ့ကြရပြန်ပါတယ်။ ဝအဖွဲ့ကလည်း ကိုယ်စားလှယ်ကတ်ပြား ထုတ်ပေးရာမှာ လေ့လာသူကတ်ပြားတွေထုတ်ပေးတာကြောင့် အဆင့်အတန်း ခွဲခြားခံရတယ်ဆိုပြီး ညီလာခံမှာတင်မယ့် သူတို့စာတမ်းပေးခဲ့ပြီး ညီလာခံ ဆက်မတက်ဘဲ ပြန်သွားကြတယ်။

၂၁ ရာစုညီလာခံပြီးတော့ နောက် ၆ လ အကြာမှာ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲကျင်းပမယ်လို့ ဒီချုပ်အစိုးရက စီစဉ်ထားတယ်။ ဒါပေမဲ့ ဒီဆွေးနွေးပွဲတက်မယ်ဆိုရင် (NCA) ကိုလက်မှတ်ထိုးထားတဲ့ အဖွဲ့တွေပဲ တက်ရမယ်ဆိုတဲ့ ကန့်သတ်ချက်ကို ချမှတ်ထားတာတွေ့ရတယ်။ ဒါဟာ စောစွာကတည်းက စစ်တပ်က ပြောနေတာ ဖြစ်တယ်။ ဒီအချက်ကို (NLD) ကလည်း လက်ခံထားရပုံရတယ်။

ပိုဆိုးတာက ၂၁ ရာစုပင်လုံညီလာခံအပြီးမှာ ဗမာပြည်မြောက်ပိုင်းမှာ သေနတ်သံတွေ ပြန်ညံလာတာပဲ ဖြစ်တယ်။ အဓိက ကေအိုင်အိုကို ထိုးစစ်တွေ ဆင်တာဖြစ်တယ်။ ဒီနောက် တောင်ပိုင်းရှမ်းနဲ့လည်း ဖြစ်တယ်။ ကရင်ပြည်နယ်မှာလည်း ဒီကေဘီအေ ခွဲထွက်အဖွဲ့နဲ့ တိုက်ပွဲတွေ ဖြစ်တယ်။ စစ်ဘေးဒဏ်ကို မခံနိုင်တော့တဲ့ ပြည်သူတွေရဲ့ ထိုးစစ်တွေရပ်ဖို့ ဆန္ဒပြပွဲတွေလည်း ပေါ်ပေါက်လာတယ်။ ဒါပေမဲ့ (NLD) အစိုးရဘက်ကတော့ ရေငုံနှုတ်ပိတ်နေတာ တွေ့ရတယ်။

ဒီရက်ပိုင်းအတွင်းမှာ ရခိုင်ပြည်မောင်းတောမှာ စစ်တပ်ဘက်က ဘင်္ဂါလီလို့ဆိုတဲ့သူတွေက အုပ်စုဖွဲ့ပြီး ရဲကင်းစခန်းတွေ ဝင်စီးတဲ့ ဖြစ်ရပ်တွေ ပေါ်လာတယ်။ ရဲ ၉ ဦးကျပြီး လက်နက်တွေလည်း ၅၀ ဝန်းကျင် ပါသွားတယ်။ အောက်တိုဘာ ၁၄ ရက်နေ့မှာ နိုင်ငံတော် ကာကွယ်ရေးနဲ့ လုံခြုံရေးဆိုင်ရာ အထူးအစည်းအဝေး လုပ်တယ်။ ရခိုင်အရေး၊ ကချင်ပြည်နယ်နဲ့ရှမ်းပြည်မြောက်ပိုင်း စစ်ပွဲတွေ ကိစ္စ ဆွေးနွေးကြတယ်လို့ ဆိုတယ်။ အသေးစိတ်တော့ မထုတ်ပြန်ဘူး။

အောက်တိုဘာ ၁၅ ရက်နေ့မှာ (NCA) လက်မှတ်ထိုးတာ တနစ်ပြည့်တဲ့အခမ်းအနားလုပ်တယ်။ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဗိုလ်မင်းအောင်လှိုင်တို့ မိန့်ခွန်းပြောကြတယ်။ ဗိုလ်မင်းအောင်လှိုင်က (NCA) လက်မှတ်ထိုးမှ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲတက်ခွင့်ရမယ်ဆိုတာကို ထပ်ပြီး အတည်ပြုပြောတယ်။ (NCA) ဟာ တပ်မတော်တခုတည်းက ချမှတ်ထားတာ မဟုတ်ဘူး။ ကျန်လက်နက်ကိုင်တိုင်းရင်းသားတွေနဲ့ ဆွေးနွေးညှိနှိုင်းပြီး သဘောတူ ထွက်ပေါ်လာတာဖြစ်တယ်လို့လည်း ဆိုတယ်။ ဒီမတိုင်ခင်မှာ ထွက်လာတဲ့ (UWSA) မှ ကျောက်ကော်အမ်းနဲ့ မီဒီယာတွေတွေ့ဆုံမေး မြန်းရာမှာတော့ (NCA) ကို လက်မှတ်ထိုးမှာ မဟုတ်ဘူးလို့ ထပ်ပြောထားတယ်။

တဆက်တည်းပဲ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ရဲ့လမ်းပြမြေပုံ ၇ ဆင့်ဆိုတာကို ထုတ်လာတယ်။ အဲဒါတွေကတော့

(၁) နိုင်ငံရေးဆွေးနွေးမှုမူဘောင် ပြန်လည်သုံးသပ်ခြင်း၊
(၂) နိုင်ငံရေးဆွေးနွေးမှုမူဘောင် ပြန်လည်ပြင်ဆင်ခြင်း၊
(၃) ပြင်ဆင်အတည်ပြုပြီးဖြစ်သော နိုင်ငံရေး ဆွေးနွေးမှု မူဘောင်နဲ့အညီ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-၂၁ ရာစု ပင်လုံ ကျင်းပခြင်း၊
(၄) ၂၁ ရာစု ပင်လုံညီလာခံ ရလဒ်များအား စုစည်းပြီး ပြည်ထောင်စုသဘောတူညီချက် (21 st Century Panglon Conference Agreement)လက်မှတ်ထိုးခြင်း၊
(၅) ပြည်ထောင်စု သဘောတူညီချက်နဲ့အညီ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးသားခြင်း၊ အတည်ပြုခြင်း၊
(၆) ပြင်ဆင်ရေးသားအတည်ပြုပြီးဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများ ကျင်းပခြင်း၊
(၇) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ရလဒ်နဲ့အညီ ဒီမိုကရက်တစ်ဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ခြင်း။
တို့ပဲ ဖြစ်တယ်။ ဒါကို စစ်တပ်ကလည်း သဘောတူထားပုံ ရပါတယ်။

အဲဒီ နိုင်ငံရေးမူဘောင်ပြန်လည်သုံးသပ်ခြင်းနဲ့ ပြန်လည်ပြင်ဆင်ရေးအဆင့်တွေမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေ အားလုံးပါဝင်လာနိုင်အောင် ပြင်ဆင်နိုင်မလားဆိုတာကိုတော့ စောင့်ကြည့်ရမှာပဲ ဖြစ်ပါတယ်။ အခုအချိန်အထိတော့ (NCA) လက်မှတ်ထိုးမှ ညီလာခံတက်လို့ရမယ်လို့ ပြောနေတာ ဖြစ်တယ်။ အထက်မှာ ပြောသလို ရခိုင်၊ ပလောင်နဲ့ ကိုးကန့်အဖွဲ့တွေအနေနဲ့ လက်မှတ်ထိုးမယ်ဆိုရင် လက်နက်ကိုင်လမ်းစဉ်ကို စွန့်ပါမယ်ဆိုပြီး အရင်ကြေညာရမှာ ဖြစ်ပါတယ်။

ဖြစ်စဉ်တွေကို ကြည့်ရင် စစ်တပ်က သဘောတူမှ (NLD) က လုပ်နိုင်တာတွေ့ရမယ်။ (NLD) က အစိုးရဖြစ်ပေမယ့် ၂၀၀၈ ခြေဥရဲ့ ခြေမန်းကွင်း အစွပ်ခံထားတာဖြစ်လို့ စိတ်သွားတိုင်း ကိုယ်မပါနိုင်ဘူး။ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ လမ်းပြမြေပုံ (၇) ဆင့်မှာလည်း စစ်တပ် (စစ်အုပ်စု) က အမျိုးမျိုး ပညာပြတာကို တွေ့ကြရပါဦးမယ်။

၂၀၀၈ ခြေဥအရ အာဏာပိုင်အစစ်ဟာ ကာချုပ်ပဲ ဖြစ်တယ်။ ဒေါ်အောင်ဆန်းစုကြည် အနေနဲ့ သမ္မတအထက်မှာ နေနိုင်ပေမယ့် ကာချုပ်အထက်မှာတော့ မနေနိုင်ဘူး။ နိုင်ငံတော်တန်းစီဇယားမှာ ဒေါ်အောင်ဆန်းစုကြည်ဟာ ကာချုပ်အထက် နံပါတ် ၂ နေရာမှာ ရှိပေမယ့် ဒါဟာ စာရွက်ပေါ်မှာပဲ ဖြစ်တယ်။ ဒါကြောင့်လည်း ၂၀၀၈ ခြေဥပြင်ရေးကိစ္စမှာ လူထုကရွေးချယ်တင်မြှောက်တဲ့ အစိုးရလက်အောက်မှာ စစ်တပ်ကို ထားရှိဖို့ ပြင်ဆင်ရမယ်လို့ အဓိကထား ပြောနေကြတာပဲ။ စစ်တပ်က အစိုးရကို အမိန့်ပေးတာ မဟုတ်ဘဲ

အစိုးရက စစ်တပ်ကို အမိန့်ပေးတာ ဖြစ်ရမယ်လို့ ဆိုလိုတာ ဖြစ်တယ်။ ဥက္ကဋ္ဌမော်ကတော့ "ပါတီက သေနတ်ကို အမိန့်ပေးရမယ်။ ပါတီကို သေနတ်က အမိန့်ပေးတာ မဖြစ်စေရဘူး" လို့ ပြောခဲ့တယ်။

ပြည်တွင်းငြိမ်းချမ်းရေးအပါအဝင် ဗမာပြည်ရဲ့ ပြဿနာအဝဝကို ဖြေရှင်းရေးရဲ့ သော့ချက်ဟာ စစ်(၃)စစ် (စစ်အုပ်စု၊ စစ်အာဏာရှင်စနစ်နဲ့ စစ်ပျူရိုကရေစီယန္တရား) ကို အပြီးအပိုင် ဖျက်သိမ်းနိုင် မဖျက်သိမ်းနိုင်ဆိုတဲ့ အပေါ်မှာ မူတည်တယ်။ ခေတ်အဆက်ဆက် လူထုရဲ့သွေးမြေကျ တိုက်ပွဲဝင်ခဲ့တာတွေကြောင့် စစ်အုပ်စုဟာ တပါတီအာဏာရှင်စနစ်နဲ့ ဆက်မအုပ်ချုပ်နိုင်တော့ဘူး။ ဒါကြောင့် ပါတီစုံဆိုတာကို ဟန်ပြလုပ်လာရတယ်။ စစ် (၃) စစ်ကို ၂၀၀၈ ခြေဥနဲ့ အကာအကွယ်ယူထားတာ ဖြစ်တယ်။

စစ်(၃)စစ်ကို ဖျက်သိမ်းဖို့ဆိုရင် စစ်တပ်ကို ပြုပြင်ပြောင်းလဲရေး (RAM) လုပ်ရမယ်။ စစ်အုပ်စုရဲ့ တလက်ကိုင်စစ်တပ်အဖြစ်ကနေ အခြေခံလူထုကြီးအပေါ် သစ္စာခံတဲ့ တပ်မတော်ဖြစ်လာအောင် ပြုပြင်ပြောင်းလဲရမယ်။ ပြောင်းလဲလို့လည်း ရနိုင်တယ်။ စစ်တပ်ထဲမှာ ထိပ်သီးတစုကလွဲလို့ အောက်ခြေအများစုကြီးက အခြေခံပြည်သူလူထုရဲ့ သားသမီးတွေ ဖြစ်ကြတယ်။ သူတို့ဘဝတွေဟာလည်း အများပြည်သူတွေလိုပဲ ဆင်းရဲနွမ်းပါး နေကြတာပဲ။ အခါအခွင့်သင့်တိုင်းလည်း စစ်အုပ်စုကို မလိုလားဘူးဆိုတာ ပြခဲ့ကြတယ်။ ၁၉၉၀ ရွေးကောက်ပွဲနဲ့ ၂၀၁၅ ရွေးကောက်ပွဲတို့ကို ကြည့်ပါ။

ဒေါ်အောင်ဆန်းစုကြည်အနေနဲ့လည်း စစ်တပ်ကို ပြောင်းလဲနိုင်မှ ဖြစ်မယ်ဆိုတာကို သဘောပေါက်ပုံ ရပါတယ်။ သူ့နည်းသူ့ဟန်နဲ့ ကြိုးစားနေပုံပါပဲ။ တွေ့မြင်နေရသလောက်ကတော့ စစ်တပ်ခေါင်းဆောင်ပိုင်းနဲ့ ထိတွေ့ဆက်ဆံပြီး ရင်းနှီးမှုယူ၊ ဖြည်းဖြည်းချင်း ဆွေးနွေး နားချနေတယ်လို့ ဆိုရမလားပဲ။ ပြောရရင်တော့ ချော့မြှူရေး (appeasement) ဆန်တယ်။ (အခု အမေရိကန်ခရီးမှာ ဆန်ရှင်ပြုတ်အောင် လုပ်လာနိုင်ခဲ့တယ်။ အမေရိကန်ကလည်း ဖြုတ်ချင်နေတာမို့ ထီးလိုမင်းလို လို့ ပြောရမှာပဲ။)

ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်က ထိပ်တိုက်တွေ့ရေးလမ်း မလိုက်ဘူး၊ လူထုအနာမခံတော့ဘူး၊ တွေ့ဆုံဆွေးနွေးရေးလမ်းပဲ သွားမယ်လို့ ပြောထားတယ်။ ဒါကြောင့်လည်း ရွှေဂုံတိုင်ရပ်တည်ချက်ကနေ ဂယက်ကွေ့ ကွေ့ပြီး ၂၀၀၈ ခြေဥလက်ခံ၊ ရွေးကောက်ပွဲဝင်ခဲ့တာ ဖြစ်တယ်။ ဒီလမ်းလိုက်ဖို့ အခါတော်ပေးနေသူတွေလည်း မနည်းပါဘူး။ 'ထိပ်တိုက်တွေ့ရေးလမ်းလိုက်လို့ တိုင်းပြည်နဲ့ လူထုနာလှပြီ။ အကျိုးမရှိဘူး။ သမ္မတဒေါက်တာမောင်မောင် လက်ထက်ကလည်း တွေ့ဆုံဆွေးနွေးရေးမလုပ်ဘဲ ထိပ်တိုက်တွေ့လို့ အကျိုးနည်းခဲ့တယ်။ စစ်တပ်ကို အတိုက်အခံမလုပ်နဲ့။ စစ်တပ်က ပေးထားချက်ကိုပဲယူ၊ နိုင်ငံရေးဆိုတာ ဖြစ်နိုင်တာကို လုပ်တာ (အခု ကာချုပ်ကလည်း ဒါကို ထည့်ပြောသွား)' စတဲ့စတဲ့ ဩဝါဒလမ်းညွှန်တွေ ၂၀၁၀ ရွေးကောက်ပွဲမတိုင်ခင်က အတော်များများ တွေ့ခဲ့ရတယ်။

မိမိတို့ကတော့ တပ်ပြုပြင်ရေးဟာ လူထုအားပါမှသာ အောင်မြင်နိုင်မယ်လို့ ယုံတယ်။ ထိပ်တိုက်တွေ့တာ၊ လူထုနာတာ စတာ တွေနဲ့ ပတ်သက်ပြီးတော့လည်း ပြောချင်ပါတယ်။

(၁) ထိပ်တိုက်တွေ့ရေးတို့ ငြိမ်းချမ်းစွာတွေ့ဆုံဆွေးနွေးရေးတို့ ဆိုတာတွေဟာ လူထုကြီးက ရွေးချယ်နိုင်တာ မဟုတ်ဘူး။ ဖိနှိပ်အုပ်စိုးသူတွေကသာ ရွေးချယ်တာ ဖြစ်တယ်။ လူထုကြီးကတော့ အခြေခံအားဖြင့် ငြိမ်းချမ်းတဲ့လမ်းကိုပဲ ရွေးချယ်ချင်ကြတာပါ။ အဲဒီလမ်းကို အုပ်စိုးသူတွေက ပိတ်ထားလို့သာ တခြားလမ်းရွေးရတာ ဖြစ်တယ်။

(၂) လူထုကြီးကို လမ်းပေါ်ထွက်ကြပါလို့ ပြောတိုင်းလည်း လမ်းပေါ်ထွက်လာမှာမဟုတ်သလို မထွက်ကြပါနဲ့လို့ ပြောတိုင်းလည်း မထွက်ဘဲ နေကြမှာ မဟုတ်ပါ။ ထွက်တာ မထွက်တာဟာ သူတို့ရဲ့ လက်တွေ့ရုပ်ဘဝက ပြဋ္ဌာန်းတာ ဖြစ်တယ်။ အခုလည်း အလုပ်သမားတွေ လုပ်ခတိုးရဖို့ လမ်းပေါ်ထွက်နေကြသလို လယ်သမားတွေလည်း သိမ်းဆည်းလယ်ပြန်ရရေး ထွန်တုံးတိုက်ပွဲတွေ နွှဲနေကြရတယ် မဟုတ်လား။

လူထုတိုက်ပွဲသဏ္ဍာန်ဟာ လမ်းပေါ်ဆန္ဒပြတာ တခုတည်းရှိတာ မဟုတ်ပါ။ ပုံစံမျိုးစုံ ရှိပါတယ်။ အခြေအနေ အချိန်အခါလိုက်ပြီး အမျိုးမျိုး ပြောင်းလဲကျင့်သုံးရမှာ ဖြစ်ပါတယ်။

(၃) ထိပ်တိုက်တွေ့လို့ အကျိုးမရှိဘူးလို့ ပြောနေသူတွေအနေနဲ့ မိမိတို့ဟာ ခေတ်အဆက်ဆက် အသက်ပေးတိုက်ပွဲဝင်သွားသူတွေရဲ့ အရိုးပုံပေါ်မှာ ထိုင်နေကြတယ်ဆိုတာ မမေ့ကြပါနဲ့လို့ပဲ ပြောချင်ပါတယ်။ ဒီကနေ့ အတိုင်းအတာတခုအထိ လွတ်လပ်ခွင့်၊ ပြောဆိုရေးသားခွင့်၊ အသင်းအပင်း ဖွဲ့စည်းခွင့် စသဖြင့် ရနေတာတွေဟာ ပြည်သူတွေ သွေးမြေကျခံပြီး တိုက်ပွဲဝင်ခဲ့လို့ရခဲ့တဲ့ အသီးအပွင့်တွေပါ။ စစ်အုပ်စုက သဘောကောင်းပြီး ပေးခဲ့တာ မဟုတ်ပါဘူး။ ဒီအသီးအပွင့်တွေကို ဆက်ခံကာကွယ်ထိန်းသိမ်းရမှာ ဖြစ်သလို ဆက်လည်းတိုးချဲ့ရပါမယ်။

(၄) လူထုနာမှာစိုးတယ် ဆိုကြတယ်။ လမ်းပေါ်ထွက်ဆန္ဒပြလို့ အကြမ်းဖက်ဖြိုခွဲခံရပြီး လူထုတွေ အသက်ဆုံးရှုံးသွေး မြေကျမှာကို မဖြစ်စေချင်ဘူးလို့ ဆိုလိုဟန်တူပါတယ်။ စစ် (၃) စစ် အောက်မှာ လူထုကြီးဟာ နေ့စဉ်နဲ့အမျှ ဆင်းရဲဒုက္ခခံနေကြရတာပါ။ စစ်ဖြစ်နေတဲ့နေရာတွေမှာ အသက်ဆုံးရှုံးရတာ၊ ကျီးလန့်စာစားနေရတာ၊ နေရပ်ဒေသမပြန်နိုင်ဘဲ စစ်ပြေးဒုက္ခသည်ဘဝနဲ့ ဆယ် စုနှစ်များစွာ နေနေကြရတာ စတာစတာတွေဟာ ပြောမကုန်ရေးမကုန်ပါ။

ဒါ့အပြင် စစ်အုပ်စုထိပ်သီးနဲ့အပေါင်းအပါတသိုက်က တိုင်းပြည်ရဲ့သယံဇာတတွေကို စည်းမရှိကမ်းမရှိ ထုတ်ယူရောင်းချလို့ သဘာဝပတ် ဝန်းကျင်တွေ ပျက်စီးကုန်တယ်။ ရာသီဥတုတွေ ဖောက်ပြန်ပြီး ကပ်ဘေးတွေ ကျတယ်။ သဘာဝဘေးအန္တရာယ်တွေ

အတွက် ကြိုတင်သတိပေးတာ၊ လုံခြုံရာရွှေ့ပေးတာ စတဲ့ လုပ်ရမယ့် အစိုးရတာဝန်တွေ ပျက်ကွက်လို့ ပြည်သူတွေ အသက်အိုးအိမ် စည်းစိမ် မပျက်စီး မဆုံးရှုံးသင့်ဘဲ ဆုံးရှုံးကြရတယ်။ ၂၀၀၈ နာဂစ်မုန်တိုင်းမှာဆိုရင် သိန်းနဲ့ချီ အသက်ဆုံးရှုံးရတယ် မဟုတ်လား။

လတ်တလောထုတ်ပြန်တဲ့ ကုလသမဂ္ဂ သဘာဝဘေးအန္တရာယ် လျော့ကျရေး UNISDR ရဲ့ အစီရင်ခံစာအရ သဘာဝ ဘေး အန္တရာယ်များကြောင့် သေဆုံးသူအများဆုံးနိုင်ငံစာရင်းတွင် ဟေတီကထိပ်ဆုံး၌ရပ်တည်ခဲ့ပြီး မြန်မာနိုင်ငံက တတိယနေရာမှာရှိနေတယ်။ အဲဒီအစီရင်ခံစာမှာပဲ သဘာဝဘေးအန္တရာယ်ဆုံးရှုံးမှုတွေဟာ လူမှုစီးပွားဘဝတွေနဲ့ ဆက်စပ်တယ်လို့လည်း ဖော်ပြထားတယ်။ လူမှုစီးပွားဘဝနိမ့်ကျလေ ဆုံးရှုံးမှုကြီးလေလို့ ပြောတာပါ။

လူထုကြီးအနေနဲ့ နေ့စဉ်နေထိုင်မှုဘဝအတွက် သွားရေးလာရေးမှာလည်း ယာဉ်အိုယာဉ်ဟောင်းတွေကိုပဲ အားကိုးကြရ တယ်။ အိုဟောင်းရုံမက ယာဉ်စီးရေမလောက်ငတော့ စုပြုံတိုးဝှေ့စီးကြသွားကြရတယ်။ ဒါကြောင့် သင်္ဘောမှောက်ကားမှောက် သေရ တာတွေလည်း မကြာမကြာ ကြားနေရတယ်။

လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး အဖက်ဖက်က ချွတ်ခြုံကျနေတယ်။ လူထုကြီးဟာ နေ့စဉ်နဲ့အမျှ နာကျင်ခံစား နေကြရတာ ဖြစ်ပါတယ်။ လူထုကြီးခံစားနေရတဲ့ ဒုက္ခအပေါင်းဟာ ရေးလို့ကုန်နိုင်ဖွယ် မရှိပါဘူး။ အခုအခြေအနေက တိုင်းပြည် ဖြစ်ရှုံး တိုင်းပြည်ရာမဝင်တဲ့ အခြေအနေ ဖြစ်နေပါပြီ။ စစ် (၃) စစ် တရက် အသက်ပိုရှည်လေ လူထုကြီးက တရက် ပိုဒုက္ခရောက်လေပါ။

ချုပ်ရရင်တော့ ငြိမ်းချမ်းတဲ့၊ သာယာဝပြောတဲ့၊ တိုင်းရင်းသားအားလုံးတန်းတူအခွင့်အရေးရှိတဲ့ ပြည်ထောင်စုကို ထူထောင်ဖို့ အတွက် အဓိက အဟန့်အတားက စစ် (၃) စစ်ပဲ ဖြစ်ပါတယ်။ စစ် (၃) စစ် ဖျက်သိမ်းဖို့ဆိုရင် စစ်တပ်ကို အရင်ဆုံး ပြုပြင်ပြောင်းလဲ ရမယ်။ လူထုအားနဲ့သာ ပြောင်းလဲနိုင်မယ်။ သေနတ်က လူထုကို အမိန့်ပေးတာ မဟုတ်ဘဲ လူထုက သေနတ်ကို အမိန့်ပေးတာဖြစ် အောင် ပြောင်းလဲရမှာ ဖြစ်ပါကြောင်း။

ကျွန်မဆက်၍ရေးချင်သောဖေဖေအကြောင်းများ။ဆောင်းပါးအမှတ်(၄၁)

ဖေဖေရဲ့ ငြိမ်းချမ်းရေးခရီးစဉ်များ

လှကျော်ဇော

ဖေဖေရဲ့ပြည်တွင်းမြေပေါ်နိုင်ငံရေးလှုပ်ရှားမှုအဖြစ်လုပ်ဆောင်မှုတွေထဲမှာ အကျော်ကြားဆုံးနဲ့ အထိရောက်ဆုံးလုပ်ငန်းက တော့ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းပါပဲ။ ဖေဖေကိုယ်တိုင်လည်း ဒီလှုပ်ရှားမှုကာလတွေအတွင်း လူရောစိတ်ပါအတော်ပင်ပန်းရပေ မယ့် ပျော်တော့ပျော်တယ်လို့ ပြောခဲ့ဖူးပါတယ်။

ဖေဖေက ၁၉၅၈ ခုနှစ်လောက်က စပြီး ဆရာကြီးမှိုင်းရဲ့-ပြည်တွင်းငြိမ်းချမ်းရေး ရှစ်ဦးကော်မတီနဲ့ပူးပေါင်းပြီး စတင်လှုပ်ရှား ပါတယ်။ ဒါပေမဲ့ ၁၉၅၈-အောက်တိုဘာမှာ ဗိုလ်နေဝင်းရဲ့(စစ်အာဏာသိမ်း)အိမ်စောင့်အစိုးရ ပေါ်ပေါက်လာပြီး လှုပ်ရှားမှုတွေ ခက်ခဲ လာတဲ့အတွက် အဲဒီ ရှစ်ဦးကော်မတီကို ဖျက်သိမ်းလိုက်ရပါတယ်။ ၁၉၆၀ ခုနှစ်- ရွေးကောက်ပွဲများအပြီး ဦးနုရဲ့ သန့်ရှင်းအစိုးရ တက် လာပြီးမှ ဖေဖေတို့ပြန်ပြီး လှုပ်ရှားနိုင်ပါတော့တယ်။ အဲဒီကာလမှာ ဆရာကြီးမှိုင်း မျက်စိတိမ်ခွဲဖို့ အရှေ့ဂျာမနီကိုသွားခဲ့ရပြီး ပြန်လာ တော့လည်း အသက်အရွယ်အရ သိပ်မလှုပ်ရှား နိုင်တော့လို့ ဖေဖေနဲ့ တခြားပုဂ္ဂိုလ်များပဲ ဒိုင်ခံလုပ်ဆောင်ကြရပါတော့တယ်။

ဝန်ကြီးချုပ်ဦးနုကိုယ်တိုင်လည်း ပြည်တွင်းစစ်ရှည်ကြာလေ-စစ်တပ်ဩဇာကြီးလေ ဖြစ်မှန်းသိလို့ ငြိမ်းချမ်းရေးလုပ်ငန်းဘက် လှည့်လာပါတယ်။ ဦးနုက ပါလီမန်မှာပေးတဲ့ မိန့်ခွန်းမှာ ငြိမ်းချမ်းရေးအတွက် ကမ်းလှမ်းချက်အသစ်တွေ ပါလာလို့ ဖေဖေတို့က ဒါကို အခွင့်ကောင်းယူပြီး ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့ဒုတိယအကြိမ်အဖြစ်ဖွဲ့ဖို့ ပြင်ဆင်လှုပ်ရှားပါတော့တယ်။

အဲသလိုပြင်ဆင်နေစဉ်မှာပဲ တခြားအမျိုးသားရေးပြဿနာတရပ် ပေါ်လာပါတယ်။ အဲဒါကတော့ တရုတ်ဖြူကျူးကျော်မှုကို တိုက်တဲ့ တပ်မတော်ရဲ့နောက်တကြိမ် မဲခေါင်စစ်ဆင်ရေးအတွင်း အမေရိကန်အကူအညီ အထောက်အပံ့များကို သိမ်းဆည်းမိတဲ့ကိစ္စ၊ လေတပ်က လေသူရဲ ဗိုလ်ပီတာ ကျဆုံးတဲ့ကိစ္စ စတာတွေကြောင့် ပြည်သူလူထုအကြား-အမေရိကန်ဆန့်ကျင်ရေးလှုပ်ရှားမှုတွေ ပေါ် ပေါက်လာပြီး အမေရိကန်သံရုံးရှေ့ ဆန္ဒပြမှု များလည်း ပေါ်လာပါတယ်။

အဲဒီလူထုလှုပ်ရှားမှုကို အခြေခံပြီး ရန်ကုန်မြို့တွင်းရှိ နိုင်ငံရေးပါတီများ ကျောင်းသား အဖွဲ့အစည်းများဟာ ၁၉၆၁- ဖေဖော် ဝါရီ(၂၇) ရက် နေ့မှာ စုရုံးတိုင်ပင်ဆွေးနွေးကြပြီး “ဗမာပြည် တရုတ်ဖြူကျူးကျော်မှုနှင့် နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားကော်မတီကြီး” ကိုဖွဲ့စည်းကြပြီး ဖေဖေကို ဥက္ကဋ္ဌအဖြစ် တင်မြှောက်လိုက်ကြပါတယ်။ အဲဒီအဖွဲ့မှာအလွှာစုံက ပုဂ္ဂိုလ်စုံပါဝင်တာဖြစ်လို့ စာရေးဆရာ၊ ဂီတစာဆို၊ သတင်းစာဆရာ၊ အမျိုးသမီး ခေါင်းဆောင်၊ ရှေ့နေ၊ ရဟန်းသံဃာ .... စသဖြင့် အတော့်ကို စုံလင်ပါတယ်။ ဒီလုပ်ငန်းဟာ နယ်ချဲ့ဆန့်ကျင်ရေးအခြေခံဖြစ်ပြီး ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းအတွက်လည်း အထောက်အကူဖြစ်နေပါတယ်။ အဲဒီအဖွဲ့ရဲ့ရုံးကို ကျွန်မတို့ရဲ့ စမ်းချောင်း ဆီဆုံလမ်း(၃၆)မှာ ထားလိုက်ပါတယ်။

တခါ ၁၉၆၁- မတ်လ (၉)ရက်နေ့မှာ- ပြည်တွင်းငြိမ်းချမ်းရေး-ဒုတိယအဖွဲ့ကိုဖွဲ့စည်းခဲ့ပြီး ဆရာကြီးမှိုင်းကဥက္ကဋ္ဌ-ဖေဖေက ဒုဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ကြပါတယ်။ ဆရာကြီးမှိုင်းဟာ အဲဒီအချိန် အသက်(၈၀) ကျော်ပြီး၊ ကျန်းမာရေးကလည်း အတော်ချူချာ လာပြီဖြစ်လို့ အဲဒီပြည်တွင်း ငြိမ်းချမ်းရေးအဖွဲ့ရဲ့ရုံးကိုလည်း ကျွန်မတို့ ဆီဆုံလမ်းအိမ်မှာပဲ ထားလိုက်ပါတော့တယ်။

တကယ်တော့- အဲဒီအဖွဲ့(၂)ဖွဲ့လုံးရဲ့ လုပ်ငန်းရပ်ဆိုင်ရာအခြေခံများမှာရော၊ ပါဝင်လုပ်ဆောင်နေကြသူများရော အတူတူနီး ပါးလောက်ရှိနေလို့ နောက်ပိုင်းလှုပ်ရှားမှုများမှာ တဖွဲ့တည်းလိုပဲ သဘောထားပြီးလှုပ်ရှားလာခဲ့ကြတယ်လို့ ဖေဖေကသူရဲ့ စာအုပ်မှာ ရေးထားပါတယ်။

၁၉၆၁-နှစ်ဆန်းပိုင်း(ဖေဖော်ဝါရီ)ကစလို့ ဖေဖေတို့တတွေ ရန်ကုန်မြို့ရပ်ကွက် အသီးသီးကိုရော နယ်အသီးသီးကိုရော မရပ် မနား သွားလာပြီး စည်းရုံးဟောပြောကြ ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့ခွဲတွေ ဖွဲ့ပေးကြနဲ့ လှုပ်ရှားကြတာ ၁၉၆၂ မတ်လ ၁ ရက်နေ့ည အထိပါပဲ။ (နောက်တနေ့ မတ်လ ၂ ရက်နေ့ အရုဏ်တက်မှာတော့ ဗိုလ်နေဝင်းဦးဆောင်တဲ့ စစ်တပ်က အာဏာသိမ်းတဲ့ ဖြစ်ရပ်ဆိုး ကြီး ပေါ်ပေါက်ခဲ့ပါတယ်။)

နယ်မြို့တွေကဖိတ်ရာမှာ ပထမဆုံးကတော့ မြစ်ဝကျွန်းပေါ်ဒေသ(ပုသိမ်ခရိုင်)ကပါ။ ပုသိမ်၊ မအူပင်၊ကျိုက်လတ်၊ ဖျာပုံ၊ ဘို ကလေး၊ ဇလွန် စတဲ့မြို့များ၊ ပဲခူးတိုင်းအတွင်းက ပဲခူး၊ ပြည်၊ ပေါင်းတည်၊ ရွှေတောင်၊ ကြို့ပင်ကောက်၊ မင်းလှ၊ လက်ပံတန်း၊ သာ ယာဝတီ စတဲ့မြို့များ၊ မန္တလေးတိုင်း အတွင်းက မန္တလေး၊ ကျောက်ဆည်၊ မြင်းခြံ၊ သာစည်၊ ပျော်ဘွယ်၊ ရမည်းသင်း- စတဲ့မြို့များ၊၊ တနင်္သာရီဘက်မှ မော်လမြိုင်၊ ထားဝယ်၊ မြိတ် စတဲ့မြို့များ ဗမာပြည်အနှံ့ ဖေဖေတို့ သွားခဲ့ကြရပါတယ်။

ဖေဖေတို့ရဲ့ ည လူထုတရားဟောပွဲတွေဟာ တခါတရံ လူထုဆန္ဒပြပွဲကြီးတွေလို ဖြစ်သွားတတ်ပြီး ဟောပြောပွဲတွေအပြီး ကြွေးကြော်သံတွေ တိုင်ကြ သီချင်းတွေဆိုကြနဲ့ အတော်စည်ကားပါတယ်။ အထူးသဖြင့်ရန်ကုန်မှာပြုလုပ်တဲ့ပွဲတွေမှာပါ။ အဆိုတော်၊ ရုပ်ရှင်မင်းသား၊ ဒါရိုက်တာနဲ့ စာရေးဆရာလည်းဖြစ်တဲ့ (ဦး)မြတ်လေးဦးစီးပြီး တီးဝိုင်းအဖွဲ့တွေပါ-ပါတတ်ပါတယ်။ နယ်မြို့တွေက လည်း ကမ်းလုံးညွှတ် မြို့လုံးကျွတ် ကြိုဆိုကြပြီး ဖေဖေတို့ကို မြို့လယ် လမ်းမတလျှောက် လမ်းလျှောက်ခိုင်းပြီး အုန်းအုန်းကျွက်ကျွက် နှုတ်ဆက်ကြပါတယ်။

ဖေဖေက အဲသလိုခရီးမျိုးတွေမှာ- အနှစ်သက်ဆုံး အလုပ်တခု(ဝါ)အချိန်တချိန်ရှိခဲ့တယ်လို့ ဆိုပါတယ်။ အဲဒါကတော့....ဖေ ဖေတို့ ညပိုင်းဟောပြောပွဲများ ပြီးသွားရင် တချို့ရွာတွေက လာကြရတဲ့သူများဟာ မပြန်ကြဘဲ ဖေဖေတို့နဲ့ တွေ့ဆုံခွင့်တောင်းပြီး သူတို့ ရဲ့ အခက်အခဲပြဿနာများကို တင်ပြပြောဆိုတတ်ကြပါတယ်။ တခါတရံ မိုးတောင်လင်းသွားတတ်တယ်....တဲ့။ အိမ်စောင့်အစိုးရ လက်ထက် မတော်မတဲ့ ဖြစ်ရပ်တွေလည်း ပါသတဲ့။

အဲဒီလို ဆွေးနွေးပွဲလေးတွေအကြောင်းဖေဖေကသူစာအုပ်ထဲမှာရေးထားပုံလေးကြည့်ပါဦး။

“ကျွန်တော်သည် ဤညပိုင်း ဆွေးနွေးပွဲများကို အလွန်ပင် သဘောကျခဲ့ပါသည်။ နယ်ပြည်သူလူထုနှင့် ကျွန်တော် ပထမဆုံး အကြိမ် ရင်းနှီးစွာ နီးကပ်စွာ တွေ့ဆုံထိတွေ့ခဲ့ရပါသည်။ ဤသို့မျိုး ပြည်သူလူထု၏ ယုံကြည်ရင်းနှီးမှုအပြည့်ဖြင့် မိမိအား သူတို့စိတ်

ဆန္ဒ ခံစားချက်များကို ဖွင့်ဟပြောဆိုခြင်း ခံရသော မည်သည့်မျိုးချစ်ပြည်ချစ်ပုဂ္ဂိုလ်မဆို ထိုပြည်သူလူထုကြီးကို မေ့ပျောက်နိုင်ခြင်းလည်း မရှိ၊ သူတို့၏ဆင်းရဲဒုက္ခကိုဖြေရှင်းပေးလိုစိတ် စာနာစိတ်ကိုလည်း မေ့ပျောက်နိုင်ခြင်းမရှိဘဲ ထိုပြည်သူများအတွက် ဘာပဲပေးဆပ်ရပေးဆပ်ရ ပေးဆပ်ချင်သည့် သန္နိဋ္ဌာန်မှာ ပိုမိုခိုင်မာလာပါတော့သည်။ ပြည်သူလူထုသည် ဤမျှပင် အစွမ်းထက်ပါသည်”....တဲ့။ (ဗိုလ်မှူးချုပ်ကျော်ဇော “ဆိုင်းစုမှသည် မန်ဟိုင်းဆီသို့” (ဖြိုးမောက်သာ စာပေ)၂၀၁၂၊ နှာ ၂၄၅)။

ဒ့ါအပြင် ဖေဖေက သူတို့ကို ပြည်သူလူထုက ဘာကြောင့် ဒီလောက်ထောက်ခံရတာလဲ-ဆိုတာကိုလည်း ဆက်ရေးထားပါသေးတယ်။

“ပြည်သူလူထုသည် ငြိမ်းချမ်းရေးကို လှိုက်လှိုက်လှဲလှဲ လိုလားကြပါသည်။ ပြည်တွင်းငြိမ်းချမ်းရေးသည်သူတို့၏ အဓိကပြဿနာ ဖြစ်နေသည် ဆိုသည်ကိုလည်း သဘောပေါက်ကြသည်။ စီးပွားရေး၊ နိုင်ငံရေးနှင့် သူတို့၏ ကိုယ်ရေးကိုယ်တာ ပြဿနာအားလုံးသည် ဤငြိမ်းချမ်းရေးပြဿနာအပေါ်တွင် တည်ရှိနေကြောင်း ပြောဆိုကြပါသည်။ မြစ်ဝကျွန်းပေါ်တွင် ကရင်အမျိုးသားများနှင့်လည်း တွေ့ခဲ့ရာ ပြည်တွင်းငြိမ်းချမ်းရေးနှင့် ပတ်သက်ပြီး သူတို့က လှိုက်လှဲစွာ ကြိုဆိုထောက်ခံကြောင်း၊ ပြည်တွင်း ငြိမ်းချမ်းရေးအဖွဲ့ကြီးအနေနှင့် ဆက်တိုက်အောင်မြင်အောင် ဆောင်ရွက်ဖို့နှင့် သူတို့အဖို့ ပြည်တွင်းစစ်ကြောင့် ရွာပျက်လျှင် မြို့ကိုကပ်နိုင်သူများ မဟုတ်၍ အလွန်ဒုက္ခရောက်ကြရကြောင်း၊ ထို့ကြောင့် ငြိမ်းချမ်းရေးရအောင် ကြိုးစားကြပါလို့ အလွန်လှိုက်လှဲစွာ ပြောဆိုခဲ့ကြပါသည်။ ထို့ပြင် ကျေးလက်ဒေသများမှ ပြည်သူလူထု၏ ဆင်းရဲကျပ်တည်းမှုများသည် ကျွန်တော်တို့ ထင်တာထက် အများကြီးပိုမိုဆိုးဝါးတာ တွေ့ရပါသည်။ ပြည်သူလူထုသည် ထို ၁၃ နှစ်ကျော်ကာလအတွင်း ‘သူပုန်’အမည်တပ်ပြီး ဖြစ်ပွားခဲ့သော အဖိ အနှိပ်အထုအထောင်း အခက်အခဲများကြားတွင် ကြီးစွာသောဖွဲ့နှင့် ရပ်တည်ခဲ့ကြပါသည်။ ထို့ပြင် ကျေးလက်လူထုသည် အပြုတ်တိုက်ရေးဆိုတာကို အလွန်ရွံမုန်းပြီး မနှစ်သက်တာကိုလည်း တွေ့ရပါသည်။ ထို့ကြောင့်ပင် ကျွန်တော်တို့၏ နှစ်ဦးနှစ်ဖက်ဆွေးနွေးညှိနှိုင်း အဖြေရှာ၍ ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်ရေး ကြွေးကြော်သံကို ထောက်ခံကြခြင်း ဖြစ်ပါသည်”... တဲ့။

ဒီလိုထောက်ခံမှုတွေကြောင့်ပဲ- ဖေဖေကဒီခရီးတွေဟာ လူရောစိတ်ရော-ပင်ပန်းပေမယ့် ပျော်တယ်လို့ ပြောခဲ့ဟန်တူပါရဲ့။ ပင်ပန်းတာလည်း မပြောနဲ့လေ။ အဲဒီခရီးစဉ်တွေတလျှောက် တွေ့ရတဲ့ အနှောင့်အယှက်၊ အဖျက်အဆီးတွေကလည်း နည်းတာမှ မဟုတ်တာ။ ဖေဖေတို့ကို လာဖိတ်တဲ့ အဖွဲ့ထဲမှာရော၊ ဧည့်ခံတဲ့အဖွဲ့ထဲမှာရော၊ လူထုကြားမှာရော၊ လမ်းတလျှောက်မှာရော နေရာမလပ် ထောင့်စေ့အောင် ထောက်လှမ်းရေးတွေ သတင်းပေးတွေ ပြည့်နေတာပါ။ သူတို့က အဖျက်လုပ်ငန်းအမျိုးမျိုးတွေ လုပ်ကြပါတယ်။ ဥပမာ-စကား ပြောခွက်(မိုက်ကရိုဖုန်း) အသံမထွက်အောင် လုပ်တာ၊ လူတွေ မလာရဲအောင် မပြောရဲအောင် နှောင့်ယှက်တာ၊ တရားဟောပွဲနားလာ အငြိမ့်ကတာစသဖြင့်ပေါ့။ (အရင်စစ်အစိုးရများ လက်ထက်က နယ်လှည့်စည်းရုံးရေးဆင်းခဲ့တဲ့ ဒီချုပ်ပါတီဝင်များ ကြုံဆုံခဲ့ရတဲ့- အခြေအနေများနဲ့ သိပ်မကွာလှပါဘူး။)

ဒါပေမဲ့-ဒါတွေအားလုံးကို ဖေဖေတို့က ပြည်သူလူထုရဲ့အကူအညီနဲ့ ကျော်ဖြတ်ခဲ့ကြပါတယ်။ ဖေဖေတို့နားကပ်ပြီး ပြည်သူတွေက ဘယ်သူကတော့ မယုံရဘူး။ ဘယ်သူကတော့ ထောက်လှမ်းရေး။ ဘယ်သူကတော့ ဘယ်တုန်းက သစ္စာဖောက်ဖူးတယ်။ သတင်းပေး လုပ်ဖူးတယ် စသဖြင့် သတိပေးခဲ့ကြပါတယ်။

ဖေဖေ့ခမျာ-အဲဒီခရီးတွေသွားမှ စိတ်ပင်ပန်းရတာ မဟုတ်ပါဘူး။ ဒီပြည်တွင်းငြိမ်းချမ်းရေး အဖွဲ့ဖွဲ့စည်းမယ်လို့ ပြင်ဆင်ကတည်းက စ’ စိတ်ညစ်ရတာပါ။ အဲဒီကာလက နံမည်ကြီး အင်အားအကြီးဆုံး အတိုက်အခံ နိုင်ငံရေးပါတီကြီးတရပ်က မထောက်ခံလို့ပါ။ ဖေဖေက သူ့စာအုပ်ရေးစဉ်မှာ အဲဒီအဖွဲ့အစည်းကို နံမည်မဖော်ခဲ့ပါဘူး။ အဲဒီအဖွဲ့အစည်းထဲက တချို့ပုဂ္ဂိုလ်များက နောက်ပိုင်း နိုင်ငံရေးလှုပ်ရှားမှုများမှာ ပြန်ပါဝင်လာကြနေလို့ပါ။ အခုတော့ အတော်များများကွယ်လွန်ကုန်ပါပြီ။ ဖေဖေပြောတဲ့ အဲဒီအဖွဲ့အစည်းဟာ ပမညတ(ပြည်သူ့ အမျိုးသားညီညွတ်ရေး တပ်ပေါင်းစု)ပါ။

ဖေဖေကတပ်ကထွက်ရပြီးနောက် ပထမဆုံး နိုင်ငံရေးနယ်ပယ်ထဲ ဝင်တာဖြစ်လေတော့-သူ့ဟာသူ သိပ်စိတ်မရဲပါဘူး။ ဒါကြောင့် လက်ဝဲသမားကြီးများကို သူက အားကိုးတကြီး ချဉ်းကပ်တာပါ။ ဆရာကြီးမှိုင်းနဲ့ သားမက်ဖြစ်သူ ဆရာကြီးဦးယောတို့က-ဖေဖေကို အားပေးခဲ့လို့သာ ဖေဖေက ရသမျှအင်အားနဲ့ မဖြစ်မနေ ဖွဲ့စည်းလိုက်ရတာပါ။ ဖေဖေမှာ အဲသလို အားမလိုအားမရနဲ့ ဖွဲ့စည်းလိုက်ရပေမယ့် မကြာခင်မှာပဲ ဒီအဖွဲ့အစည်းကြီးဟာ အရှိန်အဟုန်ကောင်းကောင်းနဲ့ အင်အားကြီးထွားလာခဲ့ပါတော့တယ်။

ဒီမှာတင် ဖေဖေက နိုင်ငံရေးသင်ခန်းစာတခု ရရှိလိုက်ပါတော့တယ်။ ဒါကတော့.... ပြည်သူတွေ လိုလားတောင့်တတဲ့ လမ်းစဉ် အကြောင်းပါပဲ။ တရားမှန်ကန်ရင် လူထုကြီးဟာ အလျင်အမြန် လှုပ်ရှားတက်ကြွလာနိုင်ပြီး ထောက်ခံလာတတ်တယ်။ အထူးသဖြင့် လူထုက မိမိတို့ အကျိုးစီးပွားကို ကိုယ်စားပြုသူများလို့ ယုံကြည်သတ်မှတ်ခံရသူများက ဦးဆောင်ရင်-ထောက်ခံမှု ပိုမြန်မြန် ရတတ်တယ် ဆိုတာပါပဲ။

ဖေဖေက ဒီခရီးစဉ်များအကြောင်း သူရဲ့ငြိမ်းချမ်းရေး ခရီးသွားဖော်ကြီးများအကြောင်းတွေကို သူ့ရဲ့ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ “ဆိုင်းစုမှ သည် - မန်ဟိုင်းဆီသို့”မှာ ပြည့်ပြည့်စုံစုံရေး၊ မှတ်တမ်းတင်ထားပါတယ်။

၁၉၆၁ ခုနှစ်-တနှစ်လုံးနီးပါး တနိုင်ငံလုံးအနှံ့ လှည့်လည်သွားလာ ဟောပြောလှုံ့ဆော်ခဲ့တဲ့-ဖေဖေရဲ့ ပြည်တွင်းနိုင်ငံရေး လှုပ်ရှားမှုသမိုင်းအဖြစ် သတင်းစာဟောင်းများထဲက သတင်းများ-ဓာတ်ပုံများကို စုဆောင်းပြီး- ဖေဖေကွယ်လွန်ခြင်း၂နှစ်ပြည့် (၁၀-၁၀-

၂၀၁၄) အထိမ်းအမှတ်အဖြစ် ထုတ်ဝေခဲ့တဲ့ ဗိုလ်မှူးချုပ်ဟောင်းကျော်ဇောရဲ့ "ကမ္ဘာစစ်နှင့်ငြိမ်းချမ်းရေး" (နေရီရီစာအုပ်တိုက်) စာအုပ်မှာ-အခန်းတခန်း ထည့်သွင်း ဖော်ပြထားခဲ့ပါ တယ်။

အခုလည်း ဒီဆောင်းပါးကို ဖေဖေကွယ်လွန်ခြင်း-၄-နှစ်မြောက်အထိမ်းအမှတ်အဖြစ် ရေးဖွဲ့လိုက်ပါတယ်။

၁၀-၁၀-၂၀၁၆

စိတ်ဝင်စားစရာ သတင်းတိုထွာ

မြစမ်းအေး

အိုင်ယာလန်ဘိုးဘိုးအောင် Apple

၂၀၁၅ အိုင်ယာလန် GDP ၂၆ဒသမ ၃ ရာခိုင်နှုန်း တိုးကြောင်း အိုင်ယာလန်ဗဟိုစာရင်းရုံးရဲ့ ထုတ်ပြန်ချက်က စီးပွားရေးပညာရှင်များအကြား ရယ်စရာဟာသတပုဒ် ဖြစ်နေတယ်။ စီးပွားရေးနိုဘယ်ဆုရှင် ပေါလ်ခရုမန်က 'ဘိုးဘိုးအောင်စီးပွားရေး' Leprechaun economics လို့ လှောင်တယ်။ ကုန်စည် တိုးထုတ်လို့လား။ လူထုဝင်ငွေ တိုးလာလို့လား။ နိုင်ငံတော်ထုတ်ကုန် တိုးလာလို့လား။ တခုမှမဟုတ်ပါ။ တကယ်တော့ EU အဖွဲ့ဝင် အိုင်ယာလန်ဟာ ကြွေးဝန်ပိနေတဲ့ စီးပွားရေးကပ်ဒဏ်သင့် PIIGS (ပေါ်တူကီ ၊ အိုင်ယာလန်၊ အီတလီ၊ ဂရိ၊ စပိန်) စာရင်းဝင် နိုင်ငံတနိုင်ငံဖြစ်တယ်။ လူဦးရေ ၅သန်းခန့်သာရှိပြီး ကျွန်းငယ်လေးသာဖြစ်တဲ့ အိုင်ယာလန်ဟာ ပြန်းစားကြီး GDP တနှစ်တာဝင်ငွေ တိုးလာကာ $၂၅၇ ဒသမ ၄ ဘီလီယံ (၂၀၁၅ ခန့်မှန်း) ဖြစ်လာတယ်။ အကြောင်းက အိုင်ယာလန်ဟာ အမေရိကန်ကော်ပိုရိတ်များရဲ့ ဗလောင်းဗလဲလုပ်ရာ (စာရင်းဖျောက်ရာ) အရပ် ဖြစ်နေလို့ပဲ။ ဥပမာဆိုပါစို့ အမေရိကန် ကုမ္ပဏီ Maltronicနဲ့ အိုင်ယာလန်ကုမ္ပဏီ Coridien ပေါင်းကာ အိုင်ယာလန်မြို့တော် ဒပ်ဗလင်မှာ ရုံးစိုက်တယ်။ Maltronic ရဲ့ ပုံသေပိုင်ပစ္စည်းတန်ဖိုး assets $ ၄၃ ဘီလီယံကို အိုင်ယာလန်သို့ပြောင်းတယ်။ တကယ်ပြောင်းတာ မဟုတ်ဘူး။ စာရင်းအရသာ ပြောင်းတာဖြစ်တယ်။ ရုံးချုပ် အလုပ်သမား ပရိဘောဂ လှုပ်ရှားမှု ဘာမှမရှိဘူး။ ဒီလိုနဲ့ အိုင်ယာလန် GDP ဟာ ရုတ်ချည်း မြင့်သွားပါတော့တယ်။

မကြာခင်ကပဲ ဥရောပသမဂ္ဂ EU က အမေရိကန် နည်းပညာ Apple ကုမ္ပဏီကို ၁၀ နှစ်စာ အခွန်ရှောင်မှုနဲ့ ယူရို ၁၃ ဘီလီယံ (ဒေါ်လာ ၁၄ ဒသမ ၅ ဘီလီယံ) နှင့် အတိုးငွေကို ပေးလျော်ဖို့ တရားစွဲတယ်။ ၂၀၁၄ မှာApple က အမြတ်ငွေ ယူရိုတသန်းတိုင်းအတွက် အိုင်ယာလန်အစိုးရသို့ (စာရင်းပြောင်းခ)အခွန် ယူရို ၅၀ သာပေးခဲ့ကြောင်း ဖော်ပြတယ်။ အမေရိကန် ကုမ္ပဏီ ၇၀၀ လောက်ဟာ အင်္ဂလိပ်စကားပြော အိုင်ယာလန်နိုင်ငံကို အိမ်လုပ်ကာ အိုင်ရစ်အလုပ်သမား ၁၄၀၀၀၀ ကို အလုပ်ပေးထားကြောင်း အိုင်းရစ်နိုင်ငံခြားရေးနဲ့ ကုန်သွယ်ရေးဝန်ကြီး Charles Flanagan က ထုတ်ဖော်ပြောကြားပါတယ်။ (၂၀ -၉-၂၀၁၆)

ဒူတာတေး အပြောကြမ်းတယ်

ဖီလစ်ပိုင် သမ္မတရွေးကောက်ပွဲ (၆ မေ ၂၀၁၆) မှာ အနီးဆုံးပြိုင်ဘက်ထက် မဲနှစ်ဆလောက်အသာနဲ့ တောင်ပြိုကမ်းပြိုအနိုင်ရလာတဲ့ သမ္မတသစ် ဒူတာတေး(၇၁ နှစ်) Rodrigo Duterte ဟာ အပြောကြမ်းသော်လည်း ပြည်တွင်းမှာ လူကြိုက်များလှတယ်။ အကျင့်ပျက်ခြစားပြီး မာဖီးယားဂိုဏ်းများဖြင့် အမြီးချင်းလိမ်နေတဲ့ အစိုးရဟောင်းများကို ငြီးငွေ့လှပြီဖြစ်တဲ့ ဖိလစ်ပိုင်ပြည်သူများ အဖို့ ဒူတာတေးဟာ အသစ်အဆန်းဖြစ်နေတယ်။ သူဟာ ဖီလစ်ပိုင်တောင်ပိုင်း မင်ဒါနာအိုကျွန်း ဒါဗိုမြို့ရဲ့ မြို့တော်ဝန်အဖြစ် ၂၂

နှစ် လုပ်ခဲ့တဲ့ကာလအတွင်း ရာဇဝတ်မှုများကို ပြင်းပြင်းထန်ထန် နှိမ်နင်းခဲ့မှုနဲ့ ဒဲ့ဒိုး(တဲ့တိုး)အပြောကြောင့် လူကြိုက်များတယ်။ သူ တက်လာပြီးနောက် ၂၀၁၆ ဒုတိယလေးလပတ် GDP ဟာ ၇ ရာခိုင်နှုန်း ဖြစ်လာတယ်။

မူးယစ်ဆေးသမားတွေကို ပြင်းပြင်းထန်ထန် အရေးယူမယ်။ အဖမ်းမခံသူတွေကို အသေပစ်သတ်ဖို့အထိ အမိန့်ပေးထားတယ် လို့ ပြောတယ်။ မူးယစ်ဆေးဆွဲသူ ၃၀၀၀ ကျော် အသတ်ခံရပြီး၊ သိန်းနဲ့ချီလာရောက်အဖမ်းခံတယ်လို့ သတင်းများကဆိုတယ်။ သူ့လုပ်ရပ်ကို လူ့အခွင့်အရေးစံနှုန်းတွေနဲ့ မကိုက်ညီဘူးဆိုတဲ့ ဝေဖန်မှုအပေါ် ခတ်ကြမ်းကြမ်းပဲ တုံ့ပြန်တယ်။ လူ့အခွင့်အရေးကိစ္စ စုံစမ်းရေးမှူး တထောင်မကလို့ ဘန်ကီမွန်း လာပြောလည်း ဂရုမစိုက်ဘူး။ နောက်ဆုံးဆေးသမားကို သုတ်သင်မပြီးမချင်း ရပ်မှာမဟုတ်ဘူး လို့ပြောတယ်။ (မူးယစ်ဆေးဝါး ပြဿနာဟာ လူတွေ သတ်ပြရုံနဲ့ ပြီးပြတ်သွားမှာ မဟုတ်ဘူး။ လူမှုရေးပြဿနာဖြစ်လို့ ရေရှည်ဖြေရှင်းရမယ့် ကိစ္စ ဖြစ်တယ်။)

ဒါတင်မကဘူး၊ ကုလသမဂ္ဂ လူ့အခွင့်အရေးအဖွဲ့များက နိုင်ငံတကာဥပဒေအရ ပြစ်မှုမြောက်တယ်လို့ ဝေဖန်တာကို ကုလသမဂ္ဂကနေ နုတ်ထွက်မယ်လို့ ခြိမ်းခြောက်တယ် (နောက်တာပါလို့ ပြန်ပြောတယ်)။ ဇတ်မွတ်မှုနဲ့ အကြမ်းဖက်မှုကို နိုင်အောင် မနှိမ်နင်းနိုင်ဘူး။ အီရတ် ဆီးရီးယားမှာ အရပ်သားတွေသေနေတာကို အဆုံးမသတ်နိုင်ဘူးလို့ ကုလသမဂ္ဂကို ဝေဖန်တယ်။ လာအို အာဆီယံ ထိပ်သီးဆွေးနွေးပွဲမှာ (စက် တင်ဘာ ၆ - ၈) အိုဘားမားအပေါ် အပြောကြမ်းတဲ့မှတ်ချက်စကားကြောင့် သမ္မတနှစ်ဦးတွေ့ဆုံပွဲကို အမေရိကန်ဘက်က ဖျက်သိမ်းခဲ့တယ်။ တရားရေးနဲ့မညီတဲ့ သတ်ဖြတ်မှုများအဖြစ် မေးခွန်းမထုတ်ဖို့နဲ့၊ ဖိလစ်ပိုင်ဟာ အမေရိကန်ရဲ့ ရုပ်သေးမဟုတ်၊ မိမိဟာ အချုပ်အခြာပိုင် နိုင်ငံတခုရဲ့သမ္မတဖြစ်ကြောင်း၊ ဖိလစ်ပိုင်ပြည်သူမှအပ ဘယ်သူ့ကိုမှ ဂရုမစိုက်ဘူး စသဖြင့် ပြောတယ်။ 'မိန်းမရွှင်ရဲ့သား'ဆိုပြီး အိုဘားမားကို ဒေသိယစကားနဲ့ ဆဲတယ်။ (နောက်မှ ပြန်တောင်းပန်တယ်)။ အမေရိကန်ကို စိတ်ခုကာ လွတ်လပ်တဲ့နိုင်ငံခြားရေးပေါ်လစီ ကျင့်သုံးမယ်၊ နိုင်ငံတိုင်းနဲ့ ရင်းနှီးတဲ့ဆက်ဆံရေး ထူထောင်မယ်၊ စစ်လက်နက်များကို တရုတ်နဲ့ ရုရှားထံမှ ဝယ်တော့မယ် စသဖြင့်ပြောတယ်။ (သူနဲ့ပတ်သက်လို့ အမေရိကန်ရဲ့ ကိုလိုနီတပိုင်းလို ဖြစ်နေတဲ့ နိုင်ငံအဖြစ်က ရုန်းထွက်ဖို့ ကြိုးစားနေတာတွေကိုတော့ အသိအမှတ်ပြုရပါမယ်။) သူဟာ မြို့တော်ဝန်ဘဝမှာကတည်းက အပြောကြမ်းခဲ့တယ်လို့ ဆိုတယ်။ ပုပ်ရဟန်းမင်းကြီး ဖိလစ်ပိုင်ကို အလည်လာစဉ်တုန်းက လမ်းပေါ်မှာ ၅ နာရီကြာ ကားရပ်ထားရတာကို ခွေးမသားပုပ် အိမ်ပြန်နောက်မလာနဲ့တော့လို့ ဆဲမိတဲ့အပေါ် စာရေးတောင်းပန်ခဲ့တယ်လို့ ဆိုတယ်။ အငြင်းပွားဖွယ် အာဏာရှင်သမ္မတဟောင်း မားကို့စ်ရဲ့ ရုပ်အလောင်းကို ဖိလစ်ပိုင်မှာ မြှုပ်နှံခွင့်ပြုမယ်လို့လည်း ဆိုတယ်။ တရုတ်နဲ့ အငြင်းပွားနေတဲ့ တောင်တရုတ်ပင်လယ်က ကျွန်းများကိစ္စ ပြင်းပြင်းထန်ထန်ပြောသံ မကြားရဘူး။ အဲဒီကျွန်းတွေအပေါ် ငါ လေယာဉ်စီးပြီး ဖြတ်ပျံပြမယ်လို့ပြောတယ်။

အပြောကြမ်းသော်လည်း သူ့ရဲ့ လက်တွေ့ကျတဲ့လုပ်ရပ်ကတော့ ၁၉၆၀ စုနှစ်များကတည်းက ဖြစ်ပွားလာတဲ့ ပြည်တွင်းစစ်မီးကို ငြိမ်းသတ်ဖို့ ကြိုးစားခြင်းပဲ ဖြစ်တယ်။ ဇူလိုင် ၂၅ မှာ သမ္မတဒူတာတေးက တဖက်သတ်အပစ်ရပ်စဲကြောင်း ကြေညာတယ်။ ဖိလစ်ပိုင်ရှိ လက်နက်ကိုင်သူပုန် ၄ ဖွဲ့အနက် ၃ ဖွဲ့နဲ့ (ဖိလစ်ပိုင်ကွန်မြူနစ်ပါတီ၊ မိုရိုအစ္စလမ်မစ် လွတ်မြောက်ရေးတပ်ဦး MILF၊ မိုရိုအမျိုးသား လွတ်မြောက်ရေးတပ်ဦး MNLF) နော်ဝေး-အော်စလိုမှာ အပစ်ရပ်လက်မှတ်ရေးထိုးပြီး၊ ၉လ မှ ၁၂လ အတွင်း အပြီးသတ်ငြိမ်းချမ်းရေး သဘောတူညီမှုရဖို့ ပူးတွဲကြေညာချက်ထုတ် အတည်ပြုကြတယ် (၂၆ ဩဂုတ် ၂၀၁၆)။ ဖိလစ်ပိုင်ကွန်မြူနစ်ပါတီ ခေါင်းဆောင်လည်းဖြစ် ဒူတာတေးရဲ့ဆရာလည်း ဖြစ်ခဲ့ဖူးတဲ့ Joes Maria Sison က 'သမိုင်းဝင် မကြုံစဖူးဖြစ်ရပ်' လို့ပြောတယ်။ စီးပွားရေးမညီမျှမှုနဲ့ အမေရိကန်စစ်စခန်းတွေဖျက်သိမ်းရေးကို ဦးတည်ဆွေးနွေးမယ်လို့ ပြောတယ်။ လူ ပြန်ပေးဆွဲပြီး အကြမ်းဖက်လေ့ရှိတဲ့ Abu Sayaf အဖွဲ့နဲ့တော့ မဆွေးနွေးဘူး။ MNLF ရဲ့ ကြားဝင်ဖြေရှင်းပေးမှုနဲ့ ပြန်ပေးဆွဲထားတဲ့ နော်ဝေးအမျိုးသားတဦးကို အဘူဆာရာဖ်အဖွဲ့က ပြန်လွှတ်ပေးခဲ့တယ်။

ဖိလစ်ပိုင် ဆီးနိတ်(အထက်လွှတ်တော်) တရားရေးကော်မတီဥက္ကဋ္ဌ Mrs. De Lina ဦးဆောင်ပြီး ဥပဒေကျော်လွန် လူသတ်မှုဖြင့် သမ္မတ ဒူတာတေးကို စွဲချက်တင်ကြားနာပွဲ ၃ ရက်လုပ်ပြီးနောက် မဲခွဲရာမှာ (၁၆-၄-၂)မဲဖြင့် ရှုံးနိမ့်သဖြင့် De Lina နှင့် ၈ ဦး နုတ်ထွက်သွားရတယ်။ ဒူတာတေးက မူးယစ်ဆေးပြဿနာကို ဖြေရှင်းဖို့ အချိန် ၆ လ ထပ်တိုးကြောင်း ကြေညာတယ်။ ရာဇဝတ်သားတသိန်းအထိ သတ်ပစ်မယ်။ မင်းတို့အားလုံးကို မနီလာပင်လယ်အော်ထဲ ပစ်ချပြီး ငါးစာကျွေးပစ်မယ်။ ၆လအတွင်း မူးယစ်ဆေးပြဿနာကို မဖြေရှင်းနိုင်ရင် ငါနုတ်ထွက်မယ်လို့ ပြောတယ်။

အပြောကတော့ကြမ်းတယ်။ သတင်းသမားတယောက်က ‘ခင်ဗျားဟာ ဒေါ်နယ်ထရမ့်လိုပဲ ထင်ရာမြင်ရာ စွတ်ပြောတတ်တာပဲ’ လို့ ဆွပေးတော့၊ ဒူတာတေးက ‘သူက ထင်ရာမြင်ရာပြောတဲ့ကောင်၊ ငါက မဟုတ်ဘူး’လို့ ချက်ချင်း တုံ့ပြန်တယ်။ နောက်တော့ ထရမ့်ကိုထိခိုက်အောင် ပြောမိတဲ့ အတွက် တောင်းပန်ပြန်တယ်။

(၂၇-၉-၂၀၁၆)

ကျူးဘား ဂျပန် နှင့် မြောက်ကိုရီးယား

စက်တင်ဘာ ၂၄ ၊ ၂၀၁၆ ။ ရိုမီယူရီ ရှင်ဘွန်း Yomiuri Shimbun သတင်းစာ အယ်ဒီတာ့အာဘော်မှ အရေးအသားကို လိုရင်း ဖော်ပြလိုက်ပါတယ်။

ဂျပန်နှင့်ကျူးဘားအကြား အများဆိုင်ရာနှင့်ပုဂ္ဂလိက ကဏ္ဍနှစ်ရပ်စလုံး၌ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုက မြောက်ကိုရီးယားအရေး ပူးပေါင်းဆောင်ရွက်ဖို့ကိုလည်း လမ်းပွင့်စေပါတယ်။ ဝန်ကြီးချုပ် ရှင်ဇိုအာဘေးဟာ ကျူးဘားကို အလည်အပတ် သွားရောက်တဲ့ ပထမဆုံး ဂျပန်ဝန်ကြီးချုပ် ဖြစ်လာတယ်။ ကျူးဘားသမ္မတ ရောလ်ကက်စရိုနဲ့ တွေ့ဆုံဆွေးနွေးပြီး နှစ်ဖက်စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး တိုးမြှင့်ဖို့ သဘောတူကြတယ်။ အာဘေးက ဆေးဝါးပစ္စည်းနဲ့ ကင်ဆာကုသရေးအတွက် ယန်း ၁ ဒသမ၂၇၃ ဘီလီယံ ထောက်ပံ့မယ့်အကြောင်း ကြေညာတယ်။ ‘စီးပွားရေးနဲ့ လူမှုဖွံ့ဖြိုးရေးအတွက် ကျူးဘားနဲ့ ပူးပေါင်းဆောင်ရွက်လိုတယ်။ ကျူးဘားဟာ ရင်းနှီးမြှုပ်နှံဖို့ အလားအလာကောင်းတဲ့ ဒေသဖြစ်တယ်’လို့ ဆိုတယ်။ မနှစ်က ဇူလိုင်လ အတွင်း ကျူးဘား-အမေရိကန် ၅၄ နှစ်ကြာ ပြတ်တောက်နေတဲ့ သံတမန်ဆက်ဆံရေးကို ပြန်လည်ထူထောင်တယ်။ ထိုအချိန်ကစလို့ တခြားနိုင်ငံများကလည်း ဟားဗနားနဲ့ ဆက်ဆံရေးကောင်းအောင် ကြိုးစားလာကြတယ်။ ကျူးဘားဟာ နှစ်ကယ်နှင့် တခြားတွင်းထွက်များ ပေါများပြီး ခရီးသွားလုပ်ငန်းဂုဏ်သတင်း ကျော်ကြားတယ်။

ကြွေးမြီ ယန်း ၁၈၀ ဘီလီယံအနက် ယန်း ၁၂၀ ဘီလီယံကို လျှော်ပစ်ဖို့ ဂျပန်ဘက်က ကတိပြုတယ်။ ဂျပန် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု အေဂျင်စီရုံးကို ကျူးဘားမှာ ဖွင့်ဖို့ အစီအစဉ်ရှိတယ်။ အခြေခံအဆောက်အအုံနဲ့ စွမ်းအင်ကဲ့သို့ နယ်ပယ်များမှာ အလေးထားကူညီဖို့ ဖြစ်တယ်။ မကြာခင်နှစ်များက ကျူးဘားဟာ ဆိုရှယ်လစ်စနစ်ကို ထိန်းသိမ်းထားသော်လည်း စီးပွားရေး ပြုပြင်ပြောင်းလဲမှုများနဲ့ အထူးစီးပွားရေးဇုန်များ ဖွင့်လှစ်ခဲ့တယ်။ ဒါပေမဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုက နည်းသေးတယ်။ ရောလ်ကက်စထရိုနဲ့ စကားပြောရာမှာ အာဘေးက မြောက်ကိုရီးယား နျူကလီးယားနဲ့ ဒုံးလက်နက်ပြဿနာကို ‘မတူညီတဲ့အဆင့်အလျောက် အတိတ်ရဲ့ အန္တရာယ်’ အဖြစ် ဖော်ပြပြီး အတူတကွဖြေရှင်းဖို့ ပြောတယ်။ မြောက်ကိုရီးယားက ဖြားယောင်းခေါ်ဆောင်သွားတဲ့ ဂျပန်အမျိုးသားများ အရေး ကျူးဘားရဲ့ ပူးပေါင်းကူညီမှုကို ဆွေးနွေးတယ်။ ဒါပေမဲ့ ကျူးဘားခေါင်းဆောင်က ငြိမ်းချမ်းစွာ ဖြေရှင်းဖို့ အရေးကြီးကြောင်းပဲ ပြောတယ်။ နျူကလီးယားနဲ့ ဒုံးလက်နက်ကိစ္စဟာ မြောက်ကိုရီးယားစီးပွားရေးကို ဘေးသင့်စေပြီး ဒေသတွင်းတည်ငြိမ်မှုကိုလည်း ပျက်ပြားစေတယ်။ ဒီအချက်ကို ပြုံယန်း သဘောပေါက်အောင် လုပ်ဖို့အရေးကြီးတယ်။ ကျူးဘားအနေနဲ့ သက်ဆိုင်ရာနိုင်ငံများမှ မြောက်ကိုရီးယားကို ဖျောင်းဖျဖို့ နည်းပေါင်းစုံနဲ့ လုပ်ဆောင်နိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ကျူးဘားတော်လှန်ရေး ခေါင်းဆောင် ဖီဒယ်ကက်စရိုနဲ့လည်း အာဘေး တွေ့တယ်။ ၂၀၀၃ က ဟီးရိုရှီးမားကို အလည်ရောက်ခဲ့ဖူးတဲ့ ဖီဒယ်က ယခုလိုပြောပါတယ်။ ‘နျူကလီးယားလက်နက်မဲ့ ကမ္ဘာကြီးကို ဖန်တီးဖို့ ရည်ရွယ်ချက်ရှိကြောင်း နှစ်နိုင်ငံသဘောတူတယ်’။

ကိုလံဘီယာ စစ်အေးလွန် ငြိမ်းချမ်းရေး

၅၂ နှစ်ကြာ ကိုလံဘီယာပြည်တွင်းစစ် အဆုံးသတ်ရေး သဘောတူညီချက်ကို ကိုလံဘီယာသမ္မတ ဟွမ်မန်နျူရယ် ဆန်းတို့စ်နှင့် လက်ဝဲ သူပုန်တပ်ဖွဲ့ FARC-EP (Revolution Armed Force of Colombia-People's Army) ခေါင်းဆောင် တင်မိုချန်ကို တို့ ၂၆ စက်တင်ဘာ ၂၀၁၆ တွင် ဟားဗားနားမြို့၌ လက်မှတ်ရေးထိုးတယ်။ လက်မှတ်ရေးထိုးပွဲသို့ ကုလအထွေထွေအတွင်းရေးမှူး ဘန်ကီမွန်း၊ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန် ကယ်ရီ၊ ကျူးဘားသမ္မတ ရောလ်ကက်စထရိုနဲ့ လက်တင်အမေရိကနိုင်ငံ ခေါင်းဆောင် အများအပြား တက်ရောက်တယ်။ ၁၉၉၀ နှစ်များက အယ်လ် ဆာဗေဒိုး နှင့် ဂွာတီမာလာ စစ်ပွဲများ အဆုံးသတ်ခဲ့သည့်အတိုင်း ဖြစ်တယ်လို့ဆိုတယ်။ FARC-EP သူပုန်တပ်သား ၇၀၀၀ နဲ့ နောက်လိုက် ၁၇၀၀၀ ပါဝင်တယ်။

သဘောတူညီချက်တွင် စစ်ကာလအတွင်း နှစ်ဖက်ကျူးလွန်ခဲ့တဲ့ပြစ်မှုများကို နှစ်ဖက်ရွေးချယ် တင်မြှောက်ထားတဲ့ တရားခုံရုံးက စစ်ဆေးရန်၊ FARC-EP ကို တရားဝင်နိုင်ငံရေးပါတီအဖြစ် ပြန်လည်ရပ်တည်ဖို့ အစိုးရမှကူညီရန်တို့ ပါဝင်တယ်။ ယခု သဘောတူညီချက်ကို အောက်တိုဘာ ၂ တွင် သဘောတူမတူ လူထုဆန္ဒခံယူပွဲ လုပ်မယ်။

ဂျွန်ကယ်ရီက သမိုင်းဝင်နေ့၊ ခက်ခက်ခဲခဲစေ့စပ်ရ၊ ရှေ့မှာလုပ်စရာအခက်အခဲတွေ အများကြီးရှိသေးကြောင်း ပြောတယ်။

ကျူးဘားနဲ့ ပြန်လည်သင့်မြတ်ပြီးနောက် အမေရိကတိုက်မှ စစ်အေးတိုက်ပွဲ လက်ကျန်ပဋိပက္ခ အဆုံးသတ်နိုင်ခဲ့မှုအတွက် အိုဘားမားက အမေရိကန် နိုင်ငံခြားရေးပေါ်လစီ အောင်မြင်မှုတရပ်အဖြစ် ချီးကျူးပြောကြားတယ်။

ဒါပေမဲ့ (အောက်တိုဘာ ၃၊ ၂၀၁၆) လူထုဆန္ဒခံယူပွဲ ၉၉ ရာခိုင်နှုန်း မဲရုံများ ရေတွက်ပြီး စာရင်းအရ ၅၀ဒသသမ၂ ရာခိုင်နှုန်း ဆန့်ကျင်၊ ၄၉ ရာခိုင်နှုန်း ထောက်ခံကြောင်း ဖော်ပြတယ်။ အစိုးရနဲ့သူပုန် နှစ်ဖက်စလုံးက လေးနှစ်ကြာစေ့စပ်ခဲ့ရတဲ့ ငြိမ်းချမ်းရေးကို ဆက်လက်ထိန်းသိမ်းသွားမယ် လို့ ထုတ်ဖော်ပြောကြားတယ်။

(၄ အောက်တိုဘာ ၂၀၁၆)

ကမ္ဘာ့စည်းစနစ်သစ်နဲ့ ပတ်သက်၍ တရုတ်-အမေရိကန် ကွဲလွဲချက်

တရုတ်-အမေရိကန်တို့ဟာ ပူးပေါင်းဆောင်ရွက်နေကြသော်လည်း ပုံမှန်ဆက်ဆံရေးသစ် new normal အတွက် မူဝါဒနှင့် စည်းမျဉ်းပိုင်းတွင် ရည်ရွယ်ချက်ခြင်း ကွဲပြားနေတယ်။ ဒီအကြောင်းနဲ့ပတ်သက်လို့ တရုတ်ပညာရှင် Wang Jisi (ပီကင်းတက္ကသိုလ် နိုင်ငံတကာ မဟာဗျူဟာ လေ့ လာရေးဌာန ဥက္ကဋ္ဌ) နှင့် Kenneth Lieberthal(ဘရုတ်ကလင်းတက္ကသိုလ် တရုတ်-အမေရိကန် ရေးရာ ပညာရှင်)တို့ ပူးတွဲရေးသားတဲ့ တရုတ်-အမေရိကန် မဟာဗျူဟာပိုင်းဆိုင်ရာ သံသယ China-US Strategic Distrust စာတမ်းမှ လိုရင်း ကောက်နုတ်ဖော်ပြလိုက်ပါတယ်။)

နိုင်ငံရေးအားဖြင့် တရုတ်က 'ဒီမိုကရေစီကျတဲ့ နိုင်ငံတကာဆက်ဆံရေး'ကို ရပ်ခံတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံတွေ အများစုဖြစ်တဲ့အတွက် နိုင်ငံကို အခြေပြုတဲ့ ဒီမိုကရေစီနည်းကျ နိုင်ငံတကာစနစ်ကို ကျင့်သုံးတယ်။ အမေရိကန်က 'လစ်ဘရယ်နိုင်ငံတကာစည်းစနစ်' ကို ဆော်သြပြီးပုဂ္ဂလိက လွတ်လပ်မှုနဲ့ ပုဂ္ဂလိကအခွင့်အရေးရှိတဲ့ 'ဒီမိုကရေစီကမ္ဘာကြီး'ကို လှုံ့ဆော်တယ်။ အထက်ပါအယူအဆ နှစ်ရပ် ကွဲလွဲမှုက မကျော်လွှားနိုင်တဲ့ အတားအဆီး ကို ဖြစ်စေတယ်။

စီးပွားရေးအားဖြင့် အမေရိကန်ဟာ နိုင်ငံတကာစည်းမျဉ်း တပုံကြီးကို ပြဋ္ဌာန်းပြီး နိုင်ငံပိုင်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုကို ကန့်သတ်တယ်၊ အလုပ်သမားစံနှုန်းကိုမြှင့်တယ်။ သတင်းလွတ်လပ်စွာစီးဆင်းစေတယ်၊ သဘာဝဝန်းကျင် ဂေဟစနစ်ကို ကာကွယ်ဖို့ ပြောတယ်၊ နိုင်ငံတကာမူပိုင်ခွင့်ကို ကာကွယ်ဖို့ပြောတယ်။ ပစိဖိတ်ကျော် ပူးပေါင်းဆောင်ရွက်မှု (ကုန်သွယ်ဝန်ဆောင် သဘောတူညီချက်)TPP(နိုင်ငံတကာ့နယ်ပယ်မှာ၊ အတ္တလန်တိတ်ကျော်ပူးပေါင်းဆောင်ရွက်မှု (ကုန်သွယ်ရေးနဲ့ရင်းနှီးမြှုပ်နှံမှုနှင့် ဝန်ဆောင်မှုကူးသန်းရောင်းဝယ်ရေး သဘောတူချက်) TAP အတွက် စေ့စပ်ဆွေးနွေးတယ်။

အဲဒီထဲက တချို့စည်းမျဉ်းတွေကို (ဥပမာ၊ အစိုးရပိုင် စီးပွားရေးလုပ်ငန်းများအပေါ် ခွဲခြားဆက်ဆံတာ) တရုတ်က လက်မခံနိုင်ဘူး။ တရုတ်က လုပ်ဆောင်နေတဲ့ အာရှ အခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုဘဏ် AIIB မှာ အမေရိကန်က မပါဘူး။ တရုတ်က ဆော်သြနေတဲ့ ခါးပတ်လမ်းကြောင်း One Belt One Road ကိုလည်း စောင့်ကြည့် အနေအထားပဲရှိတယ်။ နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုစာချုပ် ညှိနှိုင်းဆွေးနွေးနေတာ မချောမွေ့သေးဘူး။ နည်းပညာမြင့် ပို့ကုန်တွေ တရုတ်ကို တင်ပို့ရာမှာလည်း အတားအဆီးတွေ ရှိနေသေးတယ်။ အမေရိကန်ဒေါ်လာရဲ့ စိုးမိုးမှုအနေအထားကို ထိန်းသိမ်းထားဖို့အတွက် နိုင်ငံတကာ ဘဏ္ဍာရေးအဖွဲ့အစည်းများအတွင်း တရုတ်ရဲ့မဲပေးခွင့် တိုးပွားလာမှာနဲ့ တရုတ်ယွမ်ငွေ နိုင်ငံတကာသုံး ဖြစ်လာမှာကို အမေရိကန်က အပြုသဘော မတုံ့ပြန်ဘူး။ အမေရိကန်နိုင်ငံအတွင်း တရုတ်စီးပွားရေး (ပုဂ္ဂလိကအပါ) လှုပ်ရှားလာမှုအပေါ် အမျိုးသားလုံခြုံရေး ရှုထောင့်နဲ့ ကန့်သတ်မှုတွေလုပ်တယ်။

ဒါတွေက အမေရိကန်အနေနဲ့ တရုတ်ရဲ့ပြည်တွင်းပြည်ပ စီးပွားရေးပေါ်လစီကို ဘောင်ခတ်ပြီး အမေရိကန်အတွက်သာ အကျိုးရှိမည့် စည်းမျဉ်းများ ချမှတ်ဖို့ ကြိုးစားခြင်းပဲဖြစ်တယ်။ နိုင်ငံနှစ်ခုရဲ့ စီးပွားရေးပုံစံ သဟဇာတမဖြစ်မှုဟာ အတားအဆီးတွေ

ပိုများလာတယ်။ နိုင်ငံတကာ လုံခြုံရေးနယ်ပယ်တွင် တရုတ်က တောင်တရုတ်ပင်လယ်ကို မိရိုးဖလာပင်လယ်ပြင်အဖြစ် မြင်ပြီး တောင်တရုတ်ပင်လယ်နဲ့ ပတ်သက်တဲ့ မူဝါဒ အခွင့်အရေးနဲ့ အကျိုးစီးပွားကို အမျိုးသားအချုပ်အခြာနဲ့ ပိုင်နက်နယ်မြေတည်တံ့မှုအဖြစ် သဘောထားတယ်။ ဒါပေမဲ့ အမေရိကန်က တောင်တရုတ်ပင်လယ် အများပိုင်းကို နိုင်ငံတကာရေပြင်အဖြစ် 'နိုင်ငံတကာဥပဒေအရ လွတ်လပ်စွာ ရေကြောင်းသွားလာခွင့်'ကို ကိုင်စွဲတယ်။ ဒီလို မူဝါဒအငြင်းပွားမှုတွေရဲ့နောက်ကွယ်မှာ ပထဝီနိုင်ငံရေး အကြောင်းအချက်တွေ ရှိတယ်။

အမေရိကန်နဲ့တရုတ် နှစ်နိုင်ငံစလုံးက ဆိုက်ဘာလုံခြုံရေးကို မြင့်မြင့်မားမား အလေးထားပြီး တဦးရဲ့ ဆိုက်ဘာလုံခြုံရေးကို တဦးက အန္တရာယ် ပြုနေတယ်လို့ မြင်ကြသော်လည်း သူတို့တဦးချင်းရဲ့ အလေးထားမှုချင်း ကွာခြားပြန်တယ်။ တရုတ်က ပြည်တွင်းကွန်ရက်အတွင်း နိုင်ငံရေးအရ ထိုးဖောက်ပြီး ခေါင်းဆောင်မှုအာဏာကို တိုက်ခိုက်လာမှာကို စိုးရိမ်တယ်။ အမေရိကန်က online hackers တွေရဲ့ စီးပွားရေးအချက်အလက်တွေ ခိုးယူမှုနဲ့ လုံခြုံရေးအေဂျင်စီကွန်ရက်ကို တိုက်ခိုက်လာမှုအပေါ် စိုးရိမ်တယ်။ ပုံမှန်ဆက်ဆံရေးသစ် ဘာလဲ၊ နှစ်ဖက် အစိုးရပညာရှင် အရပ်ဖက်အဖွဲ့ အစည်းတွေ ပုံမှန်တွေ့ဆုံဆွေးနွေး လာခဲ့သော်လည်း သံသယနဲ့ မယုံကြည်မှုကို မချေဖျက်နိုင်ရုံတင်မက ပိုလို့တောင် တိုးပွားလာတယ်။

၂၀၁၇ မှာ အိမ်ဖြူတော်ကို ဘယ်သူရောက်လာမလဲ ဆိုတာထက် အမေရိကန်က ဖိအားပိုပေးလာမှာကိုပဲ တရုတ်က စိုးရိမ်တယ်။ အမေရိကန်ဘက်ကလည်း တရုတ်ရဲ့ နိုင်ငံရေးနဲ့ စီးပွားရေးအပေါ် ရှုပ်ထွေးတဲ့ ပူပန်မှုရှိတယ်။ တိန့်ရှောင်ဖင်ရဲ့ 'သိုသိုသိပ်သိပ်နေ၊ မလောနဲ့' ဆိုတဲ့ မဟာဗျူဟာ အယူအဆအစား ပိုစွာတဲ့ သဘောထားနဲ့ အစားထိုးလာမှာကို စိုးရိမ်တယ်။ မဟာဗျူဟာ သံသယ တိုးပွားမှုဟာ တရုတ်-အမေရိကန် ပုံမှန်ဆက် ဆံရေးသစ်ကို ထိခိုက်စေတယ်။ ပုံမှန်ဆက်ဆံရေးသစ် ထူထောင်ဖို့အတွက် နှစ်ဖက်စလုံးက ပဋိပက္ခနဲ့ ထိပ်တိုက်တိုးမှုကို ရှောင်ရှားပြီး ပူးပေါင်းဆောင် ရွက်ရေးကို လိုလားတဲ့ မဟာဗျူဟာ ရည်မှန်းချက်ရှိကြောင်း မိမိတို့ပြည်သူများကို ရှင်းပြရုံတင်မက၊ နှစ်ဖက်အစိုးရများအကြား မကြာခဏဆက်သွယ် ညှိနှိုင်းခြင်းဖြင့် အထင်အမြင်ရှုပ်ထွေးမှုကို လျော့နည်းစေပြီး ကျယ်ပြန့်တဲ့ သဘောထားညီညွတ်မှုကို ရရှိစေပါတယ်။ ဟင်နရီကစ်ဆင်ဂျားက 'တရုတ်ပြည်' ON China ဆိုတဲ့ စာအုပ်မှာ ယခုလိုတင်ပြခဲ့တယ်။ အမေရိကန်- တရုတ် 'ပူးပေါင်းဆောင်ရွက်တဲ့ တစတစ ပြောင်းလဲရေး ' co-evolution ဆိုတဲ့ ဆက်ဆံရေးကို ထူထောင်ရမယ်။ နှစ်နိုင်ငံစလုံးက ပြည်တွင်းရေးကို ကောင်းအောင်လုပ်၊ ဖြစ်နိုင်သမျှ ပူးပေါင်းဆောင်ရွက်၊ ပဋိပက္ခကို နည်းအောင် လုပ်ရမယ်။ ကစ်ဆင်ဂျားပြောတဲ့ co_evolution ဆိုတာ ငြိမ်းချမ်းစွာယှဉ်ပြိုင်ခြင်း peaceful competation ကို ပြောတာလို့ ထင်တယ်။ ဘယ်နိုင်ငံက မိမိရဲ့ပြည်တွင်းရေးကို ကောင်းအောင်လုပ်နိုင်သလဲ၊ မိမိပြည်သူတွေကို ကျေနပ်မှုပေးနိုင်သလဲ ဆိုတဲ့အပေါ် ပြိုင်ဆိုင်ခြင်းသည်သာ အမေရိကန်နဲ့ တရုတ် အကြား အဓိပ္ပာယ်ရှိတဲ့ ပြိုင်ဆိုင်မှုဖြစ်ပါလိမ့်မယ်။

ရည်ညွှန်း။ As Distrust Mounts, U. S and China Battle Over New Rules of Global Order.

(၁၀ အောက်တိုဘာ ၂၀၁၆)

ပူးဝင်နေတဲ့
သရဲတစ္ဆေ ဆိုတာ
(စိုးထွန်းအောင်)

မယမင်း- အသက်(၈လ) (သေဆုံး)
မလှနှင်းရွှေ - အသက် (၂) နှစ် (သေဆုံး)
မောင်နေလလင်း (၁) တစ်တို - အသက် (၃) နှစ် (သေဆုံး)
မသင်းသင်းစိုး - အသက် (၄) နှစ်

ဖော်ပြပါ ကလေးငယ် ၄ ယောက်ဟာ ပိန်းကြာဖက်ပေါ်က ရေစင်ရေပေါက်ကလေးတွေလို ပီဘိ ကလေးငယ်လေးများသာဖြစ်ပါတယ်။ အဲ ဒီ ကလေး ၄ ယောက်အနက် မယမင်း၊ မလှနှင်းရွှေ၊ မောင်နေလလင်း (ခ) တစ်တိုတို့ကတော့ ကြေကွဲဖွယ် သေဆုံးသွား ခဲ့ကြရရှာပါပြီ။ (၄) နှစ်အရွယ်သမီးလေး သင်းသင်းစိုးတစ်ယောက်ပဲ မသေကောင်းမပျောက်ကောင်း အသက်ရှင်ကျန်ရစ်ခဲ့တာပါ။ အခုချိန်မှာတော့ သမီးလေး သင်းသင်းစိုးဟာ တွံတေးမြို့နယ်ဆေးရုံကနေတဆင့် ရန်ကုန်ဆေးရုံကြီးသို့ပြောင်းပြီး အတွင်းလူနာအဖြစ် ဆေးကုသခံ နေရပါတယ်။

အပြစ်ကင်းစင်တဲ့၊ ဖြူစင်လှတဲ့ သူတို့လေးတွေအပေါ် ဘယ်လို အပြိုးအတေးကြောင့်များ ဒီလိုကံဆိုးမိုးမှောင်ကျမှုက ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ကျရောက်လာခဲ့ရတာလဲ။

မုန်တိုင်းဘေး၊ ရေဘေး၊ မီးဘေးအန္တရာယ်ကျရောက်လို့လား၊ မဟုတ်ပါဘူး။ စစ်တပ်က ပစ်လိုက်တဲ့ လက်နက်ကြီးကျည်ဆန် ကျရောက် ပေါက်ကွဲလို့လား၊ မဟုတ်ပါဘူး။ မြွေကိုက်ခံရတာလား၊ လျှပ်စစ်ဓာတ်လိုက်တာလား၊ မဟုတ်ပါဘူး။ လူမှန်းသူမှန်းမသိတော့တဲ့ ဖခင်အရက် သမား/ဖခင်ဆေးသမားက အရက်ကြောင်/ဆေးကြောင်ပြီး သတ်ဖြတ်ပစ်လိုက်တာလား၊ ဒါမျိုးလည်း လုံးဝမဟုတ်ပါဘူး။ ဒါဆို ဘာဖြစ်တာလဲ။"သရဲတစ္ဆေဝင်ပူးတယ်" ဆိုတဲ့ သွေးဆာနေတဲ့ အစွဲအလမ်းဟောင်းရဲ့သားကောင်တွေအဖြစ် လည်စင်းပေးလိုက်ကြရတဲ့ အဖြစ်ဆိုးနဲ့ တည့်တည့်တိုးခဲ့ကြရတာပါ။

(၄)နှစ်နဲ့ (၈ လ) ဆိုတဲ့ လူမမယ်အအရွယ်လေးတွေကို ခြေထောက်နဲ့ကန်၊ တက်နင်း၊ လက်သီးနဲ့ထိုး၊ ပုဆိန်နဲ့ ထုခဲ့သတဲ့။

ဘယ်လောက်မိုက်မဲပြီးအသိဉာဏ်မဲ့တေလှတဲ့လုပ်ရပ်ဖြစ်ပါသလဲ။ အခုတော့ အဲဒီရက်စက်မိုက်မဲမှုကို ကျူးလွန်ခဲ့တဲ့ ထွန်းနိုင် ဆိုသူကို သက်ဆိုင်ရာက ဖမ်းဆီးထားပါပြီ။ဒါဟာ ဒီပြစ်မှုကို ကျူးလွန်ခဲ့သူ "ထွန်းနိုင်" တဦးတယောက်ချင်းရဲ့ မိုက်မဲမှု၊ အသိဉာဏ် မရှိမှု သက်သက်ပဲလား။ မဟုတ်ပါဘူး။ တကယ်တော့ ထွန်းနိုင်ကျူးလွန်ခဲ့တဲ့ပြစ်မှုကနေ ကျွန်တော်တို့ ဗမာပြည်လူ့အဖွဲ့အစည်းဟာ အသိဉာဏ်မိုးမှောင်ကျမှုအောက်မှာ ကျရောက်နေပြီဖြစ်တယ်ဆိုတာကို အကျယ်လောင်ဆုံး ခေါင်းလောင်းထိုးဖော်ပြလိုက်တာသာ ဖြစ်ပါတယ်။

ကလေး (၄)ယောက်နဲ့ ထွန်းနိုင်တို့သာ ဒီမိုးမှောင်ကျမှုကြီးထဲ ကျရောက်နေတာမဟုတ်ပါဘူး။ ကလေးတွေရဲ့မိဘ၊ ကလေးမိဘတွေ နေထိုင်တဲ့ ကျေးလက်တောရွာကလူတွေ အားလုံးမှာ ဒီမိုးမှောင်ကျမှုကြီး စိုးမိုးကျရောက်နေတာပါ။ ဒါဟာ တွံတေးမြို့နယ် တစ်ခုတည်းရဲ့ သီးခြားလက္ခဏာ မဟုတ်ပါဘူး။

တကယ်တော့ ဗမာပြည်အနှံ့အပြား တောင်ပေါ်မြေပြန့်မကျန် ကျရောက်နေတဲ့ ဆင်းရဲမွဲတေမှုနဲ့ အသိပညာမဲ့မှုကနေ ပေါက်ဖွားလာတဲ့ မိုးမှောင်ကျမှုကြီးဖြစ်ပါတယ်။ အခုဖြစ်ရပ်ဟာ ဆင်းရဲမွဲတေမှုနဲ့အသိပညာမဲ့မှုက အဆက်မပြတ်မွေးထုတ်ပေးနေတဲ့ ကြေကွဲဖြစ်ရပ်တွေထဲက အချို့မျှသာ ဖြစ်ပါတယ်။ ဒီလိုမျိုး တုန်လှုပ်ကြေကွဲဖွယ်ဖြစ်ရပ်တွေ ဗမာပြည်အနှံ့ တောင်ပေါ်မြေပြန့် မတူတဲ့ အတိုင်းအတာနဲ့ ဖြစ်ပွားနေတာပါ။ လူအများ သိရှိလိုက်ကြတာနဲ့ လူအများမသိလိုက်ကြတာပဲခြားနားပါတယ်။ (ခုတလောမှာကိုပဲ နဂါးပူးတယ်ဆိုပြီး ဘုရားရင်ပြင်မှာ မြင်မကောင်းရှုမကောင်း လူးလိမ့်နေတဲ့ မိန်းမကြီးငယ်တွေကို ရေဖျန်းလောင်းပေးနေရတဲ့ ဖြစ်ရပ်တွေကလည်း တချိန်တည်း ထွက်ပေါ်လာနေတာ သတိပြုမိကြလိမ့်မယ်ထင်ပါတယ်။ ရောဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်။ ရှမ်းရေကျော် ကျေးရွာမှာ သူရဲစီးတယ်ဆိုတဲ့ အထက(ခွဲ)မှာ တာဝန်ရှိသူ အာဏာပိုင်တွေ လာရောက်၊ အမိန့်ပြန်တမ်းထုတ်၊ ရဲအဖွဲ့ သေနတ် ၁၈ ချက် ပစ်ဖောက်ပြီး ပရလောကသားတွေကို နှင်ထုတ်တဲ့ သတင်းကလည်း ဆက်တိုက် အကျယ်အပြန့် ပေါ်ထွက်လာနေတယ်။ ဒါ့သာမက လောက်ကိုင်မြို့မှာ "သေသော် ငရဲမလား"ဆိုတဲ့ ကျဆုံးစစ်သည်တွေရော၊ ကျန် အရပ်သားတွေပါ မကျွတ်လွတ်သေးတဲ့သဘော ဖော်ပြတဲ့ သတင်းတွေလည်း ထွက်ပေါ်လာပြန်ပါတယ်။)

"သရဲ၊ တစ္ဆေ" ဆိုတာ တကယ်တော့ မရှိပါဘူး။ ရှိတယ်လို့ ပြောနေတာဟာ ရိုးအပြီး အညာလွယ်သူတွေထံကနေ လှည့်ဖြားလုယက်ဖို့ အကြံအစည်ရှိနေသူတွေ၊ လက်တွေ့လုပ်ကိုင်တွေသူတွေရဲ့ ဖြီးလုံးဖြန်းလုံး၊ ခြောက်လုံးလှန့်လုံးတွေသာဖြစ်ပါတယ်။ အုပ်စိုးသူအစိုးရအဆက်ဆက်၊ စစ်အုပ်စုနဲ့ချမ်းသာကြွယ်ဝသူတွေမှာ ကိုယ်ပိုင်ဆရာဝန်/မိသားစုဆရာဝန်သာ မရှိချင်နေမယ်။ ကိုယ်ပိုင်ဗေဒင်ဆရာ၊ ယတြာဆရာ၊ နတ်ဆရာ၊ ဂိုဏ်း ဆရာတော့ ကိုယ်စီရှိကြတာချည်းပါပဲ။ ဒါတော့ အာဏာရမှုက်ကြီးနဲ့ အစွဲအလမ်း ဟောင်းတို့ရဲ့ မိုက်ဖော်ဆိုးဖက် မဟာမိတ်ပြုမှု လက္ခဏာချက်ပါပဲ။ အဆက်ဆက်သော အုပ်စိုးသူများရဲ့ တူညီတဲ့ ဘုံလက္ခဏာလို့ ပြောရမှာပါ။

တကယ်တော့ "သရဲ၊ တစ္ဆေတွေ ရှိနေတယ်၊ သရဲဝင်ပူးနေတယ်" ဆိုတာ ဆင်းရဲမွဲတေမှု၊ အသိပညာမဲ့မှု ဆိုတဲ့ သရဲတစ္ဆေတွေ ပဲဖြစ်ပါတယ်။ အဲဒီ ဆင်းရဲမွဲတေမှုနဲ့ အသိပညာမဲ့မှုဆိုတဲ့ သရဲတစ္ဆေတွေဟာ သေဆုံးသွားကြရတဲ့ ကလေးငယ်တွေကို ပူးဝင်နေတာမဟုတ်ဘဲ။ ကလေးသူငယ်တွေရဲ့ မိဘများနဲ့ ပယောဂကုပေးမယ်ဆိုတဲ့ (တကယ်တော့ လူသတ်သမား)ထွန်းနိုင် ဆိုသူရဲ့ အသိဉာဏ်နဲ့ ဦးနှောက်ထဲမှာပါ ပူးဝင်စွဲကပ်နေတာပါ။ ဆင်းရဲမွဲတေလှတဲ့ ဗမာပြည်လူ့အဖွဲ့အစည်းတခုလုံးကို မတူတဲ့အတိုင်းအတာနဲ့ကို ပူးဝင်စွဲ နေတာလည်း ဖြစ်ပါတယ်။

ဒီလို ပူးဝင်စွဲကပ်ခံရမှုဟာ တွံတေးက လူတချို့မှာတင်မဟုတ်ဘူး၊ ဗမာပြည်အနှံ့ကျေးလက်မြေပြန့်တောင်ပေါ်အားလုံးမှာ ပုံစံမျိုးစုံနဲ့ ပူးဝင်စွဲကပ်နေတာပါ။

ဒါကြောင့် ဒီဖြစ်ရပ်မှာ ထွန်းနိုင် တဦးချင်းကို အပြစ်ပေးအရေးယူလိုက်တာမှာတင် ကျွန်တော်တို့လူ့အဖွဲ့အစည်းဟာ ရပ်နားနေလို့ မရပါဘူး။ ဒီလိုမသိနားမလည်မှုကို အခွင့်ကောင်းယူအမြတ်ထုတ်နေမှုတွေရဲ့ ဇာစ်မြစ်ဖြစ်တဲ့ ဆင်းရဲမွဲတေမှုနဲ့ အသိပညာမဲ့မှုကို ဘက်ပေါင်းစုံကနေ တွန်းလှန်တိုက်ဖျက်ပစ်ဖို့လိုပါတယ်။ ဆင်းရဲမွဲတေမှုနဲ့ အသိပညာမဲ့မှုကို ရေလောင်းပေါင်းသင်ပေးနေတာဟာ ပြည်တွင်းစစ်ပါပဲ။ ပြည်တွင်းစစ်နဲ့ ကျိကျိတက် ချမ်းသာကြွယ်ဝလာသူတွေဟာ အဓိကအားဖြင့်အုပ်စိုးသူအစိုးရ အဆက်ဆက်နဲ့ စစ်အုပ်စု မျိုးဆက် သားစဉ်မြေးဆက်ပါပဲ။

ဒီဇာစ်မြစ်ကို အကုန်အစင် တူးထုတ်ရှင်းလင်းပစ်ရပါလိမ့်မယ်။ စစ်အုပ်စုနဲ့ ပြည်တွင်းစစ်ဆိုတဲ့ ဒီပယောဂ၊ ဒီသရဲတစ္ဆေကို မရှင်းနိုင်သရွေ့၊ မောင်းထုတ်မကပစ်နိုင်သရွေ့၊ ဒီသရဲတစ္ဆေတွေရဲ့ ပူးဝင်စွဲကပ်မှု၊ သွေးစုပ်လုယက်မှု၊ သတ်ဖြတ်မှုတွေကို လည်စင်းခံ နေကြဦးမှာပဲ ဖြစ်ပါတယ်။ ဒါကို "တရားဥပဒေစိုးမိုးမှု" တခုတည်းနဲ့ မတိုက်ဖျက်နိုင်သလို၊ "ပြန်လည်သင့်မြတ်ရေး ရေစင်ရေမန်း" နဲ့လည်း မောင်းထုတ်ဖယ်ရှားပစ်နိုင်လိမ့်မယ် မဟုတ်ပါဘူး။

အစွဲအလမ်းဟောင်းဖြစ်တဲ့ သရဲတစ္ဆေလုပ်ကြံဇာတ်လမ်းတွေ၊ မူးယစ်ဆေးဝါးနဲ့ဘာသာရေး လူမျိုးရေး သွေးခွဲရန်တိုက်ပေးမှုတွေဟာ စစ်အုပ်စုနဲ့ပြည်တွင်းစစ်ဆိုတဲ့ သရဲတစ္ဆေသွေးစုပ်ဖုတ်ကောင်ကြီးတွေရဲ့ ဆိုးဖော်မိုက်ဖက် အပေါင်းအဖော်တွေပဲဖြစ်တယ် ဆိုတဲ့ အချက်ကိုလည်း လူမျိုးပေါင်းစုံပြည်သူများ နိုးနိုးကြားကြားသတိရှိကြဖို့နဲ့ တညီတညွတ်တည်း ဝိုင်းဝန်းဆန့်ကျင်တိုက်ဖျက်ကြဖို့ ဖြစ်ပါတယ်။

အရေးတော်ပုံ ကာတွန်း

သွေးစုပ်ကောင်တွေ မောင်းထုတ်ကြ

ရဲဘော် ထွန်းလှ

ဦး(ဗိုလ်)သိန်းစိန် အစိုးရလက်ထက်ကစလို့ပဲ ဒေါ်အောင်ဆန်းစုကြည်တယောက် ပြည်တွင်း ပြည်ပ ခရီးတွေ မကြာခဏ သွားပါတယ်။ အာရှ၊ ဥရောပ၊ အမေရိက ကမ္ဘာအနှံ့ ခြေဆန့်ပါတယ်။ အခုလို အသက်အရွယ်နဲ့ မလိုက် ကျန်းမာရေး အထိခိုက်ခံပြီး အားကြိုးမာန်တက် လုပ်ကိုင်သွားလာနေတာ ကရုဏာသက်စရာပါ။ အိုပေမယ့် စွမ်းသလောက် လုပ်ကိုင်ရှာတယ်။ သူကျန်းမာသန် စွမ်းတုန်း သူလုပ်နိုင်သရွေ့ လုပ်သွားမယ်လို့ ပိုင်းဖြတ်ထားပုံရပါတယ်။ ဒါပေမဲ့ သူလုပ်နေတာတွေက ဘယ်သူတွေအတွက် ဖြစ်နေ လဲ။ သူ့ကြိုးစားအားထုတ်မှုတွေကနေ ဘယ်သူတွေ ဘယ်လောက် အမြတ်ရ နေသလဲ။ သူ့ကြိုးစားအားထုတ်မှုတွေအပေါ်မှာ ဘယ် သူတွေ ဘယ်လို သွေးစုပ် အမြတ်ထုတ်နေကြပါသလဲ။

"လူထုအတွက် အနစ်နာခံဖို့ လိုရင် အနစ်နာခံမယ်"လို့ သူဆိုခဲ့တဲ့အတိုင်း လုပ်ကိုင်နေပုံ ရပါတယ်။ သို့ပေမဲ့ အခုအချိန် ထိတော့ သူ့အနစ်နာခံမှုတွေ၊သူ့အားထုတ်မှုတွေရဲ့ အသီးအပွင့်တွေကို လူထုက မရရှိမခံစားနိုင်သေးပါဘူး။ နောင်အခါမှာလည်း ရရှိ ခံစားနိုင်မယ့် အလားအလာ သိပ်မရှိပါဘူး။ နိုင်ငံရေး၊ စီးပွားရေး ဘက်ပေါင်းစုံမှာ လက်ဝါးကြီးအုပ် ချုပ်ကိုင်ထားတဲ့ စစ်အုပ်စု တည်မြဲ နေသရွေ့၊ သူတို့အချိန်ယူ ပြင်ဆင်ဖန်တီးခဲ့တဲ့ ၂၀၀၈ အခြေခံဥပဒေနဲ့ ခုတ်မောင်းတဲ့ စစ်ဗျူရိုကရေစီယန္တရား လည်ပတ်နေသရွေ့ ဖိနှိပ်သွေးစုပ်မှုတွေကိုသာ လူထုက ခါးစည်းခံနေရမှာပါ၊ တိုင်း ပြည်လည်း ချွတ်ခြုံကျနေဦးမှာပဲ ဖြစ်ပါတယ်။

စစ်တပ်ရဲ့ အာဏာလက်ဝါးကြီးအုပ်မှုကို မတိုက်ဖျက်နိုင်ဘဲ စီးပွားရေး၊ လူမှုရေး တရားမျှတမှုတွေ ဖော်ဆောင်ပေးနိုင်မှာ မဟုတ်ပါဘူး။ ဖိနှိပ်အုပ်စိုးတဲ့ ယန္တရားဟောင်းကို အလုံးစုံ ဖြိုချဖျက်ဆီးမှု မပြုဘဲ ပိုကောင်းအောင် ပြုပြင်မွမ်းမံမယ်ဆိုတာ စိတ်ကူးယဉ် တာပါ။ ပြုပြင်ပြောင်းလဲရေး နဖူးစည်းအောက်မှာ စစ်ဗျူရိုကရေစီယန္တရားဟောင်းက ပိုမိုခိုင်မာလာတာပဲ ရှိပါလိမ့်မယ်။ လက်ရှိအခြေ အနေနဲ့ အခင်းအကျင်းကို စစ်အုပ်စုဝင်တွေနဲ့ သူတို့အပေါင်းအပါ ခရိုနီမနေရှင်ကြီးတွေ အင်မတန် သဘောကျပါတယ်။ အခြေမပျက် အနေမပျက်တဲ့အပြင် အာဏာ၊ ဥစ္စာနဲ့ အခွင့်ထူးတွေ၊ အခွင့် အလမ်းတွေ တိုးပွားသထက် တိုးပွားလာနေတာကြောင့် ပျော်မဆုံး မော် မဆုံး ဖြစ်နေကြတာပါ။

ဖင်တကြွကြွ ဟန်တပြင်ပြင်နဲ့ ရှေ့ဆက်ရလာမယ့် အကျိုးအမြတ်တွေကိုလည်း သွားရည်တမြားမြား ဖြစ်နေကြတယ်။ လက်ရှိ ဒီအခြေအနေ ပျက်စီးသွားမှာ၊ ဆုံးရှုံးသွားမှာကို သူတို့သိပ်ကြောက်ပါတယ်။ ဒါကြောင့်လည်း အစွယ်တဖွေးဖွေးနဲ့ စားမာန် ခုတ်ကြမာန်ဖီကြတယ်။ ဟိုရမ်းသည်ရမ်း ရမ်းကြတယ်။ ဒေါ်အောင်ဆန်းစုကြည်ကို အမျိုးမျိုးအဖုံဖုံ ချီးကျူးဂုဏ်ပြုကြတယ်။ ဒါပေမဲ့ သူတို့က လူခွဲပြီး ကစားတာပါ။ ဆဲဆိုအပုပ်ချ၊ အပြစ်ရှာ၊ အမှားစောင့်ဖမ်းပြီး ဘယ်အချိန် ကန်ထုတ်ရမလဲ ဆိုတာကိုလည်း ချောင်းနေ တာပါ။

တယောက်တလှည့် ပင့်လိုက် မြှောက်လိုက် သွားဖြဲပြလိုက်နဲ့ ချော့ခိုင်းတဲ့အခါခိုင်း၊ တဖက်လှည့်နဲ့ ဆဲလိုက်ဆိုလိုက်၊ ခြိမ်းခြောက်လိုက်နဲ့ ခိုင်းလို့ခိုင်း လုပ်နေတာပါ။ တကယ်တော့ သူတို့ ဘယ်လောက်ပဲအကျိုးအမြတ်ထွက်ထွက် မကျေနပ်ဘူး၊ အကောင်းမမြင်ပါဘူး။ ရန်သူလို့ပဲ မြင်တယ်၊ ရန်ငြိုးဖွဲ့ ကလဲ့စားချေသလို သဘောထားတယ်။ ကနေ့ စစ်အုပ်စုရဲ့လုပ်ရပ်က ခိုင်းလည်း စားသေး၊ ခေါင်းပုံလည်းဖြတ်သေး၊ ဆဲဆိုရိုက် ပုတ်လည်း လုပ်သေးတဲ့ လူရမ်းကားတွေရဲ့ လုပ်ရပ်နဲ့ အလားတူပါတယ်။

လူထုခေါင်းဆောင်ကို ငွေကြေးတောင့်တင်းပြီး မကောင်းမှု ဒုစရိုက်မျိုးစုံလုပ်တဲ့၊ သတ်ရဲဖြတ်ရဲ ဘာမဆိုလုပ်ရဲတဲ့ ကမ္ဘာ့လူမိုက် လမ်းသရဲတွေဆီ လှည့်လည်ဖြားယောင်းခိုင်းတဲ့ အလုပ်ကို လုပ်စေတယ်။ သူတို့နှစ်ပေါင်းများစွာ လုပ်လာတဲ့ ဖောက်ပြန်တဲ နိုင်ငံရေး လုပ်ငန်းထဲကို ဆွဲသွင်း လိုက်တာလို့ပဲ အားနာနာနဲ့ ရှင်းရှင်းပဲ ပြောပါ့မယ်။ အားနာတာက သူတို့ ကို အလုပ်အကျွေး ပြုသလိုဖြစ်နေရှာတဲ့ လူထု ခေါင်းဆောင်ကိုပါ။ နိုင်ငံရေး အမြတ်ထုတ်ပြီး ကိုယ်ကျိုးစီးပွားအတွက် သွေးစုပ်နေတဲ့ သူတို့ ကိုတော့ အားနာစရာ ဘာအကြောင်းမှ မရှိပါ။

လက်ရှိအခြေအနေဟာ တိုင်းပြည်နဲ့ လူထုအတွက်တော့ အခြေအနေကောင်း မဟုတ်ပါဘူး။ ကောင်းမွန်တဲ့ အနာဂတ်ကို ဦးတည်နေတာလည်း မဟုတ်ပါဘူး။ စစ်တိုက်စားပြီး ကြီးပွားချမ်းသာလာတဲ့ စစ်အာဏာရှင် အဟောင်းအသစ်တွေက ဘယ်တုန်းကမှ စစ်မှန်တဲ့ ငြိမ်းချမ်းရေးကို လိုလားခဲ့တာ မဟုတ်ပါဘူး။ မျက်ဖြူဆိုက်လေ ဆရာကြိုက်လေပါ။ ပြည်တွင်းစစ်ကို ရှည်သထက် ရှည်အောင် ဆွဲဆန့်မယ်၊ တိုင်းပြည်အနှံ့မှာလည်း လူထု ကျီးလန့်စာစားဖြစ်နေအောင် နည်းမျိုးစုံသုံးပြီး ပြဿနာ ပဋိပက္ခမျိုးစုံကို ဖန်တီးမယ်။ အခုလို အတိုက်အခံပါတီက အာဏာတချို့တဝက် ရယူထားချိန်မှာ ပိုလို့တောင် ကသောင်းကနင်းဖြစ်အောင် လုပ်ပါလိမ့်ဦးမယ်။

တကယ်တော့ ဒေါ်အောင်ဆန်းစုကြည်ကို ဗန်းပြ၊ 'အမျိုးသားပြန်လည်သင့်မြတ်ရေး' ကို ခုတုံးလုပ်ပြီး ကိုယ်ကျိုးစီးပွားအတွက် ရင်ကြားစေ့ချင်သူတွေ၊ သွေးစုပ် အမြတ်ထုတ်လိုသူတွေမှာ ပြည်တွင်းက စစ်ဗိုလ်ချုပ် အဟောင်းအသစ်တွေ၊ သူတို့ရောင်းရင်း ခရိုနီတွေ၊ သူတို့သားသမီး၊ မြေးမြစ်တွေ၊ မကပါဘူး။ နိုင်ငံခြားသားအရင်းရှင်၊ ဓနရှင်ကြီးတွေ၊ ကမ္ဘာ့လူမိုက်ဗိုလ် လုပ်နေတဲ့ အနောက်အုပ်စု ဂိုဏ်းဆရာကြီးတွေနဲ့ သူတို့ လက်ဝေခံ နိုင်ငံရေးလုပ်စားနေတဲ့ ကြေးစား တွေလည်း ပါပါတယ်။

ပြည်တွင်းပြည်ပ အချောင်သမားပေါင်းစုံရဲ့ နိုင်ငံရေးလုပ်ငန်းကြီး အင်အားကောင်း ကြီးထွားလာနေတဲ့ အချိန်လို့ ဆိုရမှာပါ။ ဒီလုပ်ငန်းကြီး ပိုမိုကြီးထွားခိုင်မာလာအောင် နည်းမျိုးစုံသုံးကြတယ်။ လူတော်လူကောင်းတွေ၊ လူမှန်တွေကို နည်းမျိုးစုံသုံးပြီး မြူဆွယ်ဖြားယောင်းတယ်၊ ဖျက်ဆီးတယ်။ ရပ်တည်ချက် ခိုင်မာသူတွေကို ဘက်ပေါင်းစုံကနေ ထိုးနှက်တိုက်ခိုက်တယ်။ အနောက်အုပ်စုနဲ့ စစ်အုပ်စုက သူတို့ရဲ့ ဘုံရန်သူဖြစ်နေတဲ့၊ သူတို့ သွေးစုပ် အမြတ်ထုတ်မယ့် လမ်းခရီးမှာ အတားအဆီး၊ အနှောင့်အယှက် ဖြစ်နေတဲ့ လူပုဂ္ဂိုလ်တွေ၊ အဖွဲ့အစည်းတွေကို ပူးပေါင်း ထိုးစစ်ဆင်တယ်။

လူမှန်တွေ၊ လူကောင်းတွေ နည်းလာမှ လူမှားတွေ၊ လူဆိုးတွေ နေရာရမယ် မဟုတ်ပါလား။ အခုအခါမှာ လူထုအများစုကြီးရဲ့ ဘဝက ကျီးလန့်စာစားနဲ့ ငိုရခက်ရယ်ရခက် ဖြစ်နေတယ်။ အရင်က အုပ်စိုးသူကို ကြောက်လို့ ငုံ့ခံရ၊ အခုတော့ ချစ်လို့ ငုံ့ခံရမလို ဖြစ်နေတယ်။ သည်းခံတယ်ဆိုတာ အတိုင်းအတာတခုအထိသာ ဖြစ်ပါတယ်။ သည်းမခံနိုင်တဲ့အဆုံးမှာ ဘာတွေ ဖြစ်လာမလဲ။ ဖြစ်သမျှ ပြဿနာတွေကိုလည်း လူထု အခွင့်အရေးကို ဦးတည်တဲ့၊ လူ့အဖွဲ့အစည်းတခုလုံး တရားမျှတရေးကို ဦးတည်တဲ့ ဖြေရှင်းမှုမပြုနိုင်ဘဲ 'လူ့ အခွင့်အရေး' ဆိုတဲ့ တသီးပုဂ္ဂလ အခြေပြု ဖြေရှင်းဖို့သာ အားသန်တာ တွေ့ရတယ်။ တစတစ အားကောင်းလာနေတဲ့ စစ်ဗျူရိုကရက် အရင်းရှင်လူတန်းစား စိုးမိုးအုပ်ချုပ်မှု လွှမ်းမိုးနေတဲ့ လူ့အဖွဲ့အစည်းမှာ စစ်ဗျူရိုကရက်အရင်းရှင်လူတန်းစား အလိုကျ တရားမျှတမှုပဲ ရမှာပါ။ ဒီအုပ်စိုးသူ အလိုကျ တန်းတူမှုပဲ ရမှာပါ။

နိုင်ငံရေး အာဏာမညီမျှမှု၊ ဓနအင်အား မညီမျှမှုတွေနဲ့ တိုင်းပြည်မှာ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေး၊ တန်းတူရေးတွေ ဘယ်နည်းနဲ့မှ မထွန်းကားနိုင်ပါ။ မတရားမှုမျိုးစုံ တင်းကျမ်းပြည့်နေဦးမှာပဲ ဖြစ်ပါတယ်။ အာဏာပိုင်ရှင်အစစ်တွေက ထင်တိုင်းကြဲနေဦးမယ့်အပြင် ဆထက်ထမ်းပိုး တိုးပြီး သွေးစုပ်ခြယ်လှယ်ကြဦးမယ်၊ အမြတ်ထုတ်ကြပါဦးမယ်။ ဗျူရိုကရက် လက်ဝေခံ အရင်းရှင်တွေနဲ့ နိုင်ငံခြားသား ဓနရှင်ကြီးတွေပေါင်းပြီး တိုင်းပြည်မှာ ကုန်းကောက်စရာ ဘာတခုမှ မကျန်တဲ့အထိ သွေးစုပ်ကြပါလိမ့်ဦးမယ်။ နိုင်ငံရေး၊ စီးပွားရေး ဘက်ပေါင်းစုံမှာ လက်ဝါးကြီးအုပ် ချုပ်ကိုင်ထားသူတွေကို မောင်းထုတ်ရပါလိမ့်မယ်။ ၂၀၀၈ အုတ်မြစ်ကို မြေလှန်ဖြိုဖျက်ပြီး စစ်ဗျူရိုကရေစီ ယန္တရားကို ရိုက်ချိုးရပါလိမ့်မယ်။ လူထုအားနဲ့ ဖြိုဖျက်ရမှာပါ။ အုတ်မြစ်ချ တည်ဆောက်ခဲ့သူတွေကို စည်းရုံးပြီး သူတို့ကိုယ်တိုင် ဖျက်သိမ်းတာကို စောင့်မယ်ဆိုရင်တော့ 'ဒီဘဝအတွက်တော့ နမလက်လျှော့ နေလေတော့' လို့သာ။

သွေးစုပ်ကောင်တွေကို လူထုအားနဲ့ မောင်းထုတ်ကြပါစို့ ။

(၃ အောက်တိုဘာ ၂၀၁၆။)

ဒေါ်အောင်ဆန်းစုကြည်ပြောတာကို
ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က နားထောင်ပါ့မလား။
ကိုထွေး

တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (အင်စီအေ) လက်မှတ်ရေးထိုးခြင်း နှစ်ပတ်လည် အခမ်းအနားကို အောက်တိုဘာလ(၁၅)ရက်နေ့က နေပြည်တော်မှာ ကျင်းပခဲ့ပါတယ်။ ဒီအခမ်းအနားမှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နဲ့ ကရင်အမျိုးသား အစည်း အရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုးတို့က မိန့်ခွန်းပြောခဲ့ကြပါတယ်။ သူတို့ပြောကြတဲ့ မိန့်ခွန်းတွေထဲမှာ အင်စီအေစာချုပ်ကို ဆက်လက် အကောင်အထည်ဖော်ကြဖို့နဲ့ စာချုပ်မှာ ပါဝင်လက်မှတ် မထိုးကြသေးတဲ့ အဖွဲ့တွေ ပါဝင်လာရေးကိုရည်ရွယ်ပြီး ကိုယ့်ရှုထောင့်နဲ့ကိုယ် ပြောသွားကြတာ တွေ့ရပါတယ်။ စာချုပ်က တနိုင်ငံလုံးလို့ ချိတ်ထားပေမယ့် ခုထိ ပါဝင်လက်မှတ်ထိုးတဲ့ လူမျိုးစုလက်နက်ကိုင်အဖွဲ့အစည်းက တည်ရှိနေတဲ့ လက်နက်ကိုင်အဖွဲ့ အစည်းများရဲ့ ထက်ဝက်တောင် မရှိသေးပါဘူး။ ဘာကြောင့်ပါလဲ။ လက်မှတ်ထိုးလိုက်ရုံနဲ့ တနိုင်ငံလုံး အပစ်အခတ် ရပ်စဲနိုင်လိမ့်မယ်လို့ မယုံကြည်ကြတာက အဓိက အကြောင်းရင်း ဖြစ်ပါလိမ့်မယ်။

၂၇နှစ်အတွင်း စစ်အုပ်စုလုပ်ခဲ့တဲ့ အပစ်အခတ်ရပ်စဲရေး ငြိမ်းချမ်းရေးလုပ်ငန်းစဉ် တခုလုံးကို ပြန်ကြည့်ရင် ရိုးရိုးသားသား ငြိမ်းချမ်းရေးရဖို့ ရည်ရွယ်တာမဟုတ်ဘဲ၊ လူမျိုးစုလက်နက်ကိုင်အင်အားစုတွေကို စီးပွားရေး မက်လုံးတွေပေးကာ ချော့မြှူသိမ်းသွင်းပြီး တိုက်စိတ်ခိုက်စိတ်များ လျော့ပါးလာစေအောင် လုပ်တယ်။ အဖွဲ့တွေကွဲကာ အင်အားချည့်နဲ့စေတယ်။ နောက်ဆုံးမှာ သူတို့စိတ်ကြိုက်အတိုင်း စီးပွားရေးခရိုနီ၊ နိုင်ငံရေး ရေမြှေ အဖြစ်နဲ့ လိုက်ပါလာကာ လက်နက်ချလာအောင် လုပ်တာသာ ဖြစ်ကြောင်းတွေ့ခဲ့ရပါတယ်။ သူတို့လုပ်ခဲ့တဲ့ လက်နက်ကိုင်ထားတဲ့ အပစ်အခတ်ရပ်စဲရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နယ်ခြားစောင့်တပ်နဲ့ ပြည်သူ့စစ်ဖွဲ့စည်းရေးတွေက ပေါ်ထွက်ခဲ့တဲ့ ရလဒ်များကိုကြည့်ရင် တွေ့နေကြရတယ် မဟုတ်ပါလား။ အခုလုပ်နေတဲ့ တနိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှု ရပ်စဲရေး လုပ်ငန်းစဉ်ဟာလည်း အလားတူပါပဲ၊ တကယ့်ပြဿနာဖြစ်တဲ့ အမျိုးသားတန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ပြဿနာကို မိမိရရ ဖြေရှင်းနိုင်အောင် တိုက်ရိုက်ဆွေးနွေးဖြေရှင်းတာမဟုတ်ဘဲ ရှုပ်ထွေးတဲ့ဖွဲ့စည်းမှုတွေနဲ့ ရှုပ်ထွေးတဲ့လုပ်နည်းတွေ သုံးပြီး နိုင်ငံရေးပြဿနာတွေကို စကားလုံးပြဿနာတွေလောက်သာ ထင်မှတ်အောင်လုပ်တယ်။ နောက်ဆုံးမှာ သူတို့ရဲ့ ၂၀၀၈ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံဥပဒေအရ ဖြေရှင်းတာကိုသာ လက်ခံလာအောင် လှည့်ပတ်ကျုံးသွင်းနေတာကို ကြုံတွေ့နေကြရတယ် မဟုတ်ပါလား။ ဒီလို အခြေအနေမှာ ဘယ်လူမျိုးစု လက်နက်ကိုင်အဖွဲ့အစည်းကများ စိတ်ချယုံကြည်စွာ လက်မှတ်ထိုးရဲမှာပါလဲ။

အင်စီအေ တနှစ်မြောက်ပွဲမှာ ပြောခဲ့တဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့မိန့်ခွန်းနဲ့ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ရဲ့ မိန့်ခွန်းနှစ်ခုကို ဖတ်ကြည့်လိုက်ရင် ဆန့်ကျင်ဘက်ဖြစ်နေတာ တွေ့နိုင်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်က လူမျိုးစုလက် နက်ကိုင်အဖွဲ့အစည်းတွေကိုရော တပ်မတော်လို့ခေါ်နေတဲ့ စစ်အုပ်စုချုပ်ကိုင်တာ ခံနေရတဲ့စစ်တပ်ကိုရော မီးအင်အားကိုမပြိုင်ကြဘဲ မီးကိုငြိမ်းနိုင်တဲ့ အင်

အားကို ပြိုင်ကြဖို့ တောင်းဆိုလိုက်တယ်။ အစိုးရ၊ တပ်မတော်နဲ့ တိုင်းရင်းသားအဖွဲ့တွေ ဘာလုပ်နေတယ်ဆိုတာကို ကြည့်နေတဲ့ ပြည်သူတွေကို လျှော့မတွက်ဖို့ ပြောခဲ့တယ်။ ဗိုလ်ချုပ်မှူးကြီးကတော့ တပ်မတော်အနေနဲ့လည်း ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ကို ချမှတ်ပြီး စစ်မှန်ခိုင်မြဲတဲ့ငြိမ်းချမ်းရေးရရှိစေဖို့ ခိုင်ခိုင်မာမာ ရပ်တည်ဆောင်ရွက်နေတာဖြစ်ကြောင်း၊ ဒီမူ(၆)ရပ်ဟာ ခေတ်အဆက်ဆက်က ငြိမ်းချမ်းရေးကြိုးပမ်းမှုသမိုင်းတွေက ရရှိလာတဲ့ တပ်မတော်ရဲ့အသိတရားဖြစ်သလို လက်ရှိငြိမ်းချမ်းရေးကို ခိုင်မြဲစေဖို့ အရှိတရားလည်းဖြစ်တယ်လို့ ပြောခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်က မီးအင်အားမပြိုင်ဖို့ တိုက်တွန်းတာကို ဗိုလ်ချုပ်မှူးကြီးက ကာချုပ်မူ(၆)ရပ်ကိုပဲ စွဲစွဲမြဲမြဲကိုင်မယ်လို့ ပြောလိုက်တာဟာ၊ လူမျိုးစု လက်နက်ကိုင်တွေက သူတို့အကြိုက်အတိုင်း မလိုက်ရင် အပြုတ်တိုက်မယ်။ ဘာတွေပဲ ဆွေးနွေးပါစေ၊ နောက်ဆုံးမှာ ၂၀၀၈ဖွဲ့စည်းအုပ်ချုပ်ပုံ အတိုင်းသာဖြေရှင်းနိုင်မယ်လို့ ကြွေးကြော်လိုက်တာဖြစ်ကြောင်း ရှင်းနေတယ်မဟုတ်ပါလား။ ဗိုလ်ချုပ်မှူးကြီး ပြောတဲ့အတိုင်းဆိုရင် ဘယ်တော့မှ ငြိမ်းချမ်းရေးမရနိုင်ဘူး။ ဒီစစ်ပွဲဟာလည်း အဆုံးသတ်နိုင်မှာမဟုတ်ဘူး။ ရေရှည်စစ်ပွဲတွေ ဆက်ဖြစ်နေလိမ့်ဦးမယ်။ လူ့အသက်ပေါင်းများစွာ ဆုံးရှုံးကြရဦးမယ်။ ဒါကို လူမျိုးစုတိုင်းရင်းသားတွေက ငြိမ်းချမ်းရေး လှုပ်ရှားမှုတွေလုပ်ရင်း ဖော်ထုတ်နေကြပါပြီ။ တိုင်းရင်းသားနယ်မြေတွေမှာ တိုက်ပွဲတွေ ရပ်ပေးဖို့ တောင်းဆိုလာနေပြီ။ တကယ်က စစ်မှန်တဲ့ငြိမ်းချမ်းရေးရဖို့ ကြိုးစားလိုစိတ် စစ်အုပ်စုမှာ တကယ်ရှိရင် ခြွင်းချက်မရှိ “တပြည်လုံး အပစ်အခတ် ရပ်စဲရေး ကြေညာ” “လွတ်ငြိမ်းချမ်းသာခွင့်ကြေညာ” .....လူမျိုးစုလက် နက်ကိုင်အင်အားစုတွေ တောင်းဆိုနေတဲ့ နိုင်ငံရေးပြဿနာကို နှစ်ဦးနှစ်ဖက် စားပွဲမှာထိုင်ပြီး အကျေအလည် ပြေလည်သည်အထိ ဆွေးနွေးဖြေရှင်းနိုင်ရမှာ ဖြစ်ပါတယ်။ အခုလိုပြဿနာနဲ့ တိုက်ရိုက်မဆိုင်တဲ့ တခြားအင်အားစုများကို ခေါ်ယူကာ၊ ရှုပ်ထွေးစွာ ဖွဲ့စည်းတည်ဆောက်ပြီး ဖိအားပေး၊ မဲခွဲရင် မဲအသာရအောင် ပြင်ဆင်တဲ့ မရိုးသားတဲ့လုပ်နည်းတွေနဲ့ ဖြေရှင်းရမှာမဟုတ်ပါဘူး။ ဒီလို မဲအသာ ရအောင်လုပ်ပြီး ညောင်နှစ်ပင်ညီလာခံ လုပ်ကာ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဆိုတာကို ဇွတ် အတည်ပြုခဲ့တာကို အားလုံးက မမေ့ကြသေးတာ သေချာပါတယ်။

အင်စီအေဆွေးနွေးပွဲတွေကတော့ ဆက်သွားနေဆဲပါပဲ။ ငြိမ်းချမ်းလိုစိတ်နဲ့ ဒေါ်အောင်ဆန်းစုကြည်က ဘယ်လိုပင် မီးအားမပြိုင်စေချင်ပေမယ့် ဆွေးနွေးနေစဉ်တလျှောက်လုံး စစ်တပ်ရဲ့ ထိုးစစ်ဆင်မှုတွေကြောင့် ပြန်လည်ခုခံနေရတဲ့ လူမျိုးစုလက်နက်ကိုင်ဒေသတွေမှာ မီးအားပြိုင်မှုက နေ့စဉ်လိုဖြစ်နေခဲ့တာပါ။ ဗမာပြည်ရဲ့နိုင်ငံရေးပြဿနာကို ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနဲ့သာ ဖြေရှင်းလိုတဲ့ စစ်အုပ်စုရဲ့ဆန္ဒကို အကောင်အထည်ဖော်နေတဲ့ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ဟာ ဒေါ်အောင်ဆန်းစုကြည်ရဲ့စကားကို ခုထိနားထောင်မယ့် အရိပ်အယောင် မတွေ့ရသေးသလို၊ ဗမာပြည်ရဲ့ငြိမ်းချမ်းရေးဟာလည်း အကောင်အထည်ပေါ်ဖို့ မဖြစ်နိုင်သေးတာ ထင်ရှားပါတယ်။ (၂၈-၁၀- ၂၀၁၆)

အရေးတော်ပုံ သတင်းနဲ့မှတ်ချက်



၁။ နိုင်ငံတော် သမိုင်းကော်မရှင်ကို ပြန်လည် ဖွဲ့စည်းမည်

သူရအောင်ကို

(၁) လွတ်လပ်ရေး ကြိုးပမ်းမှုကာလမှစ၍ ယနေ့အထိ သမိုင်းဖြစ်စဉ်အမှန်များကို အမှန်အတိုင်း ပြုစုရေးသားရန် တာဝန်ပေးမည်။
(၂) ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ထိန်ချန်ခြင်းများ လုံးဝ မဖြစ်စေရန် ကြပ်မတ်သွားမည်။
(၃) ရဲရဲဝံ့ဝံ့ရေးသားကြလို့ ဖြစ်ပေါ်လာမည့် နောက်ဆက်တွဲ အကျိုးသက်ရောက်မှုများကို တာဝန်ယူသည်။

လိုရင်းကတော့ အဲဒီလောက်ပါပဲ။

(၁) နိုင်ငံတော်အဆင့်နဲ့ ရေးခဲ့တာတွေဟာ အခြေခံသဘောထားကစပြီး မမှန်လို့ ထွက်ခဲ့သမျှတွေဟာ အမှန်ကနည်းနည်းအများက 'ပြွစ် သိပ်' (ပြွတ်သိပ်) ဖြစ်နေတယ်။ ခု တကယ်ရေးနိုင်ကြမယ်ဆိုရင် ကြိုဆိုရမယ့် ကိစ္စဖြစ်တယ်။

(၂) ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ထိန်ချန်ခြင်းတွေ လုံးဝ(လုံးဝ) ဖြစ်ခဲ့လို့ ကြပ်မတ် မကြပ်မတ်နိုင် စောင့်ကြည့်ပါ့မယ်။ တပ်မတော်သမိုင်းတို့ ဗိုလ်ခင်ညွန့်နဲ့ ဒေါ်နီနီမြင့်တို့ လမ်းညွှန်မှုနဲ့ ရေးသားတဲ့ သမိုင်းစာအုပ်တို့လို မဖြစ်ဖို့ အရေးကြီးတယ်။ ဒါတွေကို ဆန့်ကျင် ဘက်ရေးလာရင် သူတို့ ငြိမ်နေပါ့မလား။

(၃) တာဝန်ခံတာ အာမခံချက်ပေးတာကိုတော့ ကြိုက်ပါပြီ။ ခက်နေတာကတော့ သမိုင်းပညာရှင်တွေ ရွေးပြန်မယ့်ကိစ္စ၊ ဒုက္ခပေးသလို ဖြစ်သွားမယ့်ကိစ္စဆိုတော့ စိုးရိမ်မိပါတယ်။ သူတို့အနေနဲ့ ပဒကုသလဇာတ်ထဲကလို "ဓား ကုပ်ပေါ်ဝဲ"ဖြစ်မှာကိုတော့ ကျွန်တော်တို့လည်း တွေးပူမိပါတယ်။

၂။ တနှစ်ပြည့် NCA အခမ်းအနားက ထူးခြားချက်များ

(၁) ကာချုပ်ဖြစ်သူက 'တပ်မတော် မူ ၆ ချက်ကသာ ပြည်ထောင်စုကြီးတခုလုံး ငြိမ်းချမ်းရေးအတွက် ထွက်ပေါက်တခု ဖြစ်တယ်' လို့ ပြောခဲ့တယ်၊ (အံ့ဖွယ်သုတပါပဲ....လို့ အံ့ဩတကြီး ဖြစ်တာနဲ့ တချိန်တည်း မြိမ်းခြောက်သံပါနေတယ်လို့ ခံစားမိတယ်။)

(၂) NCA ရဲ့ ဗိသုကာကြီး၊ ဂုဏ်ပြုခံသမ္မတကြီး(ဟောင်း) ဦးသိန်းစိန်ကို ဖိတ်ကြားသော်လည်း တက်တာမတွေ့ရ။ အလားတူ ရှမ်းပြည်နယ်နဲ့ ဗမာ့နိုင်ငံရေးမှာ ဩဇာရှိလှတဲ့ ဦးခွန်ထွန်းဦးလည်း တက်ရောက်လာခြင်းမရှိ။ အဖွဲ့အစည်းအနေနဲ့ UNFC တပ်ပေါင်းစုကြီးလည်း မတက်။ (ဘာ့ကြောင့်မတက်တယ်ဆိုတာ ဦးခွန်ထွန်းဦးနဲ့ UNFC က ရှင်းရှင်းလင်းလင်းပြောဆိုပေမယ့် ဦးသိန်းစိန်ဘက်က မရေမရာ ဟိုလိုလို ဒီလိုလို ပြောတာပဲ ကြားခဲ့ရလို့ ပဟေဠိ ဖြစ်ကြရတယ်။)

(၃) UWSA- ဝအဖွဲ့ကို ကိုယ်စားလှယ်ကတ်အစား လေ့လာသူကတ် လွဲပေးလို့ တပ်ခေါက်ပြန်ရတဲ့ သတင်းလည်းရှိတယ်။ (နိုင်ငံလုံးဆိုင်ရာ ညီလာခံကြီးထဲက နိုင်ငံလုံးဆိုင်ရာ လွဲမှားမှုကြီးလို့ပဲ အောက်မေ့ပါတယ်။)

၃။ လူ့အခွင့်အရေး ကော်မရှင်ကိစ္စ

ရွေးကောက်ပွဲ ကော်မရှင်ဟောင်းနာမည်ပျက်ပြီးတဲ့နောက် လူ့အခွင့်အရေးကော်မရှင် ကိစ္စပေါ်လာတယ်။ အင်းဝအပ်ချုပ်ဆိုင် မိသားစုက အိမ်အကူမိန်းကလေး ၂ ယောက်ကို မြင်မကောင်း ရှုမကောင်းဖြစ်အောင် (ခန္ဓာကိုယ် အစိတ်အပိုင်းတွေ ကျိုးကြေကုန်တဲ့အထိ) နှစ်ရှည်လများ နှိပ်စက်ခဲ့တဲ့အမှု ပေါ်ပေါက်ခဲ့တယ်။ ကော်မရှင်က မျက်နှာကြီးရာ ဟင်းဖတ်ပါလုပ်ပြီး ငွေပေးကြေအေးစေလို့ တနိုင်ငံလုံး ပွက်လောရိုက်သွားပါတော့တယ်။ (လူဟောင်းအဖွဲ့ဟောင်းတွေကို အတွေးအခေါ် ပြောင်းလဲပေးနိုင်ခြင်း မရှိဘဲ ဆက်သုံးခဲ့လို့ ပေါ်လာတဲ့ဒုက္ခပဲ။ ရင်ကြားစေ့ရေးပေါ်လစီနဲ့ လုပ်ခဲ့ကြလို့ အောက်ခြေနင်းပြားများ ဒီလိုခံကြရတာပါ။ နောင်လည်း လာပါလိမ့်ဦးမယ်။ လွှတ်တော်ထဲက ကော်မရှင် ကော်မတီတွေ၊ အစိုးရအဖွဲ့ထဲက ကော်မရှင် ကော်မတီတွေ တသီကြီး (စစ်တပ်ကလွဲလို့ပေါ့လေ) မျက်စိထဲမှာ မြင်မိပါရဲ့။ လက်ရှိက လက်မဲ့ ဖြစ်သွားမှာ။)

၄။ မြန်မာလူထုက အာဏာရှင်စနစ်ကို ခွင့်မပြုတော့
(NLD ၂၈ နှစ်ပြည့် ထုတ်ပြန်ကြေညာချက်)

"မြန်မာပြည်သူလူထုကြီးဟာ နှစ်ပေါင်းများစွာ ခံစားခဲ့ရတဲ့ အကြောက်တရားနဲ့ သိမ်ငယ်မှုမှ သွေဖီလျက် လွတ်လပ်မှုအတွက် ရဲရဲဝံ့ဝံ့နဲ့ တစိုက်မတ်မတ် ရုန်းကန်ခဲ့ရတဲ့ အတွေ့အကြုံတွေက အာဏာရှင်စနစ်အား ခွင့်မပြုတော့ကြောင်းကို ၈၈ ဒီမိုကရေစီ အရေးတော်ပုံကြီးနဲ့ အဖြေပေးခဲ့တယ်။"

(ဒါက စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေး အတွေ့အကြုံ နိဂုံးချုပ်ချက်ဖြစ်တယ်။ ဒါကို လက်ရှိ အစိုးရထဲ ပါတီထဲအထိ လမ်းညွှန်ချက်အဖြစ် သတ်မှတ်ပေးဖို့ လိုတယ်။)

၅။ ခြစားမှုများ

"ကမ္ဘာ့ဖွံ့ဖြိုးဆဲ နိုင်ငံများမှ ခြစားမှုများကိုသာ ဖယ်ရှားနိုင်ပါက လူတို့၏ တဦးချင်း ဝင်ငွေသည် ၄ ဆအထိ တိုးတက်များလာဖွယ် ရှိ၏"။ (ကမ္ဘာ့ဘဏ်)

(ဗမာတပြည်တည်း ကွက်ပြီးပြောရမယ်ဆိုရင် တဦးချင်းဝင်ငွေဟာ ၄ ဆ ကျော်သွားမှာ သေချာတယ်။ အဂတိလိုက်စားဖို့ ဆိုတာ အာဏာရှိသူတွေသာ တတ်နိုင်တဲ့ကိစ္စဖြစ်တယ်၊ ခုလည်း အနံ့အသက်တွေ ထွက်လာလို့လားမသိ။ တိုင်ချင်တောချင်ကြတယ်ဆိုရင် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ရုံးကို တိုက်ရိုက်တိုင်တမ်းနိုင်ကြောင်း ထုတ်ပြန်လာတာ တွေ့ရတယ်။)

(၆) ရခိုင်ပြည်နယ်၊ မောင်းတောမြို့နယ်တွင် ရဲစခန်းနှင့် ဌာနချုပ် စီးနင်းခံခြင်း အရေးအခင်း။

ဒီအရေးအခင်းအပြီး အထင်အရှားတွေ့လာရတာကတော့ တိုင်းပြည်၏ နယ်နိမိတ်ကို အခိုင်အခံ့ ကာကွယ်စောင့်ရှောက်မှုပေးရမယ့် အာဏာပိုင်အဖွဲ့အစည်းများရဲ့တာဝန်မဲ့မှုပါပဲ။ သူတို့ကိုယ်တိုင်လည်း မလွှဲမရှောင်သာ ဝန်ခံနေကြရပြီ။

နယ်စပ်လုံခြုံရေးကို တာဝန်ယူရမယ့်ရဲတပ်ဖွဲ့အတွက် ရန်သူကို ထိထိရောက်ရောက် ကာကွယ်တားဆီးနိုင်ဖို့ ထုတ်ပေးထားတဲ့ လက်နက်တွေဆိုတာက ရှေးဟောင်းပြတိုက်တွင်း ပြသထားရှိရတော့မည့် ခေတ်ဟောင်းရိုင်ဖယ်တွေပါကလား။ ကျည်ဆန်ခဲယမ်းတွေကို အရေးကိစ္စရှိမှ ထုတ်ပေးတယ်ဆိုပါလား။

ခေတ်မမီ ညံ့ဖျင်းတဲ့ လက်နက်တွေ ထုတ်ပေးထားခြင်းခံရတဲ့ ရဲတပ်ဖွဲ့ဝင်များရဲ့အရိုးများနဲ့ ရခိုင်ပြည်နယ်ရဲ့နယ်နိမိတ်တွင် ရှေးဦးစွာ စည်းရိုးထိုးလိုက်ကြပြီပဲ။ ဒီဖြစ်ရပ်မှာ ပြည်ထဲရေးနှင့်ကာကွယ်ရေးဌာနရဲ့ တာဝန်မဲ့မှုပါ ကပ်ပါနေပါတယ်။

(၇) မြင်းခြံထောင် ဆူပူမှုသတင်း

မြင်းခြံထောင်တွင်း အောက်တိုဘာ ၁၈ ရက်နေ့ ဆန္ဒပြမှုတခု ဖြစ်ခဲ့တယ်။ ရန်ဖြစ်တာကို တားဆီးရင်း ဆူပူမှုတခု ဖြစ်တာပါလို့ အစက ဖုံးဖိထားတယ်။ နောက်ပိုင်းမှာ ဆန္ဒပြမှုဖြစ်ကြောင်း ပေါ်လွင်လာတယ်။ အကျဉ်းဦးစီးဌာနက အထက်အရာရှိများလည်း ရောက်လာကြတယ်။ စောင်လုံလောက်အောင်ပေးရေးနဲ့ ထောင်ပိုင်ကို ပြောင်းရွှေ့ပေးရေးတို့ကို အထက်သို့ တင်ပြပေးပါမယ်လို့ ကတိပေးရတဲ့အဆင့်သို့ပင် ရောက်လာတယ်။

ရဲအရာရှိတဦး ပြောသွားတဲ့ စကားကတော့ (ရဲအရာရှိဆိုသူက ထုတ်ပြောတာမို့) ထူးထူးခြားခြား ရှိတယ်လို့ ဆိုရမယ်။ "ဖိနှိပ်တာကို တုံ့ပြန်တတ်သွားရင် နောင်လည်း အဲဒီလို လုပ်ကြတော့မှာပဲ။ အကျဉ်းသားအခွင့်အရေး ဆုံးရှုံးအောင် ဖိနှိပ်လွန်းရင် ထကြွတုံ့ပြန်ကြမှာပဲ၊ တုံ့ပြန်တဲ့နည်းကို သိသွားတဲ့အတွက် ထောင်ဆိုတာ တခါဆူပြီးရင် နောင်လည်း ဆက်ဆူမှာပဲ"တဲ့။ ဖိနှိပ်လွန်းရင် ထောင်သာမက တပြည်လုံးက ပြည်သူတွေက တုံ့ပြန်ထကြွမှာပဲ။ တပြည်လုံးဆူလာမှာပဲ။ ဒါက တရားပဲ။

(၈) စစ်တက္ကသိုလ်တွင် စီနီယာကျောင်းသားက ဆုံးမလို့

ဂျူနီယာကျောင်းသား သေဆုံးရတဲ့ သတင်း

စစ်တက္ကသိုလ် ကျောင်းသားအချင်းချင်း ကြမ်းတမ်းစွာ အပြစ်ပေး၊ အနိုင်ကျင့်မှု ရုပ်သံဗီဒီယို ဖိုင်တခု ၂၀၁၆ ခုနှစ် နှစ်ဆန်းပိုင်းက လူမှုကွန်ရက် စာမျက်နှာများမှာ ပြန့်နှံ့ခဲ့တာ သတိရမိပါတယ်။ ယခုလည်း အောက်တိုဘာလ ၇ ရက်နေ့ညက ပြင်ဦးလွင်စစ်တက္ကသိုလ်မှာ နောက်ဆုံးနှစ် ကျောင်းသား ဗိုလ်လောင်းရဲမာန်အောင်က ဒုတိယနှစ်ကျောင်းသား ဗိုလ်လောင်း အောင်ညီညီဇော်ကို ထိုးကြိတ်ဆုံးမရာမှ လက်လွန်သေဆုံးသွားခဲ့ပါတယ်။

ကြီးနိုင်ငယ်ညှဉ်း အလေ့အကျင့်ကို ဗိုလ်သင်တန်းက မွေးမြူသင်ကြားပေးသလား။ စီနီယာက ဂျူနီယာကို ဆုံးမအနိုင်ကျင့်ခွင့်ကို ဒေါ်စိန်အေးကျောင်းမှာ တရားဝင်တည်ဆောက်ထားတာလား။ ဒီလို အလေ့အကျင့်တွေနဲ့ ဗိုလ်လောင်းတွေကို ပုံသွင်းထားတာဖြစ်ကြောင်း တချို့က ထောက်ပြနေကြတယ်။ ဗိုလ်လောင်းအချင်းချင်း ဒီလို လုပ်နေမှတော ပြည်သူ့အပေါ် လက်နက်အားကိုး ဗိုလ်ကျ အနိုင်ကျင့်၊ မုဒိမ်းကျင့် သတ်ဖြတ်၊ ထင်သလို ရမ်းကားမှုတွေကို အံ့ဩစရာ မရှိတော့ပါ။ စစ်တက္ကသိုလ်တွေမှာ ဗိုလ်ချုပ်တွေရဲ့ သားသမီးတွေ အခွင့်ထူးခံ၊ ဗိုလ်ကျလာခဲ့ရာမှ တစတစ ဗိုလ်ကျအနိုင်ကျင့်မှု အကျင့်စရိုက် ပိုမိုကြီးထွားလာခဲ့တယ်၊ ပြည်သူလူထုအကျိုးစီးပွား ဦးထိပ်ပန်မယ့်စိတ်ဓာတ်ရှိလာအောင် စစ်တပ်ကို မတည်ဆောက်ဘဲ စစ်အုပ်စု လက်ကိုင်တုတ်တပ်၊ အမိန့်နာခံရေးတပ်အဖြစ် တည်ဆောက်ထားတာပဲ။ပြည်သူ့အကျိုးစီးပွား ဦးထိပ်ပန်ဆင်တဲ့ ပြည်သူ့တပ် မတော်မဟုတ်ဘဲ စစ်အုပ်စုတလက်ကိုင်တပ်ဖြစ်နေသမျှ စစ်တပ်ရဲ့ သတ်ဖြတ်မှု၊ မုဒိမ်းကျင့်မှု၊ ခိုးဆိုးလုယက်ရမ်းကားမှု၊ ကိုယ်ကျိုးစီးပွားရှာမှု၊ လူထုအပေါ် ဗိုလ်ကျမှုတို့ စစ်မြေပြင်မှာရော စစ်တပ်ရောက်လေရာ နေရာအနှံ့မှာရော ဆက်တိုက်ဆိုသလို မြင်တွေ့ကြားသိနေရပေလိမ့်ဦးမယ်။

(၉) အမေရိကန်ခရီးစဉ်အပြီး

ဒေါ်အောင်ဆန်းစုကြည် ရွှေအိုး စိန်အိုးတွေ ထမ်းပြီး ပြန်လာစေဖို့ ဗိုလ်ရွှေမန်းက အမှာတော်ပါးလိုက်ပါတယ်။ တကယ်ပဲ "သမီး- ရွှေအိုး ထမ်းလာတယ်လို့ ပြောရမလား" "အမေ ရွှေအိုးထမ်းလာတယ်လို့"လို့ ပြောရမလားမသိ။ ဒေါ်အောင်ဆန်းစုကြည် တကယ်ပဲ ရွှေအိုးထမ်းပြန် လာနိုင်ခဲ့ပါတယ်။ အမေရိကန်က စီးပွားရေး ပိတ်ဆို့အရေးယူမှုတွေ ဖယ်ရှားပေးလိုက်တယ်။ ဒီရွှေအိုးက ပြည်သူများအတွက်တော့ မဟုတ်ပါ။ ဒီချုပ်အစိုးရမတက်မီကတည်းက စီးပွားရေးပိတ်ဆို့အရေးယူမှု ဖယ်ရှားပစ်လိုက်ရင်လည်း ငတ်ပြတ်ဆင်းရဲနေသော ပြည်သူများအတွက် ဘာမျှထူးလာမည်မဟုတ်ဘဲ စစ်ဗိုလ်ချုပ်များနှင့် ခရိုနီများသာ အကျိုးရှိမည်ဖြစ်ကြောင်း၊ ဆင်းရဲချမ်းသာ ကွာဟမှု ပိုမိုကြီးထွားလာနိုင်ကြောင်း တတ်သိနားလည်သူများက တွက်ချက်ပြခဲ့ပြီး ဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည် ထမ်းလာတဲ့ရွှေအိုးက ဦးသန်းရွှေအပါအဝင် ဗိုလ်ချုပ်များနှင့် ခရိုနီများရဲ့ အနာဂတ်ကို ကယ်တင်ပေးလိုက်သလို ဖြစ်သွားပါတယ်။

ဒီကိစ္စမှာ နိုင်ငံရေးစောင့်ကြည့်လေ့လာနေသူများက ဒေါ်အောင်ဆန်းစုကြည်နဲ့ စစ်ဗိုလ်ချုပ်များအကြားက အချိတ်အဆက်ကို လက်ညှိုးထိုး ပြီး ဝေဖန်လာနေကြတယ်။ အချိတ်အဆက်က ဒါလောက်သာ မကသေးပါ။ အမေရိကန်က အာရှ- ပစိဖိတ်ဒေသကို သူ့မဟာဗျူဟာရဲ့ပစ်မှတ်အဖြစ် ပြောင်းလဲသတ်မှတ်လာကတည်းက ဒီကိစ္စ စတင်ခဲ့တယ်လို့ ဆိုနိုင်ပါတယ်။ စစ်အုပ်စုနှင့် ဗမာစစ်တပ်အပေါ် အမေရိကန်ရဲ့သဘောထားက စစ်အုပ်စုကို ချော့မော့ဖျောင်းဖျပြီး စစ်ဘက်ဆိုင်ရာ မြင်းကြီးရဲ့ ဇက်ကြိုးကို အမိဆွဲယူနိုင်ရေး ဖြစ်ပါတယ်။ အမေရိကန် သမ္မတ၊ နိုင်ငံခြားရေးဝန်ကြီး၊ စီအိုင်အေအရာရှိကြီးများ ဗမာပြည်ကို လာပြီး အချိတ်အဆက်တွေ လုပ်သွားခဲ့တယ်။ ဗမာပြည်ထဲမှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ အချိတ်အဆက်တွေ လုပ်သလို စစ်အာဏာပိုင်တွေနဲ့လည်း လုပ်ထားခဲ့တာပါ။ ဒေါ်စု တရုတ်ပြည်သို့ အရင်သွားပြလိုက်တယ်။ စောင့်ကြည့်ကြပါဦး၊ အမေရိကန်ကို သွားရင် ဘယ်လို အကျိုးသက်ရောက်မှုတွေ ဖြစ်ဦးမလဲလို့ ထောက်ပြသူတွေ ရှိခဲ့တယ်။ ဒေါ်စု တရုတ်ပြည်သွားသည့်အပေါ် စစ်ဗိုလ်ချုပ်များဘက်က ဘာမျှော်လင့်ချက်မှ ထားခဲ့ပုံမရပါ။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အမေရိကန်ခရီးစဉ်အပေါ်မှာတော့ စစ်ဗိုလ်ချုပ်နဲ့ခရိုနီတွေ မျှော်လင့်ချက် ပုံအောလိုက် ပုံရပါတယ်။ သည်အချက်ကို ဗိုလ်ရွှေမန်းရဲ့ အမှာတော်ပုံစကားက အတိအလင်း ဖော်ပြနေပါတယ်။ဒေါ်စု အမေရိကန် မသွားမီကတည်းက အမေရိကန်စစ်တပ်နဲ့ ဗမာစစ်တပ်အကြားမှာလည်း နှစ်နိုင်ငံတပ်အချင်းချင်း ဆက်ဆံရေးအတွက် ချိတ်ဆက်ထားပြီး ဖြစ်တယ်။ ကေအိုင်အေကို မင်းအောင်လှိုင်တပ် ယခုအကြိမ် ထိုးစစ်ဆင်နေစဉ်မှာ အမေရိကန်သံအမတ်က မြစ်ကြီးနားသွားပြီး ကချင်တိုင်းရင်းသားတွေအပေါ် စာနာမှု ထုတ်ဖော်ပြောကြားလိုက်ပါတယ်။ ဒီအရင်ကတည်းက အနောက်အင်အားကြီးနိုင်ငံတချို့မှ အရာရှိများ စစ်ပွဲဖြစ်ပွားရာ တရုတ်နယ်စပ်အနီး ရောက်သွားခဲ့ပြီးပြီ။ ယခု အမေရိကန်ရဲ့ခြေလှမ်းက တရုတ်ပြည်နား ကပ်သွားပြီ။ သူ ဘာဆက်လုပ်မလဲ။ တရုတ်ကြီး ဘာဆက်လုပ်မလဲ။

စစ်မြင်းကြီး ဇက်ကြိုးကို ဘယ်သူကိုင်နိုင်မလဲ။

ဘယ်သူ့ဇက်ကြိုးကို ဘယ်သူက ကိုင်ထားသလဲ။

(၁၀) ဗမာပြည်မှ အစွမ်းထက်သော မျက်လှည့်ဆရာကြီးများ

ပင်းဒယ မြို့နယ်မှာ ဆောက်လုပ်မယ်ဆိုတဲ့ ပေ ၂၃၈၀ ရှိ စီမံကိန်း တံတားကြီး ပျောက်ထွက်သွားတယ်။ တချိန်တည်းမှာ ပြည်သူ့ဘဏ္ဍာငွေ ကျပ်သန်း ၂၃၈၀ လည်း ပျောက်သွားတယ်။ ဒါသာမက ဦးသိန်းစိန် အစိုးရလက်ထက်က တပြည်လုံးမှာ ဆောက်လုပ်မယ်လို့ စီမံကိန်းတင်ပြီး တကယ်မဆောက်ဘဲ နာမည်တင်ထားတဲ့ တံတားတွေရော၊ တံတားဆောက်ဖို့အတွက် စာရင်းပြထားတဲ့ ပြည်သူ့ဘဏ္ဍာငွေများပါ အတော်များများ ပျောက်ချင်းမလှ ပျောက်နေတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး မျက်လှည့်ဆရာဒေးဗစ်ကော့ပါးဖီး ဗမာပြည်လာပြီးတံတားတွေ ဖျောက်ပြလိုက်ဟန်တူတယ်လို့ သရော်လှောင်ပြောင်တဲ့ စကားတွေ လူမှုကွန်ရက် စာမျက်နှာပေါ်မှာ ပေါ်ထွက်လာတယ်။ အမှန်က ဒေးဗစ်ကော့ပါးဖီးလ်ကို ဗမာပြည် ဖိတ်ခေါ်ပြီး ဗမာပြည်က တံတားတွေ ဖျောက်ပြလှည့်ပါဆိုရင်တောင် ဒေးဗစ်ကော့ပါးဖီးလ် လာရဲမယ် မထင်ပါဘူး။ ဗမာပြည်မှာ သူ့ထက်အစွမ်းထက်တဲ့ မျက်လှည့်ဆရာကြီးတွေ ရှိနေကြလို့ပါ။ တောင်ကြီးတွေ အလုံးလိုက် ပျောက်သွားကြတယ်။ တောကြီးတွေ နေ့ချင်းညချင်း မျက်စိအောက်က ပျောက်ထွက်သွားကြတယ်။ သယံဇာတတွေ ပျောက်သွားတယ်။ လူ့အသက်ပေါင်းများစွာ ဇီဝိန်နုတ်သည့်ဘက်မှာလည်း ဗမာပြည်က မျက်လှည့်ဆရာကြီးတွေက အတော် အစွမ်းထက်ကြတယ်။ တခုတော့ ရှိတယ်။ ဗမာပြည်က မျက်လှည့်ဆရာကြီးတွေဆိုတာက အပျက်ဘက်သာ စွမ်းကြတာကိုး၊ ပြည်သူကို မျက်ရည်ကျအောင်သာ လုပ်တတ်ပြီး မျက်ရည်တိတ်အောင် မလုပ်တတ်ကြ။ အသက်ဇီဝိန်ကို ပြန်လည်အသက်သွင်းကသနိုင်စွမ်းမရှိကြ။ ပျောက်သွားသော တောတွေ တောင်တွေကို ပြန်လည်ရယူပေးနိုင်စွမ်းမရှိကြ။ ဗမာပြည်က မျက်လှည့်ဆရာများ တိုင်းပြည်ကြီးပါ ပျောက်သွားအောင် လုပ်ဖို့ ကြိုးစားလာရင်တော့ ဗမာပြည် ပြည်သူများက ခေါင်းငုံ့သည်းခံကြလိမ့်မယ် မဟုတ်ပါ။

(၁၁) သမိုင်းတရားခံ

ယခင်အစိုးရလက်ထက် ဘင်္ဂါလီများကို မိမိပါတီရဲ့မဲရရှိရေးအတွက်ရည်စူးပြီး ဂိုက်ကဒ်များ ထုတ်ပေးခဲ့လို့ သမိုင်းတရားခံဖြစ်ခဲ့ရပါပြီ-တဲ့။လွှတ်တော်မှာ စစ်တပ်ကိုယ်စားလှယ်က တရားဝင် ထုတ်ဖော်ဝန်ခံလိုက်တဲ့ စကားပါ။ ပြည်ခိုင်ဖြိုးပါတီကိုတော့ သည်တကွက်မှာ စစ်တပ်ဘက်က ထိုးကျွေးလိုက်ပြီ။ ဒါပေမဲ့ စစ်အာဏာရှင်စနစ် ဗမာပြည် နိုင်ငံရေးဇာတ်ခုံပေါ် တက်လာကတည်းက သမိုင်းတရားခံအဖြစ် အမည်းကွက်စွန်းထင်းခဲ့ရတဲ့ ကိစ္စရပ်ကြီးများဆိုတာတွေက အများကြီးပါ။ ၇- ရက် ဇူလိုင်အရေးအခင်း ကျောင်းသားတွေကို ပစ်သတ်၊ ကျောင်းသားသမဂ္ဂအဆောက်အဦကို မိုင်းခွဲ ဖျက်ဆီးခဲ့တာက အစ၊ လွတ်လပ်ရေး ရယူခဲ့သည့်နှစ်မှ စလို့ ယနေ့ထိ မီးကုန်ယမ်းကုန် အတောမသတ် ပစ်ခတ်တိုက်ခိုက်နေဆဲ ပြည်တွင်းစစ်။ ရှစ်လေးလုံးအရေးအခင်းများ ပြည်သူတွေကို သတ်ခဲ့တာတွေ၊ ရွှေဝါရောင် တော်လှန်ရေးမှာ သံဃာတော်တွေပစ်သတ်ခဲ့တာတွေ၊ ဒီပဲရင်းအရေး အခင်းမှာ သတ်ပစ်ခဲ့တာတွေ၊ လက်ပံတောင်းတောင်မှာ သံဃာတော်တွေကို မီးသင်္ဂြိုဟ်န်းကပ်ခဲ့တာတွေ...ပြောမယ်ဆိုရင် သမိုင်းတရားခံအဖြစ် စစ်အစိုးရ အဆက်ဆက် ပြေးမလွတ်နိုင်တဲ့ကိစ္စတွေ ဖြစ်ရပ်တွေ အများအပြား ရှိခဲ့ပါတယ်။ သူတို့စစ်တပ်ကိုယ်စားလည်တွေ လွှတ်တော်ထဲမှာ ၂၅ ရာခိုင်နှုန်းနေရာကို အခွံသား ဝင်ထိုင်နေကြတာကိုက နောင်တချိန် သမိုင်းစွဲချက်အတင်ခံရမယ့် ကိစ္စရပ် ဖြစ်တယ်ဆိုတာကိုရော ဒီစစ်တပ် ကိုယ်စားလှယ် လွှတ်တော်အမတ် သိပါရဲ့လား။

(၁၂) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌရဲ့စကားတခွန်း

မျက်မှောက် လွှတ်တော်တွင်းနိုင်ငံရေးမှာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ပြောဆိုလိုက်တဲ့ စကားတခွန်းက ပြင်ပ နိုင်ငံရေး အဝန်းအဝိုင်းအထိ လှုပ်ခတ်ဂယက်ရိုက်သွားခဲ့တယ်။သူက "ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များတွင် တပ်မတော်သား ၂၅ ရာခိုင်နှုန်း ပါဝင်နေမှုကြောင့် လွှတ်တော် လုပ်ငန်းများဆောင်ရွက်ရာ၌ အခက်အခဲ မရှိကြောင်း" ပြောလိုက်တာပါ။ သူက ပူးပေါင်းဆောင်ရွက်ရေးကို အလေးတင်း ပြောဟန်ရှိပါတယ်။ ဒါပေမဲ့ လွှတ်တော်အခက်အခဲဆိုတာဟာ ၂၀၀၈ ဖွဲ့စည်းပုံ ဥပဒေနဲ့ ၂၅ ရာခိုင်နှုန်း တပ်မတော်သားကိုယ်စားလှယ်တို့ နေရာယူထားမှုဖြစ်ပြီး ဒါဟာ အခရာကျတဲ့ အဟန့်အတားဖြစ်တယ်ဆိုတာကို လျစ်လျူရှု မေးမှိန်စေလိုက်သလို ဖြစ်သွားတယ်။ ခုခေတ်က အမျိုးသား ပြန်လည်ရင်ကြားစေ့ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေးအတွက် လုပ်နေတာပါလို့လည်း ရှင်းလိုက်ပါသေးတယ်။ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ ၂၁ ရာစုပင်လုံတို့ကို လွှတ်တော်နှင့် အစိုးရတို့က လွတ်လပ်စွာ ဆောင်ကြဉ်းပုံဖော်လို့ ရနေတယ်လို့ ယူဆပါသလား။ ၂၀၀၈ အခြေခံဥပ ဒေပြင်ဆင်ရေးကို နည်းနည်းမှ မစဉ်းစားကြတော့ဘူးလား။ စဉ်းစားတယ်ဆိုရင်၂၀၀၈ ဖွဲ့စည်းပုံဥပဒေပြင်ဆင်ရေးကို စစ်တပ်ကိုယ်စားလှယ်တွေက အဟန့်အတားပြုထားတာကို ဘာလို့ မေ့ဖျောက်ထားလိုက်ရပါသလဲ။ ဒီမိုကရေစီကျင့်စဉ်အကြောင်း ဦးဝင်းမြင့် ထည့်ပြောတဲ့အခါ လွှတ်တော်ထဲမှာ စစ်တပ်ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်း ပါဝင်နေခြင်းဆိုတဲ့ အချက်ကိုက ဒီမိုကရေစီနှင့် မကိုက်ညီဘူးဆိုတာကို ဦးဝင်းမြင့် ဘာကြောင့် မေ့ထားရပါသလဲ။

လက်ရှိအစိုးရ လွတ်လပ်စွာ အောင်မြင်စွာ လှုပ်ရှားဆောင်ရွက်နိုင်ခြင်းမရှိဘဲ အကျဉ်းအကျပ်ထဲ ရောက်နေသလို ဖြစ်နေရတာမှာ ၂၀၀၈ အခြေခံဥပဒေအဟန့်အတားကြောင့်၊ အရေးကြီးပြီး အခရာကျသည့် ဝန်ကြီးဌာနသုံးခုကို စစ်တပ်က အပိုင်စီးထားတာကြောင့်၊ လွှတ်တော်ထဲမှာ စစ်တပ်ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်း ပါဝင်နေမှုကြောင့်ဆိုတာတွေကို နိုင်ငံရေးစိတ်ဝင်စားသူ အတော်များများက ထောက်ပြနေတဲ့အချိန်ကျမှ ဦးဝင်းမြင့်က သည်သို့သည်နှယ် ပြောထွက်လိုက်ခြင်း ဖြစ်ပါတယ်။ မျက်မှောက် ဗမာပြည်ပြဿနာဟာ စစ်တပ်ကို စစ်အုပ်စုက တလက်ကိုင် လုပ်ထားသောပြဿနာ ဖြစ်မြဲ ဖြစ်နေပါသေးတယ်။ စစ်အာဏာရှင်စနစ် သားစဉ်မြေးဆက် တည်တံ့ဖို့ ရေးဆွဲထားတဲ့ ၂၀၀၈ အခြေခံဥပဒေကို ပယ်ဖျက်နိုင်ဦးတော့မှ စစ်အုပ်စု၊ စစ်အာဏာရှင်စနစ်နှင့် စစ်ဗျူရိုကရေစီယန္တရားကို အကုန်အစင် မပယ်ဖျက်နိုင်သေးဘူးဆိုရင် စစ်တပ်က အချိန်မရွေး အာဏာပြန်ယူနိုင်မယ့် အခြေအနေ ရှိမြဲရှိနေလိမ့်ဦးမယ်။

စစ်မှန်သော ဒီမိုကရေစီ အောင်ပွဲရရေးခရီးကို ကျွန်တော်တို့ပြည်သူများ ရှည်ကြာနာကျင်စွာ ဆက်လက်လျှောက်လှမ်းကြရဦးမယ်ဆိုတာ သေချာနေပါတယ်။

ဖက်ဆစ်ဂျပန်တော်လှန်ရေး စစ်မျက်နှာတခုမှ

ပါတီခေါင်းဆောင်တဦး

ဒုတိယပိုင်း

ဗတိုးရှိန် (မုံရွာ)

အရှေ့မြောက် နယ်စပ်အခြေခံဒေသမှာ ၁၉၇၅ ခုနှစ် မေလတွင် သခင်ဗသိန်းတင် ခေါင်းဆောင် ပြန်လည်ဖွဲ့စည်းတဲ့ ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီမှာ ရဲဘော်ဖေသောင်း ဗဟိုကော်မတီဝင် အပြည့်အဖြစ် ရွေးကောက်တင်မြှောက်ခံရတယ်။ ၁၉၈၅ ခုနှစ် ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ တတိယအကြိမ်ပါတီကွန်ဂရက်မှာ ပါတီဗဟိုကော်မတီ ပြန်လည်ရွေးကောက်တင်မြှောက်ရေး အမည်စာရင်းနဲ့အတူ အရွေးခံမယ့်ရဲဘော်ရဲ့ ကိုယ်ရေးအကျဉ်းကို တင်ပြရတယ်၊ အဲဒီကွန်ဂရက်မှာ ရဲဘော်ဖေသောင်းကိုယ်တိုင် ရေးသားတင်ပြထားတဲ့ ကိုယ်ရေးအကျဉ်းကို တာဝန်ရှိရဲဘော်က ဖတ်ကြားရာမှာ " ဗမာပြည် ကွန်မြူနစ်ပါတီကနေ အလံနီပါတီ ခွဲထွက်တဲ့ အချိန် ဗန်းမော်ကိုကိုကြီးက အလံနီဖြစ်သွားတဲ့အခါ ကျွန်တော်လည်း အလံနီ ဖြစ်သွားတယ် " ဆိုတဲ့တင်ပြချက် ဖတ်ကြားတာ ကြားလိုက်ရတယ်၊ ကျွန်တော် ကွန်ဂရက်ခန်းမ လုံခြုံရေး တာဝန်ယူနေစဉ်ဖြစ်လို့ ကြားရတာဖြစ်တယ်။ ဩော်- ရဲဘော်ဖေသောင်းက သူ့အကြောင်း မခြွင်းမချန် တင်ပြတာဖြစ်တယ်လို့ မှတ်ယူလိုက်မိတယ်။ အလံနီဖြစ်ခဲ့တာ သိပ်ကြာဟန် မတူပါဘူး တရုတ်ပြည်ဘက် သခင်ဗသိန်းတင်တို့ သွားတဲ့အခါ ရဲဘော်ဖေသောင်းလည်း ပါဝင်နေပြီဖြစ်တယ်၊ ဒါ အစောပိုင်းက ခေါင်းဆောင်တဦးရဲ့ ကိုယ်ရေးသမိုင်းဖြစ်တယ်၊ သေချာမစပ်စုမိလို့ အသေးစိတ်တော့ မသိပါဘူး။ တတိယကွန်ဂရက်မှာ ရဲဘော်ဖေသောင်း ဗဟိုကော်မတီအဖြစ် ပြန်လည်အရွေးခံရတယ်။ (အရှေ့မြောက်နယ်စပ်ဒေသ ခွဲထွက်မှုအရေးအခင်း ဖြစ်ပြီးတဲ့နောက်ပိုင်းမှာ ဗမာပြည်ကွန်မြူနစ်ပါတီ နိုင်ငံရေးဦးဆောင်အဖွဲ့ဝင် ဖြစ်လာခဲ့တယ်။) တရုတ်ပြည်ရောက် ရဲဘော်ဟောင်းများအဖွဲ့မှာ ရဲဘော်ဖေသောင်း ပါဝင်သော်လည်း ဗမာပြည် ပြန်ဝင်တာ စောပုံရတယ်၊ ပါတီပြောက်ကျားအခြေခံဒေသတခု ဖြစ်ခဲ့တဲ့ မြစ်ဖျားဒေသတိုင်း ရှိစဉ်ကတည်းက ရဲဘော်ဖေသောင်းတို့ မြစ် ဖျားဒေသမှာ လှုပ်ရှားခဲ့သေးတယ်ဆိုတာ သိရတယ်။

၁၉၇၁ ခုနှစ်လောက်မှာ ရဲဘော်ဖေသောင်း ခေါင်းဆောင်တဲ့ ပါတီကိုယ်စားလည်အဖွဲ့ဟာ အခါလူမျိုး လယ်သမား သူပုန်များနဲ့ ပူးပေါင်းကာ ကျိုင်းတုံအရှေ့ပိုင်းဒေသ (မုန်းလားဘက်) ကို ထိုးဖောက်စည်းရုံး တိုက်ပွဲဝင်ခဲ့တယ်၊ အောင်မြင်မှုများရရှိပြီး ပါတီရဲ့ ၈၁၅ စစ်ဒေသဆိုပြီး ပေါ်ထွက်လာတယ်၊ ဒီမှာ ပါတီတည်ဆောက်ရေးနဲ့ တပ်တည်ဆောက်ရေး နှိုင်းယှဉ်ချက်အရ ကောင်းမွန်တယ်၊ အဲဒီမှာ အဓိက ခေါင်းဆောင်ဖြစ်တဲ့ ရဲဘော်ဖေသောင်းရဲ့ နိုင်ငံရေး အရည်အသွေးနဲ့ အရည်အချင်းကို ချီးကျူးလေးစားဖွယ် လုပ်ဟန်ကောင်း ရှိတယ်လို့ မြင်တယ်။ ၈၁၅ ဒေသ ပြည်သူ့ တပ်မတော်ရဲ့ တိုက်စွမ်းရည်လည်း သိသိသာသာ ကောင်းတယ်။ ရဲ

ဘော်ဖေသောင်း တရုတ်ပြည်ထဲမှာနေစဉ် အိမ်ထောင်ရှိခဲ့တယ်တဲ့၊ သားသမီးလည်း ရှိခဲ့တယ်၊ သို့ပေမယ့် ပါတီက တာဝန်ပေးအပ်စဉ် တရုတ်ပြည်ရှိ သူ့ဇနီးက သူနဲ့အတူ မလိုက်ပါ နိုင်ဖြစ်လာတယ်။ နောက်ပိုင်း သူနဲ့ မလိုက်နိုင်ရုံမက ၁၉၇၅ ခုနှစ်မှာ ကွာရှင်းစာတင် ကွာရှင်းပြတ်စဲလိုက်ကြတယ်လို့၊ ရဲဘော်ဖေသောင်း နောက်အိမ်ထောင်ရှင်ဖြစ်သူ ရဲဘော်မီနာ ရေးသားချက်မှာ တွေ့ရတယ်။ နောက်ပိုင်း ၈၁၅ ဒေသ ရောက်တဲ့အခါ ရဲဘော်ဖေသောင်းဟာ ဒေသသူ ပြည်သူ့တပ်မတော်က ရဲဘော်မီနာနဲ့ နောက်အိမ်ထောင် ထူထောင်တယ်။ သက်ဆုံးတိုင် ဒီအိမ်ထောင်နဲ့ပဲ နေသွားခဲ့တယ်။

၁၉၇၉ ခုနှစ် ပါတီဗဟို ကော်မတီ အစည်းအဝေးမှာ ၇၉ လမ်းစဉ်ချအပြီး၊ ပါတီမှာ စည်းရုံးရေး အပြောင်းအလဲတချို့လုပ်ပြီး မြောက်ပိုင်းဗျူရိုနဲ့ အလယ်ပိုင်းဗျူရိုဆိုတဲ့ ဗျူရိုနှစ်ခုပေါ်လာတယ်။ မြောက်ပိုင်းဗျူရိုမှာ ရဲဘော်မျိုးမြင့်ခေါ် ရဲဘော်အောင်၊ ရဲဘော်ဖေသောင်း၊ ရဲဘော်စိုင်းအောင်ဝင်း စတဲ့ ဗဟိုကော်မတီ ၃ ဦး ခေါင်းဆောင်တယ်။ အဲဒီမှာ ရဲဘော်ဖေသောင်းက တပ်မှူးကြီး အ ဖြစ်တာဝန်ယူတယ်လို့ သိရတယ်။ ၁၉၈၅ ခုနှစ် ပါတီရဲ့ တတိယအကြိမ် ပါတီကွန်ဂရက်အပြီး ဗျူရိုတွေမှ ပီဘီတွေကို ဗဟိုက ပြန်ခေါ်ပြီး ဗျူရိုတွေကို ဗဟိုကော်မတီတွေ ခေါင်းဆောင်တဲ့အခါ ရဲဘော်ဖေသောင်းဟာ မြောက်ပိုင်းဗျူရိုရဲ့ အဓိကခေါင်းဆောင် ဖြစ်လာတယ်။ နောက်ပိုင်းကာလ ပါတီတွင်းပြဿနာတွေ စတင်ရှုပ်ထွေးနေတဲ့ အခြေအနေမှာ ရဲဘော်ဖေသောင်း မြောက်ပိုင်းဗျူရိုလုပ်ငန်းတွေ ဘယ်လို ကိုင်တွယ်လုပ်ဆောင်ရတယ်ဆိုတဲ့ အားနည်းချက်၊ အားသာချက် အခြေအနေ ဘယ်လိုရှိတယ်ဆိုတာ ကျွန်တော် ထဲထဲဝင်ဝင် နားမလည်ပါ။ ကျွန်တော်တို့နဲ့ လုပ်ငန်းဆက် စပ်မှု အလွန်နည်းပါတယ်။

ရဲဘော်ဖေသောင်းကို ကျွန်တော် ၁၉၇၉ ခုနှစ် မှာစမြင်ဖူးတယ်၊ ဂနယ် ပန်ဆန်းဌာနချုပ်မှာ သူတို့ပါတီခေါင်းဆောင်များ ဗဟိုကော်မတီ ဆွေးနွေးပွဲလုပ်ကြစဉ် မြင်ဖူးတာပါ။ ဟောပြောပွဲတို့ ဆွေးနွေးပိုင်းတို့ ရဲဘော်ဖေသောင်း စကားပြောတာ၊ ဆွေးနွေးတာ မကြုံဖူးသေးပါဘူး၊ ၁၉၈၉ ခုနှစ် ရှစ်လေးလုံးအရေးတော်ပုံ အရှိန်ကောင်းနေစဉ် ကျွန်တော်တို့ ရှေ့တိုးချဲ့ရေး ရှစ်သုံးလုံးတပ်ဖွဲ့ မြောက်ပိုင်းဗျူရိုဘက်ကနေ တပ်ဖွဲ့တွေ ဖြတ်သန်းဖို့ ဗဟိုစစ်ကော်မရှင် အစီအစဉ်အရ ဆုံးဖြတ်တယ်နဲ့တူပါတယ်။ အဲဒီအချိန် မြောက်ပိုင်းက ဗဟိုခေါင်းဆောင်တွေဖြစ်တဲ့ ရဲဘော်ဖေသောင်းနဲ့ ရဲဘော်ထွန်းတင်လည်း ပန်ဆန်းရောက်နေတယ်။ ရဲဘော်ထွန်းတင်က ကျွန်တော့်အိမ်ကို ရှာဝင်လာပြီး ကျွန်တော်တို့တပ်ဖွဲ့အခြေအနေ မေးမြန်းပါသေးတယ်။ နောက်နေ့တွေ ပန်ဆန်းမှာ ဗဟို ခေါင်းဆောင်တွေပါ ဆွေးနွေးပွဲလုပ်စဉ် ကျွန်တော်တို့တပ်ဖွဲ့က ရဲဘော်စိုင်းချစ်ညွှန့်၊ ရဲဘော်စိုးချစ်နဲ့ ကျွန်တော်တို့ကို အစည်းအဝေး တက်ခွင့်ပေးပါတယ်။ အဲဒီမှာ ရဲဘော်ဖေသောင်းလည်း အစည်းအဝေးမှာ တွေ့ရတယ်။ အစည်းအဝေးမှာ ရဲဘော်ဖေသောင်းက မြောက်ပိုင်းဗျူရို တပ်ဖွဲ့တချို့ အခြေအနေနဲ့ ကျွန်တော်တို့နဲ့ ဆက်ဆံရမယ့်တပ်တွေ၊ တပ်ပေါင်းစုအခြေအနေတွေကို မိတ်ဆက်ပါတယ်။ ရဲဘော်ဖေသောင်းပြောတဲ့အထဲမှာ ကျွန်တော် မှတ်မိနေတာက ၂၀၂ ဒေသတို့ တပ်ပေါင်းစုအနေအထားတို့ တပ်ဖွဲ့ချင်းဆက်ဆံရေး အနေအထားများဟာ ပြဿနာတွေတော့ ရှိတယ်၊ သဘောတူညီချက်တို့ ဆုံးဖြတ်ချက်တို့ ဘာမှ အသေအချာလုပ်နိုင်သေးတာမဟုတ်ဘူးတဲ့။ တကယ်က ပြဿနာက ဖြေရှင်းမရသေးလို့ အချိန်ရွှေ့ထားရတယ်၊ တချို့ပြဿနာတွေက ကြာနေပြီး၊ ဟိုရောက်ရင် နားလည်မှုနဲ့ ကြည့်လုပ်ကြရမှာပဲ ဆိုတာမျိုးပြောတယ်။ (နောက်ပိုင်းတော့ ကျွန်တော်တို့ ရှစ်သုံးလုံးတပ်ဖွဲ့ မြောက်ပိုင်းဗျူရိုခွင်ထဲ ဝင်ရောက်ချိန်မှာ ကိုးကန့်ကစ နယ်စပ်ဒေသ ပါတီတွင်းပုန်ကန်မှု စဖြစ်တယ်။ ပုန်ကန်မှုဖြစ်ဖို့ ကျွန်တော်တို့တပ်ဖွဲ့က စနက်တံလို ဖြစ်သွားတယ်။ အစည်းအဝေးမှာ ရဲဘော်ဖေသောင်းပြောတဲ့ အဓိပ္ပာယ်က ဒီကိစ္စ မဟုတ်ပါဘူး။ တခြားသော မြောက်ပိုင်းဗျူရို လက်အောက်ခံတပ်နဲ့ တပ်ပေါင်းစု အနေအထားအကြောင်း ကျွန်တော်တို့တပ်ကို ပြောပြတာဖြစ်ပါတယ်။)

နယ်စပ်အခြေခံဒေသ ပါတီတွင်းပုန်ကန်မှုဖြစ်ပွားပြီး ပါတီက မြေအောက်ပါတီအဖြစ်နဲ့လှုပ်ရှားနေရစဉ် အစပိုင်းမှာ ပါတီဗဟိုက နယ်စပ်ပုန်ကုန်မှုနဲ့ ပတ်သက်ပြီး မှန်မှန်ကန်ကန် နိဂုံးချုပ်ဝေဖန်သုံးသပ်ဖို့၊ ကော်မရှင်တရပ် ဖွဲ့စည်းတယ်၊ အဲဒီမှာ ပါတီခေါင်းဆောင်များရဲ့ သဘောထား အမြင်၊ ထင်မြင်ချက်များ ရယူနိုင်ရေး ကျွန်တော်တို့ ရဲဘော်ဖေသောင်း ယာယီနေထိုင်နေတဲ့ တရုတ်ပြည် ယင်ကျန်းမြို့ကို သွားရောက်တွေ့ဆုံပါတယ်။ ရဲဘော်ဖေသောင်းက ပုန်ကန်မှုအရေးအခင်းနဲ့ ပတ်သက်တာထက် ပါတီတွင်းအခြေအနေ သူ့အမြင်တချို့ ပြောပြပါတယ်၊ ရဲဘော်ဖေသောင်း ပြောတာက "ကျွန်တော်တို့တိုင်းပြည်မှာ ရှစ်လေးလုံးအရေးတော်ပုံ ဖြစ်လာတော့ ပါတီယူဂျီရဲဘော်တွေ ပါဝင်လှုပ်ရှားနိုင်တယ်ဆိုတော့ တကယ် အားတက်မိတယ်၊ အခုတော့ ပါတီက ထင်သလို ဖြစ်မလာဘဲ ပြိုကွဲကုန်တော့ ဘာမှမတတ်နိုင်ဘူး။ ဒီကိစ္စ ဗဟိုမှာ တာဝန်ရှိတယ်၊ အဓိက ပီဘီမှာ ပိုတာဝန်ရှိတာပေါ့၊ အခု ဖြစ်ရပ်က ပါတီခေါင်းဆောင်မှု နာမည်ပျက်သွားပြီ၊ အသက်တွေလည်း ကြီးကုန်ပြီ၊ ဗဟိုကော်မတီဟောင်းက ပါတီပြန်တည်ဆောက်နိုင်ဖို့ မလွယ်တော့ဘူး။ နောက်မျိုးဆက်က ဆက်တာဝန်ယူကြရမှာပဲ။ ပီဘီမှာ အမြင်မတူကြတာ ရှိတယ်၊ ကိုယ့်အမြင် သူ့အမြင် အားပြိုင်နေတယ်၊

အမြင်စုစည်း ညီညီညွတ်ညွတ်နဲ့ ခေါင်းဆောင်မှုပေးဖို့ အချိန်မရလိုက်ဘူးတဲ့။ အခု ပါတီက ပြည်တွင်းကို အခြေခံ အဓိကထား လုပ်ရေးဆိုတာ မှန်ကန်တယ်၊ နိုင်ငံတကာ အကူအညီရခဲ့လည်း အောင်ပွဲရအောင် လုပ်နိုင်ဖို့ မလွယ်ဘူးဆိုတာ လက်တွေ့ပြတာပဲ" ဆိုတဲ့ သဘော ပြောပါတယ်၊ ပြောတာတွေတော့ များပါတယ်၊ ဒါလောက်ပဲ သတိထားမိတော့တယ်။ နောက် ကျွန်တော် ယူနန်မြို့တော် ခွင်းမင်ရောက်စဉ် အနားယူနေတဲ့ ရဲဘော်ဖေသောင်းအိမ် ဝင်ဖြစ်ပါတယ်၊ အဲဒီမှာလည်း စကားပြောဖြစ်သေးတယ်၊ အဲဒီအချိန် တွေ့ရခဲ့တယ်ဆိုပြီး ကျွန်တော်က ရဲ ဘော်ဖေသောင်းရဲ့ ဖက်ဆစ်တော်လှန်ရေးအတွင်း အတွေ့အကြုံတွေ မေးမိတော့ သူနဲ့လေထီးအတူဆင်းတဲ့ ရဲဘော် ဂျပန်ဖမ်းမိပုံအကြောင်းတွေ သေချာရှင်းပြနေသေးတယ်။ အဲဒီတွေ့ဆုံမှုဟာ ရဲဘော်ဖေသောင်းကို နောက်ဆုံး တွေ့ရခြင်းဖြစ်ပါတယ်။ ရဲဘော်ဖေသောင်း ရောဂါဖိစီးလာလို့ ၁၉၉၈ ခုနှစ်မှာ ဆေးရုံတက် ခွဲစိတ်ကုသခံခဲ့ပါသေးတယ်၊ ခွဲစိတ် ကုသအပြီး နှစ်အချို့နေသွားရပါတယ်။ နောက်ဆုံး.....

ရဲဘော်ဖေသောင်းရဲ့ သေတမ်းစာ

အကြောင်းအရာ။ ။ ကျွန်တော့် စိတ်ဓာတ်

ကျွန်တော်မသေသေးမီ ကျွန်တော်ဘဝရဲ့ ကျွန်တော်ရဲ့နောက်ဆုံး ခိုင်မာတဲ့တော်လှန်ရေးစိတ်ဓာတ်ကို အစီရင်ခံခဲ့ပါတယ်။ ကျွန်တော်ဟာ ဗမာပြည်မှာ တိုင်းရင်းသားပေါင်းစုံပြည်သူတွေရဲ့ ဘဝလွတ်မြောက်ရေးအတွက်၊ ဒီနှစ် (၂၀၀၆) ဩဂုတ်လ (၁၅) ဆိုရင် နှစ်ပေါင်း ၆၇ နှစ်တိုင်တိုင် ရှိတော့မယ့် နှစ်ရှည်ကြာစွာ တိုက်ပွဲဝင်လာခဲ့တဲ့ ဗမာပြည်ကွန်မြူနစ်ပါတီက မွေးမြူကြီးပြင်းလာခဲ့တဲ့ ဗမာပြည်ကွန်မြူနစ်ပါတီ ပါတီဝင်တယောက်ပါ၊ ဒီအတွက် မိခင်ပါတီကို အထူးကျေးဇူးတင်ပါတယ်၊ ဂုဏ်လည်းယူပါတယ်။

ကျွန်တော့်အရိုးပြာဟာ ဗမာပြည်တွင်းက ရောဂတီမြစ်ရဲ့ မြစ်လက်တက် တခုဖြစ်တဲ့ တာပိန်ချောင်း (တာပိန်မြစ်) မှ ဗန်းမော်မြို့ အထက်နားမှာ ပင်မ ရောဂတီမြစ်အထဲသို့ ပူးပေါင်းရောက်ရှိသွားပါလိမ့်မယ်၊ ကျွန်တော့်အရိုးပြာနဲ့အတူ ကျွန်တော့် ဝိညာဉ်ဟာလည်း တပါတည်းပါသွားမှာပါ။

ပြည်တွင်းဖောင်းပေးရေး " ပြည်တွင်းဖောက်ချရေး" ဆိုတဲ့ ပါတီရဲ့မဟာဆော်ဩချက်အတိုင်း ကျွန်တော့်အရိုးပြာနဲ့ ကျွန်တော့် ဝိညာဉ်ဟာ ဗမာပြည်တွင်း ရောဂတီမြစ်ထဲမှာ နှစ်ပေါင်းရှည်ကြာစွာ တွယ်ကပ်မှီခိုနေပြီး ဗမာပြည်သူလူထုနဲ့ မိခင်ပါတီအပေါ် သစ္စာစောင့်သိမြဲ စောင့်သိပြီး မိခင်ပါတီရဲ့ အလံတော်အောက်မှာပင် ဆက်လက်၍ ဗမာပြည်သူလူထုရဲ့ တော်လှန်ရေးတိုက်ပွဲထဲမှာ ရဲဘော်တို့နဲ့အတူ ရှိနေပါလိမ့်မယ်။

ကျွန်တော်ဟာ စိတ်ဝါဒသမားတယောက်တော့ မဟုတ်ပါ၊ ရုပ်ဝါဒ သမားတယောက်သာဖြစ်ပါတယ်။ ဒါဟာ ကျွန်တော် မသေမီ ကျွန်တော့်ဘဝ နောက်ဆုံးနေဝင်ချိန်အထိ ခိုင်မာတဲ့ တော်လှန်ရေးစိတ်ဓာတ်ပါ။ ဒီလိုစိတ်ဓာတ်မျိုးကိုလည်း မိခင်ပါတီနဲ့ ပြည်သူလူထုပဲ မွေးမြူ ပျိုးထောင် တည်ဆောက်ပေးခဲ့တာပါ၊ ဒီအတွက် အထူးကျေးဇူး တင်ပါတယ်။

အလေးနီဖြင့်

ရဲဘော်ဖေသောင်း

ရဲဘော် ဖေသောင်းဟာ သူ့သေတမ်းစာမှာ ပါရှိတဲ့ သူချစ်သော မိခင်ပါတီရဲ့ ၂၀၀၆ ခုနှစ် ပါတီနေ့အထိ နေမသွားလိုက်ရပါ။ ၂၀၀၆ ခုနှစ် ဖွန်လ ၅ ရက်နေ့ နံနက် ၃ နာရီ ၃၅ မိနစ်မှာ သူချစ်တဲ့ ပါတီနဲ့ပြည်သူကို ခွဲခွာသွားပါတယ်။ စိတ်ထိခိုက်စရာပါ။ မျိုးဆက်ဟောင်း ပါတီခေါင်းဆောင်တွေဟာ အမိမြေကို ဘယ်လောက်ထိ ခုံမင်မြတ်နိုးတယ်ဆိုတဲ့ ဖော်ပြချက်ပါ။ စစ်အာဏာရှင်စနစ်ဆိုးကြောင့် သူတို့ရဲ့ အမိမြေအပေါ် ခုံမင်မှုကို အသက်ရှင်လျက် ထိတွေ့ခွင့်မရလိုက်ပါဘူး။

သူ့သေတမ်းစာပါအတိုင်း ကျန်ရစ်သူ သူ့မိသားစုမှ ဇနီး၊ သားသမီး၊ မြေးတို့နဲ့အတူ ဇနီးဒေါ်မီနာကိုယ်တိုင် အရိုးပြာကို သယ်ဆောင်ကာ ရဲဘော်များ၊ မိတ်ဆွေများနဲ့အတူ တာပိန်မြစ်ကမ်းပါး အရောက်သွားပြီး သူသံယောဇဉ်ကြီးလှတဲ့ ဗမာပြည်နဲ့ ရောဂ

တီမြစ်ကြီးဆီသို့ သူ့အရိုးပြာကို မျှောပါရောက်ရှိစေကြောင်း ရည်မှန်းဆုတောင်းလျက် တာပိန်မြစ်ရေမှာ မျှောပေးလိုက်ခြင်းဖြင့် သူ့ဆန္ဒကို ဖြည့်ဆည်းပေးလိုက်ပါတယ်။

ရဲဘော်ဖေသောင်းအား ဦးညွှတ် အလေးနီပြုလျက်

၁၀- ၈-၂၀၁၆

နိုင်ငံရေးမှူးရဲဘော်စိုးသိမ်းနဲ့အတူ ဖြတ်သန်းခဲ့ရတဲ့

တော်လှန်ရေးဘဝများ

ရဲဘော်ခင်မောင်ဝင်း

၁၉၇၀ ခု ရန်ကုန်တက္ကသိုလ် ရွှေရတုအထိမ်းအမှတ် လှုပ်ရှားမှုကြောင်း ကျွန်တော် ပုဒ်မ ၅ နဲ့ အဖမ်းခံရပြီး ၁၉၇၃ ဧပြီ (၁၃) အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့်နဲ့ အင်းစိန်ထောင်က လွတ်လာတယ်။ ထောင်ကလွတ်ပြီး ၆ လကျော်လောက်ရှိတော့ လာရှိုးကားလမ်းကနေ ဗမာပြည်ကွန်မြူနစ်ပါတီ လွတ်မြောက်ရေးအခြေခံဒေသ ကိုးကန့်ခရိုင်သို့ ပြည်သူ့ဒီမိုကရေစီတော်လှန်ရေးမှာ ပါဝင်ဖို့ တောခိုခဲ့တယ်။ ကိုးကန့်ခရိုင် ရှေ့တန်းတပ်မှူး ရဲဘော်ညွန့်မောင် ကူညီမှုနဲ့ ကိုးကန့်ခရိုင်ရုံးကို ရောက်ခဲ့တယ်။ ခရိုင်မှူး ရဲဘော်ရဲဒင် (ရဲဘော်ထွန်းလွင်၊ နောင် ၇၅ ဗဟိုကော်မတီ၊ ၈၅ တတိယအကြိမ် ကွန်ဂရက် ဗဟိုကော်မတီ)ရဲ့ လုံခြုံရေးဌာနမှာ ခေတ္တနေပြီး ခရိုင်လက်ဖက်ခြောက်စက်ရုံနဲ့၊ အရက်ချက်စက်ရုံမှာ ရဲဘော်မောင်ကြည်ဆိုတဲ့ မြင်းခြံသားတယောက်နဲ့ အတူနေထိုင်ရင်း ရဲဘော်များနဲ့ အတူ ထင်းခွေရေခပ် နေ့စဉ်လုပ်ငန်းများ လုပ်ကိုင်နေခဲ့ပါတယ်။ အဲဒီလိုနဲ့ ကိုးကန်းခရိုင်ပါတီရဲ့ ဆက်သွယ်ပေးမှုနဲ့ ပါတီဗဟိုနဲ့ အဆက်အသွယ်ရလာပြီးနောက် ဗမာပြည်ကွန်မြူနစ်ပါတီ အရှေ့မြောက်စစ်ဒေသ၊ ကွတ်ခိုင်ခရိုင်၊ ရှေ့တန်းလျှို့ဝှက်စခန်း (ဖိုင်ကောင်စခန်း) မှာ ရဲဘော်မြအောင်နဲ့အတူ လျှို့ဝှက်ဝါဒဖြန့်ချိရေး ရန်သူဒေသလှုပ်ရှားရေးလုပ်ငန်းများ ဆောင်ရွက်နေခဲ့ပါတယ်။ ၁၉၇၄ ဇန်နဝါရီလမှာတော့ အရှေ့မြောက်စစ်ဒေသ (သံလွင် အနောက်ခြမ်း) ဒုနိုင်ငံရေးမှူး ရဲဘော်စိုးသိမ်းရဲ့ မုံဂူ နိုင်ငံရေးဌာနစခန်းကို ရောက်ပါတယ်။ ဒါ ရဲဘော်စိုးသိမ်းနဲ့ စတင်တွေ့ခဲ့ခြင်းပါပဲ။ ရဲဘော်စိုးသိမ်းက နွေးထွေးခင်မင်စွာပဲ သူတို့စခန်းမှာ တာဝန်ယူသွားဖို့ ပြောပါ တယ်။ ဗဟိုအလုပ်အဖွဲ့စခန်းကိုတော့ မသွားပါနဲ့ဦး။ ကျွန်တော်တို့မှာ ကေဒါ မလုံလောက်ဘူး။ ဒီမှာပဲလုပ်ပါလို့ ဆွေးနွေးပြီး ဗဟိုရဲ့ သဘောတူညီမှု အရ သူ့ရဲ့အတွင်းရေးမှူး တာဝန်ကို ပေးလို့ ဒီတာဝန်ကိုပဲ ပထမဆုံး ယူခဲ့ရပါတယ်။

ရဲဘော်စိုးသိမ်းရဲ့ နေထိုင်စားသောက်မှုဟာ ရိုးစင်းပါတယ်။ မျက်မှန်ထူထူနဲ့ ဟန်ပန်ကင်းပြီး လယ်သမားကေဒါကြီး တယောက်နဲ့ တူပါတယ်။ အဲဒီအချိန်က အရှေ့မြောက်စစ်ဒေသဟာ လူအင်အား၊ လက်နက်အင်အား အပြည့်အဝနဲ့ ရန်သူ့ရှေ့တန်းစခန်းတွေကို ချေမှုန်းရေးတိုက်ပွဲများ ဖော်နေတဲ့ကာလပါ။ တချိန်တည်းမှာ ကြူကုတ်၊ ပန်ဆိုင်း၊ ဂနယ်တောင်မြောက်တို့ကို ရန်သူ့ထံမှ သိမ်းပိုက်ပြီး လွတ်မြောက်ရေးအခြေခံဒေသ ထူထောင်တာ သိပ်မကြာသေးတော့ ဒေသလုပ်ငန်းတွေ အပူတပြင်း တိုးချဲ့လုပ်ကိုင်နေရတယ်။ မုန်းဝေ၊ မိုးကုတ်ပြောက်ကျားဒေသတိုးချဲ့ရေး၊ ၂၀၂ စစ်ဒေသနဲ့ ပူးပေါင်းလှုပ်ရှားရေးစတဲ့ စစ်ရေး၊ နိုင်ငံရေးလှုပ်ရှားမှုတွေ အဆက်မပြတ် လုပ်နေပါတယ်။ ရဲဘော်စိုးသိမ်းဟာ နေ့မအိပ်ညမအိပ် အလုပ် လုပ်တတ်ပါတယ်။ မုံဂူနိုင်ငံရေးဌာနမှာ တပတ်အတွင်း စစ်ရေး၊ နိုင်ငံရေး အခြေအနေပညာပေး အစည်းအဝေးများကို ရဲဘော်စိုးသိမ်း အစဉ်အမြဲ လုပ်လေ့ရှိပါတယ်။ တခါတရံ ရှေ့တန်းကို တပ်စုတစုလောက်နဲ့ တောင်ပေါ်ခရီးကြမ်း ထွက်ရပါတယ်။ ကျွန်တော်လည်း ရဲဘော်စိုးသိမ်းနဲ့အတူ၊ အခြေခံဒေသ တည်ဆောက်ရေးလုပ်ငန်းတွေ၊ အစည်းအဝေးမှတ်တမ်းတွေ ပြုစုရပါတယ်။ စစ်ရေးလိုအပ်ရင်လည်း ရဲဘော်စိုးသိမ်း ကိုယ်ရံတပ်ဖွဲ့နဲ့အတူ လှုပ်ရှားရပါတယ်။

ရဲဘော်စိုးသိမ်းရဲ့ ငယ်နာမည်ဟာ ချစ်သိန်းဖြစ်တယ်။ သူ့ဖခင်က ဦးပါ။ စစ်ကိုင်းမြို့နယ်၊ ညောင်ကုန်းရွာမှာနေပြီး လက်မှုလုပ်ငန်း၊ ဆင်ရုပ်၊ ကျွဲရုပ်စတဲ့ ကလေးကစားစရာတွေ၊ လက်ပံသားနဲ့ ပန်းပုရုပ်တု ထု၊ ခုံဖိနပ်ခုတ်ပြီး အသက်မွေးဝမ်းကျောင်းတယ်လို့ သိရတယ်။ ငယ်စဉ်ကပဲ ပါတီခေါင်းဆောင်တဲ့ ဖက်ဆစ်ဂျပန်တော်လှန်ရေးထဲ ပါဝင်ခဲ့သူ၊ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ ဖက်ဆစ်ဂျပန်တော်လှန်ရေးတပ်သားဖြစ်တယ်။ ဂျပန်တော်လှန်ရေးပြီးတဲ့နောက် ပါတီကထုတ်ဝေတဲ့ ပြည်သူ့အာဏာနဲ့ ကွန်မြူနစ်နေ့စဉ် သတင်းစာကို ပါတီရန်ပုံငွေအတွက် လမ်းတကာလှည့်လည် ရောင်းချခဲ့သူဖြစ်တယ်။

၁၉၄၈ ခုနှစ် မတ်လ ပြည်သူ့ဒီမိုကရေစီ တော်လှန်ရေးအစပိုင်းမှာ ဗိုလ်ရန်အောင်ရဲ့ တာဝန်ပေးချက်အရ ဗဟိုဆက်သားအဖြစ် ကျောက်ဆည်သခင်တင်ရွှေကို ရှာဖွေဆက်သွယ်ရန် ရောက်ရှိပြီးနောက် ကျောက်ဆည်တဝိုက် အခြေခံပြီး လက်နက်ကိုင်တော်လှန်ရေး ဆင်နွှဲခဲ့ရတယ်။ ၁၉၅၁ ခုနှစ်မှာတော့ ပါတီဗဟိုရဲ့ တာဝန်ပေးချက်အရ တရုတ်ပြည်သို့ ပညာတော်သင်အဖြစ် ရောက်ရှိသွားခဲ့ရပြီး မာ့က်စ်လီနင်ဝါဒတက္ကသိုလ်မှာ ၅ နှစ်တင်းတင်း ပညာသင်ယူခဲ့ရသူ ဖြစ်တယ်။ နိုင်ငံရေးမှူး ရဲဘော်စိုးသိမ်းဟာ မူလက မူလတန်းအဆင့်လောက်သာ ပညာသင်ယူခွင့်ရရှိခဲ့သူ ဖြစ်ခဲ့ရာက ပါတီရဲ့မွေးမြူမှုအောက်မှာ နိုင်ငံခြားဘာသာတရုတ်စာတတ် မာ့က်စ်လီနင်ဝါဒ တက္ကသိုလ်ဆင်းပညာတတ် တယောက်ဖြစ်လာသူဖြစ်ပါတယ်လို့ နားလည် သိရှိခွင့်ရရှိပါတယ်။

၁၉၆၄ ခုနှစ်မှာ တရုတ်ပြည်ကွန်မြူနစ်ပါတီက တရုတ်ပြည်၊ ကွေ့ကျိုးပြည်နယ်မှာ ရောက်ရှိနေတဲ့ “ရဲဘော်နော်ဆိုင်း” ခေါင်းဆောင်တဲ့ ကချင်တပ်ဖွဲ့တွေကို ဗမာပြည်ကွန်မြူနစ်ပါတီထံ လွှဲပြောင်းပေးအပ်ပါတယ်။ အဲဒီအခါ ပါတီက အဲဒီတပ်ဖွဲ့ကို မာ့က်စ်လီနင်ဝါဒ ပညာပေးရေးအတွက် ရဲဘော်စိုးသိမ်းကို တာဝန်ပေးအပ်ခဲ့လို့ ကွေ့ကျိုးပြည်နယ်သွားရောက် နေထိုင်ကာ အဲဒီတပ်ဖွဲ့ရော အဲဒီတပ်ဖွဲ့ဝင်မိသားစု သားသမီးများ ပညာပေးရေးပါ ထမ်းဆောင်ခဲ့ရပါတယ်။ ကျွန်တော်တို့ နယ်စပ်ရောက်ရှိ တော်လှန်ရေးတာဝန်ယူရတဲ့ ကာလတွေမှာ ဒါကြောင့် နိုင်ငံရေးမှူးရဲဘော်စိုးသိမ်းနဲ့ ကွေ့ကျိုးရဲဘော်များနဲ့ မိသားစုဝင်တွေအကြား အထူးရင်းနှီးကျွမ်းဝင်မှုတွေကို တွေ့မြင်ခဲ့ရတာလို့ ဆိုနိုင်မယ်ထင်ပါတယ်။

၁၉၆၇ ခုနှစ်ရောက်တော့ နိုင်ငံတကာအခြေအနေ အပြောင်းအလဲတရပ် ပေါ်ပေါက်ခဲ့ပြီး ဗမာပြည်နဲ့ တိုက်ရိုက်ပတ်သက်တာကတော့ ဗိုလ်နေဝင်းက တရုတ်-ဗမာအရေးအခင်းကို အနောက်အုပ်စုအားကိုးနဲ့ ဖန်တီးလိုက်ခြင်းပါပဲ။ ဒီအချိန်မှာ တရုတ်ပြည်ကွန်မြူနစ်ပါတီ ပစ္စည်းမဲ့လူတန်းစား နိုင်ငံတကာစိတ်ဓာတ်အရ တော်လှန်ရေးများကို အကူအညီ အထောက်အပံ့တွေ ပေးနေတဲ့ အချိန် ဖြစ်ပါတယ်။ ဒါကြောင့် အဲဒီတုန်းက ဒုဥက္ကဋ္ဌသခင်ဇသိန်းတင်ခေါင်းဆောင်တဲ့ တရုတ်ပြည်ရောက်ရဲဘော်များ ဗမာပြည်တော်လှန်ရေး ပြန်လည်ဝင်ရောက်လုပ်ကိုင်ရေး အခွင့်အလမ်းတခု ပေါ်ပေါက်လာပါတယ်။ အဲဒီအခြေအနေအောက်မှာ အဝေးရောက် ခေါင်းဆောင်များအဖွဲ့က ရဲဘော်သန်းရွှေ(တပ်မှူး) ရဲဘော်စိုးသိမ်း (နိုင်ငံရေးမှူး) ရဲဘော်နော်ဆိုင်း (ဒု-တပ်မှူး)နဲ့ ဦးဇော်မိုင်း (နိုင်ငံရေးဌာနမှူး)တို့ ခေါင်းဆောင်ပြီး ၃၀၃ တပ်ဖွဲ့ကို လူအင်အား ၂၀၀ ကျော်နဲ့ စတင်ဖွဲ့စည်းလိုက်တယ်လို့ လေ့လာသိရှိ မှတ်သားခဲ့ရဖူးပါတယ်။ ဒီတပ်ဖွဲ့ဟာ ၁၉၆၈ ဇန်နဝါရီတရက်မှာ မုန်ဂူ၊ မုန်လုံ၊ ကောင်းလုံ၊ ဝေါချုံရွာများကို အခြေပြုပြီး ပြောက်ကျားစစ် စတင်လှုပ်ရှားခဲ့ကြပြီး ဒီတပ်ဖွဲ့တွေက မုန်ဂူ၊ မုန်လုံ၊ ဖောင်းဆိုင်စတဲ့ ရွာတွေကို စတင်တိုက်ခိုက် သိမ်းပိုက်ကာ နယ်စပ် အခြေခံဒေသကို ဖွင့်လှစ်ခဲ့တဲ့ ဗွေဆော်ဦးလုပ်ငန်းတွေကို ပါဝင်လုပ်ဆောင်ခဲ့တဲ့ ခေါင်းဆောင်တဦးအဖြစ်လည်း လေ့လာမှတ်သားထားဖူးပါတယ်။

ကျွန်တော်ဟာ ၇၃ ခုနှစ်နှောင်းပိုင်းမှာ နယ်စပ်အခြေခံဒေသကို ရောက်လာသူဖြစ်တော့ အဲဒီအချိန်မှာ နယ်စပ်အခြေခံဒေသ ဟာ ခိုင်မာတဲ့ အခြေခံဒေသကြီးဖြစ်နေပြီ၊ လူအင်အား လက်နက်အင်အား အင်မတန်တောင့်တင်းတဲ့ကာလဖြစ်တယ်လို့ ဆိုရမယ့် အ နေအထားပါ။ ဒိုင်နယ်၊ မြို့ နယ်၊ ခရိုင်စသဖြင့် ဖွဲ့စည်းထားပြီး အရှေ့မြောက်စစ်ဒေသ (သံလွင်မြစ် အနောက်ခြမ်း) တာဝန်ခံ၊ နိုင်ငံ ရေးမှူး အဖြစ် ရဲဘော်စိုးသိမ်းက တာဝန်တွေကို နေ့မအား၊ ညမနား လုပ်ဆောင်နေတဲ့ အချိန်ဖြစ်ပါတယ်။

၁၉၇၅ ခုနှစ်၊ ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ တိုးချဲ့အစည်းအဝေးမှာ နိုင်ငံရေးမှူးရဲဘော်စိုးသိမ်းဟာ အရန်ဗဟို ကော်မတီဝင် ဖြစ်လာပါတယ်။ ကျွန်တော်ဟာ ၇၄ မှ ၇၈ အထိ နိုင်ငံရေးမှူးနဲ့ အတူနေထိုင်ပြီး မိမိကျရာ တော်လှန်ရေးတာဝန်များကို လုပ်ကိုင်ခဲ့ပါတယ်။ နိုင်ငံရေးမှူးဟာ စစ်ရေး၊ နိုင်ငံရေး၊ ဒေသလုပ်ငန်း ဘက်စုံလုပ်ကိုင်နိုင်သူဖြစ်တာကို သူနဲ့အတူ ဖြတ်သန်းရင်းမှ သိ ရှိ နားလည်ခွင့်ရပြီး ကျွန်တော့်အတွက် တော်လှန်ရေးလုပ်ငန်းအတွေ့အကြုံသင်ခန်းစာကောင်းများကို ရရှိစေခဲ့ပါတယ်။ ရဲဘော်စိုး သိမ်းဟာ ဒေသလုပ်ငန်းဖြစ်တဲ့ လူထုစည်းရုံးရေးလုပ်ငန်းကိုလည်း အခါအခွင့်ရတိုင်း ပညာပေးလှုံ့ဆော်စည်းရုံးခဲ့တယ်။ ဒေသခံ ကချင်၊ ရှမ်း၊ တိုင်းရင်းသား ကိုးကန့်တရုတ်များကိုလည်း အမြဲမပြတ် ဆက်သွယ်လှုပ်ရှားခဲ့တယ်။ ဒေသခံတွေရဲ့ စိုက်ပျိုးထုတ်လုပ် ရေးဘဝ၊ နေထိုင်စားသောက်ရေး ဘဝမြှင့်တင်ရေးအတွက် သင်တန်းများ ပို့ချပေးတယ်။ တချိန်တည်းမှာလည်း လှေကားထစ်လယ် များ ဖော်ထုတ်စိုက်ပျိုးစေတယ်။ လူထုအဖွဲ့အစည်းများဖြစ်တဲ့ လယ်သမားသမဂ္ဂများ၊ ပြည်သူ့စစ်အဖွဲ့များကို ကျေးရွာ၊ ဒိုင်နယ်အ လိုက် ကွင်းဆင်းစည်းရုံးဖွဲ့စည်းပါတယ်။ သီးစားခလျှော့ပေါ့ရေး၊ အတိုးနှုန်းလျှော့ပေါ့ရေး၊ လုပ်ခတိုးမြှင့်ရေးစတဲ့ တောင်တန်းဒေသနဲ့ ကိုက်ညီတဲ့ မြေယာပေါ်လစီများကို ချမှတ်ဆောင်ရွက်ခဲ့တယ်။

၁၉၆၈ မတိုင်မီက မုန်းဂူကွင်း၊ မုန်းယားကွင်းစတဲ့ဒေသများဟာ ကချင်ဒူးဝါးဆိုးတွေနဲ့ နယ်ခံဗိုလ်ကျ ကူမင်တန်ဗိုလ်တွေ၊ ဗိုလ်နေဝင်းစစ်သားတွေရဲ့ မတရားသွေးစုပ်ဖိနှိပ်တာတွေကို ကြိတ်မှိတ်ခံခဲ့ရတဲ့ဒေသတွေ ဖြစ်ပါတယ်။ ဗမာပြည်ကွန်မြူနစ်ပါတီ ခေါင်း ဆောင်တဲ့ ပြည်သူ့တပ်မတော်က ဝင်ရောက်လှုပ်ရှားပြီး ဖိနှိပ်မှု၊ သွေးစုပ်မှုနဲ့စနစ်ဆိုးများကို တိုက်ဖျက် ပြည်သူလူထုကို လွတ်မြောက် စေလိုက်တော့မှ လူထုဟာ ပြည်သူ့တပ်မတော်ကို ပိုမိုထောက်ခံကာ ပြည်သူ့တပ်မတော်ထဲ ပိုပါဝင်လာပြီး တပ်သားရေသောက်မြစ် လည်း ပိုမိုခိုင်မာလာခဲ့တယ်။ စစ်ရေးလုပ်ငန်းတွေ လည်း ပိုမို ကျယ်ပြန့်စွာလုပ်ဆောင်နိုင်ခဲ့တယ်။ ၁၉၇၆ ခုနှစ်မှာတော့ ဒေသခံ ကချင် အမျိုးသမီးငယ် ပြည်သူ့တပ်မတော်သား ၃ ဦးကို မူဆယ်မြို့တွင်း ဝင်ရောက်ထိုးဖောက် ထောက်လှမ်းကာ ရန်သူ့အခြေအနေကို သိရှိ ဖို့ ကင်းထောက်လွှတ်ခဲ့တယ်။ အဲဒီနောက်မှာတော့ မူဆယ်မြို့ရဲစခန်းကို ဝိုင်းထားပြီး ရန်သူ့တပ်မှ ပြည်သူ့တပ်မတော်သို့ ကူးပြောင်း လာသူ ကူးပြောင်းစစ်သားများကို ရန်သူ့တပ် ဒုဗိုလ်၊ ဗိုလ်ကြီးအဆင့် ယူနီဖောင်းများ ဆင်မြန်းပေးပြီး မူဆယ်ရန်သူ့ကင်းစခန်းကို ဝင် ရောက် လျှပ်တပြက် တိုက်ခိုက်ခဲ့တယ်။ ရန်သူ့စခန်းကို တိုက်ခိုက်ချေမှုန်း ဖျက်ဆီးပစ်လိုက်နိုင်ပြီး၊ ရန်သူ့ရဲတပ်သား အမြောက်အ မြား ကျဆုံးစေခဲ့တယ်။ ဒါဟာ ရဲဘော်စိုးသိမ်းနဲ့ ရဲဘော်ထွန်းတင်တို့ရဲ့ အမြန်တိုက်၊ အမြန်အဆုံးသတ် ချေမှုန်းရေးစစ်ပွဲ တပွဲဖြစ် တယ်။ ဒီစစ်ပွဲဟာ ရန်သူကို တုန်လှုပ်ချောက်ခြားသွားစေခဲ့တယ်။ မိမိတပ်တွေဟာ မုန်းဂူ နယ်စပ်အခြေခံဒေသကနေ နေ့ညမအိပ်ဘဲ ခရီးပြင်းချီတက်ပြီး မူဆယ်မြို့ကို ဝိုင်း၊ ရွှေလီမြစ်ကို ညအချိန်ဖြတ်ပြီး မုန်းဂူတပ်က ထိုးဖောက်တိုက်ခိုက်ခဲ့တာ ဖြစ်တယ်။

အဲဒီကာလတွေမှာ နိုင်ငံရေးမှူးရဲဘော် စိုးသိမ်းဟာ မြို့ပေါ်ကလာတဲ့ ကျောင်းသားများကို ဖော်လံတီယာတပ်အဖြစ် စုစည်း လေ့ကျင့်ပေးထားတဲ့ တပ်ဖွဲ့တဖွဲ့လည်း ရှိပါတယ်။ ဒီတပ်ဖွဲ့ကို ၁၉၇၆ ဇူလိုင်အစောပိုင်းမှာ တောင်ကုန်းတခုမှာ တင်လိုက်တယ်။ မုန်းပေါ်၊ ရွှေကျင်ဝမ်းမှာ တပ်မဟာ ၂ နဲ့ မုန်းပေါ်ခရိုင်တပ်က တောင်ထိပ်မှာ စခန်းထိုင်ပြီး ၁၈၅ မိုင်ကားလမ်းကို ထိန်းသိမ်းထားပါ တယ်။ ရဲဘော် (ဗိုလ်) သန်းရွှေ၊ ရဲဘော်ထွန်းတင်နဲ့ နိုင်ငံရေးမှူး ရဲဘော်စိုးသိမ်းစတဲ့ ညွှန်ကြားရေးအဖွဲ့ဟာ ရန်သူနဲ့အနီးဆုံးစခန်းမှာ တက်နေရာယူပြီး ရန်သူကားလမ်းစောင့် တပ်ခွဲစခန်းကို ချေမှုန်းရေးလုပ်ဖို့ ပြင်ဆင်ကြပါတယ်။ ရှေ့တန်းကင်းတပ်နဲ့ ထောက်လှမ်း ရေးတပ်ဖွဲ့ ကင်းထောက်ပြန်လာတဲ့ ရဲဘော်တွေက ရဲဘော်သန်းရွှေနဲ့ ရဲဘော်စိုးသိမ်းတို့ထံ အစီရင်ခံကြပါတယ်။ မနက်လင်းအား ကြီးမှာ မှန်တိုင်းတပ်ဖွဲ့ဟာ ရန်သူ့ကားလမ်းစောင့် စခန်းကို ထိုးစစ်ဆင်ပါတော့တယ်။ ရန်သူတပ်သားများရဲ့ အော်သံဟစ်သံများ ကြားနေရပါတယ်။ လက်နက်ကြီးတပ်ဖွဲ့ကလည်း ရန်သူ့စခန်းနဲ့ ကားလမ်းကို ပစ်ခတ်ထိန်းချုပ်ထားတယ်။ ဒီတိုက်ပွဲမှာ ရန်သူ အများ အပြား ဒဏ်ရာရပြီး မူဆယ်ဆေးရုံမှာ လူနာများနဲ့ ပြည့်လျှံသွားတယ်လို့ ပြန်လည် သတင်းရရှိပါတယ်။

ရဲဘော်စိုးသိမ်းဦးဆောင်ပြီး ၇၅၁၀ စီမံကိန်း မိုးမိတ်-မိုးကုတ် ဒေသတိုးချဲ့ရေး၊ ကေ-အိုင်-အေနဲ့ တပ်ပေါင်းစု တိုးချဲ့ရေးတို့ကို လုပ်ဆောင်နိုင်ခဲ့တယ်။ ၇၆၊ ၇၇၊ ၇၈ ခုနှစ်များကတော့ စစ်ရေးတိုက်ပွဲတွေ မြိမ့်မြိမ့်သဲ အောင်ပွဲခံနေတဲ့ကာလ ဖြစ်တယ်။ ရဲဘော် စိုးသိမ်းက ပြောက်ကျားဒေသတိုးချဲ့ရေး စီမံကိန်းနဲ့ အခြေခံဒေသတည်ငြိမ်ရေး၊ လူထုဘဝမြှင့်တင်ရေးတို့ကိုလည်း ဂရုတစိုက် ကြီး

ကြုပ်နိုင်ခဲ့တယ်။ တချိန်တည်းမှာ ရဲဘော်စိုးသိမ်းဟာ ဒေသဖြူလုပ်ငန်းကိုလည်း လက်မလွှတ်ပါ။ ၁၉၇၄ မေ-ဇွန်အလုပ်သမား အရေးအခင်း၊ ဦးသန့်အရေးအခင်းနဲ့ မှိုင်းရာပြည့်အရေးအခင်းနဲ့ ပတ်သက်တဲ့ ဝါဒဖြန့်စာရွက်စာတမ်းများကို မြို့တွင်းဖြန့်ဝေရင်း အထူးတပ်ရင်းရဲ့ ကားလမ်းဖြတ် တိုက်ပွဲကို ပေါင်းစပ်ပေးခဲ့တယ်။

နောက်မြို့ပေါ်က တောခိုလာတဲ့ ကျောင်းသားများနဲ့ ဖွဲ့စည်းထားတဲ့ အထူးတပ်ကို စစ်ရေးလေ့ကျင့်တာ၊ ရှေ့တန်း စစ်မြေပြင် လက်တွေ့ ဖြတ်သန်းစေတာတွေလည်း လုပ်ခဲ့တယ်။ ၇ ရက်ဇူလိုင်အထိမ်းအမှတ် ဟိုဖျက်-မန်ပင်းစခန်းသိမ်းတိုက်ပွဲကိုလည်း အောင်မြင်စွာစည်းရုံး အကောင်အထည်ဖော်ဆောင်နိုင်ခဲ့တယ်။ ရဲဘော်သစ်တွေ အထူးသဖြင့် မြို့ပေါ်က တောခိုလာသူ ရဲဘော်တွေအပေါ် မှာ အထူးဂရုစိုက် အကူအညီပေး တတ်ပါတယ်။ ကျွန်တော်အပါအဝင် ရဲဘော်တွေကို စာအုပ်ထဲက မာ့က်စ်ဝါဒ လေ့လာတာနဲ့ လက် တွေ့ကွန်မြူနစ်ပါတီထဲ ဖြတ်သန်းရတာ မတူညီကြောင်း ပဲခူးရိုးမပြောက်ကျားဒေသနဲ့ နယ်စပ်ဒေသ ရဲဘော်တွေရဲ့ နေထိုင်စားသောက်မှုဘဝ၊ မတူနိုင်မှု လက်တွေ့အခြေအနေကို ပညာပေးရင်း မိမိကိုယ်ကိုယ် ပစ္စည်းမဲ့တပ်သားကောင်း ဖြစ်အောင် တည်ဆောက်ရေးမှာ အလွန်အကျွံတောင်းဆိုမှုတွေကို ပညာပေးလေ့ရှိပါတယ်။

ရဲဘော်စိုးသိမ်းရဲ့ အားကောင်းချက်ကတော့ လေ့လာရေးလုပ်ဟန် ဖြစ်တယ်။ ဘယ်လောက် အလုပ်များများ အလုပ်ပြီးတာနဲ့ ခဏနားပြီးရင် မှတ်စုစာအုပ်ထုတ်ပြီး ရေးမှတ်ပါတယ်။ ဒီလုပ်ဟန်ဟာ နယ်စပ်ဒေသအရေးအခင်း ဖြစ်ပေါ်ပြီးနောက် ကျွန်တော်တို့နဲ့ အတူ နောက်ဆုံး တရုတ်ပြည်ထဲက ဂျင်းဖော့ရွာလေးတရွာမှာနေတော့လည်း တွေ့နေရပြီး နောက်ဆုံးကျွန်တော်တို့နဲ့ ခွဲသွားပြီး အနားယူရတဲ့အထိတိုင် သူဖတ်မိသမျှ တရုတ်စာနယ်ဇင်းတွေထဲက အချက်အလက်တွေ မှတ်စုထုတ်ပေးတာ၊ ဆောင်းပါးတွေရေးပေး သွားတာ နောက်ဆုံးအထိလိုပဲ ဆိုနိုင်ပါတယ်။ နယ်စပ်ဒေသ သံလွင်မြစ်အနောက်ဘက် နိုင်ငံရေးဌာနကို တာဝန်ခံစဉ်ကလည်း တပတ် ၂ ကြိမ်လောက် လေ့လာဆွေးနွေးပွဲလုပ်နိုင်ရေးကို စခန်းမှူးကို မှန်မှန်ဆော်ဩလေ့ရှိပါတယ်။ ရှေ့တန်းတပ်မှူးတွေ ရောက်လာရင်လည်း စစ်ရေးဆွေးနွေးပွဲတွေမှာ ပြောက်ကျားစစ်၊ ချေမှုန်းစစ်စတဲ့ စစ်ရေးလှုပ်ရှားမှုများကို ပညာပေး ဆွေးနွေးတယ်။ အထူး သဖြင့် နေရာယူစစ်မျိုး မတိုက်မိဖို့ ပညာပေးတယ်။ ပြောက်ကျားစစ်နဲ့ လှုပ်ရှားစစ်လုပ်ပြီး ရန်သူ့သက်ရှိ အင်အားကို ချေမှုန်းရေးစစ်ကို တိုက်ကြဖို့ ဟောပြောတယ်။ နောက်ခရိုင်၊ မြို့နယ်၊ ဒိုင်နယ် ဒေသလုပ်ငန်းကေဒါတွေ ရောက်လာရင်လည်း လူထု အခြေအနေ၊ လူထုလုပ်ငန်း၊ ထုတ်လုပ်ရေးဘဝ၊ နေထိုင်စားသောက်ရေး ဘဝအခြေအနေ အစီရင်ခံချက်တွေကို နားထောင်၊ သူတို့ထံမှ လေ့လာ မှတ်သားပြီး ဒေသလုပ်ငန်းများဖြစ်တဲ့ ရှေ့တန်းကူညီရေးလုပ်ငန်း၊ တပ်မတော်သား အိမ်ထောင်များ ကူညီရေးလုပ်ငန်း၊ အာဇာနည် အိမ်ထောင်များ မေးမြန်းရေးလုပ်ငန်း ဆောင်ရွက်မှု အခိုင်အမာ အခြေအနေများကို မေးမြန်း သုံးသပ်ဝေဖန်ပါတယ်။

စခန်းအသီးသီးရှိ ရဲဘော်များကိုလည်း ပြည်သူလူထုရဲ့ ထုတ်လုပ်ရေးလုပ်ငန်းများကို ဝင်ရောက်ကူညီရေးကို လှုံ့ဆော်ပါတယ်။ လုပ်အားခက်ခဲတဲ့ အိမ်ထောင်များကို ကျွန်တော်တို့ရဲဘော်တွေဟာ တက်တက်ကြွကြွ ကူညီကြတယ်။ တောင်ယာခင်းပေါင်းနုတ်၊ ပျိုးနုတ်၊ လယ်စိုက်၊ စပါးရိတ်၊ စပါးပုံ၊ အိမ်ဆောက်စသဖြင့် လူထုလုပ်ငန်းများကို ရာသီအလိုက် ကူညီလုပ်ဆောင်ပေးခဲ့ကြတယ်။ ဒါကြောင့် ၇၄-၇၅-၇၆ ကာလတွေမှာ ဒေသခံပြည် သူများနဲ့အတူ ရဲဘော်များဟာ လွတ်မြောက်ဒေသတခွင် နေရာအနှံ့ တက်တက်ကြွကြွလှုပ်ရှား အခြေခံဒေသတည်ဆောက်ရေး၊ ခိုင်မာရေး၊ တိုးချဲ့ရေးအတွက် စစ်ရေး၊ နိုင်ငံရေး၊ ဒေသလုပ်ငန်း ဘက်စုံလုပ်ဆောင်နေတာကို တွေ့မြင်နိုင်ပါတယ်။ တနည်းအားဖြင့် နယ်စပ်ဒေသရဲ့ တော်လှန်ရေးလုပ်ငန်းတွေ အညွန့်တလူလူ သက်ဝင်လှုပ်ရှားနေတဲ့ကာလလို့ ဆိုနိုင်ပါတယ်။

နိုင်ငံရေးမှူးနဲ့ ပတ်သက်ရင် ကျွန်တော်တို့ရဲဘော်အားလုံး အသိအမှတ်ပြု လေ့လာထိုက်တာတခုကတော့ သူ့ရဲ့ စိတ်ရှည်စွာ ပညာပေး ဖျောင်းဖျတတ်မှုပါပဲ။ ဒါနဲ့ပတ်သက်လို့ အမှတ်ရစရာ အဖြစ်အပျက်တခုကို နမူနာ တင်ပြပါရစေ။ အချိန်ကာလ နေ့ရက်အတိအကျတော့ မမှတ်မိတော့ပါဘူး။ ၇၅ ခုနှစ် နှောင်းပိုင်းလောက်လို့ ထင်ပါတယ်။

မန်းဂူ စစ်ဒေသခွဲ၊ နိုင်ငံရေးဌာနခွဲရုံးခန်းကို ၄၈ -၄၉ ကေဒါကြီးတဦးဖြစ်တဲ့ လုံခြုံရေးဌာနတာဝန်ခံ ရဲဘော်(ဦး) ဖိုးချို ရောက်လာတယ်။ သူက နိုင်ငံရေးမှူးကို ကိုစိမ်းမောင်ကြီး မန်ဂူဈေးထဲက အိမ်တအိမ်မှာ ရောက်နေတယ်လို့ သတင်းပို့ပါတယ်။ ဒါနဲ့ နိုင်ငံရေးမှူးဟာ ရဲဘော်ဖိုးချိုနဲ့အတူ ကိုယ်ရံရဲဘော်လေး ၂ ယောက်ခေါ်ပြီး မန်ဂူဈေးဘက်ကို ထွက်သွားပါတယ်။ ဈေးထဲက ကိုစိမ်းမောင်ကြိုက်တတ်တဲ့ ပေါင်မုန့်၊ မုန့်ကြွပ်စတဲ့ မုန့်ပဲသရေစာများဝယ်သွားပြီး ဒိုင်နယ်ရုံးက အိမ်တအိမ်မှာ စီစဉ်ဧည့်ခံပါတယ်။ ကိုစိမ်းမောင်ကလည်း အထက်အဖွဲ့အစည်းကို တင်ပြဖို့ စာရွက်စာတမ်းတွေကို ရဲဘော်စိုးသိမ်းထံအပ်ပါတယ်။ အရှေ့မြောက်စစ်ဒေသရဲ့ ဟာ

ကွက်ပျော့ကွက်တွေကို နိုင်ငံရေးမှူး ရဲဘော်စိုးသိမ်းကို အားမနာတမ်း ပြောပါတယ်။ တခါတရံ စိတ်လိုက်မာန်ပါ ပြောတာမို့ အသံတွေ ဆူညံကျယ်လောင်လွန်းလှပါတယ်။ နိုင်ငံရေးမှူးက ဘာမှ ပြန်မပြောပါ။ စိတ်ရှည်ရှည်နား ထောင်ပါတယ်။ ကိုစိမ်းမောင်ရဲ့ အမြင် သဘောထားတွေ၊ လူမျိုးစုနွယ်တွေနဲ့ ပတ်သက်တဲ့ ထင်မြင်ချက်တွေကို ဗဟိုကို တင်ပြပေးဖို့သာ တာဝန်ရှိကြောင်း၊ နေရေးထိုင်ရေး၊ လုံခြုံရေးတို့ကို တာဝန်ယူကြောင်း၊ ဒါပဲပြောနိုင်ပါတယ်လို့ ခပ်တိုတိုပဲ ပြောပြီး စကားဝိုင်းကို နိုင်ငံရေးမှူးက အဆုံးသတ်လိုက်ပါတယ်။ ရဲဘော်စိမ်းမောင်လည်း သူ့ကိုထားတဲ့ သူ့စခန်းရှိရာကို ညနေဘက်မှာ ပြန်သွားပါတယ်။

ကိုစိမ်းမောင်ဆိုတာ မင်းလတ်ရဲခေါင်ပါ။ သူ့ကို မုန်ဂူကွင်းမှ တနာရီခွဲ ၂ နာရီခရီးလောက် တောင်ပေါ်တနေရာမှာ ကချင်ပုံစံ သပ်သပ်ရပ်ရပ် အိမ်ကလေးတလုံး ဆောက်ပေးထားပါတယ်။ သူနေတဲ့အိမ်ကလေးကနေ ကြည့်လိုက်ရင် မုန်ဂူကွင်းက လယ်ကွင်းစိမ်းစိမ်းတွေနဲ့ တရုတ်ဗမာနယ်စပ် ဖြတ်ဆင်းသွားတဲ့ မုန်ဂူချောင်းကိုလည်း မြင်ရတယ်။ ရှုခင်းက လွမ်းမောစရာပါ။ သူနဲ့ မလှမ်းမကမ်းမှာ ဂျင်းဖောရွာလေး တရွာရှိပါတယ်။ ရွာသားကချင်တွေနဲ့လည်း မိတ်ဆွေဖြစ်နေပြီး ရွာသားတွေကလည်း မကြာမကြာ သူ့ထံ လာလည်တတ်ပါတယ်။ သူက ဘာသာဗေဒ စိတ်ဝင်စားသူမို့လားတော့ မပြောတတ်ပါ။ အဲဒီသူနေတဲ့ စခန်းလေးရောက်ပြီး လတချို့ ကြာတော့ သူက ကချင်စကား ပြောတတ်နေပါပြီ။ အဲဒီအိမ်ကလေးမှာနေရင်း စာတမ်းတွေ ပြုစုပြီး နိုင်ငံရေးမှူးကတဆင့် တင်ပြလိုက်တာတော့ ကြားသိရဖူးပါတယ်။ လျှို့ဝှက်ကိစ္စများဖြစ်လို့ ဘာမှ စူးစမ်းလေ့လာခွင့်မရှိလို့ ဘာမှတော့ သိခွင့် မကြုံဘူးလို့ ဆိုရမှာပါ။

နောက် လတချို့ ကြာတဲ့အခါ ရဲဘော်ဖိုးချို တခေါက်ပြန်လာပါတယ်။ ဒီတခါတော့ သူက မုန်ဂူကွင်းမှာ ရဲဘော်စိမ်းမောင် “ပိုစတာတိုက်ပွဲဆင်နေကြောင်း” ပြောပြလို့ နိုင်ငံရေးမှူးက ဗဟိုကို အစီရင်ခံ အကြောင်းကြားပါတယ်။ “ပိုစတာ စာလုံးကြီးတိုက်ပွဲဆင်တာ မလုပ်ဖို့” ဥက္ကဋ္ဌသခင်ဗသိန်းတင်က အကြောင်းကြားတာ ဖြစ်တယ်။ ဒါကိုဆန့်ကျင်ပြီး မလုပ်ဖို့ စစ်ဒေသက တားမြစ်ပေမယ့် သူက နားမထောင်တော့ပါ။ စစ်ဒေသအမိန့်နဲ့ နိုင်ငံရေးမှူးက ပိုစတာတွေကို ခွာချပစ်စေပြီး မင်းလတ်ရဲခေါင် ခေါ် ကိုစိမ်းမောင်နဲ့ အချိန် အတော်ကြာ ဆွေးနွေးပါတယ်။ ရဲဘော်စိုးသိမ်းက သူပြောသမျှ နားထောင် စိတ်ရှည်ရှည်နဲ့ သည်းခံနားထောင်ပါတယ်။ တချိန်တည်းမှာ ပါတီရဲ့ညွှန်ကြားချက်များကို ခပ်ပြတ်ပြတ်ပြောဆိုပြီး သူ့နေထိုင်ရေး ကိစ္စများ၊ လိုအပ်ချက်များကို ကောင်းကောင်းမွန်မွန် စီစဉ်ပေး ပါတယ်။

ပိုစတာတိုက်ပွဲဆင်ပြီး တပတ်လောက်ကြာတော့ ဗဟိုလည်း ပန်ဆန်း၊ ဂနယ်ကို ပြောင်းတော့မယ်။ ကိုစိမ်းမောင်လည်း ဂနယ်ကို ပြောင်းရမယ်လို့ ညွှန်ကြားချက်ရောက်လာတယ်။ ဒါကြောင့် နိုင်ငံရေးမှူးဟာ ကိုစိန်းမောင်နဲ့ အချီအချ ပြောဆိုရပြန်ပါတယ်။ နောက်ဆုံး ညွှန်ကြားချက်အရ ပြောင်းရွှေ့ရေးကို စီစဉ်ရပါတယ်။ လုံခြုံရေးတပ်စုတစုနဲ့ လုံခြုံရေးမှူး ရဲဘော်ဖိုးချိုတာဝန်ယူပြီး ဂနယ်မြောက်ပိုင်းကို ပြောင်းရွှေ့နေရာချထားလိုက်ပါတယ်။ လမ်းခရီးမှာ ကိုစိမ်းမောင်ရဲ့ လုံခြုံရေးကို မှဲ့တပေါက်မှ မစွန်းစေရအောင် လုံခြုံရေးဌာနက တာဝန်ယူရမယ်လို့ လုံခြုံရေးဌာနကို တာဝန်ပေး သေချာအပ်နံ စီစဉ်ပေးခဲ့တယ်။

လမ်းခရီးအတွက် မြင်း၂ ကောင်နဲ့ ရိက္ခာအပြည့်အစုံ၊ လမ်းတလျှောက်အတွက် ထမ်းစင်ပါ ပြင်ဆင်ပေးလိုက်ပါတယ်။ သူက ပထမ မြင်းမစီးဘဲ လမ်းလျှောက်တယ်။ ခရီးကလည်းဝေး၊ တောင်ဆင်းတောင်တက်နဲ့ ခရီးကလည်း ကြမ်းတော့ ရက်တချို့ရှိတဲ့အခါ လမ်းမလျှောက်နိုင်တော့ပါ။ မြင်းစီးရန်ပြောပေမယ့် မြင်းမစီးပါ။ သူ့ကို ဒီလိုပို့တာ မကျေနပ်လို့ ခရီးဆက်မသွားရေးနဲ့ နောက်ကြောင်းပြန်ရေးကို လမ်းမှာ အစာမစားဘဲ ဆန္ဒပြပါတယ်။ လုံခြုံရေးဌာနကလည်း ညွှန်ကြားချက်အရ ဂနယ်မြောက်ပိုင်း ရောက်အောင် မဖြစ်ဖြစ်အောင် ပို့ရမှာပါ။ ဆန္ဒမပြရန် ဖျောင်းဖျပေမယ့် မရပါ။ အိပ်လှဲဆန္ဒပြတယ်။ ခေတ္တခရီးတထောက်နားတော့ ရှေ့ဆက်မသွားလိုကြောင်း ဆန္ဒပြတယ်။ နောက်ဆုံးတော့ ထမ်းစင်စီစဉ်ပြီး တပတ်အတွင်း ဂမြောက်ခရိုင်ရုံးအရောက် ချီတက်ခဲ့ကြတယ်။

ရဲဘော်စိုးသိမ်းက သူကိုယ်တိုင်လည်း စိတ်ရှည်သည်းခံပြီး ပါတီဗဟိုရဲ့ညွှန်ကြားချက်ကို အကောင်အထည်ဖော်ခဲ့သလို ကျန်ရဲဘော်များကိုလည်း ဒီရဲဘော်ကြီးဟာ ပညာတတ် ဝါရင့်ရဲဘော်ကြီးတယောက်ဖြစ်တယ်လို့ သေချာရှင်းပြ မိတ်ဆက်ပေးပြီး ဂမြောက်ခရိုင်ပို့ပေးရေးကို တာဝန်အပ်နှင်းခဲ့တယ်။ နိုင်ငံရေးမှူး ရဲဘော်စိုးသိမ်းရဲ့ အခိုင်အမာစီစဉ်ပေးမှုနဲ့ လုံခြုံရေးတာဝန်ခံ ရဲဘော်ဖိုးချို တာဝန်ခံကာ မင်းလတ်ရဲခေါင် (ခေါ်) ကိုစိမ်းမောင်ကို မြစ်အနောက်ဘက်ကနေ ဂမြောက်ခရိုင် ပို့ပေးခဲ့တာကို ပြန်လည် သတိရနေမိတယ်။

ဒီဖြစ်စဉ်နဲ့အတူ နိုင်ငံရေးမှူးရဲဘော်စိုးသိမ်းဟာ မြစ်အနောက်ဘက်မှာ တာဝန်ယူနေရာကနေ ဗဟိုစခန်းပြောင်းရွှေ့ရေး အတွက် စီစဉ်ဆောင်ရွက်ဖို့၊ ဗမာပြည်ကွန်မြူနစ်ပါတီခေါင်းဆောင်တဲ့ ပြည်သူ့ဒီမိုကရေစီတော်လှန်ရေး အနှစ် ၃၀ မြောက် အခမ်းအနား

နဲ့ နယ်စပ်အခြေခံဒေသ ၁၀ နှစ်မြောက် အခမ်းအနားကြီး ပွဲချီးကျင်းပရေးအတွက် ဂတောင်ခရိုင် ပန်ဆန်းကို ၁၉၇၈ ခုနှစ်ထဲမှာ ပြောင်းရွှေ့သွားရတယ်။ ကျွန်တော်လည်း ပန်ဆန်းကို ပြောင်းရွှေ့ခဲ့ရတယ်။ လုပ်ငန်းတာဝန်အရလည်း အပြောင်းအလဲဖြစ်သွားပြီး နိုင်ငံရေးမှူးနဲ့ ယာယီကွဲသွားပါတယ်။

ပန်ဆန်းမှာ ၁၉၇၅ ဗဟိုကော်မတီရဲ့ ၇၉ ဗဟိုကော်မတီစုံညီ အစည်းအဝေး ကျင်းပပြီး ၇၉ လမ်းစဉ်ထွက်လာတဲ့အခါ ဗဟိုကော်မတီအတွင်း တာဝန် အပြောင်းအလဲတွေ ပေါ်ပေါက်လာပါတယ်။ နိုင်ငံရေးမှူးရဲဘော်စိုးသိမ်းဟာ အရှေ့မြောက်စစ်ဒေသ ဒု နိုင်ငံရေးမှူး (မြစ်အနောက်ဘက် တာဝန်ခံကနေ) တပ်မ ၄၈ ရဲ့ နိုင်ငံရေးမှူးအဖြစ် အပြောင်းအလဲ ဖြစ်သွားပါတယ်။ ကျွန်တော်လည်း လုပ်ငန်းလိုအပ်ချက်အရ ရှမ်းပြည်အလယ်ပိုင်း ၁၀၈ စစ်ဒေသသို့ ၁၀၈ စစ်ဒေသ နိုင်ငံရေးမှူး ရဲဘော်ခင်ညိုနဲ့အတူ ဆင်းသွားခဲ့ရလို့ ပန်ဆန်းနဲ့ ယာယီခွဲရပြန်ပါတယ်။ နိုင်ငံရေးမှူး ရဲဘော်စိုးသိမ်းဟာ တပ်မ ၄၈ ရဲ့ အင်အားတချို့နဲ့အတူ မြစ်အနောက်ဘက် ပြန်ရွှေ့သွားရပြန်ပါတယ်။ ဒီလိုနဲ့ စပယ်တောမှာ နှစ်တချို့နေထိုင်ရင်း ၁၀၈ စစ်ဒေသကို ဆင်းလိုက်တက်လိုက် လုပ်ကိုင်ခဲ့ရပြန်ပါတယ်။ ၁၉၈၅ ခုနှစ် ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ တတိယအကြိမ် ပြည်လုံးကျွတ်ကွန်ဂရက် ကျင်းပပါတယ်။ ကွန်ဂရက်ပြင်ဆင်ရေးလုပ်ငန်းဖြစ်တဲ့ တည်ဆောက်ရေးဆပ်ကော်မတီမှာ ပါဝင်လုပ်ကိုင်ခွင့်ရပါတယ်။ အဲဒီ ၈၅ တတိယကွန်ဂရက်မှာ နိုင်ငံရေးမှူးရဲဘော်စိုးသိမ်းဟာ ဗဟိုကော်မတီအဖြစ် ပြန်လည်ရွေးကောက်ခံရပြန်ပါတယ်။ ဒီအခါ ရဲဘော်စိုးသိမ်းဟာ အရှေ့မြောက်စစ်ဒေသရဲ့ ပါတီကော်မတီ အတွင်းရေးမှူးနဲ့ နိုင်ငံရေးမှူး ဖြစ်လာပါတယ်။ ကျွန်တော်လည်း မိမိသက်ဆိုင်ရာ အထက်အဖွဲ့အစည်းကို တင်ပြတောင်းဆိုမှုအရ လုပ်ငန်းတာဝန် အပြောင်းအလဲဖြစ်ပြီး အရှေ့မြောက်စစ်ဒေသ ဌာနချုပ်ကို ရောက်ရှိလာပါတယ်။ သိပ်မကြာလိုက်ပါ။ နိုင်ငံရေးမှူးက ကျွန်တော့်ကို ဂမြောက်ခရိုင်ကော်မတီဝင်တယောက်အဖြစ် ဂမြောက်ခရိုင်ကို လွှဲပြောင်းပေးပြီး တာဝန်ပေးခဲ့ပါတယ်။ ဒီလိုနဲ့ နိုင်ငံရေး မှူးရဲ့ အရှေ့မြောက်စစ်ဒေသထဲမှ ဂမြောက်ခရိုင် နိုင်ငံရေးဌာနတာဝန်ခံတယောက်အဖြစ် ဂမြောက်ခရိုင်ရုံးစိုက်ရာ ရှင်တိဖန်းမှာ အချိန်တချို့ နေထိုင်လုပ်ကိုင်ခဲ့ပါတယ်။

ဒီလိုနဲ့ ဒေသဆိုင်ရာ လုပ်ငန်းတွေလုပ်ကိုင်နေရင်း ဂမြောက်ခရိုင် ပြန်လည်ဖွဲ့စည်းရေးအတွက် စစ်ဒေသကော်မတီရဲ့ တိုက်ရိုက်ကြီးကြပ်မှုဖြင့် ခရိုင်ကွန်ဂရက် ကျင်းပပါတယ်။ စစ်ဒေသအလုပ်အဖွဲ့အဖြစ် ရဲဘော်စိုးသိမ်း တာဝန်ခံကာ ရဲဘော်အောင်လွင်၊ မနီထွေး ပါဝင်ဖွဲ့စည်းပြီး ခရိုင်ကွန်ဂရက်ကို ဦးစီးကျင်းပပေးပါတယ်။ ကွန်ဂရက်မှာ ခရိုင်ကော်မတီအဖြစ် ကျွန်တော် ပြန်လည်အရွေးခံရပြီး ခရိုင်နိုင်ငံရေးဌာန လုပ်ငန်းတာဝန်များကို ဆက်လက် လုပ်ကိုင်နေပါတယ်။

ဒီအတော်အတွင်းမှာပဲ ဗမာပြည်ရဲ့အခြေအနေဟာ ဆိုးဝါး ဆုတ်ယုတ်သထက် ဆုတ်ယုတ်လာလို့ လူထုကြီးဟာ စစ်အာဏာရှင် စိုးမိုးအုပ်ချုပ် ဖိနှိပ်မှုကို ဆန့်ကျင်တွန်းလှန်တဲ့ “၈ လေးလုံးလူထု အုံကြွမှုကြီး”ဟာ တပြည်လုံး နေရာအနှံ့ တောရောမြို့ပါ မကျန် အရှိန်အဟုန်ပြင်းပြင်းနဲ့ ပေါ်ပေါက်ခဲ့တယ်။ ၈၈ စက်တင်ဘာမှာ စစ်တပ်က အာဏာသိမ်းလိုက်ပြန်ပါတယ်။ ဒါကြောင့် လက်နက်ကိုင်တော်လှန်လိုတဲ့ လူငယ်အင်အားတချို့ ပါတီအခြေခံဒေသ ပန်ဆန်းနဲ့ မြောက်ပိုင်းဗျူရိုဌာနချုပ်တို့မှာ ရောက်ရှိလက်ခံခဲ့ကြရပေမယ့် လူထုအုံကြွမှုဒီရေကို စီးပြီး၊ တော်လှန်ရေးကို တွန်းမတင်နိုင်ခဲ့ပါဘူး။ ဆန့်ကျင်ဘက်အားဖြင့် အခြေခံဒေသအတွင်းရှိ ကိုးကန့်အမျိုးသားများ စတင် ပုန်ကန်တယ်။ ဒီအခါ ဗဟိုကော်မတီအစည်းအဝေး စိတ်ဓာတ်နဲ့ ဗဟိုရဲ့ အခိုင်အမာလုပ်ငန်းများ ချပြရေးနဲ့ ပြင်ဆင်ရေးကို စစ်ဒေသနိုင်ငံရေးမှူး ရဲဘော်စိုးသိမ်းအပေါ် တာဝန်ကျလာပါတော့တယ်။ ဒါကြောင့် နိုင်ငံရေးမှူးဟာ ဂမြောက်ခရိုင်နဲ့ စစ်ဒေသဌာနချုပ် ပန်ဆန်း ကူးချီသန်းချီ လွန်းထိုးဆောင်ရွက်နေပါတယ်။ ဂအမျိုးသား အရန်ဗဟိုကော်မတီများဖြစ်တဲ့ ကျောက်ညီလိုင်နဲ့ ပေါက်ယိုချမ်းတို့ရဲ့ “ဂ အမျိုးသားများအနေနဲ့ ပါတီအပေါ် မကျေနပ်စရာ ဘာမှမရှိပါဘူး၊ ပါတီနဲ့အတူ ရပ်တည်သွားမယ်” ဆိုတဲ့ ပါတီဗဟိုအပေါ် တင်ပြချက်ကို လုံးဝယုံကြည်ထားမှုအောက်မှာ ဂ အမျိုးသားများ ပုန်ကန်မှုပေါ်ပေါက်ပြီး ဂမြောက်ခရိုင်သို့ လုပ်ငန်းတာဝန်အရ အလာခရီးလမ်းမှာ ဖမ်းဆီးချုပ်နှောင်ခံရပါတယ်။ ကျွန်တော်လည်း ခရိုင်ရုံးစိုက်ရာ ရှင်တိဖန်းမှာ အဖမ်းခံလိုက်ရပါတယ်။ ပန်ဆန်းဗဟို ဌာနချုပ်လည်း ဂအမျိုးသားများက ပုန်ကန် သိမ်းပိုက်လိုက်လို့ စစ်ဒေသအဖွဲ့အစည်းတွေ၊ ဗဟိုအဖွဲ့အစည်းတွေလည်း ပျက်သုဉ်းသွားကာ ပါတီဗဟိုနဲ့ ဗဟိုကိုထောက်ခံသူ အင်အားစုတချို့ဗဟိုနဲ့အတူ တဖက်နိုင်ငံသို့ ရောက်ရှိသွားတော့တယ်။ အခြေအနေတွေနဲ့လည်း ကျွန်တော် လုံးဝ အဆက်ပြတ်သွားရပါတော့တယ်။

နောင်မှာ ဇနီးရဲ့ဇာတိ၊ ဂျင်းဖောရွာလေးကို မောင်းထုတ်တာ ခံလိုက်ရပြီး အချိန်တချို့ ဇနီးရွာမှာ တောင်ယာခုတ် လုပ်ကိုင်စားရင်း နေထိုင်ခဲ့ရပါတယ်။ တဖက်ကလည်း ရေဒီယိုနားထောင်၊ ပါတီသတင်းတွေကို လေ့လာနေခဲ့ရာ ဗဟိုဟာ ၁၀၁ ဒေသမှာ

အခြေစိုက်နေတယ်ဆိုတဲ့ သတင်းရရှိလိုက်ပါတယ်။ ဇနီးသည်နဲ့အတူ လအနည်းငယ်သာရှိသေးတဲ့ သမီးငယ်ကို ရင်ခွင်ပိုက်ပြီး ဗဟိုရှိရာကို လိုက်လာခဲ့ပါတယ်။

ဒီလိုနဲ့ ထိန်ချုံးအရောက်မှာ မမျှော်လင့်ဘဲ လမ်းကြားတခုမှာ ရဲဘော်စိုးချစ်၊ ရဲဘော်နိုင်ဦး၊ ရဲဘော်ချို၊ ရဲဘော်အောင်လွင်တို့ ၄ ယောက်နဲ့ ရုတ်တရက် ဆုံမိလိုက်ပြီး တယောက်နဲ့တယောက် ဝမ်းသာအားရ ဖက်ရမ်းနှုတ်ဆက်နိုင်ကြပြီး ပါတီဗဟိုနဲ့ ပြန်အဆက်အသွယ်ရပါတယ်။ တဆက်တည်း နိုင်ငံရေးမှူး ရဲဘော်စိုးသိမ်းနဲ့လည်း အဆက်အသွယ်ရရှိလာပါတယ်။ သူက ပါတီတွင်းအခြေအနေ မိတ်ဆက်ပြ၊ ပညာပေးပါတယ်၊ ပါတီဘက် ဆက်လက်ရပ်တည်သွားဖို့ အားပေးပါတယ်။ ဒီနောက် ကျွန်တော် ပါတီရဲ့ နေရာချထားမှုအရ ပန်ဝါမှာ အချိန်တချို့ နေထိုင်ခဲ့ရပြန်ပါတယ်။

အချိန်တချို့ ပန်ဝါမှာ နေထိုင်ရင်း ဆက်လက်နေထိုင်ရန် မသင့်တော့ဘူးလို့ ထင်တာနဲ့ တရုတ်ပြည်ထဲကို ဇနီးသည်၊ သမီး ၂ ယောက်တို့နဲ့အတူ ပြန်လည်ဝင်ရောက်လာခဲ့ရာမှ နောက်ဆုံးမှာ နိုင်ငံရေးမှူး ရဲဘော်စိုးသိမ်း စီစဉ်နေရာချထားပေးတဲ့ ကချင်ရွာလေးတရွာမှာ ရဲဘော်မိသားစုများနဲ့အတူ နေထိုင်ခဲ့ပါတယ်။ ဒီကာလမှာတော့ နိုင်ငံရေးမှူးနဲ့အတူ ပြန်လည်နေထိုင်ရပြန်ပါတယ်။ သိပ်မကြာလိုက်ပါ။ နိုင်ငံရေးမှူးရဲဘော်စိုးသိမ်းနဲ့ ဗဟိုခေါင်းဆောင်များဟာ လုပ်ငန်းတာဝန်မှ အနားယူရန် မိမိမိသားစုရှိရာ စစ်ချွမ်းပြည်နယ် ချင်တူးသို့ ပြန်သွားကြပါတယ်။

ကျွန်တော်တို့ကတော့ နယ်စပ်မှာပဲ မိသားစုအတွက်လုံးပန်းရင်း ပါတီဗဟိုရဲ့ အမိန့်သံစောင့်ကာ မိမိယုံကြည်ချက်ပန်းတိုင်အတွက် မျှော်လင့်ချက်အပြည့်နဲ့ လုံးပန်းတိုက်ခိုက်နေဆဲ ဖြစ်ပါတယ်။ နိုင်ငံရေးမှူးကတော့ ကျွန်တော်တို့နဲ့ ဝေးရာမှာ ရောက်ရှိသွားပေမယ့် ဘာမထီစိတ်ဓာတ်နဲ့ အဝေးကနေ ကျွန်တော်တို့အတွက် သဘောတရားရေးလိုအပ်ချက်တွေ၊ အားသစ်တွေကို သူရဲ့ နောက်ဆုံး ထွက်သက်အထိ ဖြည့်ဆည်းပေးသွားခဲ့ပါပြီ။

နိုင်ငံရေးမှူးရဲဘော်စိုးသိမ်း အပါအဝင် ပထမမျိုးဆက် တော်လှန်ရေးခေါင်းဆောင်များရဲ့ ရာသက်ပန်တော်လှန်ရေးစိတ်ဓာတ် ဉဒါန်းတွင်ပါစေသတည်း။

နိုင်ငံရေးမှူးရဲဘော်စိုးသိမ်းကို အလေးနီ ပြုလိုက်ပါတယ်။

၂၇ စက်တင်ဘာလ ၂၆။

ရဲဘော်ချစ်အောင်သို့ နောက်ဆုံးနှုတ်ဆက်ခြင်း

(ပထမပိုင်း)

(ဝင်းတင့်ထွန်း)

(၁)

ကင်ဆာဆိုတဲ့ ရောဂါဆိုးကြီးရဲ့အန္တရာယ်ကို ခါးသည်းဖွယ် ကြားနာသိမြင်နေခဲ့ရတာကတော့ ကြိမ်ဖန်များစွာရှိခဲ့ပါပြီ။ ဆရာဇန်းမော် တင်အောင်တုန်းကလည်း ကင်ဆာနဲ့ပဲ ဖြစ်သလို၊ ကျွန်တော်တို့တွေ လေးစားတဲ့ ကျွန်တော်တို့တွေ အလေးထားတဲ့ ကျွန်တော်တို့တွေရဲ့ ရှေ့ကရှေ့က ပုဂ္ဂိုလ်ကြီးတွေဖြစ်တဲ့ ရဲဘော်ကြီးဦးဖေသောင်းတို့၊ ရဲဘော်ကြီးဦးစိုးသိမ်းတို့တွေဟာလည်း ဒီကင်ဆာရောဂါနဲ့ပဲ ဆုံးပါးသွားခဲ့ရတယ် မဟုတ်လား။ နောက်ဆုံးမှာ ရဲဘော်ကိုချစ်အောင်ထံကိုလည်း ဒီကင်ဆာရောဂါဆိုးကြီးဟာ မဖိတ်ခေါ်ရပါဘဲနဲ့ လာရောက်ခိုဝင် ငြိတွယ်စွဲကပ်နေပြန်ပြီလို့ သိလိုက်ရတဲ့အခါ ကျွန်တော်တို့တွေအားလုံး စိတ်မကောင်းဖြစ်မိရပါတယ်။ ဒါပေ

မဲ့- ဒီလောက်တောင် မြန်မြန်ဆန်ဆန်ကြီးတော့ ပြင်းပြင်းထန်ထန် ဆိုးဆိုးဝါးဝါး ဖြစ်ပေါ်ကြုံတွေ့လာရလိမ့်မယ်လို့တော့ ဘယ်သူမှ ထင်မှတ်ထားမိကြလိမ့်မယ် မထင်ပါ။ အထူးသဖြင့်- ကိုချစ်အောင်လို လူကောင်ကြီးက ခပ်ကြီးကြီး၊ အရုပ်အမောင်းကလည်း ကောင်း

ကောင်း၊ ခံနိုင်ရည်အား ကိုယ်ခံအားကလည်း တော်တော်ကို ပြည့်ပြည့်ဝဝကြီး ရှိနေတဲ့ပုံ အတိုင်းသားပေါ်လွင်နေတဲ့သူတယောက် အတွက် ကင်ဆာဆိုတဲ့ ဒီရောဂါဆိုး အန္တရာယ်ဆိုးကြီးရဲ့ တိုက်ကွက်တိုက်ချက် ထိုးနက်ချက်တွေဟာ တော်တော်နဲ့ တိုးပေါက်နိုင်လိမ့် မယ်မဟုတ်၊ လွယ်လွယ်နဲ့ သက်ရောက်အစွမ်းပြနိုင်လိမ့်မယ်မဟုတ်-လို့ပဲ ယူဆထားမိပါတယ်။ အတိုချုပ်ပြောရရင်တော့ ဒီလောက် ကြီး မြန်မြန်ဆန်ဆန် အန္တရာယ်သင့်နိုင်လိမ့်မယ်လို့တော့ ဘယ်သူကမှ မျှော်လင့်ထားကြလိမ့်မယ်မထင်ပါ။ ကိုချစ်အောင် ကိုယ်တိုင် ပင်လျှင် အစောပိုင်းကတော့ ဒီလောက်ကြီး မြန်မြန်ဆန်ဆန်နဲ့ လူ့ဘဝကနေ ထွက်ခွာသွားရလိမ့်မယ်လို့ယူဆထားပုံ မရပါ။ ဒါကြောင့် ပဲ ယူနန်ပြည်နယ်ရဲ့မြို့တော် ခွန်းမင်ဆေးရုံကြီးပေါ်ကနေ ပထမအကြိမ်၊ ဒုတိယအကြိမ်တွေအဖြစ် ဆေးဝါးကုသမှုတွေပြုလုပ်ခဲ့ပြီး ရွှေ လီကို ပြန်ရောက်လာချိန်မှာ၊ 'ဘယ့်နယ်လဲ-' လို့ လူမမာသွားမေးခဲ့တဲ့ကျွန်တော့်ကို သူက "အခြေအနေက အများကြီး တိုးတက်လာ တယ်။ ကုသမှုက ထိရောက်အောင်မြင်တယ်လို့ပဲ ပြောရမှာပဲဗျ....."လို့- သူ့ရဲ့ထုံးစံအတိုင်း လေသံအေးအေးလေးနဲ့ ပြန်လည်ရှင်းပြခဲ့ ရုံမက မျက်နှာပေါ်မှာလည်း အပြုံးအေးအေးလေးတချက် လက်ကနဲ လင်းနေခဲ့တာ သတိထားမိခဲ့ပါတယ်။

ဒီနှစ် ဖေဖော်ဝါရီလထဲကပဲ ကျွန်တော်နဲ့ကျွန်တော့်သားကြီးဟာ သူ့ရဲ့ကျောက်ဆိုင်လေးဖွင့်ထားရာနေရာကို တခုတ်တရ သွားခဲ့ကြပါသေးတယ်။ ကင်ဆာရောဂါ ရှိနေတယ်လို့ဆိုတဲ့ သူ့ကို ကျွန်တော့်သားကြီးက ရွှေလီကို ရောက်တုန်းရောက်ခိုက် သွား ကြည့်ချင်တယ်-ဆိုလို့ လိုက်ပို့ရင်း ရောက်ဖြစ်ပြန်တာပါ။ ကျွန်တော့်သားနဲ့သမီးဟာ ကိုချစ်အောင်ကို တော်တော်ကို ချစ်ခင်လေး စား ကြပါတယ်။ သူတို့ငယ်ငယ်ကတည်းက ကိုချစ်အောင်ဟာ သူတို့အပေါ် စေတနာထားတယ်၊ အမြဲလိုလို ကူညီထောက်ပံ့ပေးကမ်းမှု တွေ ရှိခဲ့တယ်ဆိုတာကို သူတို့ဘာသာ သူတို့လက်တွေ့တွေနဲ့ တွေ့ကြုံသိရှိနေခဲ့ကြပြီး၊ သူတို့နှလုံးသားတွေထဲမှာ လေးလေးနက် နက် မှတ်သားထားတာ ရှိနေခဲ့ပါတယ်။ ဒီနှစ် ဖေဖော်ဝါရီလထဲမှာ တရုတ်နှစ်သစ်ကူး ကျောင်းရက်ရှည်ပိတ်ချိန်မှာ ကွေ့ကြိုးပြည်နယ် ထဲမှာ အထက်တန်းကျောင်းတက်နေတဲ့သမီးငယ်က ရွှေလီကို ပြန်မလာနိုင်ပေမယ့် ကျန်ရှီးပြည်နယ်ထဲက အနုပညာတက္ကသိုလ်တခု မှာ ပန်းချီနဲ့ဒီဇိုင်းအဓိက ဘာသာရပ်နဲ့ ကျောင်းတက်နေတဲ့ သားကြီးကတော့ အိမ်ကို ပြန်လာဖြစ်ခဲ့ရာကနေ- "ဘဘဦးချစ်အောင်ကို သား သွားပြီးတွေ့ချင်တယ်.... .... " လို့ ဆိုလို့ လိုက်ပို့ခဲ့ရတာဖြစ်ပါတယ်။ သားက သူ့ဘဘဦးချစ်အောင်အတွက် ပန်းချီကားတချပ် ပါလာခဲ့ပါတယ်။ နှစ်ပေဝန်းကျင်လောက်ရှိမယ့် ကြွေပန်းချီကားလေး တချပ်ပါ။ သားတို့တက္ကသိုလ်ဟာ တရုတ်ပြည်မှာ ကြွေနဲ့ ပတ် သက်တဲ့ နာမည်အကြီးဆုံးမြို့မှာ ရှိတာကြောင့် ကြွေပန်းချီကိုလည်း ဘာသာရပ်တခုအဖြစ် ကောင်းကောင်းသင်ကြားပေးရာ၊ သား ကိုယ်တိုင်လည်း ရေဆေး၊ ဆီဆေးတွေသာမက ကြွေပန်းချီကိုပါ တော်တော်များများ ဆွဲရပါတယ်။ သူတို့တက္ကသိုလ်က အတန်းတူ ကျောင်းနေဖက် ကျောင်းသားတွေလည်း ကြွေပန်းချီတွေ အသီးသီးဆွဲကြရရင်း၊ တယောက်ရဲ့ပန်းချီကားနဲ့ တယောက်ရဲ့ပန်းချီကား ကို အပြန်အလှန် အမှတ်တရ လဲလှယ်သိမ်းဆည်းကြတာတွေလည်း ရှိပါတယ်။ ဒီတခါ ကျောင်းပိတ်အိမ်အပြန်မှာ သားက ပန်းချီကား တချို့ကို သယ်ယူလာခဲ့တာရှိပေမယ့် ကြွေပန်းချီကားကတော့ (၃)ချပ်တည်းပဲ ပါပါတယ်။ အကြီးဆုံးကားက သားကိုယ်တိုင်ရဲ့ လက် ရာ ဖြစ်ပြီး၊ ကျန်ကြွေပန်းချီ (၂) ချပ်ကတော့- သားနဲ့အတန်းတူ တခန်းတည်းနေ သူငယ်ချင်းနှစ်ယောက်ရဲ့လက်ရာပန်းချီကားတွေ ဖြစ်ပါတယ်။ သားရဲ့လက်ရာကြွေပန်းချီကား(၂)ချပ်ကို သူတို့တွေက အမှတ်တရ ရယူသွားပြီး၊ သူတို့နှစ်ယောက်ရဲ့လက်ရာ ပန်းချီ ကားလေးတွေကို အပြန်အလှန် အလဲအလှယ် အမှတ်တရအဖြစ် သားကို ပြန်လည်ပေးထားကြတာလို့ ဆိုပါတယ်။ တခြားပန်းချီကား တွေကို သယ်ယူလာရတာ အခက်အခဲ သိပ်မကြီးလှပေမယ့်၊ ကြွေပန်းချီကားတွေကို သယ်ယူလာရတာမှာတော့ မထိမိမခိုက်မိအောင်

တော်တော်ကို ဂရုစိုက်ရပါတယ်။ ဒီကြားထဲကပဲ အိမ်ကို ပြန်ရောက်တဲ့အခါ၊ အိမ်အတွက် ယူလာခဲ့တဲ့ သားကိုယ်တိုင်ရဲ့လက်ရာ ကြွေပန်းချီကားကြီးဟာ တခုခုနဲ့တိုက်မိ ထိမိခဲ့ပြီး၊ အက်ရာအစင်းကြီး ထင်နေတာ တွေ့လိုက်ရပြီး၊ သားဟာ တော်တော်ကို စိတ်ခိုက်ခဲ့ပါတယ်။ ဒါကြောင့် ကိုချစ်အောင်ဆီကို လာကြတဲ့အခါ ကိုချစ်အောင်အတွက် ယူလာခဲ့တဲ့ ကြွေပန်းချီကားဟာ သားကိုယ်တိုင်ရဲ့ လက်ရာ ပန်းချီကား မဟုတ်တော့ဘဲ သားသူငယ်ချင်းတယောက်ရဲ့ပန်းချီကားလေးတချပ်ပဲ ဖြစ်နေခဲ့ပါတယ်။ သားက - " ဘဘ ဒါက ဘဘ အတွက် ပန်းချီကား လက်ဆောင်၊ ဒါက သားကိုယ်တိုင်ဆွဲတဲ့ ပန်းချီကားတော့မဟုတ်ဘူး။ သားနဲ့ကျောင်းနေဖက် သူငယ်ချင်းရဲ့ပန်းချီလက်ရာပဲ။ သားရဲ့လက်ရာ ပန်းချီကားကို သူက အမှတ်တရအဖြစ် ယူသွားပြီး၊ သူ့လက်ရာ ဒီဟာကို သားကို အမှတ်တရ ပြန်ပေးထားတာ...." လို့ပြောပြရင်း၊ ကိုချစ်အောင်ရဲ့လက်ထဲကို လက်ဆောင်အဖြစ် သားကိုယ်တိုင် ပေးပါတယ်။ ကိုချစ်အောင်က ကျွန်တော့်သားကို ရွှန်းရွှန်းမြမြ ပြန်ကြည့်ရင်း၊ အပြုံးလဲ့လဲ့နဲ့အတူ ကြွေပန်းချီကားလေးကို လက်ခံယူပါတယ်။ နာရီဝက် လောက်ကြာအောင် စကားစမြည် ပြောဆိုဖြစ်ခဲ့ကြပြီးတဲ့နောက် အိမ်ကိုပြန်ဖို့ အထမှာတော့- ကိုချစ်အောင်က သားကို ရွှန်းရွှန်းစားစား ထပ်ကြည့်ရင်း၊ "သားရဲ့လက်ဆောင် ပန်းချီကားကို ဘဘကြိုက်ပါတယ်။ ဒါပေမဲ့- ဘဘက သားကိုယ်တိုင်ရဲ့လက်ရာ ပန်းချီကားကို ပိုကြိုက်တယ်။ ပိုပြီ လိုချင်တယ်...."လို့ အပြုံးဖွဖွလေးနဲ့ ပြောလိုက်ပါလေတယ်။ သားကလည်း "ဟုတ်ကဲ့ဘဘ၊ သားမှာ သားဆွဲထားပြီးသား ကြွေပန်းချီကားတွေ ကျောင်းမှာ တော်တော်များများ ရှိပါတယ်။ နောက်တခေါက် လာဖြစ်တဲ့အခါ ကျရင်- ဘဘအတွက် သား ထပ်ပြီး ပေးပို့မယ်"လို့ပြန်ဖြေလိုက်ပြီး သားအဖနှစ်ယောက် ကိုချစ်အောင်ထံက ပြန်လာခဲ့ကြပါတယ်။ သားအတွက်တော့ အဲဒီတခေါက်ဟာသူ ချစ်ခင်လေးစား တန်ဖိုးထားတဲ့ သူ့ဘဘကိုချစ်အောင်နဲ့ နောက်ဆုံး တွေ့လိုက်ရခြင်းနဲ့ နောက်ဆုံးစကား ပြောဆိုလိုက်ရခြင်းလို့ပဲ ဆိုရတော့မှာ ဖြစ်ပါတယ်။

ကျွန်တော်နဲ့ဇနီးသည်ကတော့ ၂၀၁၆ မေလကုန်ခါနီးမှာ ကိုချစ်အောင်ထံ ထပ်ပြီး ရောက်ခဲ့ကြပြန်ပါတယ်။ အိမ်ကိုတော့ မဟုတ်၊ သူ့ရဲ့ကျောက်ဆိုင်လေးဆီကိုပဲ သွားခဲ့ကြတာပါ။ သူ့ဆိုင်မှာ ကျောက်စိမ်းလက်ကောက်လေးတွေများ ရှိနေမလားဆိုပြီး ကျောက်စိမ်းလက်ကောက် လိုချင်လို့သွားရှာရင်း၊ ကြည့်ရင်း ရောက်ဖြစ်ခဲ့ကြတာပါ။ အကြောင်းကတော့- ဇွန်လ (၆)ရက်နေ့မှာ ကွေ့ကြိုးမှာ အထက်တန်းနောက်ဆုံးနှစ် စာမေးပွဲကြီးဖြေဆိုမယ့် သမီးငယ်ထံ သူ့အမေက ဇွန်လဆန်းဆန်းချင်း ရောက်အောင်သွားဖို့ ရှိရာမှာ၊ ဇနီးသည်ရဲ့အစ်မက လူကြုံတုန်း ကျောက်စိမ်းလက်ကောက်လေးတွေလည်း လေးငါးခြောက်ကွင်းလောက်တော့ တပါတည်း ယူလာခဲ့ ဆွဲလာခဲ့ဖို့ မှာထားတဲ့အတွက်၊ အဲဒီကိစ္စအတွက် ရောက်ခဲ့ကြတာပါ။ ဇနီးသည်ရဲ့ ကွေ့ကြိုးမှာနေတဲ့ တဦးတည်းသော အစ်မက သူ့မိတ်ဆွေတွေက ကျောက်စိမ်းလက်ကောက် လိုချင်တယ်၊ သူ့ကို မှာထားတယ်၊ အဲဒါ လေးငါးကွင်းတော့ သူ ရောင်းပေးမယ်။ သယ်လာရင်-အနည်းဆုံး လမ်းစရိတ်တော့ ကာမိအောင် သူ ရောင်းပေးနိုင်တယ်ဆိုလို့ စာမေးပွဲဖြေမယ့်သမီးကို သွားကြိုရင်း၊ တချက်ခုတ် နှစ်ချက်ပြတ်သဘော လမ်းစရိတ်ကာမိအောင် ကျောက်စိမ်းလက်ကောက်ယူသွားရေးအတွက် ကိုချစ်အောင်ဆိုင်ကိုလည်း ရောက်သွားဖြစ်ခဲ့ကြတာ ဖြစ်ပါတယ်။" ကိုချစ်အောင်ရေ.... ဒီသုံးလေးရက်အတွင်းမှာ မိန်းမက ကွေ့ကြိုးကို သွားဖြစ်မယ်။ သမီးကို သမီး စာမေးပွဲကြီးမဖြေခင် သမီးအမေ ရောက်အောင်လာမယ်။ စာမေးပွဲအတွင်း သမီးကို သမီးစားချင်တာ အမေက ချက်ကျွေးမယ်။ စာမေးပွဲပြီးတော့- ရွှေလီကို ပြန်ကြတော့လည်း သမီးတယောက်တည်း မဖြစ်တော့ဘဲ အတူတူပြန်နိုင်အောင် လာကြိုမယ်လို့ ဟိုးတနှစ်ကတည်းက ပြောထားတဲ့ ကတိစကားအတိုင်း၊ ဒီသုံးလေးရက်အတွင်း သွားရမှာဖြစ်တယ်။ အဲဒီမှာ သူ့အစ်မကလည်း လက်ကောက်လေးငါးခြောက်ကွင်းလောက်ဆွဲခဲ့ပါ၊ သူ ရောင်းပေးမယ်၊ လမ်းစရိတ် ကာမိတာပေါ့-လို့ဆိုလို့၊ သင့်တော်မယ့် လက်ကောက်လေးတွေ လိုက်ရှာနေတာ၊ ထောင်ပိုင်းလောက်ဆို အတော်ပဲ။ အဲဒါ ခင်ဗျားတို့ဆိုင်မှာများ ရှိမလားဆိုပြီး လာတာပဲ...." လို့ရှင်းပြလိုက်တော့ ကိုချစ်အောင်က -"ဆိုင်မှာ ရှိတာတွေကတော့ အဲဒီကောင်တာထဲမှာ အကုန်ပဲဗျာ၊ လက်ကောက်က သိပ်မများဘူး။ ဒီမှာက ခဲ(ဂဲ) နဲ့ ဖြတ်သားက များတယ်။ ခင်ဗျားတို့ဝင်(ခွင်)ကိုက်ရင်- ကြိုက်တာရှိ ယူသွားဗျာ...." လို့ ပြောရင်း၊ လှိုက်လှိုက်လှဲလှဲ ပျူပျူငှာငှာ တုံ့ပြန် ဖော်ပြပါတယ်။"အခု သမီးချိုမာထွန်းက အထက်တန်းနောက်ဆုံးနှစ် ကောင်းစန်းစာမေးပွဲကြီး ဖြေတော့မှာနော်၊ သားကလည်း တက္ကသိုလ် နောက်ဆုံးနှစ် တက်ရတော့မှာ- ချိုမာထွန်းကြီးကလည်း အခု ကောင်းစန်းစာမေးပွဲကြီးပြီးရင်-ဒီနှစ်ထဲမှာပဲ တက္ကသိုလ် စတက်ရတော့မှာနဲ့ဆိုရင်.... ခင်ဗျားတို့လင်မယားလည်း တော်တော်ကို ရုန်းရလှုပ်ရှားရမှာပဲ...."လို့ပြောရင်း စာနာမှုအပြည့်နဲ့ ကျွန်တော်တို့ ဇနီးမောင်နံကို ကြည့်ပါတယ်။ ကျွန်တော့်ဇနီးကလည်း ကိုချစ်အောင်ကို ပြန်ကြည့်ရင်း" ကိုချစ်အောင်လည်း ကျန်းမာရေး တော်တော်ကို ပြန်ကောင်းလာတယ်နော်.... လူတောင် ပြန်ဝလာတယ်။ အသားအရေလည်း ဖြေဖြေ ပုံမှန် ပြန်ဖြစ်လာတယ်နော် " လို့ ဆိုလိုက်တော့ ကိုချစ်အောင်က သူ့ရဲ့ထုံးစံအတိုင်း အပြုံးဖွဖွလေးနဲ့တုံ့ပြန်ရုံမက " ဟုတ်တယ် တော်တော်ကို ပြန်ကောင်းလာတယ်။ နောက်

တခေါက်လောက် ခွန်းမင်ကို ပြန်တက် ပြန်ပြုပြီးပြီဆိုရင်တော့ လုံးဝအိုကေလောက်ပါပြီ” လို့ အေးအေးဆေးဆေး အသွင်သဏ္ဍာန်နဲ့ ပြန်လည်ပြောဆိုနေခဲ့ပါတယ်။

အဲဒီနေ့က သူ့ဆိုင်မှာ ကျွန်တော်တို့လိုချင်တဲ့ လက်ကောက်မျိုး မရှိတဲ့အတွက် ဘာလက်ကောက်မှ ယူခဲ့ရခြင်းမရှိပေမယ့် သူနဲ့ စကားစမြည် ပြောဆိုခဲ့ရတဲ့အပေါ်၊ သူ့ကျန်းမာရေးအခြေအနေက တော်တော်လေး အကောင်းဘက်ပြနေတဲ့အပေါ် ကျွန်တော်တို့ ဇနီးမောင်နှံ နှစ်ယောက်စလုံး ဝမ်းမြောက်ဝမ်းသာဖြစ်ခဲ့ရပါတယ်။ အပြန်လမ်းမှာ ကျွန်တော်က ဇနီးသည်ကို- “ကိုချစ်အောင်တော့ ဒီတောင်ကနေ ကျော်နိုင်တော့မယ် ထင်တယ်ကွ။ ဝမ်းသာစရာပဲဟေ့....” လို့တောင် ပြောမိပါသေးတယ်။

ဒါပေမဲ့.... ဒါပေမဲ့....

(၂)

ဇွန်လ (၆) ရက်နေ့မှာ တပြည်လုံးစတင်မယ့် တရုတ်ပြည် အထက်တန်းနောက်ဆုံးနှစ် စာမေးပွဲကြီးမတိုင်ခင် ဇွန်လ (၂) ရက်နေ့ကတည်းက အိမ်ကနေထွက်သွားတဲ့ ဇနီးသည်ဟာ ထင်ထားတဲ့ရက်ထက် အများကြီးနောက်ကျပြီးမှ အိမ်ကို ပြန်လာနိုင်ပါတယ်။ စာမေးပွဲ ဖြေပြီးပြီဖြစ်တဲ့ သမီးနဲ့အတူ သားအမိနှစ်ယောက်စလုံး ကွေ့ကြိုးမှာပဲ သောင်တင်နေခဲ့ကြတဲ့အတွက်ပါ။ ကွေ့ကြိုးအပါအဝင် တရုတ်ပြည်အနောက်တောင် ဒေသတွေဖြစ်တဲ့ ဆီချွမ်း၊ ဟူနန်၊ ကွမ်ရှီး-စတဲ့ ဒေသတွေအားလုံးနီးပါး မိုးတွေသည်း၊ ရေတွေကြီး၊ ကားလမ်းရထားလမ်းတွေတော်တော်များများ ပျက်စီးထိခိုက်ကုန်တဲ့အတွက် လမ်းတွေမပေါက်တဲ့အတွက် အိမ်ကို မြန်မြန်ပြန်လာချင်ပါလျက် မလာနိုင်ဖြစ်ခဲ့ရပြီး ဇူလိုင် (၉)ရက်နေ့ကျမှပဲ တစ်လကျော်မှပဲ အိမ်ကို ပြန်ရောက်ပါတယ်။ အဲဒီလိုကာလအတွင်း ကျွန်တော်ဟာ ရွှေလီမှာပဲ ရှိနေခဲ့ရပေမယ့် ကိုချစ်အောင်ထံ တခေါက်တကျင်းမှ မရောက်နိုင်ဘဲ ကိုယ့်အလုပ်ကိစ္စတွေနဲ့ကိုယ် လုံးချာလိုက်နေခဲ့ပါတယ်။ အဓိကက ဇနီးသည် မရှိတာလည်း ပါပါတယ်။ ဘာကြောင့်လဲဆိုတော့- ဆိုင်ကယ်လည်း မစီးတတ်၊ စက်ဘီးတောင် မစီးတတ်တဲ့ကျွန်တော့်ကို ဆိုင်ကယ်စီးတတ်တဲ့ ကျွန်တော့်ဇနီးသည်က ဆိုင်ကယ်ပေါ်တင်ပြီး လိုက်မောင်းပို့မှ ကိုချစ်အောင်ထံကို လွယ်လွယ်ကူကူရောက်မှာ ဖြစ်တာကြောင့်ဖြစ်ပါတယ်။

ဒီအရင်တုန်းကတော့ ကိုချစ်အောင်ရဲ့ကျောက်ဆိုင်ဖွင့်ထားရာနေရာဟာ ကျွန်တော်နေထိုင်ရာနဲ့ သိပ်မဝေးလှတဲ့နေရာမှာပဲ ရှိတာကြောင့် ထွက်ခလုတ် ဝင်ခလုတ် မကြာခဏဆိုသလို ရောက်တတ်လေ့ရှိပေမယ့် ဒီနှစ်ထဲမှာ သူက ဆိုင်နေရာကို ရွှေ့သွားပြီဖြစ်တာကြောင့် ကျွန်တော့်တယောက်တည်း အလွယ်တကူ မရောက်ဖြစ်တော့တာဖြစ်ပါတယ်။ သူကလည်း ကျောက်အရောင်းအဝယ်ဈေးကွက်က အနည်းငယ် ထိုင်းမှိုင်းစပြုလာချိန်မှာ ဆိုင်လခဈေး ပိုပြီးသက်သာတဲ့နေရာဆီပဲ ရွေးချယ်ရွှေ့ပြောင်းလိုက်ရတဲ့ အခြေအနေ ဖြစ်ပါတယ်။ သူနဲ့အတူ ကျောက်ဆိုင်ဖွင့်၊ ကျောက်စီးပွားရေးအတူတူ ရှယ်ယာလုပ်ကြတဲ့ ဗမာဇနီးမောင်နှံက သူ့အပေါ် တကယ့်ကို ဆွေမျိုးရင်းချာလို သံယောဇဉ်လည်းကြီး၊ ယုံကြည်ကိုးစားမှုလည်း ရှိတာကြောင့် အစစအရာရာ သူ့လက်သူ့ခြေ လုပ်ခွင့်ရပေမယ့် သူက တတ်နိုင်သမျှ အကုန်အကျ သက်သာအောင် အဲဒီလူငယ် ဇနီးမောင်နှံမိသားစုဝင်တွေနဲ့အတူ ဈေးနှုန်းသက်သာရာ နေရာဆီကို ရွှေ့ပြောင်းသွားခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့်- နေရာက သိပ်မနီးလှတာကြောင့် ကျွန်တော့်ဇနီးသည် တလကျော်ကျော်ကြာအောင် ခရီးသွားနေစဉ်အတွင်း ကိုချစ်အောင်ထံ နောက်ထပ်တခေါက်မှ ထပ်မံမရောက်ဖြစ်သလို ဇနီးနဲ့သမီး အိမ်ကို ပြန်ရောက်လာတော့လည်း အိမ်မှာကို အိမ်မှုကိစ္စတွေရော၊ အဝေးကနေ ရောက်လာကြတဲ့ ဧည့်သည်သောင်သည်ကိစ္စတွေနဲ့ပါ ဆက်နေတဲ့အတွက် ဇူလိုင်လကုန်တဲ့အထိ မရောက်ဖြစ်ခဲ့ပါ။ ဒီကြားထဲမှာ-ကိုချစ်အောင်က ရဲဘော်တယောက်ဆီကနေတဆင့် ကျွန်တော့်ထံ တရုတ်ငွေ ယွမ်ငါးရာတိတိ လူကြုံနဲ့လှမ်းပြီး တခုတ်တရပေးလိုက်ပါသေးတယ်။ “ကျွန်တော့်သားနဲ့ သမီးအတွက် သူတတ်နိုင်သလောက် ထောက်ပံ့ကူညီတာ-” တဲ့။ ကျွန်တော့်မှာ သူပေးလိုက်တဲ့ပိုက်ဆံကြောင့် ဝမ်းသာဝမ်းနည်း ခံစားရပါတယ်။ ကျွန်တော့် သားနဲ့သမီးအပေါ် ထားတဲ့ သူ့ရဲ့သံယောဇဉ်အတိမ်အနက်ကြောင့် ဝမ်းသာစိတ်ခံစားရသလို၊ ‘ငါ့နယ်....ကင်ဆာကုနေရတဲ့ ကိုချစ်အောင်ကို ငါက မကူညီနိုင်ဘဲ၊ သူက ကူညီတာကိုပဲ အခုထိ ငါက လက်ခံရယူနေရတုန်းပါလား....’ ဆိုတဲ့စိတ်နဲ့ ကြေကြေကွဲကွဲ ခံစားလိုက်ရပါတယ်။ တဆက်တည်းမှာပဲ-ဘာပဲဖြစ်ဖြစ် ကိုချစ်အောင်တော့ ကျန်းမာရေးရော စီးပွားရေးပါ တစုံတရာ အခြေအနေကောင်းနေလို့ အခုလို လှမ်းပြီးပေးလိုက်နိုင်တာဖြစ်မှာပဲ....လို့လည်း အကောင်းမြင်ထောင့်ကနေ တွေးတောမိရင်း၊ စိတ်ထဲမှာ ခပ်အေးအေး ဖြစ်သွားမိပြန်ပါတယ်။

ဩဂုတ်လဆန်းထဲလည်း ရောက်လာရော၊ ကျွန်တော့်ရဲ့ ‘ရုပ်ပုံလွှာ ကဗျာစု’ ကဗျာစာအုပ်လေးတွေ ကျွန်တော့်လက်ထဲဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာချိန်မှာ၊ ကဗျာစာအုပ် လက်ဆောင်ပေးရမယ့်သူတွေထဲ ကိုချစ်အောင်ရဲ့မျက်နှာကြီးဟာ ထိပ်ဆုံးက

နေ ပေါ်လာခဲ့ပါတယ်။ ကျွန်တော့်စာအုပ်တွေ ထွက်သမျှ ဘာစာအုပ်ပဲထွက်ထွက်၊ မပျက်မကွက်ပေးခဲ့တဲ့သူတွေထဲမှာ ကိုချစ်အောင်ဟာ ရှေ့ဆုံးတန်းက ရှိခဲ့လေသူ မဟုတ်လား။ ကျွန်တော်တို့လိုသာ စာတွေကို စိုက်လိုက်မတ်တပ် များများစားစား ရေးသားသူ တယောက် မဟုတ်ပေမယ့် ကိုချစ်အောင်ကိုယ်တိုင်လည်း 'ရဲဘော်ချစ်အောင်'ဆိုတဲ့ နာမည်နဲ့ ဆောင်းပါးတွေ စာတွေ ရေးရုံသာမက ကဗျာတွေပါ ရံဖန်ရံခါ ရေးသားဖွဲ့သီလေ့ရှိသူ မဟုတ်လား။ စာပေအနုပညာကို မြတ်မြတ်နိုးနိုး တန်ဖိုးထားတတ် ချစ်တတ်လေသူ တယောက် မဟုတ်လား။ ဒါကြောင့် -ကျွန်တော့်ရဲ့ 'မှန်းဆတမ်းတ ဖွဲ့ခဲ့မိသမျှ ပုံရိပ်တွေ' ဆိုတဲ့ ရုပ်ပုံလွှာကဗျာစုစာအုပ်လေးထဲမှာ အမှာစာရေးသားပေးသူဖြစ်တဲ့ အစ်မကြီးမမလှ(ဒေါ်လှကျော်ဇော)အတွက် ကဗျာစာအုပ်လေးတွေကို ဦးဦးဖျားဖျား လှမ်းပို့ပြီးတာနဲ့ ကိုချစ်အောင်ဆီကို ကိုယ်တိုင်သွားပေးဖို့ သူဘယ်မှာ ရှိနေသလဲ၊ အိမ်မှာလား ဆိုင်မှာလား....ဆိုတာ သိရအောင် ဖုန်းဆက်ကြည့်လိုက်မိလေမှ ကျွန်တော့်မှာ မယုံကြည်နိုင်လောက်အောင် အံ့ဩတုန်ရီသွားခဲ့ရတာကတော့- " ကဗျာဆရာကြီး- ကျနော်....ကျနော်....အခု ခွန်းမင်ဆေးရုံကြီးပေါ်မှာ ဆေး....ဆေး....သွင်းနေတယ်ဗျာ...." ဆိုတဲ့ ဖျော့တော့မှိန်ပျလွန်းလှတဲ့ ကိုချစ်အောင်ရဲ့ပြန်ဖြေသံကို စိတ်မကောင်းစွာ ကြားလိုက်ရခြင်းပါပဲ။ ဖုန်းကို သူကိုယ်တိုင်ကိုင်ပြီး ဖြေနေတာဖြစ်ပေမယ့် သူ့အသံက မယုံကြည်နိုင်စရာ ကောင်းလောက်အောင်ကို တိုးတိတ်တုန်ခါ နွမ်းယဲ့နေတာ သိသာလွန်းနေခဲ့ပါတယ်။"ဟာဗျာ....ဆောရီးဗျာ.... ဆောရီး၊ ကျွန်တော်က ခင်ဗျား ရွှေလီမှာပဲ ရှိနေတယ် ထင်လို့၊ နောက်မှပဲ ဆက်တော့မယ်။ ကိစ္စက အထူးအထွေ ဘာမှမဟုတ်ပါဘူး။ အခုတလောမှာ ကျွန်တော့်ရဲ့' ရုပ်ပုံလွှာ ကဗျာစု' စာအုပ်အသစ်လေးတအုပ် ထွက်လာလို့....လက်ထဲလည်း ရောက်လာလို့.... ထုံးစံအတိုင်း ခင်ဗျားကို ပေးမလို့.... လှမ်းဆက်ကြည့်တာပါ။ ဆေးသွင်းနေတာကြီးနဲ့ဆိုတော့...နားလိုက်ဦးဗျာ။ စကားပြောနေရင် မောနေမှာစိုးလို့....ကျွန်တော် ဖုန်းချလိုက်တော့မယ်"လို့ စကားကို ခပ်သွက်သွက်ပြောပြီး၊ တယ်လီဖုန်းကို အမြန်ဆုံး ချပစ်လိုက်ရပါတော့တယ်။ တိုးတိမ်လွန်းလှတဲ့ သူ့ရဲ့အသံယဲ့ယဲ့လေးကတော့ ကျွန်တော့်နားထဲမှာ အဆက်မပြတ်အောင်ကို ပဲ့တင်ခတ်နေတဲ့အတွက် အိမ်ကို ပြန်ရောက်ရောက်ချင်း၊ ခွန်းမင်မှာပဲ ရှိနေတဲ့ အစ်မကြီးမမလှထံ စကိုက်နဲ့ဆက်သွယ်ကြည့်ရင်း ကိုချစ်အောင်ရဲ့အခြေအနေကို ပိုသိရအောင် မေးမြန်းကြည့်မိတော့...." ပြောရရင်....ကိုချစ်အောင်ရဲ့ကျန်းမာရေးအခြေအနေက သိပ်မကောင်းတော့ဘူး။ ကျွန်မလည်း မကြာခဏ သွားကြည့်ပါတယ်။ သူ့ရောဂါက နောက်ဆုံးအဆင့် ဖြစ်နေပြီ.... ဘယ်လိုမှ မရတော့ဘူး။ သက်ဆိုင်ရာ ဆရာဝန်ကြီးတွေကလည်း ကျွန်မတို့ကို သေသေချာချာ ရှင်းလင်းပြောပြထားပြီးပြီ။ ဒါကြောင့် ဒီမှာရှိနေတဲ့ သူ့ဇနီး 'ကော်ထွမ်' ကိုယ်တိုင်လည်း အခြေအနေကို သိနေပြီးပြီ။ အဲဒီ တော့.... သူတို့ရွာမှာ အိမ်မှာပဲ ကောင်းကောင်းမွန်မွန်ရောက်အောင် ပြန်ခေါ်သွားနိုင်ဖို့၊ ဒီကြားထဲ လမ်းခုလတ်မှာပဲ တခုခုဖြစ်မသွားဘဲ ခံနိုင်အောင်၊ အသက်ရှင်နိုင်အောင်ကိုပဲ အဓိကထားပြီး လုပ်နေရတဲ့အဆင့် ရောက်နေပြီ။ ဒါတောင် ပိုက်ဆံတွေက ထပ်ပြီးအကုန်ခံပြီး လုပ်နေရတာနော်..... တော်တော်ကို စိတ်မကောင်းစရာပါ ကိုဝင်းတင့်ထွန်းရယ်...." ဆိုတဲ့ မမလှရဲ့ရှင်းပြသံကို ဝမ်းနည်းစဖွယ် ကြားလိုက်ရရင်း၊ ရင်ထဲမှာ အဆက်မပြတ်ကို ထူပူလှုပ်ရှားလာခဲ့ပါတယ်။ တဆက်တည်းမှာပဲ နက်နက်ရှိုင်းရှိုင်း ကြေကွဲမိရင်း၊ နင့်နင့်သည်းသည်း စိတ်ထိခိုက် ခံစားလိုက်ရပါတယ်။

(ဆောင်းပါး ဒုတိယပိုင်းကို နောက်တပတ် အရေးတော်ပုံဂျာနယ်တွင် ဆက်လက်ဖော်ပြပါမည်။)

လီနင်ရဲ့ "အရင်းရှင်စနစ်ရဲ့ အမြင့်ဆုံးအဆင့် - နယ်ချဲ့စနစ်" ကျမ်း

အနှစ် ၁၀၀ ပြည့် အခါသမယကို အထိမ်းအမှတ်ပြုခြင်း

ခင်အေးကြည်မြ

(၁)

ရဲဘော်လီနင်ဟာ "အရင်းရှင်စနစ်ရဲ့ အမြင့်ဆုံးအဆင့် - နယ်ချဲ့စနစ်" ဆိုတဲ့ကျမ်းကို ၁၉၁၆ ခု နွေဦးမှာ ပြုစုပြီးစီးခဲ့တာမို့ ဒီနှစ် ၂၀၁၆ ခုနှစ်ဟာ ဒီကျမ်းရဲ့ အနှစ် ၁၀၀ သက်တမ်းပြည့်မြောက်တဲ့နှစ်ဖြစ်တယ်။ ဒီကျမ်းကို လီနင်ဟာ ၁၉၁၇ ဧပြီမှာ ပထမအကြိမ်၊ ၁၉၂၀ ဇူလိုင်မှာ ဒုတိယအကြိမ် ထုတ်ဝေခဲ့ပါတယ်။

ဗမာပြည်ကွန်မြူနစ်ပါတီ၊ ဗဟိုဝါဒဖြန့်ချိရေးဌာနအနေနဲ့ ၁၉၉၀ မတ်လမှာ ပထမကြိမ် အတွဲ ၄ တွဲခွဲပြီး လက်ရေးဖြင့် လည်းကောင်း၊ ၂၀၀၉ စက်တင်ဘာမှာ ဒုတိယအကြိမ် တပေါင်းတစည်းတည်း ကွန်ပျူတာစာလုံးများဖြင့်လည်းကောင်း ၂ ကြိမ်တိုင် ထုတ်ဝေခဲ့ပြီး ဖြစ်ပါတယ်။ နယ်ချဲ့စနစ်ကျမ်း နှစ် ၁၀၀ ပြည့်တဲ့ ဒီနေ့အခါသမယလို နေ့ထူးနေ့မြတ်ကို အောက်ပါစာတမ်းကို ဘာသာပြန် တင်ပြရင်း အထိမ်းအမှတ်ပြုလိုက်ပါတယ်။



("အရင်းရှင်စနစ်ရဲ့အမြင့်ဆုံးအဆင့်- နယ်ချဲ့စနစ်" ဆိုတဲ့ကျမ်းဟာ လီနင်ရဲ့ အရေးကြီးတဲ့ ကျမ်းတစောင်ဖြစ်တယ်။ မာ့က်စ် "အရင်းကျမ်း" ပုံနှိပ်ထုတ်ဝေပြီးနောက် ရာစုနှစ်ဝက်အတွင်း ဒီကျမ်းရဲ့ အခြေခံသဘောတရားတွေကို အခြေခံကာ လီနင်က အရင်းရှင်စနစ်ရဲ့ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေကို ပထမဆုံးအကြိမ် ခွဲခြမ်းစိတ်ဖြာ နိဂုံးချုပ်ပြီး သူ့ရဲ့နယ်ချဲ့စနစ်ကျမ်းကို တင်ပြလိုက်တာ ဖြစ်တယ်။ တဆက်တည်း အရင်းရှင်စနစ်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုဟာ အဆင့်သစ်တရပ် ရောက်ရှိသွားပြီ။ တနည်းအားဖြင့် နယ်ချဲ့စနစ်သို့ ရောက်ရှိသွားပြီလို့ လီနင်က ညွှန်ပြလိုက်တယ်။ နယ်ချဲ့စနစ်ကျမ်းဟာ အရင်းကျမ်းမှာ ဖော်ပြထားတဲ့ အရင်းရှင်စနစ်မှ လက်ဝါးကြီးအုပ် အရင်းရှင်စနစ်သို့ ဖြစ်ထွန်းတိုးတက်မှုဟာ ဖွံ့ဖြိုးတိုးတက်မှုအသစ်ဖြစ်တယ်လို့ ထောက်ပြလိုက်ပါတယ်။ နယ်ချဲ့စနစ်ကို ဘောဂဗေဒအရ ခွဲခြမ်းစိတ်ဖြာတဲ့ဖြစ်စဉ်အတွင်း နယ်ချဲ့စနစ်နဲ့ပတ်သက်တဲ့ စံတင်လောက်တဲ့ ကောက်ချက်တွေနဲ့ အမြင်တသီတတန်းကြီးကို လီနင်က တင်ပြထားတာလည်း ဖြစ်တယ်။ တနည်းအားဖြင့် မာ့က်စ်ဝါဒဘဏ္ဍာတိုက်ကို နယ်ချဲ့စနစ်နဲ့ပတ်သက်တဲ့ သဘောတရားတွေ ဖြည့်ဆည်းပေးလိုက်ခြင်းဖြစ်တယ်။

(၁) အရင်းရှင်စနစ်ရဲ့ အမြင့်ဆုံးအဆင့်ဟာ နယ်ချဲ့စနစ် ဖြစ်တယ်ဆိုတာရဲ့ ခေတ်နောက်ခံ ၁၉ ရာစု နှောင်းပိုင်းနဲ့ ၂၀ ရာစု ကနဦးမှာ ကမ္ဘာ့အရင်းရှင်စနစ်ဟာ နယ်ချဲ့စနစ်သို့ ကူးပြောင်းသွားခဲ့တယ်။ အခြေအနေသစ်က ကမ္ဘာ့ဆိုရှယ်လစ်လှုပ်ရှားမှုကို သ

သဘောတရားရေးအရဖြစ်စေ၊ လက်တွေ့အရဖြစ်စေ အသေစ်ရွေးချယ်ရေးနဲ့ ထိုးဖောက်လုပ်ဆောင်ရေးတို့ကို တောင်းဆိုလာတယ်။ မာ့က်စ်နဲ့ အိန်ဂယ်တို့ သက်ရှိထင်ရှားရှိစဉ်က အရင်းရှင်စနစ်ကို နက်နက်နဲနဲ ဖွင့်ချဝေဖန်ခဲ့ပေမယ့် ခေတ်ရဲ့အခြေအနေအကြောင်း အချက်များ အကန့်အသတ် ရှိနေတဲ့အလျောက် အရင်းရှင်စနစ်ရဲ့အဆင့်မြင့် တနည်း လက်ဝါးကြီးအုပ်အရင်းရှင်စနစ်ကို အခိုင်အမာ ခွဲခြမ်းစိတ်ဖြာမှု ဘယ်နည်းနဲ့မှ မလုပ်နိုင်ခဲ့ဘူး။ ပထမကမ္ဘာ စစ်ဖြစ်ပွားပြီးနောက် ဒုတိယအင်တာနေရှင်နယ် လက်ယာဂိုဏ်းဟာ ဆိုရှယ်ရှော်ဗင်ဝါဒနဲ့ ဆိုရှယ်နယ်ချဲ့ဝါဒ (Social Imperialism) ရွှံ့နွံအိုင်ထဲကို ကျရောက်သွားပြီး မိမိနိုင်ငံ အရင်းရှင်အစိုးရနဲ့ တဖက်တည်း ဖြစ်သွားတော့တယ်။ ခေတ်ရဲ့အပြောင်းအလဲကို အကြောင်းပြကာ သဘောတရားအရ ယိမ်းယိုင်သွားပြီး မာ့က်စ်ဝါဒကို ရုပ်ပျက်ဆင်းပျက်ဖြစ်အောင် ပြုပြင်ပြောင်းလဲပစ်ကြတယ်။ အထူးသဖြင့် ကောက်စကီရဲ့ ၁၉၁၅ ခုနှစ်မှာ ပွဲထုတ်လာတဲ့ 'အမျိုးသားနိုင်ငံတော်၊ နယ်ချဲ့နိုင်ငံတော်နဲ့ နိုင်ငံပေါင်းချုပ်အသင်း'ဆိုတဲ့စာအုပ် ဖြစ်တယ်။ အဲဒီစာအုပ်မှာ "ultra-imperialism" (ဒါဟာကောက်စကီ တင်ပြခဲ့တဲ့ အချောင်ဝါဒ တမျိုးဖြစ်တယ်။ ကောက်စကီဟာ ဂျာမနီနဲ့ နိုင်ငံတကာ အလုပ်သမားလှုပ်ရှားမှုရဲ့ သဘောတရားဆရာဖြစ်တယ်။ ဒုတိယအင်တာနေရှင်နယ် အချောင်သမားဂိုဏ်းရဲ့ ခေါင်းဆောင်တဦး ဖြစ်တယ်။) ကို အတိအလင်း ဝါဒဖြန့်ကြတယ်။ နယ်ချဲ့စနစ်ရဲ့ ပဋိပက္ခနဲ့ တော်လှန်ရေးအကျပ်အတည်းရဲ့ ဆိုးဝါးပြင်းထန်မှုကို အစွမ်းကုန် ဖုံးကွယ်ထားကြတယ်။ နယ်ချဲ့စနစ်ရဲ့ ပင်ကိုယ်လက္ခဏာကို ပြုပြင်ပြောင်းလဲပစ်နိုင်တယ်လို့ နေရာတကာမှာ ဝါဒဖြန့်ကြ၊ အရင်းရှင်စနစ် အခြေအနေအကြောင်းအချက်အောက်မှာ ထာဝရ ငြိမ်းချမ်းရေးကို အကောင်အထည်ဖော်နိုင်တယ်လို့ စိတ်ကူးယဉ်ခဲ့ကြလို့ နိုင်ငံတကာ ဆိုရှယ်လစ်လှုပ်ရှားမှုအတွင်းမှာ အလွန်ကြီးမားတဲ့ ဇရုတ်သုတ်ခတွေ ဖြစ်ပေါ်စေခဲ့တယ်။ ဒါကြောင့် နယ်ချဲ့စနစ်ရဲ့လက္ခဏာကို နက်နက်နဲနဲ ဖွင့်ချနိုင်ရေး၊ ကောက်စကီရဲ့ တိမ်းစောင်းနေတဲ့ သဘောတရားမျိုးတွေကို အားရှိရှိ ချေပပြောဆိုနိုင်ရေးနဲ့ ခေတ်ရဲ့ကြန်အင်လက္ခဏာတွေကို ရှင်းလင်းပြရေးတို့ဟာ ဒီလှုပ်ရှားမှု ချောချောမောမော ဖြစ်ထွန်းတိုးတက်ရေးနဲ့ အနိုင်နိုင်ငံက ပြည်သူတွေ စစ်ဆန့်ကျင်ရေး အောင်ပွဲရနိုင်-မရနိုင်ရဲ့ ကွင်းဆက်ဖြစ်လာတယ်။ ဒီလိုအခြေအနေအောက်မှာ "အရင်းရှင်စနစ်ရဲ့ အမြင့်ဆုံးအဆင့် - နယ်ချဲ့စနစ်" ဆိုတဲ့ ကျမ်းစတဲ့ ကျမ်းတစီတတန်းကြီးကို ၁၉၁၆ မှာ လီနင်က ပြုစုရေးသားခဲ့တာဖြစ်တယ်။ သူဟာ နယ်ချဲ့စနစ်ကို နက်နက်နဲနဲ စူးစမ်းလေ့လာ ခွဲ ခြမ်းစိတ်ဖြာပြီး ကောက်စကီရဲ့ 'စစ်ဝါဒ'ကို ဝေဖန်ကာ အရင်းရှင်စနစ် မုချ ပျက်သုဉ်းရမယ်ဆိုတဲ့ ပကတိဘာဝ တရားဥပဒေတွေကို တဆင့်တက် ရှင်းပြခဲ့တယ်။ နယ်ချဲ့စနစ် ဖြစ်တည်လာမှုနဲ့ ဆိုရှယ်လစ်စနစ်လှုပ်ရှားမှု ကွဲပြမှု၊ နယ်ချဲ့စနစ်နဲ့စစ်ပွဲ၊ ငြိမ်းချမ်းရေးနဲ့ဆိုရှယ်လစ် တော်လှန်ရေးစတဲ့ ပြဿနာတွေရဲ့ အတွင်းပိုင်းဆက်စပ်မှုကို ရှင်းပြခဲ့တယ်။

(၂) ၎င်းကျမ်းရဲ့ အတွင်းသဘောနဲ့ အခြေခံအမြင်များ

ဒီကျမ်းမှာ ရုရှားဘာသာနဲ့ ပုံနှိပ်ထုတ်ဝေခြင်းအမှာ၊ ပြင်သစ်နဲ့ ဂျာမန်ဘာသာဖြင့် ပုံနှိပ်ထုတ်ဝေခြင်းအမှာတို့အပြင် အခန်း ၁၀ ခန်း ပါဝင်တယ်။ ပထမ ၇ ခန်းဟာ နယ်ချဲ့စနစ် ဖြစ်တည်လာတဲ့ဖြစ်စဉ်နဲ့ ၎င်းရဲ့ကြန်အင်လက္ခဏာတွေကို ထုတ်ဖော်တင်ပြထားတယ်။ နောက် ၃ ခန်းကတော့ ရှေ့မှာတင်ပြထားတဲ့ အခြေခံအုတ်မြစ်ပေါ်မှာ နိုင်ငံရေးလက်တွေ့ အကောင်အထည်ဖော်ဆောင်မှုနဲ့ ဆက်စပ်ပြီး ခွဲခြမ်းစိတ်ဖြာကာ၊ နယ်ချဲ့စနစ်ရဲ့မွှားလိုသွေးစုပ်မှု၊ ပုပ်သိုးဆွေးမြေ့မှုနဲ့ဖောက်ပြန်မှုတို့ကို ဖော်ထုတ်ဖွင့်ချပြီး နယ်ချဲ့စနစ်ရဲ့ သမိုင်းကံကြမ္မာနဲ့ ပစ္စည်းမဲ့လူတန်းစား တော်လှန်ရေးရဲ့အကြား ဆက်စပ်မှုကို ညွှန်ပြထားပါတယ်။

၁။ နယ်ချဲ့စနစ် ဖြစ်တည်လာမှု ဖြစ်စဉ်။ အရင်းရှင်စနစ်ဟာ လွတ်လပ်စွာ ယှဉ်ပြိုင်မှုမှ လက်ဝါးကြီးအုပ်မှုသို့ ကူးပြောင်းခဲ့ပြီး ယေဘုယျအားဖြင့် ၁၉ ရာစု နောင်းပိုင်း နှစ်ပေါင်း ၃၀ အတွင်း လုံးဝပြီးမြောက်ခဲ့တယ်။ သိပ္ပံနဲ့နည်းပညာတော်လှန်ရေးက အရင်းရှင်စနစ် ဖွံ့ဖြိုးတိုးတက်မှု မညီညာတဲ့တရားဥပဒေတွေကို ဖြစ်ပေါ်လာစေပြီး နယ်ချဲ့အင်အားကြီးနိုင်ငံအချင်းချင်းအကြား လုယက်မှုဟာ ကမ္ဘာ့အဝန်းအဝိုင်းအတွင်း စစ်ပွဲပုံစံဖြင့် ပေါ်ပေါက်လာစေပါတယ်။ ဒါနဲ့ပတ်သက်လို့ "နယ်ချဲ့စနစ်ဟာ အမေရိကတိုက်နဲ့ဥရောပတိုက်၊ အဲဒီနောက် အာရှတိုက်ရဲ့အမြင့်ဆုံးအဆင့်အနေဖြင့် ၁၈၉၈ မှ ၁၉၁၄ ခုနှစ်အထိ၊ ဒီကာလတွေအတွင်းမှာ လုံးဝဖြစ်တည်လာခဲ့တယ်" လို့ လီနင်က ညွှန်ပြခဲ့ပါတယ်။ အဓိကဖော်ပြချက်ကတော့ "အမေရိကန်-စပိန်စစ်ပွဲ (၁၈၉၈)၊ အင်္ဂလိပ်-ဘိုးဝါးစစ်(Anglo-Bower War) (၁၈၉၉-၁၉၀၂)၊ ဂျပန်-ရုရှားစစ်ပွဲ(၁၉၀၄-၁၉၀၅)နှင့် ဥရောပတိုက်ရဲ့စီးပွားရေးကပ်တို့ဟာ ခေတ်သစ်ကမ္ဘာ့သမိုင်းရဲ့ အဓိက သမိုင်းမှတ်တိုင်တွေဖြစ်တယ်"။

၂။ နယ်ချဲ့စနစ် စီးပွားရေးရဲ့ အနှစ်သာရ။ လက်ဝါးကြီးအုပ်မှုက လွတ်လပ်စွာယှဉ်ပြိုင်မှုကို အစားထိုးလိုက်ခြင်းဟာ နယ်ချဲ့စနစ် စီးပွားရေးရဲ့ အရင်းခံကြန်အင်လက္ခဏာ ဖြစ်တယ်။ နယ်ချဲ့စနစ်ရဲ့အနှစ်သာရလည်းဖြစ်တယ်"လို့ လီနင်က ယူဆတယ်။ ဒ့ါအပြင် "နယ်

ချဲ့စနစ်ကို ၎င်းရဲ့စီးပွားရေး အနှစ်သာရအလိုက်ပြောရရင် နယ်ချဲ့စနစ်ဟာ လက်ဝါးကြီးအုပ်အရင်းရှင်စနစ်ဖြစ်တယ်”လို့ လီနင်က မှတ်ယူတယ်။

၃။ နယ်ချဲ့စနစ်ရဲ့ စီးပွားရေး ကြန်အင်လက္ခဏာကြီး ၅ ရပ်။ နယ်ချဲ့စနစ်အဆင့်ရဲ့ စီးပွားရေး ဖော်ပြချက်အဖြစ် (၁) “ကုန်ထုတ်လုပ်မှုနဲ့ အရင်းအနှီးစုစည်းမှု ဒီလို မြင့်မားတဲ့အတိုင်းအတာအထိ ဖွံ့ဖြိုးတိုးတက်ရောက်ရှိလာတဲ့အတွက်ကြောင့် စီးပွားရေးဘဝအတွင်းမှာ လက်ဝါးကြီးအုပ်အဖွဲ့အစည်းတွေ ဖြစ်ပေါ်လာတယ်”လို့ လီနင်က ယူဆတယ်။ ဒီမှာ လီနင်က ဂျာမနီ၊ အမေရိကန်၊ ဗြိတိန်စတဲ့ ဖွံ့ဖြိုးပြီး အရင်းရှင်နိုင်ငံတွေမှ အချက်အလက် ကိန်းဂဏန်းအများအပြားကို အသုံးချပြီး မာ့က်စ်က “အရင်းကျမ်း”မှာ တင်ပြခဲ့တဲ့ အမြင်တွေကို သက်သေထူပြခဲ့တယ်။ တနည်းအားဖြင့် လွတ်လပ်စွာ ယှဉ်ပြိုင်မှုက ကုန်ထုတ်လုပ်မှုစုစည်းမှုကို ဖြစ်ပေါ်စေတယ်။ ကုန်ထုတ်လုပ်မှုစုစည်းမှုက တစုံတခုသော အဆင့်သို့ ဖွံ့ဖြိုးတိုးတက်ရောက်ရှိသွားတဲ့အခါ လက်ဝါးကြီးအုပ်မှုကို ဖြစ်ပေါ်စေပါလိမ့်မယ်။ အဲဒီနောက် “ကုန်ထုတ်လုပ်မှုစုစည်းခြင်းဟာ လက်ဝါကြီးအုပ်မှုပေါ်ပေါက်လာခြင်းရဲ့ လက်ရှိအဆင့် အရင်းရှင်စနစ်ဖွံ့ဖြိုးတိုးတက်မှုရဲ့ ယေဘုယျနဲ့ အခြေခံတရားဖြစ်တယ်”လို့ ရှင်းရှင်းလင်းလင်း ညွှန်ပြခဲ့တယ်။ (၂) “ဘဏ်အရင်းအနှီးနဲ့ စက်မှုအရင်းအနှီးတို့ ပူးပေါင်းသွားပြီး၊ ဒီ‘ငွေကြေးအရင်းအနှီး’ အခြေခံပေါ်မှာ ဘဏ္ဍာဘုရင်ကြီး(ဘဏ္ဍာရေး လက်ဝါးကြီးအုပ်သမား) တွေ ဖြစ်တည်လာတယ်”။ (၃) အရင်းအနှီးတင်ပို့မှု။ လွတ်လပ်စွာယှဉ်ပြိုင်မှု လုံးဝ လွှမ်းမိုးခြယ်လှယ်နေတဲ့ အရင်းရှင်စနစ်ဟောင်းနဲ့ပတ်သက်လို့ပြောရရင် စံတင်ထိုက်တာကတော့ ကုန်စည်တင်ပို့ခြင်းပါပဲ။ လက်ဝါးကြီးအုပ်မှု လွှမ်းမိုးခြယ်လှယ်နေတဲ့ အသစ်လွင်ဆုံး အရင်းရှင်စနစ်အဖို့ပြောရရင် စံတင်ထိုက်တာကတော့ အရင်းအနှီးတင်ပို့ခြင်း ဖြစ်တယ်”။ “ကုန်စည်တင်ပို့ခြင်းနဲ့မတူတဲ့ အရင်းအနှီးတင်ပို့ခြင်းဟာ ထူးခြားတဲ့ အရေးကြီးတဲ့ အဓိပ္ပာယ်သဘောဆောင်တယ်” လို့ လီနင်က ညွှန်ပြလိုက်တယ်။ အရင်းရှင်စနစ် “ဖွံ့ဖြိုးတိုးတက်မှု မညီညာခြင်းနဲ့ မဝရေစာ စားနေရတဲ့ နေထိုင်မှုအဆင့်အတန်းဟာ ဒီလိုထုတ်လုပ်ရေးပုံစံရဲ့ အရင်းခံကျတဲ့ ရှောင်လွှဲမရနိုင်တဲ့ အခြေအနေအကြောင်းအချက်နဲ့ မရှိမဖြစ်တဲ့ အချက်တွေ ဖြစ်တယ်”။ ၎င်းရဲ့အနှစ်သာရမှာ “အရင်းအနှီးတင်ပို့ခြင်းဟာ ကုန်စည်တင်ပို့ခြင်းကို အားပေးတဲ့ နည်းနာဖြစ်လာတယ်”။ တချိန်တည်းမှာ “တစုံတခုသောအတိုင်းအတာအရ အရင်းအနှီးတင်ပို့နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုမှာ ရပ်တံ့မှုတချို့ဖြစ်ပေါ်တတ်ပါတယ်”။ (၄) “ကမ္ဘာကြီးကို ခွဲဝေယူထားတဲ့ အရင်းရှင်တွေရဲ့ နိုင်ငံတကာ လက်ဝါးကြီးအုပ်မဟာမိတ် ဖြစ်တည်လာခဲ့တယ်”။ နိုင်ငံတကာ လက်ဝါးကြီးအုပ်မဟာမိတ်အဖွဲ့ ဖြစ်တည်လာမှုနဲ့ ဖြစ်ထွန်းတိုးတက်လာမှုတို့နဲ့ ပတ်သက်လို့ အရင်းအနှီးတင်ပို့မှု တိုးများလာတာနဲ့အမျှ၊ အကြီးဆုံး လက်ဝါးကြီးအုပ်မဟာမိတ်ရဲ့ ပြည်ပဆက်ဆံမှု၊ ကိုလိုနီဆက်ဆံမှုနဲ့ ‘အင်အားအဝန်းအဝိုင်း’ အစွမ်းကုန် တိုးချဲ့လာတာနဲ့ အမျှ ဒီလက်ဝါးကြီးအုပ်မဟာမိတ်အဖွဲ့ဟာ ‘သဘာဝကျစွာ’ကမ္ဘာ့လက္ခဏာဆောင်တဲ့ သဘောတူညီချက်ရရှိသွားပြီး ‘နိုင်ငံတကာ ကာတယ်’ ဖြစ်တည်လာတယ်”လို့ လီနင်က ညွှန်ပြခဲ့တယ်။ နိုင်ငံတကာ ကာတယ်(cartel) ဟာ နိုင်ငံတကာ လက်ဝါးကြီးအုပ်အဖွဲ့ ဖြစ်တယ်။ ၎င်းက ပြည်တွင်းပြည်ပဈေးကွက်ကို လက်ဝါးကြီးအုပ်ထားတယ်။ ကမ္ဘာကြီးတခုလုံးကို စီမံအုပ်ချုပ် ခြယ်လှယ်တယ်။ လီနင်က ဒီလို လက်ဝါးကြီးအုပ်မှု “ကြီးမားကျယ်ပြန့် ပြိုင်ဘက်ကင်းတဲ့အဆင့်”ကို “အဆင့်လွန်လက်ဝါးကြီးအုပ်”(super monopoly) အဖြစ် ခေါ်ဝေါ်လိုက်ပါတယ်။ သူက လျှပ်စစ်ဓာတ်၊ ရေနံ-ရေနံစိမ်း၊ ရေကြောင်းသယ်ယူပို့ဆောင်ရေး၊ မီးရထားလမ်းဖောက်လုပ်ရေး၊ သွပ်ထုတ်လုပ်ရေး၊ ယမ်းဘီလူး ထုတ်လုပ်ရေးစတဲ့ အချက်အလက်များစွာကို ဥပမာထားပြီး နိုင်ငံတကာကာတယ်ရဲ့ ဖြစ်တည်လာမှုနဲ့ ဖွံ့ဖြိုးတိုးတက်လာမှုတို့ကို ရှင်းပြတယ်။ ဒါတွေအရ လီနင်က “မာ့က်စ်ဝါဒအမြင်မှ ကြည့်ပြီး အရင်းရှင်နိုင်ငံအချင်းချင်း ဆက်ဆံမှု အလွန်နီးကပ်မှုရှိတဲ့အချိန်မှာ နယ်ချဲ့စနစ်အကြောင်းပြောဆိုဆွေးနွေးရာမှာ နိုင်ငံတနိုင်ငံတည်းအကြောင်းကိုသာ ဆွေးနွေးပြောဆိုနေခြင်းမျိုးဟာ ယုတ္တိမတန်ဘူး”လို့ ယူဆခဲ့တာဖြစ်တယ်။

(၅) “ကမ္ဘာပေါ်က အကြီးဆုံး အရင်းရှင်နိုင်ငံကြီးတွေဟာ ကမ္ဘာကြီးကို ခွဲဝေလို့ ပြီးသွားခဲ့ပြီ”။ “အရင်းရှင်စနစ်မှ လက်ဝါးကြီးအုပ်အရင်းရှင်စနစ်သို့ ကူးပြောင်းသွားခြင်း တနည်းအားဖြင့် ဘဏ္ဍာငွေကြေးအရင်းအနှီးသို့ ကူးပြောင်းခြင်းဟာ ကမ္ဘာကြီးကို ခွဲဝေရေးအတွက် တိုက်ပွဲပြင်းထန်တဲ့ ဆက်ဆံမှုဖြစ်တယ်”။ “ကျွန်တော်တို့ အဲဒီကာလကို စစ်ဆေးကြည့် ရှုလိုက်တော့ ကမ္ဘာ့ကြီးကို ခွဲဝေမှုဟာ ပြီးဆုံးခဲ့ပြီ။ ပြီးဆုံးခဲ့ပြီဆိုတာက နောက်ထပ် အသစ်တဖန် ပြန်လည်ခွဲဝေမှု မဖြစ်နိုင်ဘူးလို့ ပြောဆိုတာမဟုတ်ဘဲ.... ပြောင်းပြန်အားဖြင့် အသစ်တဖန် ပြန်လည်ခွဲဝေမှု ဖြစ်နိုင်ရုံမက ပြန်လည်ခွဲဝေမှုကို ရှောင်လွှဲလို့ မရနိုင်ဘူးလို့ ပြောသင့်တယ်”လို့ လီနင်က ညွှန်ပြခဲ့တယ်။

၄။ နယ်ချဲ့စနစ် ဖြစ်တည်လာမှုအတွင်း ဘဏ္ဍာငွေကြေးအရင်းအနှီးရဲ့ အဆင့်နေရာနဲ့အခန်းကဏ္ဍ။ စီးပွားရေး အခြေခံအုတ်မြစ်ထောင့်ကပြောရရင် မျက်မှောက်နယ်ချဲ့စနစ်ရဲ့အရင်းခံအကျဆုံးကြန်အင်လက္ခဏာဟာ ဘဏ္ဍာငွေကြေးအရင်းအနှီး(Financial capital)

နဲ့ နိုင်ငံတကာ ဘဏ္ဍာဘုရင်ကြီးတွေ(နိုင်ငံတကာ ဘဏ္ဍာရေးလက်ဝါးကြီးအုပ်သမားတွေ) လွှမ်းမိုးအုပ်ချုပ်မှု ဖြစ်တယ်။ ဘဏ္ဍာငွေကြေးအရင်းအနှီးဟာ နယ်ချဲ့အင်အားကြီး နိုင်ငံအားလုံးရဲ့ အကြီးမားဆုံး ထောက်တိုင်ဖြစ်တယ်။ ဘဏ္ဍာငွေကြေးအရင်းအနှီးဟာ ကိုလိုနီဒေသအားလုံးကို တကယ့် စိုးမိုးထားမှုဖြစ်တယ်။ "ဘဏ္ဍာငွေကြေးဟာ စီးပွားရေးဆက်ဆံမှုအားလုံးအတွက် တည်ရှိနေပြီး နိုင်ငံတကာဆက်ဆံမှုအားလုံးအတွင်းက ကြီးမားလှတဲ့ အင်အားစုဖြစ်လို့ အဆုံးအဖြတ်အခန်းကပါတယ်လို့ ပြောမယ်ဆိုရင်တောင် ပြောနိုင်တယ်။ ၎င်းဟာ တချို့ နိုင်ငံရေးအရ လုံးဝလွတ်လပ်တဲ့နိုင်ငံတွေကို ချုပ်ကိုင်နိုင်ရုံမက လက်တွေ့အရ ချုပ်ကိုင်နေနိုင်တယ်"။ ဘဏ္ဍာငွေကြေးအရင်းအနှီးဟာ စီးပွားရေးကို ကျော်လွန်နေတဲ့ လွှမ်းမိုးခြယ်လှယ်နေတဲ့ အင်အားစုတမျိုး ဖြစ်တယ်။ "ဘဏ္ဍာငွေကြေးအရင်းအနှီး အခြေခံအုတ်မြစ်ပေါ်မှာ ရှင်သန်ကြီးပြင်းလာတဲ့ စီးပွားရေးမဟုတ်တဲ့ အပေါ်ထပ်အဆောက်အအုံ တနည်းအားဖြင့် ဘဏ္ဍာငွေကြေးအရင်းအနှီးရဲ့ ပေါ်လစီနဲ့ အယူဝါဒရေးရာတို့ဟာ ကိုလိုနီဒေသလုယက်ရေး တိမ်းညွတ်မှုကို အားဖြည့်ပေးတယ်" လို့ လီနင်က ညွှန်ပြတယ်။

၅။ နယ်ချဲ့စနစ်ရဲ့ ပုပ်သိုးဆွေးမြေ့မှု၊ မွှားလိုသွေးစုပ်မှုနဲ့ သေပန်းပွင့်မှု။ နယ်ချဲ့စနစ်ရဲ့ မွှားလိုသွေးစုပ်မှုနဲ့ ပုပ်သိုးဆွေးမြေ့မှုကို အဓိကအားဖြင့် ဘက် ၃ ဘက်ဖြင့် ဖော်ပြနိုင်တယ်လို့ လီနင်က ယူဆတယ်။ (၁) အထူးသဖြင့် အသက်ရှင်သန်ရေးအတွက်"အတိုးငွေများကို ဝင်ငွေအဖြစ်ထားရှိ နေထိုင်စားသောက်နေတဲ့ (rentier) လူတန်းစား ဖြစ်တည်လာခြင်း (၂) အရင်းအနှီးတင်ပို့မှု တဟုန်ထိုး တိုးပွားလာခြင်း (၃) ကိုလိုနီဒေသအပေါ် လုယက်မှု၊ သွေးစုပ်မှုနဲ့ မိုခိုရမှုတွေ ဆိုးဝါးသထက် ဆိုးဝါးလာနေခြင်း။ လက်ဝါးကြီးအုပ်မှု ပြင်းထန်လာတာနဲ့အမျှ ကုန်ထုတ်လုပ်မှု လူအဖွဲ့အစည်းလက္ခဏာ ဆောင်လာခြင်းနဲ့ ကုန်ထုတ်အရင်းအနှီး (ကုန်ထုတ်ပရိဘောဂ) ပုဂ္ဂလိကပိုင်ဆိုင်မှုအကြားက ပဋိပက္ခသာမက မွှားလိုသွေးစုပ်မှုနဲ့ ပုပ်သိုးဆွေးမြေ့မှုတို့ဟာ တနေ့တခြား ဆိုးဝါးပြင်းထန်လာတယ်လို့ လီနင်က ယူဆတယ်။ သေပန်းပွင့်မှုနဲ့ပတ်သက်ရင် စီးပွားရေးအရ လက်ဝါးကြီးအုပ်မှုဟာ နိုင်ငံရေးအရ ဘက်စုံဖောက်ပြန်မှုဆီသို့ ဆိုက်ရောက်သွားစေတယ်။ လွတ်လပ်စွာယှဉ်ပြိုင်မှုက ဒီမိုကရေစီစနစ်ကို တောင်းဆိုတယ်ဆိုရင် ပဒေသရာဇ် သက်ဦးဆံပိုင်စနစ်ကို ဆန့်ကျင်ရမယ်။ လက်ဝါးကြီးအုပ်မှုဟာ အနှစ်သာရအရ အခွင့်အာဏာအားလုံး စုစည်းရေးကို လိုက်စားနေတာဖြစ်လို့ အရင်းရှင်လူတန်းစားဟာ မြင့်တက်လာတဲ့ တိုးတက်တဲ့လူတန်းစားအဖြစ်ကနေ ပုပ်သိုးဆွေးမြေ့တဲ့၊ ယိုယွင်းပျက်ပြားနေတဲ့၊ အနာအဆာပွားနေတဲ့၊ ဖောက်ပြန်တဲ့ လူတန်းစားအဖြစ်သို့ ပြောင်းသွားခဲ့ပြီ"လို့ လီနင်က ယူဆတယ်။ အရင်းရှင်စနစ်ရဲ့ မွေးရာပါပဋိပက္ခအမျိုးမျိုးဟာ အဆက်မပြတ်ပြင်းထန်လာနေတယ်။ ဦးစွာအားဖြင့် ပစ္စည်းမဲ့လူတန်းစားနဲ့ အရင်းရှင်လူတန်းစားရဲ့ ပဋိပက္ခဟာ ပိုမိုထက်မြက်သည်းသန်လာတယ်။ ဒုတိယအားဖြင့် နယ်ချဲ့နိုင်ငံနဲ့ ကိုလိုနီ၊ ကိုလိုနီတပိုင်းနိုင်ငံတွေရှိ ပြည်သူလူထုအကြားက ပဋိပက္ခဟာ ပိုမိုထက်မြက်သည်းသန်လာတယ်။ တတိယအားဖြင့် နယ်ချဲ့နိုင်ငံအချင်းချင်းအကြားရှိ ပဋိပက္ခဟာလည်း ပိုမိုထက်မြက်သည်းသန်လာတယ်။ "ပုဂ္ဂလိက စီးပွားရေးဆက်ဆံမှုနဲ့ ပုဂ္ဂလိကပိုင်ဆိုင်မှု ဆက်ဆံရေးတို့ရဲ့ အတွင်းပိုင်းအနှစ်သာရနဲ့ မဆီလျော်တဲ့ အပေါ်ယံအခွံအဖြစ်သို့ ပြောင်းလဲသွားခဲ့ပြီ။ တကယ်လို့ လူတွေက ဒီအပေါ်ယံအခွံကို ချေမှုန်းရေးအတွက် အချိန်ဆွဲနေရင် ၎င်းဟာ မုချ ယိုယွင်းဆွေးမြေ့လာတော့မယ်။ ၎င်းဟာ ယိုယွင်းဆွေးမြေ့နေတဲ့ အခြေအနေအတွင်း နိုင်းယှဉ်ခြင်းအားဖြင့် ရှည်လျားတဲ့အချိန်တခုကို ဆွဲထားနိုင်ပေမယ့် နောက်ဆုံးမှာ ချေမှုန်းခြင်းခံရမှာကိုတော့ ရှောင်လွှဲမရနိုင်ပါဘူး"။ ပစ္စည်းမဲ့လူတန်းစား တော်လှန်ရေးအကြောင်းအချက်ဟာ ရင့်မှည့်လာလို့ "နယ်ချဲ့စနစ်ဟာ ဆိုရှယ်လစ်စနစ်ရဲ့ အကြိုကာလဖြစ်တယ်" လို့ လီနင်က ယူဆခဲ့တာ ဖြစ်တယ်။

၆။ နယ်ချဲ့စနစ်စစ်ပွဲရဲ့ ရေသောက်မြစ်၊ လက္ခဏာနဲ့ အကျိုးဆက်များ။ လီနင်က စီးပွားရေးနဲ့ နိုင်ငံရေးဖွံ့ဖြိုးတိုးတက်မှု မညီညာခြင်းဟာ အရင်းရှင်စနစ် ဖွံ့ဖြိုးတိုးတက်မှုရဲ့ အကြွင်းမဲ့တရားနဲ့ ရှောင်လွှဲလို့မရတဲ့ အလားအလာဖြစ်တယ်လို့ လီနင်က ယူဆခဲ့တယ်။ နယ်ချဲ့စနစ်စစ်ပွဲဟာ ကုန်ထုတ်အရင်းအနှီး ပုဂ္ဂလိကပိုင်ဆိုင်မှုစနစ်အပေါ်မှာ အရင်းခံတယ်။ နယ်ချဲ့စနစ်စစ်ပွဲဟာ နယ်ချဲ့နိုင်ငံတွေရဲ့ ကိုလိုနီဒေသ၊ အင်အားအဝန်းအဝိုင်း၊ ကုန်ကြမ်းထွက်ရှိရာဒေသနဲ့ ရင်းနှီးမြှုပ်နှံမှုနေရာအတွက် လုယက်တဲ့ စစ်ပွဲဖြစ်တယ်။ ဒါကြောင့် ကမ္ဘာကြီးကို ဗိုလ်ကျစိုးမိုးရေးနဲ့ ဓားပြတိုက်လုယက်ဖို့အတွက် စတင်လိုက်တဲ့ စစ်ပွဲဖြစ်တယ်။ ကောက်စကီရဲ့ အဆင့်လွန် နယ်ချဲ့စနစ် (ultra-imperialism) တနည်း "အဆင့်လွန်နယ်ချဲ့စနစ်ရဲ့ပေါ်လစီသစ်တမျိုး"က နိုင်ငံတကာ ပူးပေါင်းထားတဲ့ ဘဏ္ဍာငွေကြေး အရင်းအနှီးဟာ ကမ္ဘာကြီးကို အတူတကွ သွေးစုပ်ပြီး၊ နိုင်ငံအသီးသီးက ဘဏ္ဍာငွေကြေးတွေ အချင်းချင်းတိုက်ခိုက်မှုနဲ့ အစားထိုးလိမ့်မယ်လို့ ဆိုတယ်။ လီနင်က အဆင့်လွန်နယ်ချဲ့စနစ်ကာလဆိုတာ မရှိဘူး။ "ငြိမ်းချမ်းရေး မဟာမိတ်တွေဟာ စစ်ပွဲအတွက် ပြင်ဆင်နေကြပြီ"။ နယ်ချဲ့အင်အားကြီး နိုင်ငံတချို့ တနည်းအားဖြင့် "အဆင့်လွန်နယ်ချဲ့နိုင်ငံ"တွေရဲ့ မဟာမိတ်ကို ဖွဲ့စည်းလိုက်ကြပေမယ့် "ဒါဟာ ရှေ့နောက် တဆက်တည်းဖြစ်တဲ့ စစ်ပွဲ ၂ ကြိမ်အကြားမှ 'အသက်ရှူချောင်တဲ့ အခိုက်အတန့်လေး'သာ ဖြစ်လိမ့်မယ်။ အသစ်ဖြစ်ထွန်း တိုးတက်လာတဲ့ ဟန်ချက်မညီမှုတွေကြောင့် ငြိမ်းချမ်းရေးဟာ ဖျက်ဆီးမှုတွေနဲ့ မလွဲသာမရှောင်သာ ကြုံတွေ့ရလိမ့်မယ်လို့ လီနင်က ညွှန်

ပြခဲ့တယ်။ "စစ်ပွဲဟာ အယဉ်ကျေးဆုံးတွေကို ဖြစ်ပေါ်စေပြီး ယဉ်ကျေးမှုအဖွံ့ဖြိုးဆုံးနိုင်ငံတွေဟာ ဝေါမွတ်တဲ့အခြေအနေသို့ ကျဆင်းသွားတော့တယ်။ ဒါပေမဲ့ အခြားတဖက်ကကြည့်ရင် စစ်ပွဲဆိုတဲ့ ဒီကြီးမားလှတဲ့သမိုင်းဖြစ်စဉ်ဟာ လူ့အဖွဲ့အစည်းရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို အရင်ဘယ်တုန်းကနဲ့မှမတူအောင် အရှိန်အဟုန် ထပ်မံမြန်ဆန်စေပါလိမ့်မယ်။ နယ်ချဲ့စနစ် ဖြစ်ထွန်းတိုးတက်လာမှု တနည်း လက်ဝါးကြီးအုပ် အရင်းရှင်စနစ် ဖြစ်ထွန်းလာလိမ့်မယ်။ စစ်ပွဲရဲ့ ရိုက်ခတ်မှုအောက်မှာ နိုင်ငံတကာ လက်ဝါးကြီးအုပ်အရင်းရှင်စနစ် ပြောင်းလဲဖြစ်ပေါ်လာလိမ့်မယ်"လို့ လီနင်က တချိန်တည်းမှာ ညွှန်ပြခဲ့တယ်။ ကျွန်တော်တို့ဟာ ယခုအခါ ကမ္ဘာ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုရဲ့ ဒီအဆင့်ကာလကို ရောက်ရှိနေပါပြီ။ ဒီအဆင့်ကာလဟာ ဆိုရှယ်လစ်စနစ်ရဲ့ အကြိုကာလအဆင့်သို့ ချဉ်းကပ်နေပြီဖြစ်တယ်။

(၃) ၎င်းကျမ်းရဲ့ မျက်မှောက်ခေတ်တန်ဖိုး

လီနင်ရဲ့ ဒီကျမ်းဟာ ယခု ၂၀၁၆ ဆိုရင် ရာစုနှစ်တခု ကြာသွားခဲ့ပြီ။ ဒါပေမဲ့ လီနင်ရဲ့ အရင်းရှင်စနစ် စီးပွားရေးအဆင့် ကာလတွေနဲ့ပတ်သက်လို့ ခွဲခြမ်းစိတ်ဖြာမှုတွေ၊ အရင်းရှင်စနစ်ဟာ နယ်ချဲ့စနစ်အဆင့်သို့ ဝင်ရောက်သွားခဲ့ပြီဆိုတာနဲ့ ပတ်သက်တဲ့ သိပ္ပံနည်းကျ အကဲဖြတ်ချက်စတဲ့ သဘောတရား တီထွင်စမ်းသစ်ချက်တွေဟာ ယနေ့တိုင် ခေတ်မီနေဆဲဖြစ်တယ်။ မျက်မှောက် အရင်းရှင်စနစ် စီးပွားရေးကို ခွဲခြမ်းစိတ်ဖြာ သုတေသနပြုရေးနဲ့ ပတ်သက်လို့ လမ်းညွှန်အဓိပ္ပာယ်သဘော ဆောင်နေဆဲလည်းဖြစ်တယ်။

၁။ မျက်မှောက် အရင်းရှင်စနစ်ရဲ့ သမိုင်းအခြေအနေတွေဟာ ပြောင်းလဲမှု မရှိဘူး။ လက်ဝါးကြီးအုပ်မှုဟာ မျက်မှောက် အရင်းရှင်စနစ် ရဲ့ အနှစ်သာရနဲ့ ကြန်အင်လက္ခဏာ ဖြစ်မြဲဖြစ်နေတယ်။ အရင်းရှင်စနစ်ရဲ့ နယ်ချဲ့စနစ်အဆင့်သို့ ဝင်ရောက်သွားတဲ့ ဒီရာစုနှစ်တခုကျော်အတွင်း အပြောင်းအလဲတခုလုံးကို ကြည့်လိုက်ရင် ကမ္ဘာ့အရင်းရှင်စနစ်ဟာ အရေးကြီးတဲ့ ဖွံ့ဖြိုးတိုးတက်မှုအသစ်တွေ ရှိလာတယ်။ အရင်းရှင်ဟာ အရင်ကနဲ့ နှိုင်းယှဉ်ရင် ပိုပြီးကြွယ်ဝလာတယ်။ လူ့ကရုဏာဆန်မှုတွေနဲ့ ပြည့်စုံလာတယ်။ အသက်ရှင်သန်စွမ်းအား ပိုရှိလာတယ်။ ၂၀ ရာစု နှောင်းပိုင်းကတည်းက မျက်မှောက် သိပ္ပံနဲ့နည်းပညာဟာ အရှိန်အဟုန်ပြင်းပြင်းနဲ့ ဖြစ်ထွန်းတိုးတက်နေခြင်းက အရင်းရှင်စနစ် တဆင့်တက် ဖွံ့ဖြိုးတိုးတက်မှုအတွက် ပိုမိုအကျိုးရှိတဲ့ အကြောင်းအချက်တွေကို ဖန်တီးပေးတယ်။ ဒါပေမဲ့ ဒီပြောင်းလဲမှုအသစ်တွေကို ထိုးဖောက်ပြီး ဦးနှောက် ကြည်ကြည်လင်လင်နဲ့ ကြည့်လိုက်ရင် မျက်မှောက်ခေတ် အရင်းရှင်စနစ် ကမ္ဘာရဲ့ သက်ဝင်လှုပ်ရှား ဖျတ်လတ်မှုအရှိဆုံး စီးပွားရေးအခြင်းအရာတွေဟာ လက်ဝါးကြီးအုပ်မှုအခြင်းအရာတွေ ဖြစ်မြဲဖြစ်နေတယ်ဆိုတာ တွေ့ရပါလိမ့်မယ်။ လက်ဝါးကြီးအုပ်မှုမှ "အထူးလက်ဝါးကြီးအုပ်မှု"(special monoply)နဲ့ နိုင်ငံတော်လက်ဝါးကြီးအုပ်မှု အဖြစ်သို့ ဖြစ်ထွန်းတိုးတက်ခဲ့ပြီး၊ နိုင်ငံတော်လက်ဝါးကြီးအုပ်မှုမှ နိုင်ငံတကာလက်ဝါးကြီးအုပ်မှုအဖြစ်သို့ ဖြစ်ထွန်းတိုးတက်ခဲ့ပြန်တယ်။ စီးပွားရေးဂလိုဘယ်လိုက်ဇေးရှင်းက ကမ္ဘာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် နက်နဲတဲ့ရိုက်ခတ်မှု တသီတတန်းကြီးကို ဆောင်ကြဉ်းလာတယ်။ ဒီအခြင်းအရာတွေက လက်ဝါးကြီးအုပ်မှုဟာ တည်ရှိမြဲတည်ရှိနေရုံမက ဖွံ့ဖြိုးတိုးတက်မှု အတိုင်းအတာဟာ နှိုင်းယှဉ်ခြင်းအားဖြင့် ယခင်ကထက် ပိုမိုနက်ရှိုင်းလာတယ်။ မျက်မှောက်အရင်းရှင်စနစ်ရဲ့ နယ်ချဲ့စနစ် သမိုင်းအခြေအနေဟာ ပြောင်းလဲမှု မရှိပါဘူး။ မာ့က်စ်က လွတ်လပ်စွာယှဉ်ပြိုင်မှုဟာ လက်ဝါးကြီးအုပ်အဖြစ်သို့ မုချဖွံ့ဖြိုးတိုးတက်သွားလိမ့်မယ်လို့ ကြိုတင်နိမိတ်ဖတ်ခဲ့တယ်။ လီနင်က သာမန်လက်ဝါးကြီးအုပ်မှု၊ ဘဏ္ဍာဘုရင်တို့ရဲ့ လက်ဝါးကြီးအုပ်မှုဟာ နိုင်ငံတော်လက်ဝါးကြီး အုပ်မှုနဲ့ နိုင်ငံတကာလက်ဝါးကြီးအုပ်မှုသို့ မုချ ဖွံ့ဖြိုးတိုးတက်သွားလိမ့်မယ်လို့ ကြိုတင်နိမိတ်ဖတ်ခဲ့တယ်။ မျက်မှောက်အရင်းရှင်စနစ် ဖွံ့ဖြိုးတိုးတက်မှုအသစ်တွေက မာ့က်စ်ဝါဒရဲ့ အရင်းရှင်စနစ်ဖွံ့ဖြိုးတိုးတက်မှုနဲ့ပတ်သက်တဲ့ သိပ္ပံနည်းကျ အကဲဖြတ်ချက်တွေက ထပ်မံ သက်သေပြလိုက်တာကတော့ မျက်မှောက်အရင်းရှင်စနစ်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုအသစ်တွေက မျက်မှောက်အရင်းရှင်စနစ်ဟာ လက်ဝါးကြီးအုပ်ရဲ့ အဆင့်မြင့်ကာလသို့ ဝင်ရောက်နေဆဲ ဒါမှမဟုတ် ဝင်ရောက်သွားခဲ့ပြီဆိုတာ တဆင့်တက် ရှင်းပြလိုက်တာဖြစ်တယ်။ အရင်းရှင်စနစ် ဖွံ့ဖြိုးတိုးတက်မှုဟာ ပိုမို စံနမူနာကျ ဖြစ်လာတယ်။

၂။ မျက်မှောက် အရင်းရှင်စနစ်အတွင်း ဘဏ္ဍာငွေကြေးအရင်းအနှီးရဲ့ ထူးခြားတဲ့အဆင့်နေရာနဲ့ အခန်းကဏ္ဍဟာ ဘယ်လိုမှ အစားထိုးလို့မရ ဖြစ်မြဲဖြစ်နေတယ်။ လီနင်က ဘဏ္ဍာငွေကြေးဘုရင်ကြီးတွေနဲ့ အရင်းအနှီးတင်ပို့မှု သဘောတရားအရ နိုင်ငံတကာ အရင်းအနှီးလည်ပတ်မှု အခြင်းအရာတွေကို သိပ္ပံနည်းကျ ရှင်းပြခဲ့တယ်။ လီနင်က ဘဏ္ဍာငွေကြေးအရင်းအနှီးနဲ့ စက်မှုအရင်းအနှီးတို့ ပေါင်းစည်းပြီ ဘဏ္ဍာငွေကြေးဘုရင်ကြီးတွေ ဖြစ်လာကာ စက်မှုလုပ်ငန်းစီးပွားရေးကို ထိန်းချုပ်သလို ပြည်တွင်း နိုင်ငံရေးကို ထိန်းချုပ်ကြတယ်။ ငွေကြေးအရင်းအနှီးကို တင်ပို့ပြီး တင်ပို့လိုက်တဲ့နိုင်ငံရဲ့ အရင်းရှင်စနစ်စီးပွားရေး ဖြစ်ထွန်းတိုးတက်ရေးကို တွန်းဆော်ပေးသလို သွေးစုပ်မှုနဲ့ ဖိနှိပ်မှုစတာတွေကို အားဖြည့်ပေးတယ်။ လက်ရှိ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ ကမ္ဘာ့စီးပွားရေး တပေါင်းတစည်းတည်းဖြစ်မှု၊ ကမ္ဘာ့ဈေးကွက် ဖြစ်တည်လာမှုနဲ့ ဖြစ်ထွန်းတိုးတက်မှု၊ ကမ္ဘာ့အဆင့် ဘဏ္ဍာငွေကြေးဘုရင် ငွေရှင်ကြေးရှင်ကြီးတွေ ပေါ်

ထွက်လာမှု၊ အတိုင်းအတာကြီးမားလှတဲ့ နယ်ကျော်ကုမ္ပဏီကြီးတွေ တကမ္ဘာလုံး အနှံ့အပြားပေါ်ထွက်လာမှုနဲ့အတူ နိုင်ငံအသီးသီး ပြည်တွင်း အရင်းအနှီးဈေးကွက် အခြေခံအုတ်မြစ်ပေါ်မှာ နိုင်ငံတကာ အရင်းအနှီး ဈေးကွက် ဖြစ်ပေါ်လာတယ်။ အဲဒီကနေ ပေါ်ထွက်လာတဲ့ လီနင်ရဲ့အမြင်ကတော့ နယ်ချဲ့စနစ်ဟာ လက်ဝါးကြီးအုပ် ဘဏ္ဍာငွေကြေးအရင်းအနှီးရဲ့ တကမ္ဘာလုံးကို လုယက်မှုစနစ်နဲ့ လှုပ်ရှားမှုဖြစ်တယ်ဆိုတာပါပဲ။ လီနင်ရဲ့ အကဲဖြတ်ချက်နဲ့အမြင်ဟာ အလွန်နက်နဲပါတယ်။ ၂၀ ရာစုနှောင်းပိုင်းနဲ့ ၂၁ ရာစုကနဦး တကမ္ဘာလုံးမှာ ဘဏ္ဍာငွေကြေးအရင်းအနှီးရဲ့ လောဘဇောလွန်ကဲမှုနဲ့ ဖြစ်ပေါ်လာတဲ့ အကျပ်အတည်းက ဘဏ္ဍာငွေကြေးအရင်းအနှီးဟာ မျက်မှောက်အရင်းရှင်နိုင်ငံတွေက ဥစ္စာနေလုယက်ရာမှာ အသုံးပြုတဲ့ ထက်မြက်တဲ့လက်နက် ဖြစ်မြဲဖြစ်တယ်ဆိုတာကို ဖော်ပြနေရုံမက နယ်ချဲ့စနစ် မိမိကိုယ်မိမိ ဇီဝိန်ချုပ်စေတဲ့ လက်နက်လည်းဖြစ်တယ်။ အရင်က အရင်းရှင်စနစ်စီးပွားရေးကပ်ဆိုတာ ကုန်ထုတ်လုပ်မှုပိုလျှံတဲ့ စီးပွားရေးအကျပ်အတည်းအဖြစ် အဓိက ဖော်ပြတာဖြစ်တယ်။ ယခုအခါ ကမ္ဘာ့လက္ခဏာဆောင်တဲ့ ဘဏ္ဍာငွေကြေးအကျပ်အတည်းအဖြစ် ဖြစ်ထွန်းတိုးတက်လာတယ်။ ဥပမာ-အာရှတိုက်ရဲ့ ဘဏ္ဍာငွေကြေးအကျပ်အတည်း၊ ဥရောပ အကြွေးကပ်၊ အမေရိကန် အကြွေးကပ်စသည်။ ဒီ တသီတတန်းကြီးသော ပြဿနာတွေ ပေါ်ထွက်လာရခြင်းဟာ လက်ဝါးကြီးအုပ်မှုရဲ့ အသစ်လွင်ဆုံးနဲ့ အမြင့်ဆုံးအဆင့်ကာလမှာ ပေါ်ထွက်လာတဲ့ ပြဿနာအသစ်တွေရဲ့ ထင်ဟပ်ချက်ဖြစ်တယ်။ လီနင်ရဲ့ ဘဏ္ဍာငွေကြေးဘုရင်တွေရဲ့ လက်ဝါးကြီးအုပ်မှုနဲ့ အရင်းအနှီးရဲ့ တကမ္ဘာလုံးလည်ပတ်မှုစတာတွေနဲ့ ပတ်သက်တဲ့ သဘောတရားဟာ ကမ္ဘာ့အရင်းအနှီးဈေးကွက်နဲ့ ကမ္ဘာ့လက္ခဏာဆောင်တဲ့ ဘဏ္ဍာငွေကြေး အကျပ်အတည်းစတဲ့ ပြဿနာတွေကို စူးစမ်း လေ့လာရာမှာ အရေးကြီးတဲ့ သဘောတရား အထောက်အထားတွေဖြစ်တယ်။

၃။ နိုင်ငံရေး စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုမညီညာခြင်းဟာ မျက်မှောက်ခေတ် အရင်းရှင်စနစ်ဖွံ့ဖြိုးတိုးတက်မှုရဲ့ အကြွင်းမဲ့တရား ဖြစ်မြဲဖြစ်နေတယ်။ လီနင်က ဒီကျမ်းထဲမှာ အရင်းရှင်စနစ်ရဲ့ နိုင်ငံရေး စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုမညီညာခြင်းတရားတွေကို ဖော်ပြထားရုံမက ဒုတိယအကြိမ် ပုံနှိပ်ခြင်း နိဒါန်းမှာ ကုန်ထုတ်အရင်းအနှီး ပုဂ္ဂလိကပိုင်စနစ်နဲ့ နယ်ချဲ့စနစ် စစ်ပွဲတို့ မလွဲမသွေ ဆက်စပ်နေမှုကို ရှင်းရှင်းလင်းလင်း ညွှန်ပြထားတယ်။ ဖွံ့ဖြိုးတိုးတက်မှု မညီညာခြင်းတရားတွေက သက်သေပြလိုက်တာကတော့ ၎င်းကို ဂရုမစိုက်ဘဲ စီးပွားရေးအရ ကမ္ဘာ့ဈေးကွက်ကို ခွဲဝေပြီးသွားခဲ့ပြီ။ ဒါ့အပြင် နိုင်ငံရေးအရ ကိုလိုနီဒေသနဲ့ ပတ်သက်တဲ့ နယ်မြေခွဲဝေမှုလည်း ပြီးသွားခဲ့ပြီ။ ကမ္ဘာ့ဈေးကွက် ထပ်မံခွဲဝေရေးနဲ့ ကိုလိုနီဒေသတွေကို ခေါင်းပုံဖြတ် အညွှန့်ခူးရေးအတွက် နယ်ချဲ့စနစ်ရဲ့ကျူးကျော်ရေးစစ်ဟာ မလွဲမသွေ ပေါ်ပေါက်လာရလိမ့်ဦးမယ်။ နယ်ချဲ့စနစ်ရဲ့အနှစ်သာရကို ခွဲခြမ်းစိတ်ဖြာခြင်းမှအစချီပြီး ရရှိလိုက်တဲ့ကောက်ချက်ကို သမိုင်းက လက်တွေ့ပြခဲ့ပြီးပြီ။ ပထမကမ္ဘာ့စစ် ဖြစ်ပွားပြီးနောက် မကြာမီ ဒုတိယကမ္ဘာစစ် ပေါ်ပေါက်ခဲ့တယ်။ မျက်မှောက်ကမ္ဘာမှာ ကမ္ဘာ့အတိုင်းအတာနဲ့ချီ စစ်ပွဲပေါ်ပေါက်ဖို့ ခက်ပေမယ့် မတူတဲ့ဒေသမှာ မတူတဲ့ နိုင်ငံများအကြား အဝန်းအဝိုင်းမကြီးလှတဲ့ စစ်ပွဲတွေ အဆက်မပြတ် ပေါ်နေဆဲဖြစ်တယ်။ လီနင်က"အရင်းရှင်တွေက ကမ္ဘာကြီးကို ခွဲဝေလိုက်ခြင်းဟာ သူတို့ရဲ့ စိတ်သဘောထားတွေက ယုတ်မာပက်စက်တာကြောင့် မဟုတ်ဘဲ စုစည်းမှုဟာ ဒီလိုအဆင့်ကာလကို ရောက်ရှိနေတာကြောင့် ဖြစ်တယ်။ သူတို့ဟာ အမြတ်အစွန်း ရရှိနေတဲ့ ဒီလမ်းကြောင်းကို မလျှောက်မဖြစ် လျှောက်လှမ်းနေရရုံမက သူတို့ဟာ အရင်းအနှီးအရ၊ အင်အားအရ ကမ္ဘာကြီးကို ခွဲဝေကြတာဖြစ်ပြီး ကုန်စည်ထုတ်လုပ်မှုနဲ့ အရင်းရှင်စနစ်အောက်မှာ တခြားနည်းလည်း မရှိနိုင်ပါဘူး"လို့ ထောက်ပြလိုက်ပါတယ်။

၄။ နယ်ချဲ့စနစ်ရဲ့သမိုင်းအဆင့်နေရာနဲ့ ဆိုရှယ်လစ်တော်လှန်ရေး ဖြစ်ထွန်းတိုးတက်မှုအလားအလာဟာ အပြောင်းအလဲ မရှိပါဘူး။ ဘယ်လို အရာကိစ္စမဆို မွေးဖွားလာခြင်း၊ ဖွံ့ဖြိုးတိုးတက်ခြင်းနဲ့ ပျက်သုဉ်းသွားခြင်းဆိုတဲ့ ဖြစ်စဉ်တွေကို ကျော်ဖြတ်ရစမြဲပါပဲ။ အရင်းရှင်စနစ် လူ့အဖွဲ့အစည်းဟာ ခြွင်းချက်မဟုတ်ပါဘူး။ တဖက်မှာ ဈေးကွက် ကမ္ဘာ့အသွင်ဆောင်ခြင်း၊ အရင်းအနှီး ကမ္ဘာ့အသွင်ဆောင်ခြင်း၊ ကုန်ထုတ်လုပ်မှု ကမ္ဘာ့အသွင်ဆောင်ခြင်းတို့ဟာ စီးပွားရေးကမ္ဘာ့အသွင်ဆောင်ခြင်းကို ထင်ဟပ်တဲ့ ကြန်အင်လက္ခဏာတွေ ဖြစ်တယ်။ လက်ဝါးကြီးအုပ် အကြီးစားပုံစံဖြစ်တဲ့ နယ်ကျော်ကုမ္ပဏီတွေဟာ အဆင့်မြင့်နည်းပညာသစ် စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုမြန်ဆန်စေပြီး နည်းပညာလက်ဝါးကြီးအုပ်မှု ဖြစ်စဉ်ကို အရှိန်အဟုန် မြှင့်ပေးလိုက်တယ်။ မျက်မှောက်ခေတ် နည်းပညာသစ်တော်လှန်ရေး တဟုန်တိုး ဖြစ်ထွန်း တိုးတက်လာမှု၊ စက်မှုလုပ်ငန်း အဆောက်အအုံနဲ့ အလုပ်အကိုင် ရရှိမှု အဆောက်အအုံ ပြုပြင်ပြောင်းလဲမှုက စက်မှုလုပ်ငန်းစီးပွားရေးမှ အင်ဖော်မေးရှင်းစီးပွားရေးသို့ ပြောင်းလဲမှုကို ဖော်ဆောင်ပေးတယ်။ အင်ဖော်မေးရှင်းနည်းပညာကို ကိုယ်စားပြုမှုအဖြစ်ထားပြီး အဆင့်မြင့်နည်းပညာကို အခြေခံအုတ်မြစ်အဖြစ်ထားတဲ့ အမေရိကန်ရဲ့ စီးပွားရေးသစ်ဟာ စီးပွားရေးတိုးတက်မှု ဆက်လက်ပြီး ၁၀ နှစ်တိုင် အကောင်အထည်ပေါ်နေခြင်းက အရင်းရှင်စနစ်မှာ တစုံတရာ အသက် ရှင်သန်စွမ်းအား ရှိသေးတယ်ဆိုတာကို သက်သေပြလိုက်ခြင်းဖြစ်တယ်။ အခြားတဖက်မှာ ကုန်ထုတ်လုပ်မှု လူ့အဖွဲ့အစည်းလက္ခဏာဆောင်မှု အဆက်မပြတ် ဖြစ်ထွန်းတိုးတက်နေခြင်းနဲ့ ပုဂ္ဂလိကပိုင်ဆိုင်မှုအကြားက ပဋိပက္ခဟာ အဆက်မပြတ် သည်းသန်လာနေတယ်။ အရင်း

ရှင်စနစ် လူ့အဖွဲ့အစည်း ရင်ဆိုင်နေရတဲ့ များပြားပြင်းထန်လှတဲ့ လူ့အဖွဲ့အစည်း ပဋိပက္ခတွေဟာ အရင်းရှင်စနစ်ရဲ့အောက်မှာ ဘယ်လိုမှ မဖြေရှင်းနိုင်ပါဘူး။ ဘယ်အရင်းရှင် နိုင်ငံပဲဖြစ်ဖြစ် ကိန်းစ်ဝါဒ၊ လစ်ဘရယ်ဝါဒသစ်စတဲ့ ပြုပြင်ပြောင်းလဲရေး ကိရိယာအမျိုးမျိုးကို ဘယ်လိုပဲအသုံးချချ နယ်ချဲ့စနစ်ရဲ့အသက်ကို ဆွဲဆန့်လို့သာရနိုင်ပေမယ့် ၎င်းရဲ့ပျက်သုဉ်းမှုဆီသို့ ဦးတည်နေတဲ့ သမိုင်းကံကြမ္မာကိုတော့ ဘယ်လိုမှ တားဆီးလို့ မရနိုင်ပါဘူး။ အရင်းရှင်စနစ်ကို နောက်ဆုံးမှာ ဆိုရှယ်လစ်စနစ်က အစားထိုးသွား ပါလိမ့်မယ်။ ဒါဟာ လူတွေရဲ့ဆန္ဒအရ ပြောင်းရွှေ့ပစ်လို့မရတဲ့ ပကတိဘာဝတရား ဖြစ်မြဲဖြစ်နေပါတယ်။ လီနင်က နယ်ချဲ့စနစ်ကို အရင်းရှင်စနစ်ရဲ့ "ထူးခြား" တဲ့ အဆင့်တဆင့်နဲ့ "အမြင့်ဆုံး" အဆင့်အဖြစ် ရှုမြင်ပြီး၊ "အရင်းရှင် စနစ်အတွင်း ကြီးထွားရှင်သန်လာတဲ့ လက်ဝါးကြီးအုပ်မှုဟာ အရင်းရှင်စနစ်ရဲ့ သေပန်းပွင့်နေတဲ့ အခြေအနေဖြစ်တယ်"။ "နယ်ချဲ့စနစ်ဟာ အကူးအပြောင်းဖြစ်နေတဲ့ အရင်းရှင်စနစ်ဖြစ်တယ်။ ဒါမှမဟုတ် ပိုပြီး တိတိပပပြောရမယ်ဆိုရင် သေပန်းပွင့်နေတဲ့ အရင်းရှင်စနစ် ဖြစ်တယ်" လို့ ညွှန်ပြခဲ့တယ်။ ဒီနေရာမှာ လီနင်က နယ်ချဲ့စနစ်ဟာ "ဆိုရှယ်လစ်စနစ်သို့ ကူးပြောင်းတဲ့ အစရှိချက်သာဖြစ်တယ်"လို့သာ ပြောဆိုခဲ့တာဖြစ်ပြီး အရင်းရှင်စနစ် ချက်ချင်း ပြုတ်ပြုတ်ပြုန်း ပျက်သုဉ်းသွားတော့မယ်လို့ ပြောတာမဟုတ်ဘူး။ ဆန့်ကျင်ဘက်အားဖြင့် "ယိုယွင်းပုပ်သိုးဆွေးမြေ့နေတဲ့ အခြေ အနေအတွင်းမှာ အရင်းရှင်စနစ်ဟာ နှိုင်းယှဉ်ခြင်းအားဖြင့် ရှည်ကြာတဲ့ကာလတခုကို ထိန်းသိမ်းထားနိုင်တယ်" ဆိုတာကို အထူးအလေးထား ပြောသွားတာဖြစ်တယ်။ တချို့က နယ်ချဲ့စနစ်ဟာ ယခု "သေပန်းပွင့်တာ" ပဲဖြစ်ပြီး "သေ"တာ မဟုတ်ဘူးလို့ ဆိုကြပြန်တယ်။ "သေပန်းပွင့်တာ"ကို သေဆုံးတော့မယ့်အနေနဲ့ နားလည်နေရင် ဒါဟာ သိပ်ကို အကြွင်းမဲ့ဆန်လွန်းသွားပြီ။ ဒါဟာ "ကူးပြောင်းမှု"တခု ရှိဖို့ လိုအပ်တယ်၊ ဖြစ်စဉ်တခုရှိဖို့ လိုအပ်တယ်ဆိုတာ သိနားလည်ရမယ်။ "သေပန်းပွင့်တယ်"ဆိုတာ အလားအလာတခု ဖြစ်တယ်။ လူ့အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်မှုရဲ့ တရားဥပဒေသ ဖြစ်တယ်။ ကုန်ထုတ်ဆက်ဆံမှုရဲ့ တချို့ဘက်တွေက ကုန်ထုတ်စွမ်းအားစု ဖွံ့ဖြိုးတိုးတက်ရေးကို တွန်းဆော်ပေးနိုင်နေသေးရင် အရင်းရှင်စနစ်ဟာ ချက်ချင်းသေဆုံးသွားမှာ မဟုတ်ဘူး။ လီနင်ရဲ့ အခြေခံအကဲဖြတ်ချက်ဟာ ဒီနေ့အထိ မှန်နေတယ်ဆိုတာ တွေ့ရတယ်။ ရာစုနှစ်ဝက်နီးပါးအတွင်း အရင်းရှင်နိုင်ငံတွေအတွင်းမှာ လေပြင်းမုန်တိုင်းကျတဲ့ပုံစံမျိုး ဆိုရှယ်လစ် တော်လှန်ရေးတွေ မပေါ်ပေါက်ခဲ့ပေမယ့် အဲဒီနိုင်ငံတွေအတွင်း ဆိုရှယ်လစ်စနစ် တိုးတက်ကောင်းမွန်အောင် စီမံဆောင်ရွက်မှုတွေကတော့ ဘယ်တုန်းကမှ မရပ်တန့်ခဲ့ဖူးဘူး။ နိုင်ငံတကာမှာ အလုပ်သမားလူတန်းစားရဲ့ အမျိုးမျိုးသော ဥပဒေတွင်း ဥပဒေပ တိုက်ပွဲတွေ တလျှောက်လုံး အဆက်မပြတ် ပေါ်ပေါက်နေတယ်။ ဒီအထောက်အထားတွေအရ အမေရိကန် နယူးယောက်တက္ကသိုလ် နိုင်ငံရေးသိပ္ပံပါမောက္ခ အာမန်က တကမ္ဘာလုံးအဝန်းအဝိုင်းအတွင်း အနောက်တိုင်းဟာ အသက်ရှင်သန်ဖို့ မှီခိုအားထားရမယ့် အကြောင်းအချက် တဖြည်းဖြည်းပျောက်ကွယ်လာနေပြီ၊ ဒါကြောင့် မေးမိုန်ဆုတ်ယုတ်ပျောက်ကွယ်မှုသို့ ဆိုက်ရောက်တော့မယ့် အရေးဟာ ရှောင်လွှဲလို့ မရနိုင်တော့ဘူးလို့ ထင်မြင်ယူဆပါသတဲ့။

(၃)

ရဲဘော်လီနင်ပြုစုခဲ့တဲ့ "အရင်းရှင်စနစ်ရဲ့အမြင့်ဆုံးအဆင့် - နယ်ချဲ့စနစ်" ဆိုတဲ့ကျမ်းရဲ့ ပထမအကြိမ် ထုတ်ဝေခြင်း အမှာစာမှာ "ဒီကျမ်းကို လေ့လာရင် နယ်ချဲ့စနစ်ရဲ့ဘောဂဗေဒ အနှစ်သာရကို နားလည်ဖို့ အထောက်အကူ ဖြစ်လိမ့်မယ်။ မလေ့လာရင် ခေတ်သစ်စစ်ပွဲနဲ့ ခေတ်သစ်နိုင်ငံရေးကို နားလည်သုံးသပ်နိုင်လိမ့်မယ်မဟုတ်"ဆိုတဲ့သဘောမျိုး ရေးခဲ့တယ်။ အမှန်တကယ်ပဲ မျက်မှောက်ခေတ် အရင်းရှင်စနစ်ရဲ့ အပြောင်းအလဲတွေနဲ့အနှစ်သာရကို ဆုပ်ကိုင်မိဖို့ဆိုရင် ဒီကျမ်းကို လေ့လာသင့်တယ်။ မုချ လေ့လာရလိမ့်မယ်။ အဲဒီလို လေ့လာရာမှာ ဒီဘာသာပြန်စာတမ်းဟာ တစုံတရာ အထောက်အကူဖြစ်လိမ့်မယ်လို့လည်း ယုံကြည်မိပါတယ်။

ကျွန်တော်တို့အနေနဲ့ ဒီကျမ်းရဲ့ နေ့ထူးနေ့မြတ်ဖြစ်တဲ့ "နှစ် ၁၀၀ ပြည့်ခြင်းအထိမ်းအမှတ်" မှာ ရဲဘော်လီနင်ရဲ့ ညွှန်ပြချက်အတိုင်း နယ်ချဲ့စနစ်ကျမ်းကို အပတ်တကုတ် ကြိုးစား လေ့လာသွားကြပါစို့။

ရဲဘော်လီနင်ရဲ့ "အရင်းရှင်စနစ်ရဲ့ အမြင့်ဆုံးအဆင့် - နယ်ချဲ့စနစ်"ကျမ်းရဲ့ အလင်းရောင် ထာဝစဉ်ထွန်းပြောင်ပါစေသတည်း။

အောက်တိုဘာ ၆၊ ၂၀၁၆။

ကိုးကား။ ပြည်သူ့ကွန်ရက်၊ တရုတ်ပြည်ကွန်မြူနစ်ပါတီ သတင်းကွန်ရက်တို့မှာ ၂၀၁၅၊ ဇန်နဝါရီလက ဖော်ပြခဲ့တဲ့- **Parsing the imperialism is the highest stage of capitalism and its contemporary value** ဆိုတဲ့စာတမ်း။

(မျက်မှောက် ကမ္ဘာ့ဆိုရှယ်လစ်စနစ်

ဖွံ့ဖြိုးတိုးတက်စေရေး

ကြိုးပမ်းအာထုတ်နေတဲ့ ကာလသို့

လှမ်းဝင်နေခြင်း)

အေးမြွှန်သိန်း

၂၁ ရာစု ကနဦးမှာ ကမ္ဘာ့ဆိုရှယ်လစ်စနစ်ဟာ ထွန်းလင်းတောက်ပတဲ့အလင်းရောင်တွေ ပေါ်ထွက်ခဲ့သလို ထူးခြားချက်တွေလည်း အများအပြား ပေါ်ထွက်ခဲ့တယ်။ တိုးတက်မှု အများအပြားလည်း ရရှိပါတယ်။ အရင်းရှင်စနစ် အကျပ်အတည်းသစ်တချို့ ကြုံနေရတဲ့ ပတ်ဝန်းကျင်အခြေအနေအောက်မှာ ကမ္ဘာ့ဆိုရှယ်လစ်စနစ်ဟာ ဒီရေနိမ့်ကာလမှ ရုန်းထွက်ရင်း အသစ်တဖန် ဖွံ့ဖြိုးတိုးတက်စေတဲ့ အခွင့်အရေးတွေ ရရှိနေတယ်။ တချိန်တည်းမှာ ကမ္ဘာ့အရင်းရှင်စနစ်ရဲ့ ပိုမိုပြင်းထန်ရှုပ်ထွေးတဲ့ အားပြိုင်မှုတွေ၊ စိန်ခေါ်မှုတွေနဲ့လည်း ရင်ဆိုင်နေရပါတယ်။ တခုလုံးအရကြည့်ရရင် ၂၁ ရာစု ဆိုရှယ်လစ်စနစ်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုဟာ ဆိုဗီယက်နဲ့ အရှေ့ဥရောပနိုင်ငံတွေ ပြိုကွဲသွားပြီးနောက် "အရင်းရှင်စနစ်ဟာ ကမ္ဘာနဲ့အဝန်း တပေါင်းတစည်းတည်းဖြစ်လာနေပြီ" ဆိုတဲ့ လေလုံးထွားပြောဆိုမှုတွေနဲ့ မာနထောင်လွှားတဲ့ ကောက်ချက်တွေကို ချိုးဖျက်ပစ်လိုက်တယ်။ ဒီတကယ့်ဖြစ်ရပ်ဟာ အရင်းရှင်စနစ် သေနင်္ဂဗျူဟာသမားတွေ ထူးထူးခြားခြား ကြိုးပမ်းလုပ်ဆောင်နေတဲ့ ရေရှည် အကျယ်အပြန့် ကျင့်သုံးခဲ့တဲ့ "မတိုက်လိုက်ရ

ဘဲနဲ့ အောင်ပွဲရတယ်"ဆိုတဲ့ ငြိမ်းချမ်းစွာ တစတစကူးပြောင်းရေး အကြံအစည်ကိုလည်း ချေမှုန်းပစ်လိုက်တာဖြစ်တယ်။ "အနောက်တိုင်း လစ်ဘရယ်ဒီမိုကရေစီစနစ်ဟာ လူသားလူ့အဖွဲ့အစည်းရဲ့ နောက်ဆုံးပန်းတိုင်ဖြစ်တယ်" "သမိုင်းနိဂုံးချုပ်သွားပြီ" ဆိုတဲ့ ယုံတမ်းစကားတွေကိုလည်း အဆုံးသတ်ပစ်လိုက်ပါတယ်။ ကွန်မြူနစ်စနစ်ဟာ အရင်းရှင်စနစ်ကို မုချအစားထိုးလိမ့်မယ်ဆိုတဲ့ ပကတိဘာဝသမိုင်းရဲ့တရားဥပဒေသတွေ မှန်ကန်ကြောင်း၊ မာ့က်စ်ဝါဒအမှန်တရားရဲ့အင်အားတွေ အသစ်တဖန် ရှင်သန်လာကြောင်း တကမ္ဘာလုံး အတိုင်းအတာအတွင်း အားရှိရှိနဲ့ ကြုံ့ကြုံ့ခိုင်ခိုင် သက်သေပြလိုက်တာလည်း ဖြစ်တယ်။ ဒါကြောင့် ၂၁ ရာစုဟာ ကမ္ဘာ့ဆိုရှယ်လစ်စနစ် ဖွံ့ဖြိုးတိုးတက်စေတဲ့ရာစု ဖြစ်ပါလိမ့်မယ်။

မျက်မှောက် ကမ္ဘာ့ဆိုရှယ်လစ်စနစ်ဟာ ဖွံ့ဖြိုးတိုးတက်မှု ပြုပြင်ပြောင်းလဲမှုအတွင်း ဖွံ့ဖြိုးတိုးတက်စေရေးကို ကြိုးပမ်းအားထုတ်နေတဲ့ ကာလသို့ လှမ်းဝင်နေခြင်း

၂၀ ရာစု ၈၀-၉၀ ခုနှစ်တွေအတွင်း ဆိုဗီယက်နဲ့ အရှေ့ဥရောပနိုင်ငံတွေ အပြောင်းအလဲဖြစ်သွားပြီးနောက် ကမ္ဘာ့ဆိုရှယ်လစ်စနစ် ဖွံ့ဖြိုးတိုးတက်မှုဟာ ဆိုးဝါးပြင်းထန်တဲ့ ဒီရေနိမ့်ကာလသို့ ကျဆင်းသွားတယ်။ ဒါပေမဲ့ အနှစ် ၂၀ ကျော်ကာလဆိုတဲ့ တိုတောင်း

လုတဲ့ အချိန်အတွင်း ၂၁ ရာစု ကနဦးမှာပဲ ကမ္ဘာ့အရင်းရှင်စနစ်ဟာ နက်ရှိုင်းလှတဲ့ အကျပ်အတည်းအတွင်း ကျရောက်သွားခဲ့ရာ ကနေ့အထိ နက်ရှိုင်းလှတဲ့ ရွှံ့ညွန်အိုင်ထဲက မတက်နိုင်သေးဘူး။ ကိုယ်တိုင်လည်း ရုန်းထွက်နိုင်ဖို့ အလားအလာ မရှိဘူး။ အချိန်ကြာမြင့်စွာ ဆုပ်ကိုင်ထားကြတဲ့ "ကွန်မြူနစ်ဝါဒ ရှုံးနိမ့်သွားပြီဆိုတဲ့ သဘောတရား" "ဆိုရှယ်လစ်စနစ် ခေတ်မမီတော့ဘူးဆိုတဲ့ သဘောတရား" "ကွန်မြူနစ်ပါတီတွေ မေးမှိန်ပျောက်ကွယ်သွားပြီဆိုတဲ့ သဘောတရား" "သံပြိုင်တေး" တွေဟာ ရုတ်တရက် အသံတိတ်သွားရုံမက သူတို့ရဲ့ ခိုင်မာလှတဲ့ အခြေခံစိတ်ဓာတ်ဆိုတာကလည်း ဆုံးရှုံးသွားတာကြောင့် "ဓာတ်ပြားဟောင်း ကြီးပြန်ဖွင့်"ဖို့ ခက်သွားကြပြီ။ ဒါကို အခြေခံကျကျပြောရရင် အရင်းရှင်စနစ်ဟာ တောင်ဆင်းလမ်းကို စတင်သွားနေပါပြီ။ ဆိုရှယ်လစ်စနစ်ဟာလည်း ဒီရေနိမ့်ကာလထဲကနေ စတင်ထွက်လာနေပါပြီ။ ဆိုဗီယက်နဲ့ အရှေ့ဥရောပနိုင်ငံတွေ အပြောင်းအလဲ ဖြစ်သွားတဲ့ လွန်ခဲ့တဲ့ အနှစ် ၂၀ ကျော်နဲ့ နှိုင်းစာရင် ဒီကမ္ဘာကြီးဟာ အမှန်တကယ်ပဲ အပြောင်းအလဲတွေ ပြင်းပြင်းထန်ထန် ဖြစ်သွားခဲ့ပြီ။ လူတွေဟာ ဒီကမ္ဘာကြီးကို လုံးဂသစ်လွင်တဲ့ အမြင်နဲ့ အကဲခတ်ကြည့်မြင်တာ မလုပ်လို့မဖြစ်တော့ဘူး။ ကမ္ဘာ့အသွင်အပြင်၊ ဖွံ့ဖြိုးတိုးတက် ပြောင်းလဲမှုတွေ၊ အရေးကြီးတဲ့ အဖြစ်အပျက်တွေ၊ လူ့အဖွဲ့အစည်းစနစ်တွေကို အသစ်တဖန် အကဲခတ် ဝေဖန်သုံးသပ်သွားကြရလိမ့်မယ်။ ဒီလို အခြေအနေမျိုးအောက်မှာ ဆိုရှယ်လစ်စနစ်ရဲ့ကံကြမ္မာနဲ့ အရင်းရှင်စနစ်ရဲ့ကံကြမ္မာကို တက်တက်ကြွကြွ လေးလေးနက်နက် စူးစမ်းလေ့လာသွားရေးဟာ အဓိက ပြဿနာ ဖြစ် လာနေပါပြီ။

ဆိုဗီယက်နဲ့ အရှေ့ဥရောပ အပြောင်းအလဲမှနေ ကနေ့အထိ နှစ် ၂၀ ကျော်အတွင်း ကမ္ဘာပေါ်မှာ ကြံ့ကြံ့ခိုင်ခိုင် ရပ်တည်ခဲ့ကြတဲ့ ကွန်မြူနစ်ပါတီတွေဟာ အကျပ်အတည်းတွေကို ရင်ဆိုင်ရင်း ပြန်လည်ဖွဲ့စည်းမှု၊ ပြန်လည်ရှင်သန်မှုနဲ့ ဖြစ်ထွန်းတိုးတက်မှုတွေကို ကျော်ဖြတ်ခဲ့ရတယ်။ ဆိုဗီယက်နဲ့အရှေ့ဥရောပ အပြောင်းအလဲဖြစ်လိုက်တဲ့ လွန်ခဲ့တဲ့ အနှစ် ၂၀ ကျော်က ကွန်မြူနစ်ပါတီ အဖွဲ့အစည်းတွေနဲ့ အင်အားစုတွေဟာ ကမ္ဘာ့အဝန်းအဝိုင်းအတွင်း ယခင် မရှိခဲ့ဖူးတဲ့ ထိခိုက်နစ်နာမှုမျိုး ဖြစ်ပေါ်ခဲ့ဖူးတယ်။ တဖက်မှာ ကွန်မြူနစ်ပါတီ အဖွဲ့အစည်းတွေဟာ ပြင်းထန်တဲ့ ထိုးနက်တိုက်ခိုက်မှုတွေခံရပြီး တချို့ဟာ ဖျက်သိမ်းကွယ်ပျောက်သွားခဲ့ရတယ်။ တချို့ဟာ အလံပြောင်း သို့မဟုတ် ဆိုရှယ်ဒီမိုကရက်တစ်ပါတီ အမျိုးအစားအဖြစ် အမည်ပြောင်းလဲခဲ့ကြတယ်။ ဒါမှမဟုတ် ပြည်တွင်း နိုင်ငံရေးဇာတ်ခုံဘေးမှာ ဘာမှမမှုလောက်တဲ့ အစွန်းရောက် ရေဒီကယ်ဂိုဏ်းအုပ်စုအဖြစ် ပြောင်းလဲသွားခြင်းတို့ဖြစ်တယ်။ အခြားတဖက်မှာ ကွန်မြူနစ်ပါတီ အဖွဲ့အစည်းအများအပြားဟာ ဘေးကျပ်နံကျပ် အခြေအနေအတွင်း အင်အားရှိရှိ ကြံ့ကြံ့ခိုင်ခိုင် တိုက်ပွဲဝင်ခဲ့ကြတယ်။ ဆိုရှယ်လစ်ဝါဒနဲ့ ကွန်မြူနစ်ဝါဒ တိုက်ပွဲပန်းတိုင်ကို စွဲစွဲမြဲမြဲ ဆုပ်ကိုင်ထားခဲ့ကြတယ်။ မိမိနိုင်ငံရဲ့ ပကတိ အခြေအနေနဲ့ ကိုက်ညီတဲ့ သဘောတရား သေနင်္ဂဗျူဟာနဲ့ လှုပ်ရှားမှုပုံစံကို စူးစမ်းလေ့လာကြတယ်။ ဒါကြောင့် မတူတဲ့အတိုင်းအတာအရ အောင်မြင်မှုတွေ ရရှိခဲ့ကြတယ်။ နိုင်ငံတကာကွန်မြူနစ်လှုပ်ရှားမှုအတွက် အခြေခံအုတ်မြစ်ကို ဆက်လက်သိမ်းပိုက်ထားနိုင်ခဲ့တယ်။ ဒီနေ့ မလျော့တဲ့ ဖွဲလုံ့လနဲ့ ကြံ့ကြံ့ခိုင်ခိုင် ရပ်တည်ခဲ့ကြတဲ့ ဒီလိုကွန်မြူနစ်ပါတီ အဖွဲ့အစည်းတွေဟာ တချို့လူတွေ ကြိုတင်နိမိတ်ဖတ် ပြောဆိုခဲ့သလို တိမ်မြုပ်ပျောက်ကွယ်သွားခြင်း မရှိဘဲ၊ ၎င်းတို့ဟာ အသက်ရှင်တည်ရှိရေး ကာကွယ်ထိန်းသိမ်းခြင်းမှ အောင်မြင်ချက်အသစ်တွေ ရရှိအောင် ကြိုးပမ်းအားထုတ်ရင်း နိုင်ငံတကာကွန်မြူနစ်ဝါဒလှုပ်ရှားမှု ၂၁ ရာစုမှာ ဖွံ့ဖြိုးတိုးတက်ရေးကို တွန်းဆော်ပေးခဲ့တယ်။

သက်ဆိုင်ရာ စာရင်းဇယားတွေအရ မျက်မှောက်ကမ္ဘာပေါ်ရှိ နိုင်ငံ ၁၀၀ ကျော်လောက်မှာ ကွန်မြူနစ်ပါတီအမည်ကို စွဲစွဲမြဲမြဲ ထိန်းသိမ်းထားတဲ့ ဒါမှမဟုတ် မာ့က်စ်ဝါဒ လက္ခဏာရှိတဲ့ နိုင်ငံရေးပါတီ ၁၃၀ ကျော်ရှိတယ်။ ယခုအခါ ဆိုရှယ်လစ်နိုင်ငံတွေရှိ ကွန်မြူနစ်ပါတီ အသီးသီးရဲ့ ပါတီဝင်အရေအတွက်မှာ ၉၇ သန်း ၅ သိန်း ရှိတယ်။ ၎င်းတို့အနက် တရုတ်ပြည်ကွန်မြူနစ်ပါတီရဲ့ပါတီဝင် အရေအတွက်မှာ ၈၈ သန်းကျော် ရှိတယ်။ တခြားကွန်မြူနစ်ပါတီတွေဖြစ်တဲ့ အာဏာရဆိုရှယ်လစ်နိုင်ငံတွေအနက် ဗီယက်နမ် ကွန်မြူနစ်ပါတီမှာ ပါတီဝင် ၄ သန်း ၅ သိန်း၊ မြောက်ကိုးရီးယား အလုပ်သမားပါတီမှာ ပါတီဝင် ၄ သန်းကျော်၊ ကျူးဘားကွန်မြူနစ်ပါတီမှာ ပါတီဝင် ၁ သန်းကျော်၊ လာအို ပြည်သူ့တော်လှန်ရေးပါတီမှာ ပါတီဝင် ၁ သိန်းကျော် ရှိနေပါပြီ။ ဆိုရှယ်လစ်နိုင်ငံတွေအပြင် ကမ္ဘာပေါ်မှ တခြားနိုင်ငံတွေရှိ၊ ကွန်မြူနစ်ပါတီအဖွဲ့အစည်း ၁၂၀ ကျော်မှာ ပါတီဝင် စုစုပေါင်း ၈ သန်း ၅ သိန်းအထိ ရှိနေပါပြီ။ ၎င်း တို့အနက် ပါတီဝင် ၁ သောင်းကျော် ရှိတဲ့ ပါတီ ၃၀ ကျော်ရှိတယ်။ အာဏာရပြီး တိုင်းရေးပြည်ရာ ကိစ္စတွေကို ဆောင်ရွက်နေတဲ့ (ဒါမှ မဟုတ် ယခုတလောကာလမှာ အာဏာရပြီး တိုင်းရေးပြည်ရာကိစ္စတွေကို ဆောင်ရွက်ခဲ့ဖူးတဲ့) ကွန်မြူနစ်ပါတီ ၃၀ နီးပါး ရှိတယ်။ နိုင်ငံ အသီးသီးမှ ကွန်မြူနစ်ပါတီတွေဟာ မတူတဲ့လူ့အဖွဲ့အစည်း ပတ်ဝန်းကျင်၊ မတူတဲ့တိုင်းပြည်ရဲ့ ပကတိအခြေအနေအကြောင်းအချက်နဲ့ မတူတဲ့ လူ့အဖွဲ့အစည်းစနစ်အောက်မှာ ရှိနေကြတာမို့ တော်လှန်ရေး၊ တည်ဆောက်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး လမ်းကြောင်းတို့ကို စူးစမ်းလေ့လာတဲ့အခါ မတူတဲ့ထူးခြားချက် အသီးသီးရှိနေတယ်။ ရရှိချက် အောင်မြင်ချက်အသီးသီးဟာလည်း နှစ်အသချေ် အခွန့်ရှည်စွာ တည်တံ့နေတယ်။ ဒါပေမဲ့ နည်းနည်းမှ သံသယရှိစရာ မလိုတာကတော့ ဒီကွန်မြူနစ်ပါတီတွေဟာ မျက်မှောက် ကမ္ဘာ့နိုင်ငံရေး ပါ

တီတွေအနက် အရေးပါအရာရောက်တဲ့အင်အားစု ဖြစ်နေမြဲဖြစ်တယ်။ ကမ္ဘာ့ဇာတ်ခုံပေါ်မှာ နိုင်ငံရေး၊ စီးပွားရေးစနစ်နဲ့ ဦးတည်ချိတက်နေတဲ့ ပန်းတိုင်တို့နဲ့ ပတ်သက်ရင် အရေးကြီးတဲ့ရိုက်ခတ်မှု ရှိပါတယ်။ ၂၁ ရာစု ကမ္ဘာ့ဆိုရှယ်လစ်စနစ် ဖွံ့ဖြိုးတိုး တက်မှု အသစ်ရရှိစေတဲ့ အဓိကအင်အားစု တပ်ဖွဲ့လည်း ဖြစ်တယ်။

ကမ္ဘာ့ကွန်မြူနစ်ပါတီ အဖွဲ့အစည်း အမျိုးအစားနဲ့ ပျံ့နှံ့တည်ရှိနေမှု

ကွန်မြူနစ်ပါတီ အဖွဲ့အစည်းတွေရဲ့ အမျိုးအစားနဲ့ ပျံ့နှံ့တည်ရှိနေပုံကိုကြည့်ရင် အဓိက အားဖြင့် -

(၁) ဆိုရှယ်လစ်စနစ် အကောင်အထည်ဖော်ဆောင်ရေး နိုင်ငံတော်အာဏာကို ဆုပ်ကိုင်ထားတဲ့ ကွန်မြူနစ်ပါတီများ။ တရုတ်၊ ဗီယက်နမ်၊ ကျူးဘား၊ လာအိုနဲ့ မြောက်ကိုးရီးယားစတဲ့ ကွန်မြူနစ်ပါတီ အဖွဲ့အစည်းတွေဖြစ်တယ်။ ၎င်းတို့ဟာ ရေရှည် အာဏာဆုပ်ကိုင်ထားတဲ့ ပါတီတွေဖြစ်ကြပြီး မိမိနိုင်ငံရဲ့လက်တွေ့အခြေအနေနဲ့ ဆီလျော်တဲ့ ဆိုရှယ်လစ်စနစ်တည်ဆောက်ရေး၊ ပြုပြင်ပြောင်းလဲရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းတို့ကို စူးစမ်းလေ့လာခဲ့လို့ စီးပွားရေး၊ လူမှုရေးဘက်တို့မှာ ကမ္ဘာ့ပြည်သူတွေက အာရုံစူးစိုက်ကြည့်နေရတဲ့ အောင်မြင်ချက်တွေ ရရှိခဲ့ကြတယ်။ လက်တွေ့အောင်မြင်ချက်တွေက ဆိုရှယ်လစ်စနစ်ရဲ့ သာလွန်ချက်တွေကို လက်တွေ့ဖြင့် သက်သေပြနေတယ်။ တရုတ်ပြည်ကွန်မြူနစ်ပါတီဟာ ကမ္ဘာပေါ်မှာ အကြီးမားဆုံး မာ့က်စ်ဝါဒ အာဏာရ နိုင်ငံရေးပါတီဖြစ်တယ်။ ကမ္ဘာပေါ်မှာ ပါတီဝင်အများဆုံး နိုင်ငံရေးပါတီလည်း ဖြစ်သလို ကမ္ဘာပေါ်မှာ လူဦးရေအများဆုံးဖြစ်တဲ့ တရုတ်ပြည် ထူးခြားချက်ပါတဲ့ ဆိုရှယ်လစ်စနစ်ကို စွဲစွဲမြဲမြဲဆုပ်ကိုင်ထားပြီး ဖွံ့ဖြိုးတိုးတက်နေတဲ့ အရှေ့တိုင်းနိုင်ငံကြီး ဖြစ်တယ်။ မျက်မှောက်ကာလမှာ တရုတ်ပြည်ဟာ ကမ္ဘာပေါ်မှာ ဒုတိယ စီးပွားရေးအင်အားအကြီးဆုံးနိုင်ငံ ဖြစ်တယ်။

(၂) ဖွံ့ဖြိုးတိုးတက်ပြီး အရင်းရှင်နိုင်ငံမှ ကွန်မြူနစ်ပါတီများ။ အဓိကအားဖြင့် အနောက်ဥရောပမှ ကွန်မြူနစ်ပါတီတွေ၊ အမေရိကတိုက်မှ အမေရိကန်ကွန်မြူနစ်ပါတီ၊ ကနေဒါကွန်မြူနစ်ပါတီနဲ့ အာရှတိုက်မှ ဂျပန်ကွန်မြူနစ်ပါတီတို့ ဖြစ်တယ်။ ဒီပါတီတွေဟာ သမိုင်းအခြေအနေ အကြောင်းအချက်အသစ်အောက်မှာ "ဖွံ့ဖြိုးပြီး အရင်းရှင်စနစ်နိုင်ငံတွေဟာ ဆိုရှယ်လစ်စနစ်ကို ဘယ်လိုကူးပြောင်းမလဲ" ဆိုတာကို ဆက်လက် စူးစမ်းလေ့လာနေကြတယ်။ ဒါဟာ မျက်မှောက်ကွန်မြူနစ်လှုပ်ရှားမှုအတွင်းမှ သမိုင်းပုစ္ဆာတခု ဖြစ်တယ်။ ယေဘုယျအားဖြင့် ပါလီမန်ဒီမိုကရေစီဖြင့် ငြိမ်းချမ်းစွာကူးပြောင်းရေး လမ်းကြောင်းကို ဆုပ်ကိုင်ထားကြတာ ဖြစ်တယ်။ အရင်းရှင်စနစ်ရဲ့ နယ်လုံးအိမ်ဒေသတွေမှာတော့ မလျော့တဲ့ဇွဲလုံ့လဖြင့် ဆက်လက်တိုက်ပွဲဝင်နေကြပါတယ်။ ဒီလိုနဲ့ တချို့လည်း တိုင်းရေးပြည်ရာ ကိစ္စတွေကို ပါဝင်ဆောင်ရွက်နေတဲ့ နိုင်ငံရေးပါတီတွေ ဖြစ်လာပြီး အစိုးရရဲ့ ပေါ်လစီဆုံးဖြတ်ချက်အပေါ် အရေးကြီးတဲ့ ဩဇာသက်ရောက်မှုရှိပါတယ်။ ဥပမာ-ဂျပန်ကွန်မြူနစ်ပါတီဟာ ဖွံ့ဖြိုးပြီး အရင်းရှင်စနစ်နိုင်ငံတော်မှာ "ခုန်ပျံကျော်လွှား တိုးတက်ရေးကို ကြိုးပမ်း အားထုတ်နေပါတယ်"။ ဒီပါတီဟာ ယခုအခါ လွှတ်တော်အတွင်း အမတ် ၂၁ နေရာ ရှိနေပြီး လွှတ်တော်အတွင်း တတိယအင်အားအကြီးဆုံး ပါတီဖြစ်ပါတယ်။ ယခုအခါ ဖွံ့ဖြိုးပြီး အရင်းရှင်နိုင်ငံတွေအတွင်း ပါတီဝင်ဦးရေ အများဆုံးလည်း ဖြစ်ပြီး ဖြစ်ထွန်းတိုးတက်မှု အကောင်းဆုံး ပါတီအဖွဲ့အစည်းတခု ဖြစ်တယ်။ ပါတီဝင် ၄ သိန်းရှိပြီး ဂျပန်ပြည်တွင်း နိုင်ငံရေးလောကမှာ အရေးပါ အရာရောက်တဲ့ အင်အားစုတရပ်ဖြစ်တယ်။ အနောက်ဥရောပမှ ပြင်သစ်ကွန်မြူနစ်ပါတီ၊ အီတလီ ပြန်လည်တည်ဆောက်ရေး ကွန်မြူနစ်ပါတီ၊ ဂရိကွန်မြူနစ်ပါတီစတဲ့ ကွန်မြူနစ်ပါတီတို့ဟာ သဘောတရားရေးနဲ့ လက်တွေ့ဘက်မှာ တစုံတရာ အောင်မြင်မှုတွေ ရရှိနေကြတယ်။ အထူးသဖြင့် ၂၁ ရာစု ကနဦးကာလ အရင်းရှင်စနစ်စီးပွားရေးကပ် ဖြစ်ပေလာပြီးနောက် အရင်းရှင်နိုင်ငံရှိ ကွန်မြူနစ်ပါတီ အဖွဲ့အစည်းတွေဟာ ပေါ်လစီနဲ့သေနင်္ဂဗျူဟာကို တဆင့်တက်ထိန်းညှိခဲ့ကြတယ်။ လက်ယာဂိုဏ်း အရင်းရှင်လူတန်းစား နိုင်ငံရေးပါတီတွေ အကျယ်အပြန့် ကျင့်သုံးနေကြတဲ့ လစ်ဘရယ်ဝါဒသစ် စီးပွားရေး၊ လူမှုရေးပေါ်လစီကို နက်နက်နဲနဲ ဝေဖန်ခဲ့တယ်။ လူ့အဖွဲ့အစည်းအတွင်းရှိ အောက်ခြေလူထုကို ပိုမို ဂရုစိုက်လာတယ်။ လွှတ်တော်ပတိုက်ပွဲနဲ့ လူ့အဖွဲ့အစည်း လှုပ်ရှားမှုတွေကို ပိုမိုအာရုံစိုက်လာတယ်။ ဒါကြောင့် လူထုရဲ့ ကျယ်ကျယ်ပြန့်ပြန့် ထောက်ခံမှု တဆင့်တက် ရှင်သန်မှု ရရှိလာပါတယ်။

(၃) ယခင် ဆိုဗီယက်နဲ့ အရှေ့ဥရောပဒေသရှိ ကွန်မြူနစ်ပါတီအဖွဲ့အစည်းများ။ ရုရှား၊ ယူကရိန်း၊ ဘီလာရုစတဲ့ နိုင်ငံတွေမှ ကွန်မြူနစ်ပါတီတွေဟာ မျက်မှောက်ကာလမှာ နှိုင်းယှဉ်ချက်အားဖြင့် ဖြစ်ထွန်းတိုးတက်မှု ကောင်းပါတယ်။ ဆိုဗီယက်နဲ့ အရှေ့ဥရောပ အပြောင်းအလဲ ပေါ်ပေါက်ပြီးနောက် ပြင်းထန်တဲ့ စမ်းသပ်စစ်ဆေးမှုကို ခံကြရပြီး ရပ်တည်ချက် ခိုင်ခိုင်မာမာဖြင့် ဖြစ်ထွန်းတိုးတက်မှု အသစ်ကို ကြိုးပမ်းအားထုတ်ခဲ့ကြတယ်။ ရုရှားကွန်မြူနစ်ပါတီဟာ လွှတ်တော်အတွင်း နံပါတ်တစ် အင်အားအကြီးဆုံးပါတီ ဖြစ်ခဲ့ဖူးတယ်။ လောလောဆယ်ဆယ် နှစ်တချို့အတွင်း ဩဇာကျဆင်းသွားပြီး ပါတီဝင် အရေအတွက်လည်း ကျဆင်းသွားခဲ့တယ်။ ၎င်းပါတီ

က "ဆိုရှယ်လစ်စနစ် တီထွင်ဆန်းသစ်ရေး"ကို တင်ပြပြီး လက ယာဂိုဏ်း အာဏာရ နိုင်ငံရေးပါတီကို ဆန့်ကျင်တဲ့ တိုက်ပွဲအမျိုးမျိုးကို တက်တက်ကြွကြွ ဆင်နွှဲနေပါတယ်။ ပြည်တွင်းနိုင်ငံရေးဇာတ်ခုံမှာလည်း ရုရှား ကွန်မြူနစ်ပါတီဟာ အရေးပါတဲ့ အင်အားစုတရပ် ဖြစ်မြဲ ဖြစ်နေဆဲပါပဲ။

(၄) **ဖွံ့ဖြိုးဆဲနိုင်ငံများအတွင်းရှိ ကွန်မြူနစ်ပါတီအဖွဲ့အစည်းများ။** ဆိုဗီယက်နဲ့ အရှေ့ဥရောပ အသွေးအရောင် ပြောင်းလဲမှု ဖြစ်ပေါ်ပြီးနောက် ကွန်မြူနစ်ပါတီအမည်ကို ကြံ့ကြံ့ခိုင်ခိုင် ဆုပ်ကိုင်ထိန်းသိမ်းထားပြီး လှုပ်ရှားနေတဲ့ နိုင်ငံရေးပါတီ တချို့ရှိတယ်။ အခြေအနေသစ်အောက်မှာ အမျိုးသားထူးခြားချက်ပါရှိပြီး ဖွံ့ဖြိုးဆဲနိုင်ငံတွေရဲ့ လက်တွေ့နဲ့ကိုက်ညီတဲ့ လမ်းကြောင်းနဲ့ တိုက်ပွဲသေနင်္ဂဗျူဟာကို ဆက်လက် စူးစမ်းလေ့လာခဲ့ကြတယ်။ တချို့ကောင်းမွန်တဲ့ အောင်မြင်မှုတွေ ရရှိခဲ့တယ်။ ဥပမာ-အိန္ဒိယကွန်မြူနစ်ပါတီ (မာ့က်စ်ဝါဒ) ဟာ ပါတီဝင် ၈ သိန်းကျော်ရှိပြီး လွှတ်တော်တွင်းမှာ တတိယအင်အားကြီးပါတီ ဖြစ်နေတယ်။ မျက်မှောက်ကာလမှာ ဆိုရှယ်လစ်နိုင်ငံမဟုတ်တဲ့ နိုင်ငံတွေအတွင်းမှ အင်အားအကြီးဆုံး လက်ဝဲဂိုဏ်းနိုင်ငံရေးပါတီဖြစ်တယ်။ ဒီပါတီဟာ အနောက်ဘင်္ဂလားပြည်နယ်မှာ နှစ်ပေါင်း ၃၀ နီးပါး ဆက်တိုက် အာဏာဆုပ်ကိုင်ခဲ့ဖူးတယ်။ တောင်အာဖရိက ကွန်မြူနစ်ပါတီဟာ လူမျိုးခွဲခြားရေးဝါဒ အဆုံးသတ်သွားပြီးနောက်မှ အာဖရိက အမျိုးသားကွန်ဂရက်ပါတီ၊ တောင်အာဖရိက အလုပ်သမားသမဂ္ဂမှ အလုပ်သမားသမဂ္ဂ ကွန်ဂရက်တို့နဲ့ ၃ ပွင့်ဆိုင် အာဏာဆုပ်ကိုင်ရေး မဟာမိတ်ဖွဲ့လိုက်ပြီးနောက် တောင်အာဖရိကရဲ့ အာဏာဆုပ်ကိုင်ထားတဲ့ နိုင်ငံရေးပါတီတရပ် ဖြစ်လာလို့ မိမိနိုင်ငံရဲ့နိုင်ငံရေးလောကမှာ အရေးပါတဲ့အဆင့်နေရာနဲ့ ဩဇာသက်ရောက်မှု ရှိလာတယ်။ ယခုအခါ တောင်အာဖရိက ကွန်မြူနစ်ပါတီမှာ ပါတီဝင်အင်အား ၂ သိန်း ၂ သောင်းကျော် ရှိပြီး အာဖရိကတိုက်မှာ အကြီးဆုံး ကွန်မြူနစ်ပါတီဖြစ်တယ်။ ဒါ့အပြင် နီပေါကွန်မြူနစ်ပါတီရဲ့ လောလောဆယ်ဆယ် ဖြစ်ထွန်းတိုးတက်မှုတို့ဟာ လူတွေအာရုံစိုက်စရာ ဖြစ်လာပါတယ်။ နီပေါကွန်မြူနစ်ပါတီ (ညီညွတ်သော မာ့က်စ်၊ လီနင်ဝါဒ- UML) ဒုဥက္ကဋ္ဌ ဘဟန်ဒရီ(Bhandary) ဟာ ၂၀၁၅ နီပေါ သမ္မတရွေးကောက်ပွဲမှ ကမ္ဘာပေါ်မှာ ပထမဆုံး ကွန်မြူနစ် အမျိုးသမီးသမ္မတ ဖြစ်လာတယ်။ အဲဒီပါတီရဲ့ဥက္ကဋ္ဌ အိုလီ(Ollie)ဟာ ဝန်ကြီးချုပ်အဖြစ် အရွေးခံရတယ်။ နီပေါ ညီညွတ်သောကွန်မြူနစ်ပါတီ (မော်ဝါဒီ) ရဲ့ခေါင်းဆောင် အန်ဆာရီ - ကတ်လ်တိဟာ လွှတ်တော်ဥက္ကဋ္ဌတာဝန် ထမ်းဆောင်ပါတယ်၊ ယခုမျက်မှောက်ကာလမှာ နီပေါကွန်မြူနစ်ပါတီ (UML)၊ နီပေါကွန်မြူနစ်ပါတီ (မော်ဝါဒီ)တို့ဟာ တခြားနိုင်ငံရေးပါတီတွေနဲ့ ညွန့်ပေါင်းအစိုးရ ဖွဲ့စည်းခဲ့ကြတယ်။ ၎င်းတို့အတွင်း ပါဝင်တဲ့ ပါတီအများစုဟာ ဆိုရှယ်လစ်ဝါဒပါတီတွေ ဖြစ်ကြတယ်။

အထက်ဖော်ပြခဲ့တဲ့ ကွန်မြူနစ်ပါတီတွေအပြင် တခြားလက်ဝဲဂိုဏ်း နိုင်ငံရေးပါတီတွေ အများအပြား ရှိသေးတယ်။ သူတို့ဟာ မာ့က်စ်ဝါဒနဲ့ ဆိုရှယ်လစ်ဝါဒတို့ကို အတွေးအခေါ်လမ်းညွှန်အဖြစ် မထားကြပေမယ့် အားလုံးဟာ အရင်းရှင်စနစ်ကို ဆန့်ကျင်တယ်။ လစ်ဘရယ်ဝါဒသစ်ကို ဆန့်ကျင်တယ်။ အရင်းရှင်လူတန်းစား လက်ယာနိုင်ငံရေးပါတီတွေကို ဆန့်ကျင်တယ်။ ဗိုလ်ကျစိုးမိုးရေးဝါဒကို ဆန့်ကျင်တယ်။ ကိုလိုနီဝါဒ စတာတွေကို ဆန့်ကျင်တယ်။ တချို့က တစုံတခုသော ဆိုရှယ်လစ်စနစ်ပုံစံ ထူထောင်ရေးကို ဆုပ်ကိုင်ထားကြသေးတယ်။ ဥပမာ-၂၁ ရာစု ကနဦးကာလ လက်တင်အမေရိက လက်ဝဲဂိုဏ်း နိုင်ငံရေးပါတီတွေရဲ့ ဆိုရှယ်လစ်သဘောတရားနဲ့ လှုပ်ရှားမှု။ ဒီလှုပ်ရှားမှုဟာ ကမ္ဘာ့ပြည်သူတွေက အာရုံစိုက်ကြည့်ရှုခဲ့ရတဲ့ လှုပ်ရှားမှု ဖြစ်တယ်။ ၎င်းတို့အနက် ဗင်နီဇွဲလားရဲ့ "၂၁ ရာစု ဆိုရှယ်လစ်စနစ်"ဟာ သဘောတရားအရရော လက်တွေ့အရပါ နှိုင်းယှဉ်ခြင်းအရ ဝယက်ရိုက်ခတ်မှုကြီးပါတယ်။ သမ္မတ ဟူဂိုဗာချက် ကွယ်လွန်သွားပြီးနောက်မှာ အလွန်ကြီးမားတဲ့ အခက်အခဲတွေနဲ့ ရင်ဆိုင်ရပေမယ့် အရေးပါတဲ့ သဘောတရားနဲ့ လက်တွေ့ဖော်ဆောင်မှုရဲ့ ဝယက်ရိုက်ခတ်မှု ရှိပါတယ်။ တချို့နိုင်ငံရေးပါတီတွေထက် ကျော်လွန်နေတဲ့ အတွေးအခေါ်ရေစီး ကြောင်းတွေလည်း ရှိပါသေးတယ်။ ဥပမာ-ဈေးကွက်ဆိုရှယ်လစ်စနစ်၊ ဇီဝဂေဟဗေဒ ဆိုရှယ်လစ်စနစ်(The ecological socialism)၊ စီးပွားရေး ဒီမိုကရေစီ ဆိုရှယ်လစ်စနစ်၊ လစ်ဘရယ် ဆိုရှယ်လစ်စနစ် စသည်။

ချုပ်လိုက်ရင်-၂၁ ရာစုကနဦး ကမ္ဘာ့ဆိုရှယ်လစ်စနစ်ဟာ ဆိုဗီယက်နဲ့ အရှေ့ဥရောပ ပြောင်းလဲသွားပြီးနောက် ကျရောက်ခဲ့တဲ့ ဒီရေနိမ့်ကာလမှ ပြန်ထွက်လာခဲ့ပြီ။ ပြင်းထန်ဆိုးဝါးလှတဲ့ ရှုံးနိမ့်မှုနဲ့ စမ်းသပ်မှုတွေကို ကျော်ဖြတ်ပြီးနောက် အားမာန်အပြည့်ဖြင့် စစ်စခန်းကို ကာကွယ်ထိန်းသိမ်းတဲ့ အခြေခံပေါ်မှာ မိမိကိုယ်ကိုယ် သံခဲတင်ပြီး ရှေ့ချီတက်ခဲ့တယ်။ ခေတ်ကာလရဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွင်း ပြုပြင်ပြောင်းလဲရေး၊ ဆန်းသစ်တီထွင်ရေးတို့နဲ့ လိုက်လျောညီစွာ အရင်းရှင်စနစ်ရဲ့ အကျပ်အတည်းသစ်အတွင်းမှာ အခွင့်အရေးတွေကို မျှော်လင့်ကြိုဆိုခဲ့တယ်။ ဒီရေနိမ့်ကနေ တဖြည်းဖြည်း ရုန်းထွက်ပြီး ဖွံ့ဖြိုးတိုးတက်ရေး ပြုပြင်ပြောင်းလဲရေးအတွင်းမှာ ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းအားထုတ်နေတဲ့ ကာလသို့ စတင် လှမ်းဝင်နေပြီ လို့ ပြောနိုင်ပါပြီ။

၂၁ရာစု ကနဦး ကမ္ဘာ့ဆိုရှယ်လစ်စနစ် ဖွံ့ဖြိုးတိုးတက်မှု ရင်ဆိုင်နေရတဲ့ အခွင့်အလမ်းနဲ့ စိန်ခေါ်မှု

၂၁ ရာစု ကနဦး ကမ္ဘာ့ဆိုရှယ်လစ်စနစ် ဖြစ်ထွန်းတိုးတက်မှုဟာ ကြုံတောင့်ကြုံခဲ အခွင့်အလမ်းတွေနဲ့ ကြုံရပေမယ့်လည်း ဆိုးဝါးပြင်းထန်တဲ့ စိန်ခေါ်မှုတွေကိုလည်း ရင်ဆိုင်ရပါတယ်။ အခွင့်အလမ်းသစ်တွေနဲ့ အကျိုးရှိတဲ့ အကြောင်းအချက်တွေကနေ ကြည့်ရင် အဓိကအားဖြင့်-

(၁) အရင်းရှင်စနစ် အကျပ်အတည်းဖြစ်ထွန်းနေတာနဲ့အတူ လစ်ဘရယ်ဝါဒသစ် အင်အားတွေက ရှေ့ဆောင်မှုယူလိုက်ပြီး လက်ယာဂိုဏ်း နိုင်ငံရေးပါတီတွေက နိုင်ငံ ရေးဇာတ်ခုံကို အခိုင်အမာ သိမ်းပိုက်လိုက်တဲ့ အခြေအနေဟာ အလှည့်အပြောင်းကို စတင်လိုက်ခြင်းပါပဲ။ ဒါနဲ့ပတ်သက်လို့ ကွန်မြူနစ်ပါတီတွေ အပါအဝင်ဖြစ်တဲ့ လက်ဝဲဂိုဏ်းတွေအဖို့ ပြောရရင်၊ ကမ္ဘာ့ဆိုရှယ်လစ် လှုပ်ရှားမှု အဖို့ပြောရရင် အသက်ရှင်တည်ရှိရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးပတ်ဝန်းကျင်ရဲ့ အကျိုးရှိတဲ့ အပြောင်းအလဲဖြစ်တယ်ဆိုတာ သံသယရှိစရာ မလိုပါဘူး။

(၂) အရင်းရှင်စနစ်အကျပ်အတည်း ပေါ်ပေါက်လာခြင်းနဲ့ ပြင်းထန်လာခြင်းဟာ ကမ္ဘာပေါ်မှာ ဆိုရှယ်လစ်စနစ်နဲ့ တိုးတက်တဲ့ အင်အားစုတွေက အရင်းရှင်စနစ်ကို ဝေဖန်တဲ့အမြင်တွေနဲ့ ရပ်ခံချက်တွေဟာ လက်တွေ့ရဲ့ စမ်းသပ်စစ်ဆေးမှုနဲ့ ထောက်ခံမှုကို ရ ရှိစေလိုက်ခြင်းပါပဲ။ အချိန်ရှည်ကြာစွာ လျစ်လျူရှုခဲ့ကြတဲ့ နိုင်ငံရေးအယူအဆတွေနဲ့ အသံတွေ၊ ဖုံးကွယ်ထား ခြင်းခံနေရတဲ့ ကွန်မြူနစ်ပါတီစတဲ့ ဆိုရှယ်လစ်အင်အားစုတွေကို အလွန်ကြီးမားတဲ့ အားပေးမှုတွေ ရရှိစေလိုက်ပါတယ်။ ဒါ့ကြောင့် ဆိုရှယ်လစ်ဝါဒ သဘောတရား အသစ်တဖန် စိုက်ထူရေးနဲ့ စနစ်တကျဖြစ်အောင် ပြန်လည်ပြုပြင်ရေး အလှည့်အပြောင်းဖြစ်စေတဲ့ အခြေအနေ အကြောင်းအချက်ကောင်းတွေ ရရှိပါတယ်။ အကျပ်အတည်းဖြစ်ပေါ်လာပြီးနောက် အနောက်တိုင်းနဲ့ကမ္ဘာ့အဝန်းအဝိုင်းအတွင်း ပေါ်ထွက်ခဲ့တဲ့ "မာ့က်စ်ကို လူကြိုက်များလာခြင်း"ဟာ အဲဒီဘက်ရဲ့ ထင်ဟပ်ချက်တခုဖြစ်တယ်။

(၃) ဆိုဗီယက်နဲ့ အရှေ့ဥရောပ အပြောင်းအလဲ ဖြစ်ပေါ်ပြီးနောက် နှစ်ပေါင်း ၂၀ ကျော် ခုခံပြင်းခုန်မှု၊ ထိန်းညှိမှုနဲ့ ထုသား ပေသားရအောင် လေ့ကျင့်မှုတွေကို ကျော်ဖြတ်ရင်း ကွန်မြူနစ်ပါတီအပါဝင်ဖြစ်တဲ့ ကမ္ဘာ့ဆိုရှယ်လစ်အင်အားစု အများအပြားဟာ နိုင်ငံ အသီးသီးရဲ့ ဇာတ်ခုံပေါ်မှာ ခိုင်ခိုင်မြဲမြဲရပ်တည်တဲ့ အခြေခံအပေါ်မှာ အင်အားစုတွေဟာ ပြန်လည်အသက်ဝင်လာတယ်။ အရင်းရှင်စနစ် ဆန့်ကျင်ရေးတိုက်ပွဲနဲ့လှုပ်ရှားမှု အမြောက်အမြား ဆင်နွှဲခဲ့ကြတယ်။ ၎င်းတို့ဟာ သဘောတရားအရ ပြန်လည်စဉ်းစားခြင်းနဲ့ လက်တွေ့ အကောင်အထည်ဖော်ဆောင်မှုကို ထုသားပေသားရအောင် လေ့ကျင့်ခဲ့ကြတယ်။ ၎င်းတို့ဟာ တခုလုံးအရ အရေးနိမ့်သွားမှု ဖြစ်သွားရခြင်းမှ ပြောင်းလဲနေတဲ့ ပြည်တွင်းပြည်ပ အခြေအနေနဲ့ တစတစ လိုက်လျောညီထွေ ရှိရေး၊ အားအင်ပြည့်ဖြိုး တက်တက်ကြွကြွ ဖြစ်လာရေးအတွက်၊ လက်ဦးမှုမဲ့ရာမှ အပြောင်းအလဲကို ရင်ဆိုင်ရင်း နိုးကြားမှုမြှင့်တင်ရေးအတွက် ရင့်မှည့်မှုသစ်ဆီသို့ တစတစနဲ့ ချီတက်လာခဲ့ကြတယ်။ ဒါဟာ ကမ္ဘာ့ဆိုရှယ်လစ်စနစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစုံတရာ စည်းရုံးရေးအခြေခံအုတ်မြစ်နဲ့ အင်အား ရေ သောက်မြစ်ကို အုတ်မြစ်ချပေးလိုက်တာဖြစ်တယ်။

(၄) နိုင်ငံတကာအဝန်းအဝိုင်းအတွင်း အင်အားတောင့်တင်းလှတဲ့ လက်ယာဂိုဏ်းအင်အားစုတွေရဲ့ မဟာမိတ်ဖွဲ့ ထိုးစစ်ဆင်မှုကို ရင်ဆိုင်ရင်း ကွန်မြူနစ်ပါတီနဲ့ လက်ဝဲဂိုဏ်းအင်အားစုတွေကလည်း မိမိတို့အချင်းချင်းအကြား ဆက်ဆံမှုနဲ့ပူးပေါင်းဆောင်ရွက်မှုတို့ကို အားဖြည့်ခဲ့ကြတယ်။ ဆိုဗီယက်နဲ့အရှေ့ဥရောပ အပြောင်းအလဲဖြစ်ပေါ်ခဲ့ပြီးနောက် တကွဲတပြားစီ အသီးသီး ခုခံပြိုင်ဆိုင်နေရာမှ လက်ဝဲဂိုဏ်းအင်အားစုတွေရဲ့ စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ရေးအဖြစ် ပြောင်းလဲရေးကို ကြိုးပမ်းအားထုတ်ခဲ့လို့ ကမ္ဘာ့ဆိုရှယ်လစ်စနစ် ဖွံ့ဖြိုးတိုးတက်မှုဟာ တစုံတရာ အတိုင်းအတာအထိ အားသာမှု ဖြစ်တည်လာခဲ့တယ်။

(၅) ဆိုဗီယက်နဲ့ အရှေ့ဥရောပ အပြောင်းအလဲဟာ နှစ်ပေါင်း ၂၀ ကျော် ရှိခဲ့ပါပြီ။ အချိန်ကာလရဲ့ အနယ်ထိုင်မှု၊ လက်တွေ့ရဲ့ စမ်းသပ်စစ်ဆေးမှုနဲ့ သမိုင်းရဲ့စိစစ်မှုတို့ကို ကျော်ဖြတ်ခဲ့ရတယ်။ ဒီနေ့ သမိုင်းဖြစ်ရပ်မှန်တွေရဲ့ ရောင်ပြန်ဟပ်ချက်တွေဟာ အဆက်မပြတ်ဖြစ်တည် ပေါ်လွင်ထင်ရှားလာပြီး ပကတိဘာဝကျတဲ့၊ ကျိုးကြောင်းဆီလျော်တဲ့ ဆင်ခြင်မှုတွေ ဖြစ်လာကာ နက်နဲလှတဲ့ တရား

တွေရဲ့ အတွေ့အကြုံသင်ခန်းစာ နိဂုံးချုပ်မှုတွေကို ဖော်ထုတ်တင်ပြလိုက်ခြင်းဖြစ်တယ်။ ဒါဟာ အဓိပ္ပာယ်အရ လေးနက်ကျယ်ပြန့်ပြီး ၂၁ ရာစု ကမ္ဘာ့ဆိုရှယ်လစ်စနစ်ရဲ့ ဖြစ်ထွန်းတိုးတက်မှုသစ်နဲ့ ဖွံ့ဖြိုးတိုးတက်စေမှုဆီသို့ ဦးတည်ရေးအတွက် တန်ဖိုးရှိလှတဲ့ သမိုင်းမှီငြမ်းကိုးကားစရာအဖြစ် အထောက်အကူ ရရှိလိုက်ပါတယ်။

(၆) တရုတ်ပြည်ထူးခြားချက်ပါရှိတဲ့ ဆိုရှယ်လစ်စနစ်ဟာ ၂၁ ရာစု ကနဦးကာလမှာ ရောမအောင်မြင်ချက်တွေ ရရှိခဲ့တယ်။ ဒါဟာ ကမ္ဘာ့ဆိုရှယ်လစ်လှုပ်ရှားမှု တခုလုံး ဒီရေနိမ့်ကာလအတွင်းမှ တစိတ်တပိုင်း ဒီရေမြင့်မှုပဲ ဖြစ်တယ်။ ဒါဟာ ကမ္ဘာပေါ်ရှိ ကွန်မြူနစ်ပါတီတွေနဲ့ တိုးတက်တဲ့အင်အားစု အမျိုးမျိုးအတွက် အားပေးမှုကြီး ဖြစ်တယ်။ ၂၁ ရာစု ကမ္ဘာ့ ဆိုရှယ်လစ်စနစ် ဖွံ့ဖြိုးတိုးတက်မှု မျှော်လင့်ချက်ကို မြင်တွေ့စေပါတယ်။ ဒါဟာ ၂၁ ရာစု ကမ္ဘာ့ဆိုရှယ်လစ်စနစ် ဖွံ့ဖြိုးတိုးတက်မှုရဲ့ အတိအကျ အသေချာဆုံး၊ အခိုင်မာဆုံး၊ အထောက်အကူဖြစ်နိုင်ဆုံး"အခြေခံဒေသ" နဲ့ "စစ်စခန်း" ဖြစ်တယ်ဆိုတာ သံသယဖြစ်စရာ မလိုပါဘူး။

ဓမ္မတာအတိုင်းပဲပေါ့။ ၂၁ ရာစု ဆိုရှယ်လစ်စနစ် ဖွံ့ဖြိုးတိုးတက်မှုဟာ ပြဿနာသစ်တွေ၊ စိန်ခေါ်မှုသစ်တွေနဲ့လည်း ရင်ဆိုင်နေရပါတယ်။ အဓိက အားဖြင့်-

(၁) ကမ္ဘာ့အရင်းရှင်စနစ်နဲ့ ဆိုရှယ်လစ်စနစ်ရဲ့ အင်အားကို နှိုင်းယှဉ်ပြီး တခုလုံးအခြေအနေရကြည့်ရင် "အရင်းရှင်စနစ်က အင်အား တောင့်တင်းပြီး ဆိုရှယ်လစ်စနစ်က အင်အားချည့်နဲ့နေဆဲ" အခြေအနေဟာ အရင်းခံအားဖြင့် မပြောင်းလဲသေးဘူး။ အရင်းရှင်စနစ်ရဲ့ တခုလုံးအခြေအနေအရ ထိုးစစ်အရှိန်အဟုန်ဟာ အားကောင်းပြီးရင်း အားကောင်းနေဆဲ အချိန်ကာလမှာပဲ ရှိနေဆဲဖြစ်တယ်။ ဆိုရှယ်လစ်စနစ်မဟုတ်တဲ့ နိုင်ငံတွေ၊ ဆိုရှယ်လစ်ပါတီတွေနဲ့ အင်အားစုတွေကတော့ ပြန့်ကြဲနေပြီး အင်အားသေးငယ် ချည့်နဲ့နေဆဲ အခြေအနေဖြစ်တယ်။

(၂) နိုင်ငံအသီးသီးမှ (ဆိုရှယ်လစ်နိုင်ငံတွေမှအပ) ကွန်မြူနစ်ပါတီစတဲ့ ဆိုရှယ်လစ်စနစ် အင်အားစုတွေဟာ နိုင်ငံရေး ဩဇာ သက်ရောက်မှုအရကြည့်ရင် အထူးသဖြင့် အကျပ်အတည်းပေါ်ပေါက်ခဲ့တဲ့ အနောက်တိုင်းနိုင်ငံတွေမှ ကွန်မြူနစ်ပါတီစတဲ့ ဆိုရှယ်လစ်ဝါဒ နိုင်ငံရေးပါတီအဖွဲ့အစည်းတွေဟာ နိုင်ငံအသီးသီးရဲ့နိုင်ငံရေးဇာတ်ခုံပေါ်မှာ ဝိုင်းပယ်ထားခြင်းခံနေရရုံမက ချောင်ထိုးထားခြင်း ခံနေရဆဲဖြစ်တယ်။ ၎င်းတို့ရဲ့ အမြင်အယူအဆ ပေါ်လစီတွေဟာ မိမိနိုင်ငံအစိုးရရဲ့ ပေါ်လစီဆုံးဖြတ်ချက်တွေအပေါ် ဩဇာသက်ရောက်ဖို့ ခက်ခဲနေဆဲ ဖြစ်တယ်။

(၃) နိုင်ငံတကာမှာ အနောက်တိုင်းနိုင်ငံအများစုရှိ ဆိုရှယ်လစ် နိုင်ငံရေးပါတီတွေနဲ့ အင်အားစုတွေဟာ လူ့အဖွဲ့အစည်း လှုပ်ရှားမှုတွေအပေါ် ခေါင်းဆောင်မှုစွမ်းအားနဲ့ ဩဇာသက်ရောက်မှု စွမ်းပကားမှာ နှိုင်းယှဉ်ခြင်းအားဖြင့် ချည့်နဲ့နေတယ်။ ၎င်းတို့ဟာ အရင်းရှင်စနစ် အကျပ်အတည်းရဲ့ စွမ်းအားတွေကို အသုံးချမှု မလုံလောက်ဘူး။ အတွေ့အကြုံလည်း မကြွယ်ဘူး။ အကျပ်အတည်းကို ကျော်လွှားရေးမှာ အကျိုးသက်ရောက်မှုရှိတဲ့ သေနင်္ဂဗျူဟာ နည်းပရိယာယ်တွေ တင်ပြဖို့ အခက်ကြုံနေတယ်။ အကျပ်အတည်းကို မကျေမနပ်ဖြစ်နေတဲ့၊ အရင်းရှင်စနစ်ရဲ့စိုးမိုးအုပ်ချုပ်မှုကို ဆန့်ကျင်နေတဲ့ လူထုလှုပ်ရှားမှုကို အကျိုးသက်ရောက်တဲ့ ရှေ့ဆောင်ညွှန်ပြမှု ပေးဖို့ အခက်ကြုံနေကြတယ်။

(၄) ကမ္ဘာ့ဆိုရှယ်လစ်စနစ်လှုပ်ရှားမှုရဲ့ အဓိကမဏ္ဍိုင်ကနေ တနည်း အလုပ်သမားလူတန်းစားဘက်ကနေကြည့်ရင် အတိုင်းအတာ အလွန်ကြီးမားတဲ့ တကမ္ဘာလုံးမှ အလုပ်သမားလူတန်းစားဟာ ပကတိဘာဝအရ တဖြည်းဖြည်း ဖြစ်တည်၊ ဖွံ့ဖြိုးတိုးတက်ခဲ့ပေမယ့် တကမ္ဘာလုံးက အလုပ်သမားလူတန်းစားဟာ မိမိဘာသာတည်ရှိနေတဲ့(အသိတရား မရင့်သန်သေးတဲ့) ပကတိလူတန်းစား အခြေအနေအတိုင်း ရှိနေသေးတယ်။ တကမ္ဘာလုံးလက္ခဏာဆောင်တဲ့ အလုပ်သမားလူတန်းစား အယူဝါဒဖြစ်တည်မှု ရှင်းရှင်းလင်းလင်း မရှိသေးဘူး။ အလုပ်သမားလူတန်းစားဟာ ပြန့်ကြဲတဲ့အနေအထားမှာ ရှိနေဆဲဖြစ်နေရုံမက အချင်းချင်းအကြား ယှဉ်ပြိုင်မှုနဲ့ အချင်းပွားမှုတွေ ရှိနေတယ်။ ဒါဟာ ကမ္ဘာ့ဆိုရှယ်လစ် လှုပ်ရှားမှု နက်နက်နဲနဲ ဆင့်နွှဲသွားရေးအတွက် အချုပ်အနှောင်ဖြစ်နေတယ်။

အရင်းရှင်စနစ်ဟာ မိမိကိုယ်ကိုယ် ထိန်းညှိမှုစွမ်းပကားနဲ့ တီထွင်ဆန်းသစ်မှု အလွန်အားကောင်းပြီး ကမ္ဘာ့ဆိုရှယ်လစ်စနစ် လှုပ်ရှားမှုဟာ တခုလုံးအရ ဒီရေနိမ့် ကာလမှာပဲ ရှိနေဆဲ

အထက်ပါ ဖော်ပြချက်တွေကို ချုပ်ပြီး ကမ္ဘာ့ဆိုရှယ်လစ်စနစ် ၂၀ ရာစု ကနဦးကာလမှာ ရင်ဆိုင်ခဲ့ရတဲ့ အခွင့်အလမ်းတွေနဲ့ စိန်ခေါ်မှုတွေကို ကြည့်ပြီး ကောက်ချက် ၃ ရပ် ချနိုင်ပါတယ်။

(၁) မျက်မှောက်အရင်းရှင်စနစ် အကျပ်အတည်းကာလမှာ မာ့က်စ်ဝါဒရဲ့ အရင်းရှင်စနစ်အကျပ်အတည်းနဲ့ ဆိုရှယ်လစ်စနစ်တော်လှန်ရေးရဲ့ ဆက်စပ်မှုနဲ့ပတ်သက်တဲ့ မူတွေဟာ လက်တွေ့အရေးကြီးတဲ့ လမ်းညွှန်အဓိပ္ပာယ်သဘော ဆောင်နေဆဲဖြစ်တယ်။ ဒါပေမဲ့ ဒီမူတွေကို လက်တွေ့အသုံးချတဲ့အခါ နေရာမရွေး ဒေသမရွေး ခေတ်ကာလရဲ့ အပြောင်းအလဲအရ လက်တွေ့ဖော်ဆောင်ရန် လိုအပ်တယ်။ လူ့အဖွဲ့အစည်း အကြောင်းအချက်တွေ မတူပြောင်းလဲချက်အတိုင်း လက်တွေ့ကလည်း လိုက်လံပြောင်းလဲရမယ်။ အကျပ်အတည်းက ဆိုရှယ်လစ်စနစ်လှုပ်ရှားမှုအတွက် သာမန်အချိန်ကာလနဲ့မတူတဲ့ အခွင့်အလမ်းတွေနဲ့ အခြေအနေ အကြောင်းအချက်တွေကို ဖန်တီးပေးတယ်။ ဒါပေမဲ့ အကျပ်အတည်းဟာ ဆိုရှယ်လစ်တော်လှန်ရေး ဒီရေမြင့်ကို မုချ ဆောင်ကြဉ်းပေးလာမှာတော့ မဟုတ်ဘူး။ ဒီရေမြင့်ဆိုတာကတော့ အတ္တဘာဝနဲ့ပကတိဘာဝ အကြောင်းအချက်တွေ၊ အကြောင်းရပ်တွေ ပေါင်းစည်းမိပြီး အကျိုးသက်ရောက် စွမ်းဆောင်မှုအပေါ်မှာ မှီတည်ပါတယ်။ "အကျပ်အတည်းကို စီး"ပြီး တချီကောင်း လုပ်လိုက်ခြင်းဖြင့် "လုပ်ငန်းတရပ်လုံးကို တချီတည်း ပြီးမြောက်အောင်မြင်လိမ့်မယ်"လို့ မှတ်ယူပြီး ကမ္ဘာ့လက္ခဏာဆောင်တဲ့ ဆိုရှယ်လစ်တော်လှန်ရေး လက္ခဏာကို ပြုပြင်ပြောင်းလဲ လက်တွေ့အကောင်အထည်ဖော်ဖို့ လုပ်ဆောင်တဲ့စဉ်းစားနည်းဟာ ကလေးကလားဆန်တဲ့အမှားမျိုး ကျူးလွန်ခြင်း ဖြစ်တယ်။

(၂) အရင်းရှင်စနစ်ဟာ နှစ်တရာနီးပါးရှိတဲ့ ပြုပြင်ပြောင်းလဲရေးနဲ့ ထိန်းညှိမှုတွေမှတဆင့် မာ့က်စ်၊ အိန်ဂယ်တို့ ခေတ်နဲ့ လုံးဝမတူတဲ့ အရင်းရှင်စနစ်ကို အကျပ်အတည်းဖြေရှင်းရေးစွမ်းအား၊ တီထွင်ဆန်းသစ်မှုစွမ်းပကား၊ ထိန်းညှိမှုစွမ်းအား၊ ဆီလျော်တဲ့ စွမ်းအားနဲ့ အုပ်ချုပ်စိုးမိုးရေးသေနင်္ဂဗျူဟာ နည်းပရိယာယ်တို့ဖြင့် ဖြေရှင်းခဲ့တယ်။ အရင်းရှင်းနစ်အကျပ်အတည်း ဖြစ်ပေါ်တဲ့ပုံစံ၊ အတိုင်းအတာ၊ ကာလပတ်၊ ပြင်းအားနဲ့ ရိုက်ခတ်မှုစတာတို့ဟာလည်း လုံးဝမတူဘူး။ ဆိုရှယ်လစ်စနစ်လှုပ်ရှားမှုနဲ့ တော်လှန်ရေး အပေါ် ရိုက်ခတ်မှုဟာလည်း ရှုပ်ထွေးပြီး နက်နက်ရှိုင်းရှိုင်း ပြောင်းသွားခဲ့ပြီ။ ၂၀ ရာစု အရင်းရှင်စနစ်ဟာ နိုင်ငံတကာလက်ဝါးကြီးအုပ် အရင်းရှင်စနစ်အဆင့်သို့ ပြောင်းလဲသွားခဲ့ပြီ။ နိုင်ငံတကာ လက်ဝါးကြီးအုပ်အရင်းရှင်လူတန်းစားရဲ့ စိုးမိုးအုပ်ချုပ်မှု အတိုင်းအတာ၊ အင်အား အားလုံးဟာ ခိုင်မာမှုနဲ့အင်အားတောင့်တင်းမှု ရရှိခဲ့ပြီ။ အရင်းရှင်စနစ်ရဲ့ မိမိကိုယ်ကိုယ် ထိန်းညှိနိုင်မှုနဲ့တီထွင် ဆန်းသစ်နိုင်စွမ်းအားဟာ အလွန်တောင့်တင်းနေဆဲဖြစ်တယ်။ အရင်းရှင်စနစ်ရဲ့ အင်အား၊ စွမ်းပကားတွေဟာ အကြွင်းမဲ့သာလွန်မှု ရှိနေဆဲ ဖြစ်တယ်။ ကမ္ဘာ့ဆိုရှယ်လစ်စနစ်လှုပ်ရှားမှုဟာ နှိုင်းယှဉ်ခြင်းအားဖြင့် အချိန်ရှည်ကြာစွာ တခုလုံးအရ ဒီရေနိမ့်ကာလအဖြစ် ရှိနေလိမ့်ဦးမယ်။ ကျွန်တော်တို့ဟာ အရင်းရှင်စနစ်လူ့အဖွဲ့အစည်းရဲ့ မိမိကိုယ်ကိုယ် ထိန်းညှိနိုင်မှုစွမ်းပကား၊ အနောက်တိုင်း အရင်းရှင်နိုင်ငံတွေရဲ့ စီးပွားရေး၊ သိပ္ပံနဲ့နည်းပညာ၊ စစ်ရေးဘက်တို့မှာ အချိန်ကြာမြင့်စွာ သာလွန်မှုကို အပိုင်စီးထားတဲ့ ပကတိဘာဝ လက်တွေ့တို့ကို အပြည့်အဝ ခန့်မှန်း နက်နက်နဲနဲ သိရှိနားလည်းထားဖို့ လိုအပ်ပြီး၊ လူ့အဖွဲ့အစည်း ၂ ရပ် ရေရှည်ပူးပေါင်းဆောင်ရွက်ရေးနဲ့ တိုက်ပွဲဆင်ရေး ဘက်အသီးသီးအတွက် ဂရုတစိုက်ဆောင်ရွက်၊ ပြင်ဆင်သွားရေးကို နက်နက်နဲနဲ သိရှိနားလည်ထားဖို့ လိုအပ်ပါတယ်။

(၃) တရုတ်ပြည်ထူးခြားချက်ပါတဲ့ ဆိုရှယ်လစ်စနစ်ဟာ ကမ္ဘာ့ဆိုရှယ်လစ်စနစ် ဖွံ့ဖြိုးတိုးတက်မှုရဲ့ အကြီးမားဆုံး ထွန်းလင်းချက် ဖြစ်လာတယ်။ ကမ္ဘာ့ဆိုရှယ်လစ်စနစ်ရဲ့ မှီငြမ်းကိုးကားစရာနဲ့ ကျောရိုးမဏ္ဍိုင်ဖြစ်လာတယ်။ ဆိုရှယ်လစ်တရုတ်ပြည်ဟာ ကမ္ဘာ့အရှေ့တိုင်းမှာ ပေါ်ထွန်းလာတာ ဖြစ်ပြီး ဆိုရှယ်လစ်စနစ်ရဲ့သာလွန်မှု၊ အားပေးနိုးဆော်နိုင်စွမ်းအားနဲ့ စွဲဆောင်နိုင်စွမ်းအားတို့ကို အပြည့်အဝ ဖော်ပြနေတယ်။ ဒီနေ့ ကမ္ဘာ့လူဦးရေ ရဲ့ ၅ ပုံ ၁ ပုံ ရှိတဲ့ ဆိုရှယ်လစ်တရုတ်ပြည်ရဲ့ အထွေထွေ နိုင်ငံတော်အင်အားဟာ ယခင်ခေတ်နဲ့ ယခုခေတ် မတူတော့ပါ။ တရုတ်ပြည်ထူးခြားချက်ပါတဲ့ ဆိုရှယ်လစ်စနစ်သာ ဖွံ့ဖြိုးတိုးတက်လာရင် ကမ္ဘာ့ဆိုရှယ်လစ်စနစ် ဖွံ့ဖြိုးတိုးတက်မှုဆိုတာ ဗလာစကားသက်သက် မဟုတ်တော့ပါဘူးလို့ ပြောနိုင်ပါလိမ့်မယ်။ "ကျွန်တော်တို့ မမိုတ်မသုန် ယုံကြည်ရမှာကတော့ တရုတ်ပြည်ထူးခြားချက်ပါတဲ့ ဆိုရှယ်လစ်စနစ် အဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ တရုတ်ပြည် ဆိုရှယ်လစ်စနစ်ဟာ ရင့်ကျက်ပြီးရင်း ရင့်ကျက်လာပါလိမ့်မယ်။ တရုတ်ပြည်ဆိုရှယ်လစ်စနစ်ရဲ့ သာလွန်မှုဟာလည်း တဆင့်တက် ပေါ်လွင်လာပြီး ဆိုရှယ်လစ်စနစ်လမ်းကြောင်းဟာ ကျယ်ပြောသထက် ကျယ်ပြောလာပါလိမ့်မယ်။ တရုတ်ပြည် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းဟာ ကမ္ဘာကြီးအပေါ် ရိုက်ခတ်မှု ကြီးမားသထက် ကြီးမားလာပါလိမ့်မယ်"လို့ ရှဲဘော်ရှီကျင့်ဖင်က ပြောခဲ့ပါတယ်။

၂၃ စက်တင်ဘာ၊ ၂၀၁၆။

မူရင်း- “People’ Tribune “ ၉,၂၀၁၆ တရုတ်ဘာသာဝက်ဆိုက်မှ

ဒီအခြေအနေတွေနဲ့ သမိုင်းသစ် ဖြစ်လာမလား

(ဖောင်ပိတ်ဆောင်းပါး)

အေးငြိမ်း

ဒီကာလအတွင်း လှုပ်လှုပ်ခတ်ခတ်နဲ့ ပွဲဆူတဲ့ကိစ္စတွေ များလှတယ်။ ရခိုင်အရေး၊ အောင်စိုးမိုးကျော်ကိစ္စ။ ဆိုင်ရှင်ရုပ်သိမ်းခြင်းနောက်ဆက်၊ UWSA နဲ့ မိုင်းလားကြားမှာ ပေါ်ပေါက်လာတဲ့ ပြဿနာ၊ NCA လက်မှတ်ထိုးမထိုးနဲ့ NLD အတွင်း စည်းရုံးရေး အခြေအနေ စသဖြင့်နိုင်ငံရေးပုံရိပ်ကို အကျည်းတန်စေတဲ့ အဖြစ်အပျက်တွေပေါ်ခဲ့တယ်။

(၁)
ရခိုင်ပြည်နယ်တွင်းက ဘင်္ဂါလီ၊ ရိုဟင်ဂျာ၊ အကြမ်းဖက်မှု

ရခိုင်ပြည်နယ်အတွင်းမှာ AA ရခိုင်တပ်မတော်နဲ့ အစိုးရတပ်တွေ တိုက်ပွဲဖြစ်ကြလို့ အရှိန်ရစပြုနေချိန် ဒီသတင်းကို ဖုံးလွှမ်းသွားတဲ့ အဖြစ်အပျက်တခု ပေါ်လာခဲ့တယ်။ အဲဒါကတော့ မောင်းတောဘက်က ရဲကင်းစခန်း ဝင်စီးခံရတဲ့ ကိစ္စ ဖြစ်တယ်။ ရဲ ၉ ဦး သေဆုံးသွားပြီး သေနတ်(နောက်ဆုံးစာရင်းအရ ၆၄) လက်နဲ့ ခဲယမ်းမီးကျောက်အချို့ ယူဆောင်သွားခဲ့တယ်။ ခုတော့ ဒီပြဿနာက နိုင်ငံတကာပြဿနာ ဖြစ်သွားပါပြီ။ ဒီဆောင်းပါးမှာ စစ်တပ်၊ အစိုးရ၊ ကုလသမဂ္ဂနဲ့ ပါဝင်ပတ်သက်မှုရှိတဲ့ နိုင်ငံတွေရဲ့ ထုတ်ပြန်ချက်တွေကို ခွဲခြမ်းစိတ်ဖြာပြနေမှာ မဟုတ်ဘူး။ အကြမ်းဖက်မှု မြစ်ဖျားခံရာသမိုင်းကို ခြေရာကောက်ပြချင်တာပါ။ မမေ့သင့်တာ ပြောပါမယ်။

၁။ အကြမ်းဖက်ထိပ်ခေါင် အိုစမာဘင်လာဒင်တို့ တာလီဘန်တို့ဆိုတာ အမေရိကန် CIA ကမွေးဖွားပေးလိုက်တဲ့သူတွေ ဖြစ်တယ်။ အလားတူအဖွဲ့တွေ အများကြီး ရှိပါသေးတယ်။ ဘက်ကန်သွားသူတွေလည်း တပုံတခေါင်းကြီး ....

၂။ ပူပူနွေးနွေး တူရကီအာဏာသိမ်းပွဲရဲ့ လက်သည်ဟာ CIA ကမွေးထားပြီး အမေရိကန်မှာ အခြေစိုက်နေထိုင်တဲ့ မူဆလင်ဘာသာရေး ခေါင်းဆောင် ဂူလင်ဖြစ်တယ်။

၃။ ခု အစိုးရ၊ စစ်တပ်ဘက်က လက်ညှိုးထိုးပြနေတဲ့ RSO, ARIF အဖွဲ့ဆိုတာတွေကကော ဘယ်သူမွေးထားတာလဲ၊ သူတို့တတွေ အင်အားသေးသွားပြီး နယ်စပ်မှာ လှိုုနေရချိန် - တရုတ်အစိုးရနဲ့ ဗမာစစ်အစိုးရ အပေးအယူမှုကာ ကျောက်ဖြူ-ကူမင်း ဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်း ဖြစ်တည်လာတော့မှ အမေရိကန်ဘက်က ခြေလှမ်းပြင်လာတာပါ၊ ဒါကြောင့် ရခိုင်ပြည်နယ် မတည်ငြိမ်ရေးအတွက် ကုလတို့ NGO တို့စတဲ့ ဆိုင်းဘုတ်တွေ ချိတ်ပြီး လှုပ်ရှားလာရာက ပေါ်လာတဲ့ အရေးအခင်းအဖြစ် သုံးသပ်လို့ရပါတယ်။ မူလ သူ့ မြားဦးက တရုတ်နဲ့ စစ်အစိုး ရကို ချိန်ထားတာဖြစ်တယ်။

ဒါပေမဲ့ အစိုးရအပြောင်းအလဲဖြစ်လာတော့ အချိုးတမျိုး ပြင်ရပါတယ်။ မောင်းတော အရေးအခင်းပေါ်လာတော့ စစ်တပ်က အမျိုး၊ ဘာသာ၊ နိုင်ငံကာကွယ်သူကြီးဂိုက်ဖမ်းပြီး စစ်တပ်တွေ လွှတ်ပါတယ်။ ထုံးစံအတိုင်း စစ်တပ်ဝင်ပြီဆိုတာနဲ့ နေဝင်မီးငြိမ်း လုပ်မယ်၊ ရွာတွေ မီးရှို့ ခံရမယ်၊ လူဖမ်းတဲ့ သတ်တဲ့အမှုတွေ ပေါ်မယ်။ တခြားမဟုတ်တရုတ် မှုခင်းတွေလည်း ပေါ်တော့တာပါပဲ။

ဒီနေရာမှာ အမေရိကန်အဖို့ အခက်အခဲတရပ်ဖြစ်သွားတာ တွေ့ရတယ်။ ဒီမိုကရေစီတို့၊ လူ့အခွင့်အရေးတို့ အော်ဟစ် ထားတာကိုလည်း ရပ်လို့မရ၊ OIC မျက်နှာလည်းကြည့်ရ၊ ဗမာအစိုးရနဲ့ စစ်တပ်ကိုလည်း လက်လွှတ်မခံနိုင် ဖြစ်နေတယ်။ သံအမတ်ကြီး စကော့မာစီရယ်ဟာ ‘စစ်ပွဲတွေ ရပ်စဲရေး’ ပါးစပ်ကအော်ပြီး ပြည်တွင်းနေရာအနှံ့ အလှုပ်ရှားဆုံး သံအမတ်ဖြစ်နေတယ်။ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးကတည်းကစလို့ အာဏာရလာတဲ့ အစိုးရအဆက်ဆက်ဟာ ဒီနယ်စပ်ကိုကိုယ်ကျိုးအတွက်၊ ကိုယ့်ထောက်ခံသူ မွေးရေး အမျိုးမျိုးလုပ်ကိုင်ခဲ့ကြတာ ကနေ့အထိပါပဲ။

(၂)

အောင်စိုးမိုးကျော် ရေယာဉ်နစ်မြုပ်မှု

တနေ့မဟုတ်တနေ့၊ တနေရာမဟုတ် တနေရာ ဖြစ်ကိုဖြစ်ရမယ့်ကိစ္စပါ။ အင်မတန်ကို ဆုံးရှုံးမှုကြီးတဲ့ ဖြစ်ရပ်ကြီးတခုပဲ။ ခုဖြစ်သွားပြီ၊ ဖြစ် ပြီးခဲ့တာတွေလည်း များလှပြီ၊ ပြုပြင်ပြောင်းလဲချိန် မရောက်သေးလို့ မပြုပြင်ရင် နောင်လည်း ကြုံကြရလိမ့်ဦးမယ်။ ခုဖြစ်ရပ်မှာ နှစ် ၆၀ စစ်အုပ်စု စိုးမိုးအုပ်ချုပ်ခဲ့တဲ့ ကာလအတွင်း စားရသမျှစား၊ ဝါးရသမျှ ဝါးခဲ့ကြလို့ အခွံချည်းကျန်တဲ့ ဝန်ကြီးဌာန၊ အကြွေးများသာထားခဲ့တဲ့ ဝန်ကြီးဌာနစသဖြင့် ရှိခဲ့ကြရာမှာ သယ်ယူပို့ဆောင်ရေး(-နဲ့ ဆက်သွယ်ရေး) ဝန်ကြီးဌာနလည်း အပါအဝင် ဖြစ်တယ်။ စုတ်ပြတ်သတ်နေတဲ့ ရေယာဉ်အနည်းအကျဉ်းသာ ရှိတော့တဲ့ ဒီဌာနဟာ တိုးပွားလာနေတဲ့ ခရီးသည်တွေရဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းမပေးနိုင်တာ ကြာပါပြီ။ ဒီတော့ ပြည်သူတွေက ပုဂ္ဂလိကပိုင်အမြန်ယာဉ်တွေကိုပဲ အားကိုးရပါတော့တယ်။ ခုလည်း သီတင်းကျွတ်ကျောင်းပိတ်ရက်ကလေးအမီ ပြန်ရမှာမို့ အလုအယက် ပြုံတိုးစီးရာက ဖြစ်ပွားသွားတဲ့ ဖြစ်ရပ်တခုပါပဲ။ နိုင်ငံ့အညွန့်အဖူး ကျောင်းသူကျောင်းသားတွေ၊ အနန္တောအနန္တဂိုဏ်းဝင် ဆရာဆရာမတွေနဲ့ အပြစ်မဲ့ပြည်သူတွေ (စာရင်းတွေ့ ၇၀ ကျော်) သေဆုံးကြရပါတယ်။ ကျန်ရစ်သူမိသားစုတွေနဲ့ ဆွေမျိုးသားချင်းတွေ ရင်ကွဲကြရပါပြီ။ ခု ဗမာပြည်မြောက်ပိုင်းမှာ အလဟဿ တိုက်နေတဲ့ တိုက်ပွဲကြီးတခုရဲ့ အသေအပျောက်နဲ့ ချိန်ထိုးကြည့်သင့်တယ်။ ပြောချင်တာက တပြည်လုံးမှာ (မသေသင့်ဘဲ) သေနေကြရတယ် ဆိုတာပဲ။ ၂ နေရာစလုံး မသေထိုက်ဘူး။

ခုဒီကိစ္စ ပြောဆိုနေကြတာတွေမှာ ယာဉ်ပိုင်ရှင် ယာဉ်မောင်းနဲ့ ရေယာဉ်သမားများကိုပဲ တရားခံအဖြစ် 'ဇောင်း'ပေး ဖော်ပြနေကြတာက များတယ်။ သူတို့လည်း တာဝန်ရှိတာ အမှန်ပါ။ တချို့က သမ္မတကြီး မေးမြန်းဖော်မရလို့ အပြစ်ဆိုကြတယ်။ သမ္မတကြီး မေးတော့ မေးတယ်။ နောက်ကျတာ ရှိတယ်။ ဒါပေမဲ့ ပိုလ်သန်းရွှေ နာဂစ်တုန်းက လျှို့နေခဲ့တာနဲ့တော့ မတူဘူးထင်ပါတယ်။ တော်လှန်ရေးကောင်စီခေတ်က 'ဝန်ကြီး'တာဝန် ပေးထားတဲ့သူတွေကို 'တာဝန်ခံ'လို့ သုံးတယ်။ အခုလည်း တာဝန်ရှိတဲ့သူတွေ တာဝန်ခံသင့်ပါတယ်။ ရခိုင်ကိစ္စမှာ ပြည်ထဲရေးနဲ့ နယ်စပ်ရေးရာဝန်ကြီးတွေ တာဝန်ယူရမယ်။ အောင်စိုးမိုးကျော်ကိစ္စမှာ ပို့ဆောင်/ ဆက်သွယ်ရေးဝန်ကြီး တာဝန်ယူရမှာပါ။ နိုင်ငံတကာစံနှုန်းနဲ့ဆိုရင် ကိုယ့်သိက္ခာ ကိုယ် တန်ဖိုးထားပြီး အလျှိုလျှို နုတ်ထွက်ကုန်ကြပြီပေါ့။ ဒါပေမဲ့ တာဝန်ယူတဲ့အစဉ်အလာဟာ ပိုလ်နေဝင်းကတည်းက မရှိတာပါ။ တာဝန်ယူကြေးဆိုရင် ၆၂ ဇူလိုင် အရေးအခင်းကစပြီး နောက်အရေးအခင်းတွေအထိ စက်တိုင်တက်ရမယ့်သူတွေ လက်ချိုးရေလို့ မကုန်နိုင်ဘူး။ သူများကိုလွှဲချတဲ့ အစဉ်အလာသာ ထွန်းကားခဲ့တာကလား။

(၃)

ဆိုင်ရှင်ရုပ်သိမ်းခြင်းနဲ့ ခရိုနီပြဿနာ

ဒီနေ့ ခရိုနီတွေရဲ့ ပိုင်ဆိုင်မှုဟာ အမေရိကန် ဒေါ်လာ ၆၇ ဘီလီယံကျော် ရှိတဲ့ ဗမာပြည်ရဲ့ GDP ကို ကျော်နိုင်တယ်လို့ တွက်သူက တွက်တယ်။ ဦးသိန်းစိန်လက်ထက် ဗမာပြည်မှာ ဒေါ်လာ ၁ ဘီလီယံအထက် ချမ်းသာသူ လုပ်ငန်းရှင်၂၀ မပြည့်ဘူး။ အခုအချိန်တော့ ၂၀ နဲ့ ၅၀ ကြားအထိ တိုးများလာတယ်။ ဒီလိုဖြစ်သူတွေဟာ လွှတ်တော်အတွင်း လုပ်ပိုင်ခွင့်ရှိသူတဦးနှင့် NLD ထိပ်ပိုင်းခေါင်းဆောင်တချို့နဲ့ နီးစပ်သူတွေ ဖြစ်နေကြတာ တွေ့ရကြောင်း ဖော်ထုတ်သူက ဖော်ထုတ်တယ်။

ဒေါ်အောင်ဆန်းစုကြည်က ခရိုနီတွေရဲ့ချမ်းသာကြွယ်ဝမှုတွေကို တိုင်းပြည်အတွက် အသုံးချချင်နေတယ်။ ကောင်းသော ခရိုနီ နဲ့ မကောင်း သော ခရိုနီလို့ သရုပ်ခွဲခဲ့တယ်။ အခုပြောတာက "မိမိတို့အတွက် လုပ်ခဲ့ပြီးပြီ။ တိုင်းပြည်အတွက် မိမိတို့နဲ့ ပူးပေါင်းပြီး လုပ်ဆောင်ကြပါ"လို့ ဖိတ်ခေါ်ခဲ့တယ်။ တိုင်းပြည် စီးပွားရေးအခြေအနေမကောင်းတာက 'ရက် ၁၀၀ အတွင်း စီးပွားရေး ကောင်းလာစေရမယ်'လို့အာမခံတဲ့ ဝန်ကြီးတပါးရဲ့စကားကို ဖုံးလွှမ်းသွားခဲ့ပါပြီ။ ခု ၆ လ ကျော်လာခဲ့တော့ သမ္မတရော ဒေါ်အောင်ဆန်းစုကြည်ကပါ ဝန်ခံတောင်းပန်ခဲ့ရတယ်။ တိုင်းပြည်မှာ စီးပွားရေးကွာဟမှုက ကြီးသထက်ကြီးလာနေတယ်။ ဝင်ငွေ တရက် ၂၀၀၀ ကျပ် မကျော်တဲ့သူက ၁၅ သန်းကျော် ရှိလာပါပြီ။ ဒီလို ကွာဟမှုဖြစ်သွားတာမှာ သူတို့လက်ချက်မကင်းလို့ သူတို့ကို မဏ္ဍိုင်ထား တည်ဆောက်မှာကိုတော့ ပြည်သူတွေက ဘဝင်ကျလှမယ်မထင်ဘူး။ ကောင်းသောခရိုနီလို့ အရုပ် ရေးကြည့်ရင် ပါးဖောင်းဗိုက်ပူကြီးတွေပဲ တွေ့ရလိမ့်မယ်။ ဇေကမ္ဘာကြီးက ကြိုပြောထားတာ ရှိတယ်။ ဒေါ်အောင်ဆန်းစုကြည်ကို (တိုင်းပြည်အတွက်) အသုံးချရမယ်....တဲ့။

ခုတော့ အသုံးကျလာပြီပေါ့။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဂျပန်ခရီးမှာ ဒေါ်လာ ၈ ဘီလီယံခန့် (၇ ဒသမ ၇၃ ဘီလီယံ) အကူအညီ ရလာခဲ့တယ်။ ဂျပန်-မြန်မာ စီးပွားရေးဖိုရမ်တက်ကြဖို့ စီးပွားရေးလုပ်ငန်းရှင်ကြီး ၃၀ ကျော် အဆင်သင့်ဖြစ်ကြပါပြီ။ တိုင်းပြည်ကို ကောင်းအောင် ဘယ်လိုလုပ်ကြမလဲ။ စောင့်ကြည့်ပါမယ်။ ဂျပန်ကတော့ အမယ်များလှတဲ့ စီးပွားရေးလုပ်ငန်းတွေ နိုင်ငံအနှံ့ ထူထောင်ထားနိုင်ခဲ့ကြပြီ။ ဆိုင်ရှင်တွေရုပ်သိမ်းပြီးတဲ့နောက် ခရိုနီတွေ ခြေလှမ်းစိပ်လာခဲ့တယ်။ မူဆယ်လေယာဉ်ပျံကွင်း ဆောက်လုပ်ခွင့်ရရေးအတွက် ဦးနေဝင်းမြေး ၂ ယောက်ရယ်၊ (ထူး) တေဇနဲ့ ဦးစိုင်းအိုက်ပေါင်းတို့ အပြိုင်ကြဲကြတာ တွေ့လိုက်ရတယ်။ ရန်ကုန်မြို့သစ် စီမံကိန်း ပြန်လုပ်တော့မယ်။ လူကြားကောင်း ပိတ်လိုက်တဲ့ တခြားဆောက်လုပ်ရေးလုပ်ငန်းတွေလည်း ဝေဝေစည်စည် ဖြစ်လာတယ်။

ဖဆပလခေတ် ဝန်ကြီးချုပ်ဦးနုက အစိုးရဌာနတချို့ ခြစားမှုတွေများလာလို့ (အဲဒီလူတွေကြား) ထင်ရှူးသေတ္တာတလုံး ချပေးလိုက်ရင် တခဏနဲ့ သေတ္တာကြီး ပျောက်သွားလိမ့်မယ်လို့ ပြောခဲ့တယ်။ အခုလည်း စားချင်စရာ အကွက် (ထင်းရှူးသေတ္တာ) တွေ တကွက်ပြီးတကွက် ပေါ်လာနေပါတယ်။ ခရိုနီဦးရေလည်း တိုးသထက်တိုးလာတယ်။ ခြကောင်ရေလည်း ပွားသထက်ပွားလာမှာကတော့ အသေအချာပါ။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အချို့မှာတော့ ဝန်ကြီးချုပ်တွေ နုတ်ထွက်ပေးဖို့ ဆန္ဒပြတောင်းဆိုမှုတွေ ကြားလာရပြီ။

(၄)
တရုတ်၊ အမေရိကန်၊ ဂျပန်၊ အိန္ဒိယနဲ့ မြန်မာ့ နိုင်ငံရေး

ဒေါ်အောင်ဆန်းစုကြည်နဲ့ သမ္မတဦးထင်ကျော်တို့ နိုင်ငံတကာ ခရီးထွက်နေကြတာ သိပ်များပါတယ်။ ပြည်တွင်းမီးတွေဘက် မလှည့်နိုင်သေး၊ တခြားနိုင်ငံတွေကတော့ ပြည်တွင်းမီးပေါ်တာနဲ့ ခရီးစဉ်တွေ ဖျက်လေ့ရှိကြတယ်။ ဒါကို ကြည့်ခြင်းဖြင့် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှု၊ ဘဏ္ဍာငွေကြေးနဲ့ ကူးသန်းရောင်းဝယ်မှုတွေအပေါ် အခြေစိုက်ထားပြီး ဒီမိုကရေစီရေးအတွက် သူတို့ရဲ့ ထောက်ခံမှု၊ ဖိအားပေးမှုတွေကို အတော် မျှော်ကိုးထားပုံရပါတယ်။

တရုတ်အနေနဲ့ ဘက်စုံက အခြေချထားပြီးပြီ၊ ဂျပန်ကလည်း ထဲထဲဝင်ဝင် လုပ်ထား/ လုပ်နေပါတယ်၊ အိန္ဒိယက တိုးဝင်နေဆဲဖြစ်တယ်။ ရင်းနှီးမြှုပ်နှံမှု အပိုင်းမှာ အမေရိကန်က အချိန်ယူရပါဦးမယ်။

စုံစုံညီညီဖြစ်လာချိန် ဗမာပြည်ရဲ့လူမှုဘဝကို မှန်းမျှော်ကြည့်မိတယ်။ (၁) ခရိုနီတွေ ပိုချမ်းသာလာမယ် (၂) ပြည်သူတွေအနေနဲ့ ဆလံပေးရမယ့်သူများလာမယ်၊ ပြည်တွင်းပြည်ပ သူ့တပည့်ကိုယ်တပည့် ခံယူကြပြီး အမျိုးသားစည်းလုံးညီညွတ်မှု ပြိုကွဲနိုင်တယ် (၃) တိုင်းပြည်အတွင်း တည်ရှိခဲ့/ တည်ရှိတိုးပွားလာနေဆဲ လူဆိုးလူမိုက် (မာဖီးယား) ဂိုဏ်းတွေ အင်အားကောင်းလာမယ်၊ လက်ရဲဇက်ရဲ ပိုလုပ်လာလိမ့်မယ်။ (ခုတောင် ရာဇဝတ်မှုခင်းတွေများလွန်းလို့ တထိတ်ထိတ် တလန့်လန့် ဖြစ်နေကြရပြီ မဟုတ်လား)။

(က) ပြည်နယ်/ နယ်စပ် ပါတီနိုင်ငံရေး - လက်နက်ခဲယမ်းဆိုတာ အလကား ထားလို့ မရ(နိုင်ငံရေးအကျိုး စီးပွားအတွက်) အသုံးချနေရမယ်ဆိုတဲ့ စစ်အုပ်စုရဲ့ ပေါ်လစီကြောင့် တိုက်ပွဲတွေ အဆက်မပြတ်ပေါ်နေတယ်။ တိုင်းရင်းသားပါတီတွေရဲ့ အဓိကလုပ်ငန်းက ကိုယ့်အမျိုးသားတွေကို ကယ်ဆယ်ရေး၊ ပြုစုစောင့်ရှောက်ရေးနဲ့ စစ်ပွဲတွေမဖြစ်ရေး မေတ္တာရပ်ခံတဲ့ ကိစ္စတွေပဲ တဝဲလည်လည် ဖြစ်နေတယ်။ စစ်ဖြစ်နေလေတော့ လူထု တိုးတက်ရာတိုးတက်ကြောင်း စီမံကိန်းချပြီး မလုပ်နိုင်ကြပါဘူး။

(ခ) ပြည်မပါတီ နိုင်ငံရေး - ပါတီကြီးတွေက ၂၀၁၇ ဧပြီ ၁ ရက်နေ့ ကြားဖြတ်ရွေးကောက်ပွဲအတွက် ပြင်ဆင်နေကြတာ ရှိတယ်။ ဒီအထဲက စိတ်ဝင်စားစရာ ပါတီကြီးအချို့ရဲ့ အခြေအနေကို တင်ပြချင်ပါတယ်။

ဒီချုပ်။ ။ အာဏာ (တစိတ်တပိုင်း) ရတာ ၆လ ကျော် ၇လ နီးပါး ရှိပြီ။ ရွေးကောက်ပွဲနိုင်တာ တနှစ် ရှိတော့မယ်။ ကတိစကားတွေနဲ့ ထုတ်ပြန်ချက်တွေပဲ ရလိုက်တယ်။ ဆင်းရဲမွဲတေမှုတွေပဲ ရလိုက်တယ်၊ ဒီချုပ်တက်လာပြီးနောက်မှာ ဒီမိုကရေစီကို မျှော်လင့်ထားတဲ့ ကျောင်းသား၊ အလုပ်သမား၊ လယ်သမားနဲ့ ဒီချုပ်က ကိုမျိုးရန်နောင်သိန်းပင် ဖမ်းဆီးခံရတာ၊ ထောင်ကျခံရတာ စတဲ့ ဒီမိုကရေစီ ပိတ်ပင်ခံရမှုတွေပဲ ရလိုက်တယ်။ အနာဂတ် မျှော်မှန်းချက်တွေ ဘယ်ရောက်ကုန်ပြီလဲ။

ဒီချုပ်အနေနဲ့ အစိုးရပိုင်းနဲ့ပါတီအပိုင်းရယ်လို့ ၂ ပိုင်းရှိရာမှာ အစိုးရအပိုင်းက တာဝန်မကျေတာ ဝန်ခံသွားကြပြီ။ ပါတီအပိုင်းမှာ ကြည့်တော့ ညီညွတ်မှုပြိုကွဲနေတာ အထင်အရှားတွေ့နေရတယ်။ လူသိထင်ရှား ရှမ်းပြည်နယ်ဒီချုပ်တွေ ထုတ်လိုက်ရတာ-ဒီချုပ်အမှုဆောင်တွေထဲက တယောက်တပေါက်ကိစ္စ၊ အစိုးရနဲ့ ပါတီထဲမှာ အောက်ခြေလွတ် ဘဝင်မြင့်နေတဲ့သူတွေကြောင့် လူထုရဲ့ ဒဏ်

ခတ်ခံရလိမ့်မယ်လို့ ပါတီခေါင်းဆောင်တွေက ပြောနေရတာတွေဟာ စစ်တပ်အကြိုက်၊ ကြံ့ဖွံ့အကြိုက်ဖြစ်နေတယ်။ ပိုထင်ရှားတဲ့ စာရင်းဇယားတခုက "ရန်ကုန်တိုင်း လွှတ်တော်ကိုယ်စားလှယ် ၄၅ ဦး ရှိတဲ့အနက် ၃၀ ကျော်လောက်က မသင့်မတင့် ဖြစ်နေတယ်"လို့ ထုတ်ပြန်လာပါတယ်။(ကိုယ့်ပါတီကိုတောင် ရင်ကြားမစေ့နိုင်ပါလား။) ဒါပေမဲ့ ဥက္ကဋ္ဌဒေါ်အောင်ဆန်းစုကြည်ကတော့ နေရာစေ့ဝင်ပြိုင်မယ်၊ နေရာတိုင်းမှာ နိုင်ရမယ်လို့ ပြောထားခဲ့တယ်။

ကြံ့ဖွံ့။ ။ သူလည်း နေရာစေ့ ဝင်ပြိုင်မယ့် အဖွဲ့ဖြစ်တယ်။ လစ်လပ်မဲဆန္ဒနယ် ၃၄ နေရာအနက် အခုကျင်းပမယ့် ၁၉ နေရာစလုံး ဝင်ပြိုင်မယ့် ကိုယ်စားလှယ်အားလုံး အနိုင်ရအောင် စီမံထားတယ်လို့ ပြောပါတယ်။ ဒီပါတီအကြောင်း ခုအချိန် ပြောရာမှာ စိတ်ဝင်စားစရာ ၂ ချက် ရှိပါတယ်။ (၁) က ၂၀၁၅ ရွေးကောက်ပွဲမှာ ဖရိုဖရဲဖြစ်သွားပြီးတဲ့နောက် ဥက္ကဋ္ဌအသစ်တယောက် တက်လာတာ ဖြစ်တယ်။ စစ်ဗိုလ်ဟောင်းပါပဲ။ (၂) နောက်တချက်က သူ့ပါတီရဲ့ ပေါ်လစီကြေညာချက်ဖြစ်တယ်။ ဒီအထဲမှာ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးစတာတွေဟာ လက်တွေ့မှာ ကို့ယို့ကားယားတွေချည်းပဲ။ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးနှင့် ပွင့်လင်းမြင်သာမှု ဟူသည့် အသုံးအနှုန်းများသည် လက်တွေ့မကျဘဲ လူ့အခွင့်အရေးကို အကြောင်းပြုပြီး အမျိုး ဘာသာ သာသနာကို ထိခိုက်နိုင်သည်/ မိမိတို့ပါတီ၏ ဦးစားပေးဆောင်ရွက်မည့်လုပ်ငန်းစဉ်သည် အမျိုးဘာသာ ကာကွယ်စောင့်ရှောက်ရေး ဖြစ်သည်/ ပြည်သူလူထု၏ စားဝတ်နေရေးနှင့် လုံခြုံရေးသည် ဒုတိယ ဦးစားပေးဖြစ်ပြီး လူ့အခွင့်အရေးထက် အရေးကြီးသည်.... လို့ သူ့အင်တာဗျူးမှာ ပြောခဲ့တယ်။ ကွယ်လွန်သူဝန်ကြီး ဦးအောင်သောင်းရဲ့ လုပ်ငန်းစဉ်တွေမို့ အသစ်မဟုတ်ပါဘူး၊ စစ်တပ်ရဲ့မူဝါဒတွေနဲ့ စည်းမကွဲလှပါဘူး။ ဦးအောင်သောင်း လက်ထက်က ပေါ်ပေါက်ခဲ့တဲ့ လူမျိုးရေး ဘာသာရေး ထိပ်တိုက်တွေ့မှုများ အကြမ်းဖက်သတ်ဖြတ်မှုများဆီ ဦးတည်ထားမို့ အန္တရာယ် ကြီးလှပါတယ်။

တစည။ ။ ကလည်း နေရာစေ့ပြိုင်မယ်လို့ ဆိုပါတယ်။ သူတို့လည်း တနိုင်ငံလုံး ပြိုင်ခဲ့ပြီ။ ၁ နေရာသာ ရခဲ့ပေမယ့် ဘဏ္ဍာရေး တောင့်တဲ့ပါတီမို့ ပြိုင်နိုင်ကြပါတယ်၊ အမာခံကေဒါကြီးတွေကလည်း အသက်အရွယ် ကြီးကုန်ကြပါပြီ။ ပြန်လည်ဖွဲ့စည်းမှုတွေ လုပ်လိုက်ကြပေမယ့် နပျိုသစ်လွင်မလာပါဘူး။ ကြံ့ဖွံ့က နောင် ၅ နှစ် နောင် ၁၀ နှစ် ကြွေးကြော်သံတင် စိတ်ကူးယဉ်ထားကြပေမယ့် သူတို့စိတ်ကူး မယဉ်နိုင်ကြပါဘူး။ ပြည်မထဲက ကျန်တဲ့ပါတီတွေကတော့ အိမ်ဖြည့်အဆင့်ပဲ ရှိပါတယ်။ ပါတီကြီးတွေ အဓိကပြိုင်ရမှာက တိုင်းရင်းသားပါတီတွေပဲ ဖြစ်ပါတယ်။ အထူးသဖြင့် လက်ရှိဒီချုပ်အနေအထားအရ ပြီးခဲ့တဲ့ ရွေးကောက်ပွဲလောက်တော့ မနိုင်နိုင်ဘူး .... လို့ တွက်ပါတယ်။ မနိုင်လည်း သူတို့အဖို့ လွှတ်တော် နဲ့ အစိုးရ အဖွဲ့အနေအထားကို ဒီအတိုင်း ဆက်ထိန်းထားနိုင်မှာပါ။

(၅)
တိုင်းရင်းသားများနဲ့ NCA ကိစ္စ

- တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းအားလုံး ထက်ရောက်ခွင့်ရမှသာ တနိုင်ငံလုံး အတိုင်းအတာဆောင်တဲ့ စစ်မှန်တဲ့ ငြိမ်းချမ်းရေးကို တက်လှမ်းနိုင်မယ်လို့ ယုံကြည်ကြောင်း၊ ချန်လှပ်ထားတဲ့ ၃ ဖွဲ့ကို ဖိတ်ကြားဖို့ နိုင်ငံရေးပါတီတွေနဲ့ လက်နက်ကိုင် အဖွဲ့တွေက ညီလာခံ ပူးတွဲကျင်းပရေးကော်မတီစည်းဝေးပွဲမှာ တိုက်တွန်းခဲ့ကြတယ်။

- ဒေါ်အောင်ဆန်းစုကြည်က UNFC ကို လက်မှတ် အရင်ထိုး၊ ကျန်တာတွေ နောက်မှ ဖြေရှင်းဆိုတဲ့သဘောထား

- ကာချုပ်ကတော့ လက်နက်အရင်စွန့်ဖို့ ပြောထားခဲ့တယ်

- ဒီ ၃ ဦးရဲ့ အမြင်အယူအဆတွေ မတူကြတာကတော့ မြင်တဲ့အတိုင်းပဲ။ သိပ်သိသာတယ်။ ဒါကြောင့်လည်း ငြိမ်းချမ်းရေးဖြစ်စဉ် ၅ နှစ် ကြာဦး မယ်လို့ NCA တာဝန်ခံတဦးက ပြောခဲ့တာဖြစ်မယ်။

ဒီအခြေအနေမှာ စစ်တပ် ဘာလုပ်နေသလဲ။ တိုက်ပွဲတွေ ဆက်တိုက်ဖော်နေတယ်။ လက်နက်ကိုင် အဖွဲ့အစည်းတွေအတွင်း သပ်လျှိုတဲ့ လုပ်ငန်းလုပ်တယ်။ ဝနဲ့ မိုင်းလားကိစ္စ၊ RCSS နဲ့ TNLA ထိပ်တိုက်တိုးမှု၊ DKBA အတွင်း ခလောက်ဆန်မှုစတာတွေမှာ သူ့လက်ရာတွေ မကင်းဘူး။ အားနည်းသွားတဲ့အပိုင်းကို ဝင်စားတယ်။ ချုပ်လိုက်ရင် တပြည်လုံး မတည်မငြိမ်ဖြစ်အောင် လုပ်နေတယ်။

ဒီအချိန်မှာပဲ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ စကားတခွန်း ကျွံထွက်သွားတာ ရှိတယ်။ ဂျပန်ပြည်မှာ ပြောခဲ့တာ ဖြစ်တယ်။ "ပြည်တွင်းစစ် မရပ်စဲတာရဲ့ အဓိကအခက်အခဲက စစ်မရပ်ချင်တဲ့ စိတ်ဓာတ်တွေကြောင့် ဖြစ်တယ်"....ဆိုတဲ့စကား၊ မှားသလားဆိုတော့ မမှားဘူး။ ပညာရှိဆန်ဆန် ပြောလိုက်တာပါ။ ပြဿနာတက်သွားတာက အဲဒီစိတ်ဓာတ်မျိုး ဘယ်သူ့ဆီမှာ ရှိသလဲ ....ဆိုတာ ထည့်ပြောမသွားတာပဲ။ ဒီစိတ်ဓာတ်မျိုးက စစ်နဲ့ အကျိုးရှိနေတဲ့၊ စစ်ကြောင့် အာဏာကိုင်ထားနိုင်တဲ့ စစ်အုပ်စုဆီမှာပဲ ရှိတာဖြစ်တယ်။ တိုင်းရင်းသား တဦးကတော့ "ထိုးစစ် လုပ်နေတဲ့သူဟာ ငြိမ်းချမ်းရေး မလိုလားလို့ပဲ" .... လို့ ထောက်ပြသွားတယ်။

(၆)
နိဂုံး

ဒေါ်အောင်ဆန်းစုကြည်က "ဗမာပြည်ဟာ သမိုင်းသစ်ကို ရေးထိုးချိန်" လို့ သတ်မှတ် ပြောဆိုထားတယ်။

ကျွန်တော်တို့ စိုးရိမ်နေတာက ခရိုနီကိစ္စ။ လယ်ယာ အခြေခံနိုင်ငံမှာ စိုက်ရသမျှ အကုန်စိုက်၊ စားရသမျှ အကုန်စား၊ လူဦးရေ ၇၀ ရာခိုင် နှုန်းအထိ ရှိတဲ့ လယ်သမားအရေးကို အဓိက အာရုံစိုက် ဖြေရှင်းရမယ့်အစား ခရိုနီတွေက စားရသမျှ အကုန်စား၊ ဝါးရသမျှ အကုန်ဝါးခဲ့တယ်။ လေယာဉ်ကွင်းလည်း မရှောင်၊ တံတားတွေ၊ လမ်းတွေ၊ ဓာတ်သတ္တုတွေ၊ လက်နက်ခဲယမ်း၊ လေယာဉ်၊ သံချပ်ကာကား၊ အမြောက်၊ တင့်ကား အကုန်ဝါးခဲ့တယ်။ မြေကြီးတွေတောင် အလွတ်မပေး ကေသိန်းချီ ဝါးခဲ့တယ်။ ခုလည်း ဝါးကြတော့မယ်။ လူတန်းစား ကွာဟချက်ကြီးပြီး မခံမရပ်နိုင်ဖြစ်ကြ မှာ စိုးရိမ်ပါတယ်။

နောက်တခုက NCA ကိစ္စမှာ စစ်တပ်သဘောထားအတိုင်း သတ်မှတ် အကောင်အထည်ဖော်လိုက်မှာကို ဖြစ်တယ်။

ဆင်းရဲတွင်း နက်သထက်နက်လာပြီဖြစ်တဲ့ ပြည်သူတွေအနေနဲ့ ဒီထက်ပိုပြီး ဆင်းရဲဒဏ်ကို ခံနိုင်ကြတော့မယ် မထင်ဘူး၊

'သမိုင်းသစ်' ဆိုတာ ကောင်းသောသမိုင်း ဖြစ်ဖို့လိုပါတယ်။

သမိုင်းသစ်ကို ၂၀၀၈ အောက်က ရေးထိုးလို့မရကြောင်း ဒီချုပ်ခေါင်းဆောင်များ မြင်သိလာတဲ့အထိ လူထုက စိတ်ရှည်သည်းခံ စောင့်ဆိုင်းနေလိမ့်မယ်လို့ ယူဆနေရင်တော့ သမိုင်းသင်ခန်းစာ မယူတတ်တာပဲ ဖြစ်ပါလိမ့်မယ်၊

(၇၊ ၁၁၊ ၂၀၁၆)

(အရေးတော်ပုံ ဂျာနယ်တွင် အပတ်စဉ် ဖော်ပြလာခဲ့သော လီနင်၏ ဘာလုပ်ကြမလဲ- မှတ်စုများ....စာတမ်း အစအဆုံးကို ဗမာပြည် ကွန်မြူနစ်ပါတီ ဝဘ်ဆိုက်တွင် ဖော်ပြထားပြီးဖြစ်သဖြင့် တက်ရောက်ဖတ်ရှုနိုင်ကြပါပြီ။)

မာတိကာ

စာတည်းအဖွဲ့အမှာ(၁)
.....သဝဏ်လွှာ(အင်္ဂလိပ်ဘာသာ-မူရင်း) (၃)
သဝဏ်လွှာ (ဘာသာပြန်) (၄)
အခြေခံအကြောင်းရင်းကိုမမေ့သင့်ကြပါ (၅)
ကျန်းမာရေးစောင့်ရှောက်မှုသည် ရောင်းကုန်မဟုတ်(၇)
ငြိမ်းချမ်းရေးလား၊ ဝေးသေးတယ်(၉)
ရဲဆေးတင်နေတဲ့ ပြည်ထဲရေးဝန်ကြီး ဗိုလ်ကျော်ဆွေ(၁၃)
အရေးတော်ပုံ ဂျာနယ် ကာတွန်း-၁ (၁၄)
လူ့အခွင့်အရေးဆိုတာ(၁၅)
ပျားရည်ဆမ်းလွန် ဗမာပြည်နိုင်ငံရေး(၁၆)
ကာချုပ်နဲ့စစ်တပ်မျက်နှာကို ကြည့်နေရသော အစိုးရနဲ့လွှတ်တော်(၁၉)
.....မာ့က်စ်ဝါဒကိုရှင်းပြချက်တခု (၂၁)
အများသောက်တဲ့မိုးခါးရေ (၂၄)
ဂတောင်တန်းက လွမ်းပန်းချီ။ဆောင်းပါးအမှတ်(၃)(၂၆)
သေနတ်ပြောင်းကို အမိန့်ပေးနိုင်မှ(၃၀)
ဖေဖေရဲ့ ငြိမ်းချမ်းရေးခရီးစဉ်များ(၃၃)
စိတ်ဝင်စားစရာ သတင်းတိုထွာ(၃၅)
ပူးဝင်နေတဲ့ သရဲတစ္ဆေ ဆိုတာ(၃၉)
အရေးတော်ပုံကာတွန်း-၂(၄၁)
သွေးစုပ်ကောင်တွေ မောင်းထုတ်ကြ(၄၁)
ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က နားထောင်ပါ့မလား။(၄၃)
အရေးတော်ပုံ သတင်းနဲ့မှတ်ချက်(၄၄)
ဖက်ဆစ်ဂျပန်တော်လှန်ရေး စစ်မျက်နှာတခုမှ....(၄၈)
နိုင်ငံရေးမှူး ရဲဘော်စိုးသိမ်းနဲ့အတူ....(၅၁)
ရဲဘော်ချစ်အောင်သို့ နောက်ဆုံးနှုတ်ဆက်ခြင်း(၅၆)
လီနင်ရဲ့ "အရင်းရှင်စနစ်ရဲ့ အမြင့်ဆုံးအဆင့် - နယ်ချဲ့စနစ်" ....(၅၉)
မျက်မှောက် ကမ္ဘာ့ဆိုရှယ်လစ်စနစ်(၆၅)
ဒီအခြေအနေတွေနဲ့ သမိုင်းသစ် ဖြစ်လာမလား(၇၁)